www.burmeseclassic.com

စိတ်ကူးသစ်စာပေ




# မောင်ညိုမှိုင်း (သန့်လျှင်)

## အဝိဝိဝိုးရွှော်

ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

NEW IDEA

စိတ်ကူးသစ်စာပေ




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၄၈၂၀၅၁၂
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၄၅၃၀၆၁၂

စီစဉ်သူ
ကိုတင်ထွန်း

ပုံနှိပ်ခြင်း

| | |
|---|---|
| ပထမအကြိမ် | ၂၀၁၂၊ ဇူလိုင်လ |
| အုပ်ရေ | ၅၀၀ |
| မျက်နှာဖုံး | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | *Maw Maw* |
| အတွင်းဖလင် | *Quality* |

ပုံနှိပ်သူ

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၂၅၀၀ ကျပ်

၈၉၅ ・ ၈၃
ညိုမှိုင်း၊ မောင် (သန်လျင်)
အဝီစိမိုးမျှော် ပထမပိုင်း / မောင်ညိုမှိုင်း(သန်လျင်)–ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၂။
၂၂၉–စာ ၊ ၁၃ စင်တီ× ၂၀ ・ ၅ စင်တီ။
(၁) အဝီစိမိုးမျှော် ပထမပိုင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မိုးကြိုးပူပူ | ၁ |
| ၂။ | အဝီစိတံခါးခေါက်သံ | ၁၁ |
| ၃။ | ဝိညာဉ်ရှိသောမြို့ | ၂၀ |
| ၄။ | မရွှေဂုဏ်ပေးတဲ့ အိပ်မက်ဆန်း | ၃၀ |
| ၅။ | မောင်သက်ရှည်ကို အမြန်တွေ့ပါရစေ … | ၄၁ |
| ၆။ | ပါဒသမိုင်းရဲ့သက်သေလက်ကျန်လူ ကိုသက်ရှည် | ၄၉ |
| ၇။ | ပါဒကို တူးဆွဂုဏ်တင်သူများ | ၅၅ |
| ၈။ | မရွှေဂုဏ်ဘုရား သဲလွန်စ | ၆၄ |
| ၉။ | စုန်းမချောချောနဲ့ နစ်ပါးသွားကချင်တဲ့လူ | ၆၇ |
| ၁၀။ | အဆိပ်ပြယ်ဘုန်းကြီး | ၈၉ |
| ၁၁။ | တောကြီးမြွေပောက် လိုက်တဲ့နေ့ခင်း | ၁၀၃ |
| ၁၂။ | ကပ္ပိယ ချေး(ချီး)ပန်း | ၁၂၃ |
| ၁၃။ | အရှုးတဘောင် အောင်စည်သံဟိန်း | ၁၃၃ |
| ၁၄။ | အရှုးထွန်ခြစ် ကျောင်းတော်ဝင်ခန်း | ၁၅၃ |
| ၁၅။ | ငါ့ထက်ရူးတဲ့အရူး ရှိသေးပါကလားဟဲ့ နော | ၁၆၂ |
| ၁၆။ | ဂမ္ဘီရတောရဲ့မာယာပရိယာယ်များ | ၁၆၇ |
| ၁၇။ | ဘဝင်မြင့် အိမ်မည်းကြီး | ၁၈၉ |
| ၁၈။ | အရူးပါးစပ်က နတ်စကား | ၂၃၀ |
| ၁၉။ | မြပဗ္ဗာကြီးလေးပါးပေးတဲ့တဘောင် | ၂၅၂ |
| ၂၀။ | လက်တစ်ဖက် ဖြတ်ပစ်လိုက်ရတဲ့ သူခိုး | ၂၈၂ |
| ၂၁။ | ရုပ်ကြီးသုံ့တို့ ဟန်မှုပိုမို | ၂၈၈ |
| ၂၂။ | အရှုးဘဝမှ ရဟန်းဘဝသို့ | ၂၉၇ |
| ၂၃။ | သင်္ကန်းဝတ်ကို ထိုင်တောင်းပန်တဲ့ ညီအစ်မသုံးယောက် | ၃၁၄ |
| ၂၄။ | ဘုန်းကြီးလူထွက် ငါးပိချက် … ကံကောင်းလှချည်ရဲ့ | ၃၂၉ |
| ၂၅။ | ငရဲမကြောက်သူများရဲ့သန်းခေါင်ယံရက်စက်ပွဲ | ၃၃၆ |
| ၂၆။ | ဘဝပေါင်းက အမေ | ၃၅၆ |
| ၂၇။ | မောင်ရှင်လို ရေစာကျွေးတဲ့ည | ၃၆၃ |
| ၂၈။ | အကြောင်းဆိုင်တော့ နစ်လောင်းပြိုင်များ ဖြစ်နေရော့မှာလား | ၃၇၈ |
| ၂၉။ | နောက်ကြောင်းပြန်ဝရဇိန် | ၃၈၄ |
| ၃၀။ | အဝီစိခရီးသွားလက်မှတ်ရသူများ | ၃၉၀ |
| ၃၁။ | တပ်တောင်တာဗိုလ်ထုနဲ့ လူစုလို့ လာကြိမ်းဝါးသူများ | ၃၉၆ |
| ၃၂။ | အရှုးငါးယောက် ဆေးသောက်တဲ့နေ့ | ၄၁၆ |
| ၃၃။ | နိဗ္ဗာန်မိုးမျှော် | ၄[illegible] |


www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

# မိုးကြိုးမုန်

❑

"ဂျိမ်း ..."

"ဂျိုင်း ..."

"ဂျိမ်း ... ဂျိမ်း ... ဂျိမ်း ..."

"ဂျိုင်း ... ဒိုင်း ..."

ဘုန်းကြီးကျောင်း ဆွမ်းစားပြီးချိန် ရွာလိုက်တဲ့မိုးက သည်းကြီးမည်းကြီးမိုးပဲ။

မိုးကြိုးပစ်သံနဲ့ မိုးခြိမ်းသံက နားကွဲမတတ်။

ညို့မည်းနေတဲ့ ကောင်းကင်မိုးသည်းမှာ လျှပ်စစ်စီးကြောင်းတွေ ရက္ကန်းယှက်သလို လူးလာခေါက်တုံ့ ခေါက်ကူးနေတယ်။

ဝင်းခနဲလင်းပြီးရင် ဂျိမ်းဂျိုင်းဆို မိုးကြိုးပစ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တစ်ချက် မိုးကြိုးထိမှန်လို့ထင့် သစ်ကိုင်းကြီးများကျိုးသံ ဝုန်းခနဲကို ကြားရတယ်။

ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားတွေ အပြင်ကို မကြည့်ရဲဘူး။ သတ္တိကောင်းတဲ့ ရွှေဘနဲ့တင်မောင်ညွန့်ကတော့ ပြတင်းပေါက်ကို အသာဟပြီး အပြင်ကို ချောင်းကြည့်တယ်။

"ဒရိန်း ... ဒရိန်း ... ဒရိန်း ..."

"ဟော ... ဟော ..."

"ဂျိုင်း ..."

"အမယ်လေး ... မြတ်စွာဘုရား ... ကယ်တော်မူပါဘုရား"

ဝင်းခနဲ လျှပ်စီးလက်ပြီး မိုးကြိုးပစ်လိုက်တာ ကျောင်းဝန်းကျင်အနီး ပစ်လိုက်လို့လားမသိဘူး ကျောင်းပါ သိမ့်သိမ့်တုန်သွားရော။

ကျောင်းအောက်ထပ်က အလန့်တကြားအော်လိုက်သံကြောင့် ကပ္ပိယကြီးဖိုးသန်းခေါင် အူယားဖားယားပြေးပြီး ...

"ဟဲ့ ... ဟဲ့ ... ကျော်ဆွေတို့၊ ရွှေဘတို့ ဘာဖြစ်လို့တုံးဟဲ့"

"မိုးကြိုးပစ်လို့ ဘသန်းခေါင်"

"ဟေ့ ... ဘယ်သူ့ ... ကို ... မိုးကြိုးပစ်လို့တုံးဟဲ့။ ဘုရား ဘုရား ... ရွှေဘကိုလား ... တင်ညွန့်ကိုလားဟဲ့ ... ဟင် ... မြန်မြန်ပြောကြလေ"

ဘယ်သူမှ မပြောရဲဘူး။ ကြောက်လန့်လို့ စာအုပ်ဗီရိုနောက်မှာ ပုပုန်းဝပ်နေကြတာ။

"ဟဲ့ ... ကျော်ဆွေ၊ ချစ်မိုးကြီး"

"ရွှေဘ ... ရွှေဘ ..."

"တင်ညွန့် ... တင်ညွန့်တို့ ... ချီးဗူးတို့ ... ဘယ်သူ့ကို ပစ်လိုက်လို့တုံး"

"ဂျိမ်း"

"အောင်မယ်လေး ... မြတ် ... စွာ ... ဘုရား ... တပည့်





တော် ... မ ... ပါ ... ပါဘူး ... ဘုရား ... ချီးဗူးတို့ ... ရွှေဘတို့ အုပ်စုပါ ဘုရား"

ကပ္ပိယဖိုးသန်းခေါင် အော်ဟစ်မေးမြန်းနေချိန်မှာပဲ မိုးကြိုးတစ်ချက်က ပစ်လိုက်လို့ ကပ္ပိယဝဝဗိုက်ရွှဲကြီး ဖိုးသန်းခေါင် ကြမ်းပြင်ပေါ် မှောက်ချရင်း ပါးစပ်က ပေါက်ကရအော်ပြောပါလေရော။

"ဂျိုင်း ..."

"အမယ်လေး ... တော်ပါတော့ဗျာ ... အမ် မယ် လေး ... ပူလိုက်တာဗျ ... အမယ်လေး ... ကျုပ်ကို မိုးကြိုးပစ်လိုက်ပြီဗျ ... အရှင်ဘုရား ... ကိုယ် ... တော် ... ဘုရား .. အမယ်လေး ... လုပ်ကြပါဦး"

အသားဖြူဖြူ ဝဝ ဗိုက်ရွှဲရွှဲ ကပ္ပိယကြီးဖိုးသန်းခေါင်ဟာ ဒုတိယမြောက်ပစ်လိုက်သည့် မိုးကြိုးပစ်သံအဆုံးမှာ ကျောင်းကြမ်းပျဉ်ပေါ်မှောက်လျက် လဲကျပါရော။

ပူလှချည်ရဲ့ လောင်လှချည်ရဲ့နဲ့လည်း အော်ပြီး လူးနေပြီး ...

"ကျော်ဆွေ ..."

"ဘာတုံး ... ရွှေဘ"

"ငါ ... ငါ ... တို့ ... ကပ် ... ကပ္ပိယ ... ကြီးကို ... မိုးကြိုးပစ် ... ပစ် ... ပြီ ... နဲ့ တူရဲ့ကွာ ... ဟင်"

"ဟုတ်တယ် ...။ ပူတယ်လို့လည်း အော်နေတယ်"

"ဟိုမှာကြည့်စမ်း ... အခိုးအငွေ့တွေ ထွက်လို့ဟ ... ဟ"

"ဟင် ..."

"ဟာ ... ဟုတ်တယ် ... အငွေ့တွေ ... ထ ... နေပြီ။ ကပ္ပိယကြီးကို မိုးကြိုးပစ်လိုက်ပြီဟ"

"ပစ်မှာပေါ့လေ ... ဦးဦးဖျားဖျားဟင်းမှန်သမျှ ဘုရားမကပ်ရသေး၊ ဘုန်းကြီးမဘုဉ်းရသေးဘူး သူကချည်း အရင်မြည်းမြည်းနေတာ။ သိကြားမင်းက ဝရဇိန်လက်နက်နဲ့ ခွင်းလိုက်တာနေမှာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့သွားကူမှဖြစ်မယ် ရွှေဘ"

"မလုပ်နဲ့ကျော်ဆွေ ... တော်ကြာ ငါတို့ပါ စားဦးစားဖျား ကပွိုယ နဲ့ပေါင်းစားလို့ဆိုပြီး နောက်ဆက်တွဲထပ်ပစ်လိုက်ရင် ခါးပန်းဝါဘုန်းကြီး ကျောင်းစုပေါင်းမဟာဘုံကထိန် ... အဲလေ ... စုပေါင်းအသုဘ ဖြစ်ကုန်မယ်"

"ဒါဆို ဘယ်လိုလုပ်မတုံး"

"ခဏစောင့်ကြည့် ...။ လျှပ်စီးတွေလက်နေတယ်။ အတင့်မရဲနဲ့ ကျော်ဆွေ။ မင်းကောင်မလေး ... ကျော်ဇောကြီးနဲ့ ညားသွားမယ်"

ကျွန်တော်တို့ မဝံ့မရဲနဲ့ ခိုးကြည့်နေကြတယ်။

ကပွိုယကြီးကတော့ မှောင်ဝါးဝါး အခန်းကြမ်းပြင်ပေါ်မှာ လူးလွန့်ရင်း အော်နေတုန်း ...

"ကျွမ်း ..."

"အမယ်လေးဗျာ"

"ပစ်ပြန်ပြီဟေ့ ... ကျော်ဆွေရေ"

"ကျွန်တော်တို့ကို ... မ ... မ ... ပစ် ... ပါ ... နဲ့။ အရှင်သိကြားမင်းခင်ဗျာ။ မဟုတ်မဟတ်လုပ်ရာ ကြံစည်ရာမှာ ကျွန်တော်ရော၊ ကျော်ဆွေရော ..."

"ငါရောလို့ ပြောလေကွာ"

"အဲ ... အဲ ... ချီးဖူးရော ... မ ... မပါ ... ပါဘူးခင်ဗျား။ အဲဒီ ကပွိုယဝက်ပုတ်ကြီးပဲ လုပ်တတ်တာပါ။ ပစ်မယ်ဆိုရင်လည်း သူ့ .. သူ့ ... ကိုပဲ ... ထပ် ... ပစ် ... ပစ် ... ပါ ... ခင်ဗျာ"

"ရွှေ ... ဘ ... ကျော် ... ဆွေ ..."

"ရွှေ ... ဘ ... ကျော် ... ဆွေ ... ချီးဖူး"

"ဗျာ ... ဗျာ ... ကပွိုယကြီး"

"ငါ့ ... ငါ့ကို ကယ်ကြပါဦး။ အား ... အား ..."

"ဘာ ... ဘာ ... လုပ် ... ပေး ... ပေး ... ရမလဲ ... ကပွိုယကြီး"





"ငါ့ ... ငါ့ညီ ဦးဇင်း .... ဝိ ... ဝိ ... မလကို ... ခေါ် .. ခေါ်"

"ကျော် ... ဆွေ ... သွားခေါ်ပေးလိုက်"

"ဖြစ်ပါ့ ... ပါ့ ... မလား ..."

"ဘာလို့တုန်းဟ ... ကျော်ဆွေရာ"

"ငါ ထရပ်လိုက်တုံး မိုးကြိုးပစ်လိုက်ရင် ... ငါ ... ငါ ..."

"ငြိမ်သွားပါပြီကွာ။ သွား ... ဦးဇင်းဝိမလကို သွားခေါ်ခဲ့"

ဒါနဲ့ အပေါ်ထပ်ကို အလန့်တကြားပြေးတက်ပြီး ကျိန်းနေတဲ့ ဦးဇင်းဝိမလကို လှုပ်နှိုးရရော။

"ဦးဇင်းဝိမလ ... ဦးဇင်းဝိမလ ..."

"ဗျို့ ... ဦးဇင်းဝိမလ"

"သမ္မုဏ္ဍာ စက္ကဝါလေသု ..."

"ဟာ ... အရေးထဲ ယောင်နေသေးဗျ။ ဦးဇင်း ... ဦးဇင်းကြီး"

"ဟေ ... အေ ... ဘယ်သူတုံး"

"မြန်မြန်ထတော့ဗျာ"

"ဟ ... ဘာဖြစ်လို့တုံး မင်းသားရ"

"ဟို ... ဟို ... ဦးဇင်းအစ်ကို ကပ် ... ကပွိုယကြီး ..."

"ငါ့အစ်ကို ကပွိုယကြီး ဘာဖြစ်လို့တုံး မင်းသား"

"ကျောင်းအောက်ထပ်မှာ မိုးကြိုးပစ်ခံရလို့ဗျာ"

"ဟေ ..."

'ဝုန်း' ဆို ခုတင်ပေါ်ကခုန်ထပြီး သင်္ကန်းစလွယ်သိုင်းလို့ ကျောင်းအောက်ထပ်ကို ပြေးချသွားပါရောဗျာ။

"အစ်ကို ... အစ်ကို ... ကပွိုယကြီး ... အစ်ကိုကပွိုယကြီး"

"အင် ... အင် ... အား ... အား ..."

"အစ်ကို ကပွိုယကြီး ... ဘယ်လိုဖြစ်ရတာတုံးဗျာ ... ဟင်"

ဦးဇင်းဦးဝိမလက သူ့အစ်ကိုဝမ်းကွဲ ကပွိုယကြီး ဖိုးသန်းခေါင်ရဲ့ ဝပြိုပြဦးခေါင်းကို ပွေ့ပြီး မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကျောင်းသားတွေ အခန်းတံခါးအားလုံး ဖွင့်လိုက်"

ကျောင်းခန်းတံခါးအားလုံး ဖွင့်လိုက်တော့ အလင်းရောင်ဝင်လာပြီး အားလုံးကို သဲသဲကွဲကွဲ ထင်ထင်ရှားရှား မြင်ရတော့တယ်။

အပြင်မှာ မိုးဖွဲဖွဲရွာနေတယ်။

မိုးရွာရင် သိပ်မကြောက်ရဘူး။ မိုးကြိုးလျှပ်စစ်က မိုးမရွာခင်မှာ ပစ်လေ့ရှိသကိုး။

ကျွန်တော်တို့လည်း ဦးဇင်းဝိမလရောက်လို့ ကပ္ပိယကြီးအနီးကို ခပ်ရဲရဲတိုးကပ်ကြည့်ရဲလာတယ်လေ။

"အစ်ကို ကပ္ပိယကြီး"

"အင် ... အင် ..."

"ဘယ်လိုဖြစ်တာတုံး။ သတိရရဲ့လား"

"အင်း ... အင်း ... ပူတယ် ... ပူတယ် ..."

"မိုးကြိုးပစ်ခံရလို့လား ... ဟင်"

"အင်း ... အင်း ..."

"ဘယ်နေရာကို ပစ်လိုက်လို့တုံး ... အစ်ကို"

"တင် ... တင် ... ပါး ... ကို ... အား ... ပူ ... ပူတယ်"

ဒါနဲ့ ဦးဇင်းဦးဝိမလက အစ်ကိုကပ္ပိယကြီးရဲ့ ဝဝပြဲပြဲ၊ အသားများများ၊ တင်ပါးကို လက်နဲ့စမ်းလိုက်ရော ... ဟုတ်တယ်။ စို့ရွဲပြီး ပူနွေးနေတာပဲ။

ဒါနဲ့ စဉ်းစားတယ်။

မိုးကြိုးပစ်ခံရရင် ဘာလို့ စို့ရွဲရမှာလဲ။

မိုးရေထဲသွားရင်း ပစ်ခံရတာမဟုတ်ဘူး။

ဘုန်းကြီးကျောင်း အမိုးအောက်မှာ အပစ်ခံရတာ။ ပြီး ... မိုးကြိုးပစ်ခံရရင် ပူပြီး မီးကျွမ်းလေ့ရှိတယ်။

အခု ... စမ်းကြည့်တော့ ... အစ်ကိုကပ္ပိယကြီးရဲ့တင်ပါး စို့ရွဲပူနေတယ်။ ဒါနဲ့ ရှေ့ဘက်ကိုစမ်းကြည့်တော့ ကပ္ပိယပုဆိုးပိုင်းနဲ့ ရှေ့လည်း စိုနေတယ်။ အနံ့ကလည်း တစ်မျိုးပဲ။





အစ်ကိုကပ္ပိယကြီးကို ငုံ့ကြည့်တော့ စကားမပြောနိုင်ဘဲ သတိမရတစ်ချက် ရတစ်ချက် ...

ဒါနဲ့ မသင်္ကာလို့ နံဘေးနဘီကို လှည့်ပတ်ကြည့်လိုက်ရော ရေနွေးကြမ်းထည့်သည့်ဓာတ်ဘူး နောက်ပွင့်ကွဲပြီး ရေနွေးကြမ်းပန်းကန်တွေလည်း ကွဲလန်မှောက်လို့။

ကြမ်းပြင်ပေါ်ရှိရေကွက်ကို လက်နဲ့စမ်းကြည့်လိုက်ရော ...

ဟိုက် ... ပူနွေးနေတာပဲ။

ဒါဆို မဟုတ်မှလွဲရော ...

အစ်ကိုကပ္ပိယကြီးကို မိုးကြိုးပစ်တာ မဖြစ်နိုင်ဘူး။ သူ ... သူ ရေနွေးဓာတ်ဘူးကို ခလုတ်တိုက်ပြီး ဖင်ထိုင်လျက်လဲကျလို့ ရေနွေးပူလောင်တာနေမှာ။

"အစ်ကို ... အစ်ကို ..."

"အင် ... အင် ..."

"သေပြီလားဟင်"

"သေ ... သေ ... ရ ... ပါ ... ပါ ... တော့ ... မယ် .. ဦး ... ဦးဇင်း ..."

"အစ်ကို ... ထ ... ထ ... မြန်မြန်ထတော့"

"ထ ... ထ ... လို့ ... မရ ... ဘူး ... တ ... တပည့်တော် မနေရတော့ဘူး။ အီး ... အီး .. အင့် ... အူး ... ရှာက ... ဒကာမကြီး မသီတာမြင့်ကိုသာ ..."

"အစ်ကို ..."

"အင် ... ဟင် ... ဟီး ... အင့် ... ဟီး ... ပြော ... ပြောလိုက် ... ပါ ... ကွာ"

"အစ်ကို မသေတော့ဘူး။ အစ်ကို့ကို မိုးကြိုးပစ်တာမဟုတ်ဘူး"

"ငါ့ဖင် ... အဲ ... အဲ ... တပည့်တော် ... တင် ... ပါး .. ကို ... တည့် ... တည့် ... ပစ် ... ပစ် ... လိုက်တာ ... တင်ပါး မီးလောင်လို့ ... ပူ ... ပူ ..."



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ... အဲဒါ မိုးကြိုးပစ်ခံရလို့ မဟုတ်ဘူး။ အစ်ကို ဓာတ်ဘူးခလုတ်တိုက်ပြီး ရေနွေးတွေပေါ် ချော်လဲဖင်ထိုင်ချမိလို့ စို့ရွဲပူနေတာ"

"ဟေ ... ဟုတ် ... ဟုတ် ... ရဲ ... လား ... ဦးဖင်း ... ရ ... ရ ... ဟင်"

"ဟုတ်တယ် ...။ နောက်ကစိုပြီးပူတာက ရေနွေးပူ။ ရှေ့ကစိုရွဲပြီးပူနေ နံနေတာက အစ်ကိုဒကာကြီး လန့်ဖျပ်ပြီး ရှူရှူးတွေ ထွက်တာ"

"ဟေ ..."

"ဟာ ..."

"ဗွီ ..."

"ရွံ့စရာကောင်းတဲ့ ကပ္ပိယကြီးဗျာ"

"မိုးကြိုးရာ ရှေ့ကို အဓိကထားပြီး ပြတ်သွားအောင် ပစ်လိုက်ပြီးရောဗျာ"

ဒီလိုဝိုင်းပြောမှ ကပ္ပိယကြီးဘိုးသန်းခေါင်း ရှုပ်တိရှုပ်ပြာနဲ့ ကုံးထပြီး ကျွန်တော်တို့ကျောင်းသားများရဲ့ မျက်နှာကိုကြည့်ရင်းက ...

"မိုး ... ကြိုး ... ပစ် ... တော့ ... ဒီ ... ဒီ ... ကျောင်းသားတွေကို ပစ်တယ်မှတ်ပြီး စိုးရိမ်တကြီးပြေးလာရင်း ... အဟင်း ... အဲ ... အဲ ... ဓာတ်ဘူးကိုတိုက်မိတာ မသိလိုက်ဘူး။ အင်းပေါ့လေ .. စိုးရိမ်စိတ်ကများ၊ အသက်ကကြီး၊ မျက်စိကမှုန်တော့ ... အဟဲ ... အဲ အဲ ... ဖော်ပါသေးရဲ့။ ဒါ ... ဒါ ... ဘုရားတရားမြဲလို့ မိုးကြိုးဖယ်ရတာ။ အဟွတ် ... အဟွတ် ... အဟွတ် ..."

ကြည့်ဗျာ ...

ဘယ်ကလောက် မြင်ပြင်းကပ်ဖို့ကောင်းသလဲလို့။

အမှန်က သူ့ဘာသာသူ မိုးကြိုးပစ်၊ မိုးခြိမ်းသံကြောင့် ကြောက်လန့်ပြီး ပြေးဝင်လာရင်းက မမြင်မကန်းနဲ့ ဓာတ်ဘူးခလုတ်တိုက်ပြီး မိုးကြိုးပစ်တယ်လုပ်တာ။

စိတ်ကူးသစ်စာပေ



အဲဒါ အမှန်အတိုင်း ဝန်မခံဘူး။

ဘုန်းကြီးကျောင်းသားတွေကို စိုးရိမ်လို့တဲ့။

လုပ်လိုက်သေးတယ်။ ဘုရားတရားမြဲလို့တဲ့။ အဟာတ် ...။

ကြီးကျယ်လို့။ သူ့အကြောင်း မသိဘူးမှတ်လို့လား။ ဟွန်း .."

"ကပ္ပိယကြီး ..."

"ဘာတုံး ... ချစ်မိုးကြီးရ"

"မြန်မြန်သွားတော့ဗျာ"

"ဟ ... ဘာဖြစ်လို့ ငါက မြန်မြန်သွားရမှာလဲကွ"

"သေးစော်နံလို့ဗျာ"

"ဟေ ... အေး ... အေး ... အဟ ... အဟ ... ဆောရီးကွာ ... အားနာလိုက်တာ။ ဟီး ... ဟီး ...။ သွားပဟော့နော်။ အဟဲ ဟဲ ... ဟဲ ..."

"ဗျို့ ... ကပ္ပိယကြီး"

"ဘာတုံးလကွ။ မင်းတို့ပဲ သေးစော်နံလို့ဆို"

"ဟိုဟာလည်း လျော်လိုက်ဦးဗျာ"

"ဘယ်ဟာကို ငါက လျော်ရမှာတုံး ... ချီးပူးရ ... ဟင်"

"ခင်ဗျားလုပ်လို့ကွဲသွားတဲ့ ရေနွေးဓာတ်ဘူးလေဗျာ"

"ဓာတ် ... ဘူး ... ဖိုး ..."

"ဟုတ်တယ် ... ဟုတ် ... တယ် ..."

"ဟ ... ကျောင်းသားတို့ရ ... ဒါ ... ဒါက ... ဘယ်သူ့ဓာတ်ဓာတ်ဘူးမို့လို့တုံး ... ဟ"

"မှတ်ထား ...။ အဲဒီဓာတ်ဘူးက ပေါ့သေးသေးဓာတ်ဘူးမဟုတ်ဘူး။ကျောင်းထိုင်ဆရာတော်ကြီးသောက်တဲ့ ဓာတ်ဘူး"

"အမ်မယ်လေး ... မြတ်စွာဘုရား ... မိုးကြိုးရယ် ... ကျုပ်ရဲ့ငယ်ထိပ်ပေါ်ကို တည့်တည့်ပစ်ချလိုက်ပါတော့လား ... ဟီး ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးဖိုးသန်းခေါင်ဟာ ကျောင်းထိုင်ဆရာတော်ရဲ့ခေတ်ဘူးလို့ ပြောလိုက်ရော ရင်ဘတ်ကိုထုရင်း ငိုပါလေရောဗျာ။

သူလည်း ရင်ထုငိုရော ရွှေဘက ပါးစပ်ကနေ ငိုချင်းဆိုင်းကို အော်ဟစ်တီးပါရော။

"ပိန်နောင် ... ပြောင်ထိ ... ပူးတိန် ... ပူးနောင် ... ထျောင်ပတိန့်ပလိန်း ... ပလိန်း ... တိန် ... တိန် ... တိန် ... သေ ... သေ ... သေ ..."

✿ ✿ ✿

[ ၂ ]

## အဝီဝီတံခါးခေါက်သံ

❑

ကပ္ပိယကြီး ဖိုးသန်းခေါင်ရဲ့ အူကြောင်ကြောင် အရှက်တကွဲကိစ္စပြီးတော့ မိုးလည်း စဲစပြုနေပြီ။ ဖွဲဖွဲလေးပဲ ရွာတော့တယ်။

ဒါနဲ့ ချစ်မိုးကြီးတို့ ဘုန်းကြီးကျောင်းသားအုပ်စုလည်း ဘုန်းတော်ကြီးများ နေ့လယ်နေ့ခင်း ခေတ္တခဏကျိန်းနေတုန်း စစ်တုရင် ဝိုင်းဖွဲ့ကစားနေချိန်မှာပဲ ...

ကျောင်းရှေ့မျက်နှာစာ ခြံဝနားကနေ အထိတ်တလန့် အော်သံတစ်ခုကို ထပ်မံကြားရပါရော။ ကပ္ပိယကြီး မိုးကြိုးပစ်ပြန်ပလားမသိဘူး။

"အရှင် ... ဘုရား ... အရှင် ... ဘု ... ရား"

"ကိုယ် ... တော် ... ဘုရား ... အား ... အား ..."

"ကယ်တော်မူ ... ပါ ... ဦး ... ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ပူလှချည် ... ရဲ့ ဘုရား ... အား ... ထောင်လှချည်ရဲ့ ... ဘုရား။ တပည့်တော် .. ကို ... ရွှေ ... ပေး ... ကြ ... ပါ ... ဘု ... ရား"

အဲဒီအချိန်က ဘုန်းတော်ကြီး အရှင်ရက္ခိတက ကျောင်းအောက်ခန်းဘုရားစင်ရှေ့မှာ တရားမှတ်နေချိန်။

အလန့်တကြားအော်သံကြောင့် တရားမှတ်တာ နားလိုက်ရတယ်။ ဘုန်းကြီးကျောင်းသားတွလည်း နောက်ထပ်အော်သံကြောင့် ကျောင်းဝကို ဆင်းကြည့်လိုက်ရော ...

"ဟာ ..."

မြင်ရသည့်မြင်ကွင်းက အံ့ဩချောက်ခြားစရာဗျာ။

ဒါနဲ့ ကျောင်းပေါ် အမြန်ပြေးတက်ပြီး ဆရာတော်ကို အထစ်ထစ်အငေါ့ငေါ့ လျှောက်ရရော။

"ဘုန်းဘုရား ... ဘုန်းဘုန်းဘုရား"

"ဟဲ့ ... ချစ်မိုးကြီး ဘာတွေ ဘယ်လိုဖြစ်နေကြတုံး။ ငါ တရားမှတ်လို့မရဘူး။ တစ်ကျောင်းလုံး ဆူညံနေတာပဲ။ ပြောစမ်း ..."

"မှန် ... မှန် ... ပါ ... ဘုရား ... ဟို ... ဟို ..."

"ဟဲ့ ... မြန်မြန်လျှောက်လေ ... တယ် ..."

"ဟို ... ဟို ... လူ ... လူ ... တစ်ယောက် ... ဘုရား"

"ဘယ်သူတုံး ... ဘယ်ကတုံး ... ဘာကိစ္စတုံး"

"သူ ... သူ ... အဲဒီလူက ... ဟို ... ဟို ... ပျောက်သွားတဲ့ ... ငါး ... ငါးထပ်ကြီး ... ရွှေ ... ရွှေဆင်းတု ... ဘုရားကို .. ပွေ့ ... ပွေ့ပြီး ..."

"ဘာ ... ဘာ ... ဘာပြောတယ် ... ချစ်မိုးကြီး"

"ဟို ... မသန်မစွမ်း ... လူတစ်ယောက် ... ဘုန်းဘုရား ကျောင်းက ခိုးယူလှယက်သွားခံရတဲ့ ငါးထပ်ကြီးရွှေဆင်းတုတော် ရုပ်ပွား





ဘုရားနဲ့ ကျောင်းရှေ့မှာ ထိတ်လန့်တကြား အော်ဟစ်ငိုယို ရောက်ရှိနေကြောင်းပါဘုရား"

"မြတ် ... စွာ ... ဘု ... ရား"

ကြားရချက်က အနောက်က နေထွက်သလိုပါကလား။

ငါးထပ်ကြီးရွှေဆင်းတုတော်။

မသန်မစွမ်းလူတစ်ယောက်။

ရွှေဆင်းတုတော်ကိုပိုက်ပြီး ...

ကျောင်းရှေ့မှာ အလန့်တကြားအော်ဟစ်နေသတဲ့။ ဆုံးရှုံးသွားပြီလို့ ယူဆထားသည့် ရှေးဟောင်းတန်ခိုးကြီး သမိုင်းဝင် ပတ္တမြားစိန်စီ မဟာရွှေဆင်းတော်မြတ်ဘုရား ရုပ်ပွားတော်မြတ် မိမိကျောင်းရှေ့မှာ ပြန်ရောက်နေပြီလို့ ကြားရော ...

ဆရာတော် ဝမ်းလည်းသာရဲ့ ...

တုန်လှုပ်ချောက်ချားလည်း ဖြစ်ရရဲ့။

ဒါနဲ့ တရားမှတ်သည့်အလုပ်ကို ရပ်ဆိုင်းလိုက်ပြီး ဘုန်းကြီးကျောင်းသားကြီး မောင်ကျောက်ဒိုးတို့၊ ချစ်မိုးကြီးတို့နဲ့ ကျောင်းအောက်ကို ခပ်သုတ်သုတ် ပြေးဆင်းကြည့်လိုက်ရော ...

"မြတ် ... စွာ ... ဘုရား ..."

ဒုတိယမွှဲ ... အံ့အားသြသြနဲ့ ဘုရားတ,ပြီး ငေးကြည့်နေမိလေရဲ့။

ကြည့်စမ်း ...။

မြင်ရချက်က ဘုန်းကြီးကျောင်းသား ချစ်မိုးကြီးပြောသလို သည်းထိတ်ရင်ဖို အံ့ဩဆန်းကြယ်။

အသက် (၃၀)ခန့်အရွယ်ရှိ ယောကျ်ားတစ်ယောက်။

သူ့ခေါင်းပေါ်ကဆံပင်များက မီးလောင်ခံထားရသလို ...

တွန့်လိန်ကျွမ်းပြီး အချို့ ဆံပင်ငုတ်တိုဖြစ်လို့။

မီးကျွမ်းအနံ့ကလည်း ရနေရဲ့။ ပြီး ... သူ့ခေါင်းပေါ်ရှိ မီးသင့်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကြားကနေ ဆေးလိပ်မီးခိုးလို မီးခိုးအငွေ့အချို့ လူးလွန့်ပျံတက်နေတာလည်း အထူးအဆန်းမြင်နေရတယ်။

သူ့အသွင်သဏ္ဍာန်က ပူလွန်းလို့ထင်ရဲ့။

ဦးခေါင်းကို ဘယ်ညာခါယမ်းပြီး မျက်လုံးအိမ်မှာ စိုးရိမ်ကြောက်လန့်အသွင် အထင်းသားပေါ်နေတယ်။

သူ့ရဲ့မျက်လုံးအိမ်ထဲက မျက်ရည်တွေက တလိမ့်လိမ့်စီးလိမ့်ကျလို့။

ကြည့်ရတာ ခေါင်းပေါ်က မီးသင့်မီးမြိုက်အပူဒဏ်ကို သည်းသည်းခိုက်ခိုက် ဆိုးဆိုးဝါးဝါး ခံစားနေရပုံမျိုး။

သူ့ရဲ့ ဘယ်ဘက်လက်က တင်ပါးနံဘေးနှင့် ခါးအောက်ဒူးရှိရာကို တန်းလန်းတွဲလောင်းကျနေပုံရှိသမို့၊

ခန့်မှန်းကြည့်ရင် ...

လေဖြတ်လို့ဖြစ်နေသည့် တန်းလန်းပုံမျိုး။

ထူးဆန်းတာက သူ့ရဲ့လက်ကလည်း မီးကင်ခံထားရသလို ရဲရဲမည်းမည်းနဲ့ အရေပြားအချို့ မီးလောင်ဖုပေါက်သလို ပြလန်လို့ရယ်။

သူ့ညာဘက်လက်ကတော့ ပတ္တမြားစိန်စီ ရွှေဘုရားရုပ်ပွားတော်ကို ရင်ခွင်မှာကပ်ပြီး လွှတ်မချတမ်း ပွေ့ပိုက်ထားတယ်။

ပြီး ...

သနစ်စွမ်းပုံမရသည့် သူ့ရဲ့ညာခြေကို ဘယ်ခြေနဲ့ဖေးမရင်း ပါးစပ်က မျက်လုံးပြူး မျက်ဆန်ပြူး တွေ့သမျှလူကိုကြည့်လို့ အသံကုန်အော်ဟစ် အကူအညီတောင်းနေတယ်။

သူဟာ သူ့မျက်စိရှေ့မှာရောက်နေတဲ့ ဆရာတော်ဦးရက္ခိတကို မြင်ရော ငိုသံပါကြီးနဲ့ အော်ပါရော။

"အရှင် ... ဘု ... ရား ..."

"ဘုန်းတော်ကြီး ... ဘု ... ရား"

"ကယ် ... တော် ... မူ ... ပါ ... ဘုရား ... ဟီး ... ဟီး"

---

စိတ်ကူးသစ်စာပေ



"ဘုရားတပည့်တော် ... သေရပါတော့မယ် ဘုရား။ အား ... အား ... ပူတယ်ဘုရား။ အား ... ပူလိုက်တာဘုရား"

လူစိမ်းရဲ့ ဖြစ်ပျက်ခံစားနေရသည့်မြင်ကွင်းကို မြင်လိုက်ရသည်နှင့် ဘုန်းတော်ကြီး သိလိုက်ပါပြီ။ ခန့်မှန်းလို့ရပါပြီ။

ဒါ ... ဓားပြအဖွဲ့ လူဆိုးအနုကြမ်းအဖွဲ့က လူဆိုးလူမိုက်အဖွဲ့ဝင်တစ်ဦးဟာ ...

"ဒကာ ..."

"ဟဲ့ ... ဒကာ"

"ဖ ... ဖ ... ရား ... ရား ... အား ... ပူလိုက်တာဘုရား။ အား ..."

"ဘယ်နေရာက ပူနေလို့တုံးဒကာ"

"ခေါင်းပေါ်ကလည်း မီးလိုပူတယ် ဘုရား။ နောက်ပြီး ခြေ .. ဖ ... ဝါး ... အောက်ကလည်း ... မီးလို ... ပူပါတယ်ဘုရား။ အား အား ..."

"ဒကာက ... ဟို ... ဟို ... ငါ့ကျောင်းကိုဝင်တိုက်သွားတဲ့ လူဆိုး ... ဓားပြ ..."

"ဟုတ်ပါ ... မှန် ... ပါ ... တယ် ... ဘုရား ... တပည့်တော်တို့ မှားခဲ့ပါပြီဘုရား။ အ ... ခု ... နောင်တရလို့ ဘုရားရုပ်ပွားတော်ကို ပြန်လာအပ် ... ထား ... ပါ ... ဘုရား"

"အို ... ဒီလိုလား"

ဘုန်းတော်ကြီးကြားရချက်ကြောင့် အလွန်ကို ဝမ်းသာသွားတယ်။

"မှန် ... ပါ့ ... ဘု ... ရား ..."

"ဟဲ့ ... ဟဲ့ ... အဲဒါဆို ... ရှေ့တိုးခဲ့ဒကာ။ ရှေ့တိုးခဲ့ဟဲ့ .."

"တိုး ... တိုးလို့ ... မရဘူး ... ဘုန်း ... ဘု ... ရား"

"ဟေ ... တိုးလို့မရဘူး။ ဘာဖြစ်လို့တုံး ... ဒကာကြီးရဲ့ ... ဟင်"

---

- စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခြေ ... ခြေ ... ထောက် ... ကြွ ... ကြွ ... မ ... မ,လို့ မ ... မ ... ရ ..."

"ဟော ..."

"ဟင် ..."

"ဘုရား ... ဘုရား ... ကြောက်စရာပါလားကွယ်တို့။ ဒကာ ဦးခေါင်းကလည်း မီးခိုးငွေ့တွေထွက်လို့ အဲဒါ ဘယ်လိုဖြစ်ရတာတုံး"

"ဟို ... ဟို ... ဒီ ... ဒီ ... ကို ... အလာမှာ ... စော စောတုန်းကပစ်တဲ့ မိုးကြိုးများရဲ့ မိုးကြိုးလျှပ်စစ် သင့် ... သင့်လိုပါ ... ဘုရား"

"အလိုလေးလေး ... ဘုရား ... ဘုရား ..."

"မြန်မြန်ကယ်တော်မူ ... ဘုရား ... အား ... ပူလှချည်ရဲ့ ဘုရား ... ဟီး ..."

တပည့်တော် နောင်တအကြီးအကျယ် ရပါပြီဘုရား။ ခံစားနေရသည့် အပူမီးကို အရှင်ဘုရားငြိမ်းပေးပြီး ခြေကြွလို့ မ,လို့ လှမ်းလို့ရအောင် ကူညီပါဘုရား။ ဟီး ... ဟီး ... အင့် ... ဟီး ..."

ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ပိုက်ထားသည့်လူဆိုးဟာ ပြောရင်းက မျက်ရည်ပေါက်ပေါက်ကျ စီးကျလို့ငိုတာကို ဘုန်းကြီးကျောင်းသားများရော၊ ကပ္ပိယကြီးရော၊ ကျောင်းနေဦးပဥ္စင်း ကိုရင်များရော မြင်ရပြီး ...

သူ့ကို သနားလည်း သနားရဲ့။

အဖြစ်ကိုကြည့်ပြီး ထိတ်လန့်ကြောက်ရွံ့လည်း ဖြစ်ကြရဲ့။

သူ့မျက်လုံးအိမ်မှစီးကျလာသည့် မျက်ရည်ပေါက်တွေဟာ သူ့ခြေမကနေ မြေကြီးကိုထိုးဖောက်ပြီး မဟာအဝီစိငရဲတံခါးရဲ့ တံခါးဝကို ကျစေနိုင်လေမလား။

သူ့ရဲ့ရှိုက်သံကရော ...

ငရဲနဲ့ နတ်ပြည်စီရင်ချက်ချမည့် ငရဲမင်းကြီးရဲ့နှလုံးအိမ်ကို သိမ့်သိမ့်တုန်ခါ ကြေကွဲစေမှာလား။





ဒါမှမဟုတ် ...။

သမ္မာဒေဝ နတ်မင်းများမြင်ကြားပြီး သူ့မျက်ရည်ကို လက်ခုပ်နဲ့ခံပြီး အသစ်တစ်ဖန် ပြန်မွေးဖွားဖို့ သူ့ရှိုက်သံနဲ့ထုပ်ပိုးပြီး နတ်ပြည်(၆)ထပ်က သိကြားမင်းထံ အသနားခံပေးနိုင်ကြမှာလား။

မြင်ရသည့်မြင်ကွင်းက ...

ငရဲပြည်က အတိုင်းသား ကြားရမည့် မြင်ရမည့် မျက်ရည်နဲ့ ရှိုက်သံပေပဲလား။

သည်လောက်မိုက်မဲလှသည့် လူဆိုးလူသွမ်းကိုတော့ နတ်ပြည်ခြောက်ထပ်က ကယ်လို့ သနားလို့ ရမည်မထင်။

နောက်ကျောခိုင်းပြီး ဥပေက္ခာနှင့် တံတိုင်းခြားမှာ သေချာတယ်။

သူ့ ပြစ်မှုက ငရဲတံခါးကို ခေါက်သည့်ပြစ်မှု။

အပါယ်လေးပါးအရပ်ကိုလည်းကောင်း၊ ငရဲကြီးရှစ်ထပ် အပူရှာအပူမြို့ အပူတောသို့ မရဏရထားကို ဒုန်းစိုင်းစီး၍ အပြင်းနှင်နေသူ၊

ငရဲရွာရှိရာ၊ အပါယ်ရွာရှိရာကို အပြေးပြိုင်ရာမှာ ရှေ့ဆုံးစော၍ ပန်းဝင်လာသူစာရင်းမှာ သူပါလေမလား၊

နောက်ဆုံးက ပန်းဝင်လာသူစာရင်းမှာ သူပါလေမလား။

ဆရာတော်လည်းမသိ။

ကြည့်နေကြသည့် ကရုဏာသက်နေကြသည့် ရဟန်းသံဃာ၊ ကိုရင်တို့လည်းမသိ။

သို့သော် ဘုရားဟော တရားသဘောအရတော့ သူတို့အားလုံးသဘောပေါက်တယ်။

ကံအဆိုးပြုသူသည် ကံဆိုးမိုးမှောင်နဲ့ကြုံရစမြဲ။

ကံကောင်းခြင်းပြုသူသည် ကံကောင်းခြင်းရဲ့ အကျိုးကျေးဇူးကို ကံအားကောင်းသောအချိန်၌ ပြန်လည်အကျိုးခံစားရစမြဲ။

"အားစိုက်ပြီး ကြွစမ်းဒကာ"

"အား ... အင်း ... အင်း ... မ ... မ ... ရဘူး ... ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဟူး ... ဒုက္ခပါပဲလား။ ဒါဆို ထိုင်ကြည့်စမ်းပါ ဒကာ"

"ထိုင် ... ထိုင်လို့လည်း ... မ ... မ ... ရ ... ပါ ... ဘူး ဘုရား။ ဟီး ... ဟီး ... အင့် ... ဟီး ..."

နောက်ဆုံး ...

ဘုန်းတော်ကြီး အရှင်ရက္ခိတအား ငမိုက်သားဖြစ်ပေမယ့် မေတ္တာ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားရှင်များပီပီ၊ ကရုဏာသက်သည်လည်း ဖြစ်ပါကြောင်း၊ ငမိုက်သားရဲ့ဒုက္ခကို ကယ်လို့ရလိုရငြား မိမိရဲ့ သီလ၊ သမာဓိ၊ ဝိပဿနာအားကို ယုံကြည်အားကိုးပြုပြီး ...။

ဘုရားရှင်ကို ရည်စူး၊ ရည်မှန်းလို့ သစ္စာဓိဋ္ဌာန်ပြုလိုက်တော့ တယ်။

"ဘုရားရှင်ကိုယ်တော်မြတ်ကြီးဘုရား ... ဤငမိုက်သား၏ နောင်တကို ဝှဲညာသနား၍ လတ်တလော ဒုက္ခဝဋ်ဆင်းရဲမှ ကယ်တော်မူ ပါဘုရား။ ဒါနှင့်အတူ ရုပ်ပွားတော်မြတ် အနီးဝန်းကျင်၌ စောင့်ရှောက် ကြကုန်သော သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ၊ အပိုင်အဆိုင်အစောင့် အရှောက်များ၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ အားလုံးတို့အားလည်း ဘုန်း ကြီး မေတ္တာရပ်ပါသည်။

လုယူသွားသည့် ဘုရားရုပ်ပွားတော်မြတ်အား နောင်တကြီးစွာ ရ၍ မူလနေရာ လာပြန်အပ်နှံသည့် ဤနောင်တသား အမိုက်အမဲအား လက်ရှိဒုက္ခဆင်းရဲမှ သည်းခံခွင့်လွှတ်၍ သံသရာဘဝကျမှသာလျှင် တူညီ မျှတသောအပြစ်ကိုသာ သင့်လျော်စွာ ခံစားခွင့်ပြုကြပါကုန်လော့။ ကျွန်ုပ် ထိန်းသော သစ္စာ မေတ္တာကို အမျှယူ၍ ကူညီမှိုင်းမကြပါကုန်လော့။ အမျှ အမျှ ... အမျှ ... အားလုံး သာဓုခေါ်ဆိုနိုင်ကြပါစေ။ သာဓု ... သာဓု သာံဓု ..."

ဘုန်းတော်ကြီးက အရုပ်လေးမျက်နှာသို့ လှည့်ပြီး မေတ္တာပို့သ တယ်။ ပြီးသည်နှင့် ငမိုက်သားရဲ့လက်နဲ့ ပွေ့ပိုက်ထားသည့် ရွှေသားရုပ် ပွားတော်မြတ်ကို ရည်စူးပြီး လက်အုပ်ချီမိုးလိုက်ပြီးနောက် ...

---

စိတ်ကူးသစ်စာပေ



လူမိုက်သားရဲ့အနီးကို တရွေ့ရွေ့ တိုးကပ်သွားလိုက်တယ်။

လူမိုက်သားက မျက်ရည်စို့ရွှဲနဲ့ ဘုန်းတော်ကြီးဦးရက္ခိတကို အား ကိုးကြီးစွာ စိုက်ကြည့်နေတယ်။

သည့်နောက် ...

ဘုန်းတော်ကြီး အရှင်ရက္ခိတက သူမိုက်သားနောင်တရှင်ရဲ့လက် ထဲက ရွှေသားရုပ်ပွားတော်မြတ်ကို ရိုသေလေးစားစွာ လက်နှစ်ဖက်ဖြင့် လှမ်းယူပင့်ဆောင်လိုက်တယ်။

ဘုန်းတော်ကြီးအရှင်ရက္ခိတလက်ထဲကို ရွှေသားဗုဒ္ဓရုပ်ပွားဆင်းတု တော် ရောက်လည်းရောက်သွားရော ..

လူမိုက်သားဟာ ဘုန်းတော်ကြီးရဲ့မျက်နှာတော်ကိုကြည့်ရင်း ဘုရား ရုပ်ပွားတော်ရဲ့ ရှေ့မျက်နှာတော်ကို ကြည့်ရင်း ...

သူ့ပါးပြင်ပေါ်မှာ မျက်ရည်ပေါက် မျက်ရည်ဥများ တလိမ့်လိမ့် စီးကျကာ မြေပြင်ပေါ်ကို ပုံလျက်သား လဲကျသွားတော့တာပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

## ဝိဉာဉ်ရှိသောမြို့

❑

ဒီဖြစ်ရပ်ဆန်းကြယ်ရဲ့ နောက်ကြောင်းကို ပြန်ပြောရရင် ...

အလွန်အံ့ဩဖို့ကောင်းတယ်။

ကြောက်ဖို့လည်း ကောင်းတယ်။

ရှေးဟောင်းပစ္စည်းတွေကို ကိုယ်ကျိုးအတွက်အတွက် သုံးစွဲကြရင် ဘယ်လောက် အန္တရာယ်ဆိုးများ ကျရောက်တတ်တယ်ဆိုတာကို နားလည်သဘောပေါက်ရတယ်။

ရှေးဟောင်းပစ္စည်းကို 'မူလပိုင်ရှင်သော်လည်းကောင်း၊ အစောင့်အရှောက်သော်လည်းကောင်း ယူခွင့်မပြုရင် ယူလို့မရဘူး၊ သုံးလို့မရဘူး။

ယူရင် သုံးရင် ဘာဖြစ်မှာလဲ ...

အလွန့်ကို ကြောက်လန့်စရာကောင်းသည့် အန္တရာယ်ဆိုးနဲ့ ကြုံခဲ့ရတဲ့ ဖြစ်စဉ်တစ်ခုကို လူငယ်တစ်စုတစ်ဖွဲ့ကိုယ်တိုင် ကြုံခဲ့ရတာရှိတယ်။





အဲဒီဖြစ်ရပ်ဆန်းကြယ်ကို နောက်ပိုင်းသင့်ရာနေရာမှာ နောင်လာနောင်သားများ ဂရုပြုဆင်ခြင်နိုင်ဖို့ ထည့်သွင်းဖော်ပြသွားပါ့မယ်။

ခုလည်းကြည့် ...

ထူးဆန်းသည့် ငါးထပ်ကြီးရွှေသားရုပ်ပွားတော်ကို မတော်လောဘနဲ့ ခိုးတိုက်ယူသွားသူတွေ သေခြင်းဆိုးအမျိုးမျိုးနဲ့ ချောက်ချောက်ချားချား ကြုံခဲ့ရတယ်။

ဒီအကြောင်းကို အစမှအဆုံး စိတ်ရှည်လက်ရှည်ပြောမှဖြစ်မှာမို့ ဒီဇာတ်လမ်း စတင်ဖြစ်ပေါ်သည့် အခြေခံအကြောင်းရင်းကနေ စပြောရပါလိမ့်မယ်။

ဒီရုပ်ပွားတော်ရပုံက အလွန်ထူးဆန်းတယ်။

ပစ္စုပ္ပန်အိပ်မက်နဲ့ ရခဲ့တာမျှမဟုတ်ဘူး။

နောက်ခံရာဇဝင်သမိုင်းကြောင်းထဲက ပုဂ္ဂိုလ်ဝိညာဉ်တွေနဲ့ ထူးထူးဆန်းဆန်း ဆက်စပ်နေလို့ပဲ။

ဒီလိုပါ။

ဟောဒီနေရာ ဒေသကြီး၊ မြို့ကြီး၊ ရပ်ကြီးရွာကြီးနဲ့ ပစ္စန္တရာစ်အရပ်များဟာ လွန်ခဲ့သည့် နှစ်ပေါင်း (၂၆၀၀) နှစ်ထောင့်ခြောက်ရာကျော်လောက်တုန်းက ပါဒမင်းများပိုင် နေပြည်တော်ဖြစ်ခဲ့ဖူးတယ်။

ပါဒမင်း (၃၄) ဆက် အုပ်စိုးပြီးနောက်ပိုင်း ဒီအရပ်ဒေသကြီးတစ်ခုလုံးကို သန်လျင်မင်းဆက် (၆)ဆက်က ဆက်လက်အုပ်ချုပ်ခဲ့တယ်လို့ ပါဒရာဇဝင်နဲ့ သန်လျင်ရာဇဝင်က အဆိုရှိတယ်။

နောက် သန်လျင်မင်း (၆)ဆက်ခေတ်ကုန်တော့ ဟံသာဝတီခေတ်ရောက်ပြီး ဟံသာဝတီမွန်မင်းအဆက်ဆက်တို့ရဲ့ အအုပ်ချုပ်ခံလက်အောက်လည်း ဖြစ်ခဲ့ဖူးပြန်တယ်။

အဲ့ဒါအပြင် ...

မြန်မာမင်း၊ မွန်မင်းရာဇမင်းခေတ် ကုန်ဆုံးပျက်သုဉ်းပြီးနောက်ပိုင်း ...



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တူဂီနယ်ချဲ့ **ဖိလစ်ဒီဗရစ်တို (ခေါ်) (ငဇင်ကာ) (ခေါ်) (ဇွန်ကာကူ)** ဆိုတဲ့ လူမျိုးခြားလက်အောက်ကိုလည်း ရောက်ခဲ့ရ . . .။

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲအပြီးမှာ နယ်ချဲ့အင်္ဂလိပ်ရဲ့ အုပ်ချုပ်ခံဘဝကို ခါးသည်းစွာရောက်ခဲ့ရပြီး . . .

အထက်မြန်မာပြည် သီပေါမင်းနှင့် မိဖုရားတို့ အင်္ဂလိပ်နဲ့ သုံးကြိမ် စစ်အဆုံး စစ်အရှုံးမှာ အိန္ဒိယနိုင်ငံပိုင် ရတနာဂီရိကိုပါတော်မူပြီး နောက်ပိုင်းကစလို့ . . .

၁၉၄၈ ခုနှစ် မြန်မာ့လွတ်လပ်ရေးရပြီးသည့်အချိန်ကာလအထိ အင်္ဂလိပ်အစိုးရက မြန်မာပြည်အောက်ပိုင်းကိုရော၊ အထက်ပိုင်းကိုရော ရက်ရက်စက်စက်နှိပ်ကွပ်ပြီး အုပ်ချုပ်ခဲ့တယ်။

ရန်ကုန်နဲ့ ပဲခူးမြစ်သာခြားတဲ့ ပါဒမင်းနေပြည်တော် သန်လျင်မင်းနေပြည်တော် သန်လျင်ကျောက်တန်း၊ ခရမ်းသုံးခွ၊ တွံတေး၊ ဒလတို့ဟာလည်း ဂူကျောင်းဘုရားပုထိုးများ ပေါ်တူဂီနယ်ချဲ့နဲ့ အင်္ဂလိပ်နယ်ချဲ့တို့လက်ချက်ကြောင့် အဖျက်ဆီးများစွာ ခံခဲ့ရတယ်။

ပေါ်တူဂီနယ်ချဲ့ခေါင်းဆောင် ငဇင်ကာဆိုရင် သန်လျင်ပါဒ (ယခု ကျောက်တန်းမြို့) မြို့ရွာများမှာရှိတဲ့ နာမည်ကြီး ပုထိုးစေတီများကိုဖောက်ပြီး ဘုရားဌာပနာတွေကို ဖောက်ယူတယ်။

ဘုရားစေတီ ရင်ပြင်ပေါ်က ကြေးခေါင်းလောင်းကြီးငယ်များ၊ ကြေးဆင်းတုများ၊ ကြေးစည်ကြီးများ အခမ့်သယ်ဆောင်ပြီး အရည်ကြိုတယ်။

ပြီး . . . အမြောက်လက်နက်၊ စိန်ပြောင်း၊ မြတံပူများသွန်းလုပ်ပြီး မြန်မာမင်းများကို အန်တုခဲ့တယ်။

အမှန်က ငဇင်ကာက သစ္စာမဲ့တဲ့ ပေါ်တူဂီလူမျိုးခြားပါ။

သူ့ကို ရခိုင်ဘုရင်မင်းရာဇာကြီးက ကြေးစားစစ်သားအဖြစ် မွေးကျွေးခဲ့တယ်။ ပေါ်တူဂီစစ်သားများမှာက ခေတ်မီလက်နက်ကောင်းတွေ ရှိတာကိုး။





အဲဒါ စစ်ပွဲတွေအောင်မြင်တော့ ရခိုင်ဘုရင် မင်းရာဇာကြီးက ငဇင်ကာကို သန်လျင်မြို့မှာ အရာပေးပြီး မြို့စောင့်ခန့်တယ်။

ရခိုင်ဘုရင်က မြို့စောင့်ခန့်တာကို ငဇင်ကာက မြို့စားဘွဲ့ပေးတယ်လို့ အယူမှတ်ထားပြီး သူ့တပ်သားတွေ ဩဇာခံတွေနဲ့ သန်လျင်မြို့ကို စည်းကြပ်တယ်။

လက်နက်အစုံအလင်နဲ့ အစောင့်အကြပ်ထူထူချပြီး သန်လျင် ရန်ကုန်ဒလမြစ်သုံးဆိုင်မှာ အကောက်ခွန်ရေဆိပ်ရုံးဖွင့်ပြီး လူးလာစုန်ဆန်သွားနေသည့် မြန်မာပုလိပ်သင်္ဘောများကိုရော . . .

အခြားလူမျိုးခြားပိုင် လှေသင်္ဘောများကို အကောက်အခွန်ယူပြီး ရခိုင်မင်းကို အခွန်တော်မဆက်သဘဲ အကုန်စားလို့ နောက်ဆုံး သန်လျင်ဘုရင်ဘွဲ့ကိုခံယူလိုက်တယ်။

ဒါ သူ့ကျေးဇူးရှင် ရခိုင်ဘုရင်ကို သစ္စာဖောက်တာပဲ။

ဒါကြောင့် ရခိုင်ဘုရင် 'မင်းရာဇာကြီး' ရယ်၊ သူ့သားတော် (မင်းခမောင်း)တို့ရယ်ဟာ ကြည်း၊ ရေ ဝိုင်းပြီး ပေါ်တူဂီငဇင်ကာရဲ့ သန်လျင်မြို့ကို ဝန်းရံလုပ်ကြံတိုက်ခိုက်ပေမင့် . . .

ပေါ်တူဂီတို့က ခေတ်မီအမြောက်စိန်ပြောင်း မီးပေါက်သေနတ်လက်နက်အားကောင်းလို့ သန်လျင်မြို့ကို လုပ်ကြံလို့မရဘူး။

အဲဒီစစ်ပွဲမှာ ကံဆိုးချင်တော့ . . .

ရခိုင်ဘုရင်မင်းရာဇာကြီးရဲ့သားတော် 'မင်းခမောင်း'ကို ပေါ်တူဂီတို့က လက်ရဖမ်းမိသွားပါရော . . .

အဲဒါ နောက်ဆုံး ရခိုင်ဘုရင်မင်းရာဇာကြီးက စစ်ကိုအလျှော့ပေးပြီး ငွေပေါင်းမြောက်မြားစွာပေးအပ်လို့ သားတော်မင်းခမောင်းကို ငဇင်ကာလက်ကရွေးပြီး ရခိုင်ကို အရှုံးနဲ့ပြန်ခဲ့ရတယ်။

ဒါတောင် ပေါ်တူဂီပိုလ်မှူး (ငဇင်ကာခေါ်) ဇွန်ကာကူကာက . .

"ငါ့ကို ပမာမခန့်မလုပ်နဲ့။ ဒီနေ့ကစလို့ ငါ့ကို သန်လျင်ဘုရင် သန်လျင်မင်းအဖြစ် အသိအမှတ်ပြုလို့ ကောင်းမွန်စွာဆက်ဆံလော့ . ."



www.burmeseclassic.com

www.burmeseclassic.com



လို့ ရာဇသံမိန့်လိုက်သတဲ့။

ပါဒနိုင်ငံရဲ့ အချက်အချာက ကျောက်တန်းမြို့၊ သီလဝါရေဆိပ်ခံတပ်နဲ့ သန်လျင်ရေဆိပ်ပဲ။

ဒီနေရာမှာ စစ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးအချက်အချာကျတယ်။

ပါဒမင်းနဲ့ သန်လျင်မင်း အဆက်ဆက်တုန်းကလည်း ရန်ကုန်၊ ဒလ၊ ပဲခူးတို့နဲ့ ရေကြောင်းကူးသန်းသွားလာရေးမှာ အရေးပါတဲ့ ဆိပ်ကမ်းမြို့များပေကိုး။

ပေါ်တူဂီဗိုလ်မှူး ဖွန်ကာကူ (ခေါ်) ငဇင်ကာဟာ သူ့ကိုယ်သူဘုရင်လို့ အမည်ခံပြီးနောက်ပိုင်းမှာ သန်လျင်နယ်တစ်ဝှမ်းမှာ ရက်စက်ကြမ်းကြုတ်မှုအမျိုးမျိုးနဲ့ ဖိနှိပ်အုပ်ချုပ်တော့တာပဲ။

မွန်မြန်မာလူမျိုး မိန်းမယောကျ်ားမြင်သမျှကို သူ့ရဲ့ ပေါ်တူဂီဘာသာကို အတင်းအဓမ္မဝင်ခိုင်းတယ်။

ဗုဒ္ဓဘာသာဝင်မှန်သမျှကို ရန်သူလိုသဘောထားတယ်။

ပေါ်တူဂီဘာသာဝင်သူများကို ချီးမြှင့်မြှောက်စားတယ်။ နေရာရာထူး အမျိုးမျိုးပေးပြီး သူကောင်းပြုတယ်။

ဗုဒ္ဓဘာသာ မွန်ရဟန်း၊ မြန်မာရဟန်းများကို သန်လျင်မြို့တွင်းဆွမ်းခံမကြွရဘူး။ အကုန်နှင်ထုတ် ရိုက်ထုတ်တယ်။

ဒါနဲ့တင် သင်းက အားမရသေးဘူး။

သန်လျင်နဲ့ ပါဒ (ကျောက်တန်း)မှာရှိသည့် ပါဒမင်းများကောင်းမှု ဂဝံပုထိုးစေတီများ၊ သန်လျင်မင်းများကောင်းမှု ပုထိုးစေတီများကဌာပနာတိုက်တွေကိုဖောက်ပြီး ရွှေငွေရတနာတွေယူတယ်။

ဘုရားပေါ်က ကြေးခေါင်းလောင်းတွေဖြုတ်၊ အရည်ကျိုပြီးအမြောက်လက်နက်သွန်းတယ်။

အဲဒီအမြောက်လက်နက်များနဲ့ မြန်မာတိုင်းရင်းသားများကို ပစ်ခတ်တိုက်ခိုက်သေးတယ်။

စိတ်ကူးသစ်စာပေ



မွန်လူမျိုးတွေ သူ့ရန်ကြောက်လို့ သန်လျင်ကနေ မုတ္တမတိုင်အောင်ပြေးရတယ်။

နောက်ဆုံး ...

အင်းဝမင်းတရား ညောင်ရမ်းမင်းတရားကြီး နတ်ရွာစံတော့ သားတော်ကြီး 'မဟာဓမ္မရာဇာ' က သက္ကရာဇ် (၉၆၇) ခုနှစ်မှာ အင်းဝမင်းပြုတော်မူတယ်။

(သူ့ကို အနောက်ဘက်လွန်မင်းလို့ ရာဇဝင်မှာ အလွယ်ခေါ်ကြတယ်။ မဟာဓမ္မရာဇာဟာ ပဲခူးမြစ်ရဲ့ အနောက်ဘက်အရပ်မှာ လွန်သည့်အတွက် အနောက်ဘက်လွန်မင်းတရားလို့ ရာဇဝင်ကရေးပြီးခေါ်နေတာယနေ့တိုင်ပါပဲ။)

နယ်ချဲ့ပေါ်တူဂီကိုပြန်တိုက်ဖို့ မဟာဓမ္မရာဇာက ပြည်၊ တောင်ငူစသည်တို့ကို သိမ်းသွင်းခဲ့တယ်။ တောင်ငူဘုရင် နတ်သျှင်နောင်လည်းအင်းဝမင်း မဟာဓမ္မရာဇာရဲ့လက်အောက်ခံဘဝကို ရောက်ခဲ့ရတယ်။ မကြာခင်မှာပဲ ...

သက္ကရာဇ် (၉၇၄) ခုနှစ်မှာ ဒီဗရစ်တို (ခေါ်) ငဇင်ကာက ရေကြောင်း၊ မုတ္တမစား ဗညားဒလက ကြည်းကြောင်းချီလာပြီး တောင်ငူမြို့ကိုဝင်တိုက်လို့ တောင်ငူဘုရင် နတ်ရှင်နောင်နှင့် အဆွေအမျိုးများ၊ ဥစ္စာပစ္စည်းများကို သန်လျင်ကို ယူဆောင်သွားရော။ နတ်သျှင်နောင်ကလည်း ငဇင်ကာနဲ့ ပူးပေါင်းလိုက်တယ်။

ဒီမှာ မခံမရပ်နိုင်သူများက အင်းဝမင်း မဟာဓမ္မရာဇာထံ ခိုဝင်ကြတယ်။ သူတို့က မြန်မာမင်းအပေါ် သစ္စာစောင့်သူများကိုး။

တောင်ငူကို ပေါ်တူဂီတိုက်ခိုက်တယ်လို့ကြားရော အင်းဝမင်းတရားကြီးဟာ ရေကြောင်း၊ ကြည်းကြောင်းချီလာပြီး သန်လျင်မြို့ကို သုံးလတိုင်တိုင် ဝန်းရံလုပ်ကြံလိုက်ကာ ...

ငဇင်ကာ (ဒီဗရစ်ကို) နဲ့ နတ်သျှင်နောင်ကို လက်ရဖမ်းမိခဲ့တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံးကို အသနားခံရင်း လွှတ်တော်မူတယ်လို့ အင်းဝမင်း မဟာဓမ္မရာဇာ (အနောက်ဘက်လွှန်မင်း)က မိန့်တော်မူတယ်။

အကြောင်းကရှိတယ်လေ။

အောက်မြန်မာနိုင်ငံ မွန်တို့ဒေသမှာ ပေါ်တူဂီနယ်ချဲ့လွှမ်းမိုးကြီးစိုး အမျိုးမျိုး ဖိနှိပ်အုပ်ချုပ်ကျူးကျော်နေတာကို အင်းဝမင်းက အလိုမရှိဘူး။

ဒါ ပေါ်တူဂီနိုင်ငံတော်မဟုတ်ဘူး။

ဒါ မြန်မာနိုင်ငံတော်။

မြန်မာလူမျိုးနဲ့ မြန်မာတိုင်းရင်းသားတို့ ပိုင်ဆိုင်နေထိုင် လုပ်ကိုင်စားသောက်အုပ်ချုပ်သည့် ...

အမိ မြန်မာနိုင်ငံတော်၊

အဖ မြန်မာနိုင်ငံတော်၊

ဒါကြောင့် ပေါ်တူဂီနယ်ချဲ့ကို အမိမြေပေါ်ကမောင်းထုတ်ဖို့ အထက်မြန်မာပြည်ကို စည်းရုံးသိမ်းသွင်းတယ်။ မရရင် တိုက်ခိုက်ပြီး လက်အောက်ခံပြုစေတယ်။

ဒီလိုနဲ့ ပြည်မြို့အပါအဝင် တောင်ငူမြို့ကိုပါသိမ်းပြီး နတ်ရှင်နောင်ကို မြို့စားအရာထားတာ။

အဲဒါ မကျေနပ်လို့ ဒီဗရစ်တို (ငဇင်ကာ) ကို 'ကြက်ရိုးပင်'စားနဲ့ စာလျှို့ဝှက်ပါးပြီး သူ့တောင်ငူကိုလာတိုက်ဖို့၊ သူ့ကိုကယ်ဖို့ အကူအညီတောင်းတယ်။

ဒါကြောင့် ဒီဗရစ်တိုက တောင်ငူရွှေနန်းကိုတိုက်၊ မီးနဲ့တိုက် ရသမျှ အကုန်သိမ်းခဲ့လို့ အင်းဝမင်း နောက်ဆုံးပွဲသိမ်းအနိုင်တိုက်ခဲ့ရတာ ...

အဲဒါ ... နတ်သျှင်နောင်ရော၊ ဒီဗရစ်တိုကရော အညံ့မခံဘူး၊ မတောင်းပန်ဘူး။ သူတို့ စိတ်တူဝမ်းတူလုပ်ထားတဲ့ သေအတူရှင်အတူ သစ္စာရှိပြီးသားပါလို့ မာန်ဝင့်ပြီးပြောလို့ ...





နောက်ဆုံး နှစ်ဦးစလုံးကို အမျက်တော်ရှပြီး တံကျင်လျှိုလို့ ကွပ်မျက်လိုက်တယ်။

အမိကပြောချင်တာက ...

ပေါ်တူဂီလက်ချက်ကြောင့် ရှေးမင်းများ၊ မြို့စားနယ်စားများ ကောင်းမှုတော်ဘုရား၊ ပုထိုး၊ စေတီအတော်များများ ဖောက်ထွင်းဖျက်ဆီးခံရတယ်။

နောင် အင်္ဂလိပ်အစိုးရ အုပ်ချုပ်လာတော့ ဗုဒ္ဓဘာသာအရေးနဲ့ ပညာရေးကို အလေးဂရုမစိုက်တော့ဘူး။

ပေယျာလကန်ပြုပြီး ကျွန်ပြုအုပ်ချုပ်ပြန်တယ်။

ဒီလိုနဲ့ ရှေးစေတီပုထိုးပျက်များက ပြုပြင်သူကင်းမဲ့လို့ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်သွားခဲ့တာရှိသလို၊

အင်္ဂလိပ်အုပ်ချုပ်တဲ့ စေတီကိုရောက်ပြန်တော့ ရှေးခေတ်ဂဝံ နတ်လမ်းက ရောမဂဝံရုပ်ပွားတော်ကြီးများ၊ ဂဝံကျောက်ပြားနဲ့ကာရံထားသည့် မဟာရံတံတိုင်းများ၊ နတ်လမ်းများအားလုံး ထပ်မံအဖျက်ဆီးခံရပြန်တယ်။

သက်သေပြရရင် အခု ရန်ကုန်သန်လျက်စွန်းက မြစ်ကမ်းရေထိန်း နံရံနေရာတွေမှာ အင်္ဂလိပ်အစိုးရက သန်လျင်ကျောက်တန်း၊ ပါဒကြီးက ရှေးဟောင်းဂဝံအုပ်ချုပ်ကြီးတွေ၊ ဂူကျောင်းတွေ ... ဖြိုဖျက်ခွာသယ်ပြီး ကမ်းမပြိုအောင် ရေထိန်းနံရံလုပ်ခဲ့တယ်လို့ ပါဒရာဇဝင်ပညာရှင် ဦးထွန်းရီရေးသည့်စာအုပ်မှာ အတိအလင်း ရေးသားထားတယ်။

ဒါကြောင့် စိမ့်ကြီးမြိုင်ကြီး တောကြီးအုံ့ဆိုင်းသည့် သန်လျင်ပါဒတို့ဟာ ...

သမိုင်းဝိညာဉ်ရှိခဲ့ဖူးသည့် မြို့များပေပဲ။

ရှိခဲ့ဖူးသည့် သမိုင်းဝိညာဉ်က ပါးပါးလျစ်လျစ်မဟုတ်ဘူး။

ရင့်ရင့်မောင်းမောင်း ထူထူပြိန်းပြိန်းပဲ။

လူ့သမိုင်း၊ ရာဇဝင်သမိုင်း၊ ခေတ်သမိုင်းတို့ရဲ့ ဝိညာဉ်မနောစိတ်တို့သည်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းမှတ်ရာ ပုံပြင်စကားတို့သည်လည်းကောင်း၊

ရာစုနှစ်များစွာတိုင် ပါဒနဲ့သန်လျင်မှာ လှည့်လည်စီးမျောနေတယ်။

ဒါကြောင့် ...

ဝိညာဉ်ရှိသောမြို့လို့ စာရေးဆရာတွေ၊ သုတေသီပညာရှင်တွေက ခေါ်ကြတာ။ နာမည်ကြီးနေတာ။ ခန့်ထည်နိုင်ခန့်နေတာ၊

ပြီး ... လေးမြတ်ရှိကျိုးဖွယ်တွေ အထင်အရှားရှိနေတာ၊

ကြည့်လေ ...

ကြိုက်ရာ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာကို ကြည့် ...

လှည့်ကြည့်၊ ပတ်ကြည့်၊ ငုံ့ကြည့်၊ မော့ကြည့်၊ တည့်တည့်ကြည့်၊ နောက်ပြန်ကြည့်၊ ပက်လက်လှန်ကြည့် ...

ကြိုက်သလိုကြည့်စမ်းပါ။

ရှေးပါဒခေတ်သမိုင်းရဲ့ သမိုင်းရုပ်ကြွင်း ဂဝံခေတ်လက်ရာတွေ၊

ပါဒမင်းတို့ရဲ့ ကောင်းမှုတော် စေတီများဖြစ်ကြတဲ့ ...

ကျိုက်ပါဒဆွန်လွန် (ပါဒကြီးဆံတော်ရှင်စေတီ)၊

ကျိုက်ကမော့ဆန်လွန် (တောင်စွန်းဆံတော်ဦးစေတီ)၊

ကျိုက်မှာထပ်ရဟန် (ရဟန္တာခေတ်)

ကျိုက်ခနုတ်ဘုရား၊ ကျိုက်ခေါက်ဆံတော်ရှင်ဘုရား၊ ကျိုက်အင်းစေတီ၊ ကျိုက်ဖင်းမယ်စေတီ၊ ထမလုံစေတီ၊ ကျိုက်မြဆလုံစေတီ၊ ကျိုက်မောရဂိဝါစေတီ၊ ကျိုက်သာမည်စေတီ၊ မြစောညီနောင်စေတီ၊ ကျိုက်မြပြာသာဒ်တန့်စေတီ၊ ကျိုက်ဒေသရစေတီ၊ ကျိုက်စောရှင်ပင်စေတီ၊ ကျိုက်တလွဲစေတီ၊ ကျိုက်သပြေစေတီ၊ ကျိုက်သာ လွှတ်စေတီ (ဘေးမဲ့ဘုရား)၊ ကျိုက်မှော်ဝန်းစေတီ (ဂွမ်းမြို့၊ ကျိုက်မျှော် တလော့စေတီ စသည့်စေတီများ ...

ပြီး ... သန်လျင်မင်း (၆)ဆက်ဖြစ်ကြသော ...

(၁) မောင်သန်လျင်မင်း (စောလီလတ်ရှဲ)

(၂) မောင်ဒီမင်း (ဗညားဒလ)





(၃) ထမလောက်မင်း

(၄) ဗညားမဏိရွှတ်ပိမင်း

(၅) သီဟရာဇာမင်း

(၆) ဇေယျသေနမင်း စသည့် သန်လျင်မင်းတို့ကလည်း စေတီများစွာကို တည်ခဲ့သေးတယ်။ ခုထက်ထိ အထင်အရှားရှိတုန်းပဲ။

သမိုင်းရဲ့ဖြစ်တည်မှုက ငြင်းပယ်လို့မရဘူး။

ဒီလိုပဲ မွန်ဘုရင်မကြီး ရှင်စောပုနဲ့ သားမက်တော် ဓမ္မစေတီမင်းတို့ရဲ့ ကောင်းမှုတော်၊ စေတီ၊ ဇရပ်၊ ကျောင်းကန်၊ သိမ်တော်ကြီးတွေ ..

ကျိုက်ခေါက်ဘုရားပေါ်မှာဆိုရင် ဘုရင့်နောင်မင်းတရားကြီးရဲ့ ကောင်းမှုတော်များ၊ ဟံသာဝတီရောက်မင်းနှင့် ဝန်ကြီးပဒေသရာဇာ၊ ရတုဘုရင် တောင်ငူဘုရင်နတ်သျှင်နောင်တို့ရဲ့ အရိုးအိုးစေတီ၊ ရှင်လူကောင်းမှု စသည့် သမိုင်းအနုစ်အမွေတွေ အထင်အရှားရှိနေတယ်။

ဘယ်လိုမှငြင်းပယ်လို့မရစကောင်းသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များက မြေအောက်ရေအောက်မှာရော၊ တောကြီးမျက်မည်း ချုံကြီးချုံကောင်းများရဲ့ ဖုံးအုပ်မှုအောက်မှာပါ ရှိနေတုန်းရယ်။

အဲဒီလို ရှေးရာဇဝင်နောက်ခံက အစပြုခဲ့တဲ့ ထူးခြားဖြစ်ရပ် ဆန်းကြယ်ဇာတ်လမ်းတစ်ခုဟာ ဘုန်းတော်ကြီးအရှင်ရက္ခိတရဲ့ 'ခါးပန်းဝါ' ကျောင်းကို အခြေခံပြီး အံ့ဖွယ်ဖြစ်ခဲ့ရတာပါ။

ဒီဖြစ်ရပ်ဆန်းကြယ် ဝတ္ထုဇာတ်ကြောင်းကို အသေးစိတ်ပြောပြချင်လွန်းလို့ ပါဒနဲ့သန်လျင်ရဲ့ နောက်ခံရာဇဝင်အကျဉ်းကို ဇာတ်ပျိုးရတာပါ။

ဖြစ်ရပ်ဆန်းကြယ် ... စရံအသတ်ခံရပုံက ဒီလိုပါ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

## မရွှေဂုဏ်ပေးတဲ့ အိပ်မက်ဆန်း

❑

တစ်နေ့တော့ ညသန်းခေါင်ယံအကျော်မှာ ခါးပန်းဝါ–ကျောက်ကိုးဆင့်ဘုန်းတော်ကြီးကျောင်းဆရာတော် အရှင်ရက္ခိတ ထူးဆန်းတဲ့ အိပ်မက်ဆန်းတစ်ခုကို မြင်မက်ခဲ့တယ်။

အိပ်မက်ထဲမှာ ...

လွန်စွာ ချောမောလှပ ကျက်သရေအပေါင်းနဲ့ ပြည့်စုံလှတဲ့ ရှေးခေတ်အဝတ်အစားနှင့် အမျိုးသမီးကြီးတစ်ဦး (ဒကာမကြီးတစ်ဦး) က ဘုန်းတော်ကြီးအရှင်ရက္ခိတကို ရှိရှိသေသေ ရှိခိုးတယ်။

ဒီလိုထူးခြားသည့် အဝတ်အစားများဝတ်ထားသည့် မိန်းမချောမိန်းမလှ ဒကာမကြီးကို တစ်ခါမှမမြင်ဖူး။

"ဒကာမကြီး ..."





"ဘုရား ..."

"အမည်နာမ ဘယ်လိုခေါ်သတုံး"

"မှန်လှပါ ... တပည့်တော်မရဲ့အမည်က မရွှေဂုဏ်လို့ခေါ်ပါတယ်ဘုရား"

"ဒကာမကြီး မရွှေဂုဏ် ... ဒကာမကြီးကို ဘုန်းကြီး အရင်တုန်းက မမြင်ဖူးဘူး။ ဒါနဲ့ ဒကာမကြီးနေတော့ရော"

"ရန်ကုန်မှာလည်း နေပါသည်၊ တညင်မှာလည်း နေပါသည်ဘုရား"

"ဒဂုံလား၊ ရန်ကုန်လား ... ဒကာမကြီး"

ဘုန်းကြီး ဒီလိုမေးရတာ အကြောင်းရှိတယ်။ ဒဂုံဆိုတာ ရှေးအခါတုန်းက ရှေးမြန်မာမင်းများ ရွှေလက်တော်တုန်းက ရန်ကုန်မြို့ကို ခေါ်တာ။ ရန်ကုန်ဆိုတာ အလောင်းမင်းတရားကြီးဦးအောင်ဇေယျ ဒဂုံကိုသိမ်းပြီးနောက် ရန်အပေါင်းကုန်စင်လို့ 'ရန်ကုန်' ဆိုပြီး အတိတ်တဘောင်နိမိတ်ဆောင်ခဲ့သည့်မြို့။

ခုတော့ ရန်ကုန်မြို့ပေါ့။

ရှေးခေတ်ကို ကိုယ်စားပြုခေါ်ရင် 'ဒဂုံမြို့' ပေါ့။

ရွှေဒဂုံကိုတောင် ဒဂုံဆံတော်ရှင်ဘုရား။

ရန်ကုန်ရေဆိပ်၊ ဗိုလ်တထောင်ရေဆိပ်ကို ဒဂုံရေဆိပ်ရယ်လို့ ခေါ်ကြသကိုး။

"မှန်ပါ ... ရန်ကုန်ပါဘုရား"

အင်း ... ဟုတ်ပေလိမ့်မယ်။ သူမရဲ့ အဝတ်အစား ဝတ်ဆင်ပုံက ရှေးသူကောင်းမျိုး ဝန်ကတော်၊ မှူးကတော်၊ မြို့စားကတော်များ ဝတ်သကဲ့သို့ ဗမာထဘီ အောက်နားခပ်အတို ရင်ကွဲနဲ့ကိုး။

"ဒဂုံ (ခေါ်) ရန်ကုန်ကကိုး။ အင်း ... အင်း ... ဟုတ်ပေမပေါ့။ ဒါနဲ့ အသက်ရော မည်မျှရှိပြီတုံး ... ဒကာမကြီးရဲ့"

"အသက်လားဘုရား"



www.burmeseclassic.com

www.burmeseclassic.com



''အိမ်း ...''

''မှန်ပါ ... တည်င်ကျိုက်ခေါက်ဘုရားစေတီတော်ကြီးကို အလုပ်အကျွေး အဖူးမြော်ပြုခဲ့ကြသည့် စာရေးတော်ကြီး မဟာမင်းလှဇေယျသူ၊ မြင်းတပ်ဗိုလ်မင်း ကုလားဝန်မြင်းတင်စား မဟာမင်းလှမင်းထင်ရာဇာ၊ သန်လျင်ဝန်မင်း မဟာမင်းကျော်ရာဇာတို့နဲ့ မြန်မာသံတော်ဆင့်မင်း သတင်းစာဆရာ နေမျိုးသီဝသိဒ္ဓိတို့နှင့်အတူ ဆံတော်ရှင်ကျိုက်ခေါက်ကို အဖူးမြော် အကြိမ်ကြိမ် ရောက်ခဲ့ဖူးပါသည်ဘုရား။

မြတ်စွာဘုရား ...

ကြားရချက်က ဆန်းကြယ်လှချေတကား။

စာရေးတော်ကြီး မင်းလှဇေယျသူ၊

မြင်းတပ်ဗိုလ်မင်း၊ ကုလားဝန်မြင်းတင်စား မဟာမင်းလှမင်းထင်ရာဇာ၊

သံချက်ဝန်မင်း မဟာမင်းကျော်ရာဇာ၊

မြန်မာသံတော်ဆင့်မင်း သတင်းစာဆရာ နေမျိုးသီဝသိဒ္ဓိ၊

အလို ...

ဒါ ... ဒါ ... ဟို ... ဟို ... မြန်မာရာဇဝင်ထဲက ...

''ဒကာမကြီး မရွှေဂုဏ်''

''ဘုရား ...''

''ဒါ ... ဒါဆို ... ဒကာမကြီးက ... ဟို ... ဟို ... ဘဝရှင်မင်းတရားကြီး ... ခေတ် ... ခေတ် ... ကတည်းက ...''

''မှန်ပါ ... ဟုတ်မှန်ကြောင်းပါဘုရား''

''အို ... အံ့ဩစရာ ကောင်းလှချည်ကလား။ အသက်ရှည်လွန်းလှချေကလား။ ခုရော ... ဘယ်လိုအကြောင်းထူးရှိလို့ ဘုန်းကြီးထံရောက်လာရတာတုံး ဒကာမကြီးမရွှေဂုဏ်''

''မှန်ပါ။ အရှင်ဘုရားရှေ့မှောက် ခစားဖူးမြော်ရောက်လာရခြင်း အကြောင်းရင်းကို အသေးစိတ် လျှောက်ထားခွင့်ပြုဘုရား''





တပည့်တော်တို့ကို ဟိုးဘဝရှင်မင်းတရား ရွှေဘုန်းတော်တိုးစဉ်က သူဌေးကတော် မရွှေကုန် (ဂုဏ်) လို့ ခေါ်ကြောင်းပါဘုရား။

*[မှတ်ချက် ။ သန်လျင်ကျိုက်ခေါက် ရာဇဝင်ထဲ၌ မရွှေကုန်ဟု ရေးသားထားသည်ကို ဖတ်ရသည်။]*

အဲဒီတုန်းက သူဌေးသူကြွယ် အမှုတော်ထမ်းကောင်းကြီးများဖြစ်ကြသည့် ... သူဌေးကတော် တန်ဆောင်းအစ်မ မဘွား၊ ကျောင်းဒကာဦးတိုးကြီး၊ ပျဉ်းမနားမြို့အုပ် ဦးမောင်ကြီး၊ ပဲ့နင်းကြီး ဦးစလှယ်၊ ကျောက်တံတားအရပ်က အပျိုတော် အပျိုစင်များ အပါအဝင် စုစုပေါင်း အင်အားနှစ်ရာ (၂၀၀) ကျော်တို့ဟာ ရေနန်းစကြာသဘော်နဲ့ ရန်ကုန်ဆိပ်ကနေ သန်လျင် (တည်င်)ကို ဘုရားဖူးရောက်ရှိခဲ့ကြောင်းပါဘုရား။

အဲဒီနောက် ဘုရားတပည့်တော်မ မရွှေဂုဏ်သည် ကျိုက်ခေါက်ဆံတော်ရှင်မြတ်စေတီကိုလည်းကောင်း၊ မြို့ရွှေတည်င်ကိုလည်း ချစ်ခင်မြတ်နိုးစွဲရှိသည်နှင့် ...

ကျိုက်ခေါက်စေတီ တောင်ဘက်တောအုပ်က မည်သူမည်ဝါမင်းမှုထမ်း ရွာစားကောင်းမှုဟု မသိရသော ရှေးဟောင်းဂူဘုရား၊ စေတီပျက်၊ စေတီပြိုကို ပြန်လည်ပြုပြင်ပြီး ငါးထပ်ကြီးရွှေသားရုပ်ပွားတော်မြတ်တစ်ဆူကို စေတီတော်မှာ ဌာပနာခဲ့ပါသည်ဘုရား ...

ဒါနဲ့ ဘုန်းကြီးက ကြားဖြတ်ပြီးမေးရော ...

''ဘာကြောင့် ... ငါးထပ်ကြီးရွှေသားရုပ်ပွားတော်လို့ ခေါ်ပါသလဲ ဒကာမကြီး''

''မှန်ပါ ... ။ ပထမရုပ်ပွားတော်က ရွှေစင်ရွှေသားစစ်ပါ ဘုရား။ ဉာဏ်တော်တစ်မိုက်ရှိပါတယ်။ အဲဒါ ဘုရားတပည့်တော်မရဲ့ ကောင်းမှုစေတနာကို ဆွေတော်မျိုးတော် ညီမတော်များကလည်းမြင်တော့ လွန်စွာကြည်ညိုသဒ္ဓါပွားပြီး ...

တို့ညီအစ်မ နောင်ဖြစ်လေရာဘဝဆက်တိုင်း ကောင်းအတူတူ စံစားရအောင် အစ်မတော်ရဲ့ ရွှေသားရုပ်ပွားတော်မြတ်ပေါ်မှာ သဒ္ဓါတတ်



www.burmeseclassic.com

www.burmeseclassic.com



အားသမျှ ထပ်ဆင့်ပိုးအုပ်ပြီး ကုသိုလ်ပါဝင်ပါရစေလို့ ပြောကြတာနဲ့ ...

ဒါနဲ့ညီမ မရွှေအုံက ရွှေစင်ရွှေသား ဘုရားပေါ်ကို ငွေစင်ငွေသား ဆင့်လို့ အုပ်လို့ ထပ်ပါတယ်ဘုရား။

တတိယမြောက်ညီမ မရွှေသုန်က အဲဒီငွေသားရုပ်ပွားတော်ဆင်းတုပေါ်မှာပဲ ရွှေစင်ရွှေသားထပ်ဆင့်လို့ သွန်းအုပ်ပူဇော်ပြန်ပါတယ်ဘုရား။

စတုတ္ထမြောက်ညီမငယ် မရွှေမှုန်ကလည်း အားကျမခံပါဘဲ ကြေးဝါသန့်သန့်နဲ့ အရည်ကျိုအုံပြီး ရုပ်လုံးဆင့်ပြန်ပါတယ်ဘုရား။

သည့်နောက် ပဥ္စမမြောက်ညီမအထွေးဆုံး မရွှေစုံကလေးက ရွှေသားရွှေစင်စစ်စစ်ကို ပန်းတိမ်ဆရာကောင်းနဲ့ အရည်ကျိုလို့ သွန်းထုဆစ်အချောကိုင်မွမ်းမံ ထပ်ဆင့်ခဲ့ပြန်ပါတယ်ဘုရား။

ဒီလိုနဲ့ ... ရွှေစင်သုံးထပ်၊ ငွေသား၊ ကြေးသား နှစ်ထပ်ပေါင်းပြီး ငါးထပ်ကြီး ရွှေသားဘုရားဆင်းတု ရုပ်ပွားတော်မြတ်လို့ နောက်ဆုံး အမည်တွင်သွားရတယ်ဘုရား။

ညီမငယ်များကလည်း သူဌေးကတော် မင်းကတော်များဖြစ်ကြသည်နှင့်အညီ ...

ဘုရားရုပ်ပွားရဲ့ မဏိဦးခေါင်းသင်းကျစ်တော်မှာ ဘုရားငါးဆူကိုရည်စူးပြီး ဘုရားတပည့်တော်မတို့ ညီအစ်မငါးယောက် ...

ပတ္တမြား ...

နီလာ ...

ကျောက်စိမ်း ...

မြနဲ့ စိန်အပါအဝင် အဖိုးတန်ကျောက်ငါးလုံးကို နဖူးသင်းကျစ်နေရာက သုံးလုံးတန်းပြီး အားလုံး ငါးလုံးရစ်ပတ်မြှုပ်နှံလို့ ပူဇော်ကြပြန်ပါတယ်ဘုရား။

သည့်နောက် ...

မန္တလေးမဟာမြတ်မုနိဘုရား ရုပ်ပွားတော်ရင်ခွင်မှာ အဖိုးတန်ဂမ္ဘီရပညာရှင် ဆေးဆရာကြီး ဦးစိန္တာသုခရဲ့အစီအစဉ် အစီအရင်နဲ့ (၉)





ရက် (၉) ညတိုင်တိုင် ရင်ငွေ့တော်လှုံ သိဒ္ဓိတင်ပါတယ်ဘုရား။

ပြီး ... အရဟံဂုဏ်တော် ပုတီးပတ်ရေ တစ်ထောင်စီစိပ်ပြီး သစ္စာဓိဋ္ဌာန်ပြုပါတယ်ဘုရား။

ဤပြုရသည့် ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် နောင်ပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်အား ကိုယ်တော်တိုင် ဖူးမြင်ရပါလို၏။ ဆွမ်းဒါနအစုစုတို့ ဆက်ကပ်လှူဒါန်းရသူများ ဖြစ်ရပါလို၏လို့လည်း ဆုတောင်းခဲ့ကြပါတယ်ဘုရား။

အဲသည့်နောက် ကျိုက်ခေါက်ဘုရားရဲ့တောင်ဘက် တောအုပ်ကြီးပေါ့ဘုရား။ အလွန် ကျေးငှက်သာရကာအသံများနှင့် ဥဒေါင်းတွန်သံ၊ တောကြက်တွန်သံ၊ ယောက်ဖခွေးခေါ်ငှက်အော်သံ၊ ဥဩငှက်အော်သံများနဲ့ ဟိုးသစ်ပင်အမြင့်များပေါ်မှာ ဆောင်တော်ကူးပန်းများ ဝေဝေဆာဆာဖူးပွင့်လို့ ...

သင်းရနံ့တကြိုင်ကြိုင် လှိုင်နေတဲ့ တောအုပ်ကြီး ...

ဟိုးအဝေးကိုဆက်သွားရင် သီလဝါခံတပ်၊

သီလဝါခံတပ်နဲ့ ပါဒမြို့ဟောင်းကြီးဆက်နေတဲ့ တောနက်ကြီးနံဘေးမှာ ရာမဏိအင်းကြီးရှိရဲ့။ သားကောင်မျိုးစုံလည်း ရှိပါရဲ့ဘုရား။

အဲဒီတောအုပ်ကြီးရဲ့အတွင်း ကွမ်းတစ်ရာညက်ဝင်ရာ တောင်ကုန်းပေါ်မှာ ရှေးဟောင်းစေတီပျက်တစ်ဆူ ရှိပါတယ်ဘုရား။

ဒီစေတီပျက်ရဲ့နံဘေးမှာ အသက် (၁၂၀)ကျော်ရှိတဲ့ ရသေ့အိုကြီးတစ်ပါးနဲ့ ခွေးနက်ကြီးငါးကောင်လည်း ရှိပါတယ်။

ခွေးနက်ကြီးငါးကောင်က တစ်ပုံစံတည်းပဲဘုရား။ အရပ်အမောင်းလူ့ခါးစောင်းခန့်ရှိပြီး အစွယ်ဖွေးဖွေးနဲ့ ကြောက်စရာကောင်းသော်လည်း ဘုရားတပည့်တော်တို့ကိုတော့ လုံးဝ ရန်မမူပါဘူးဘုရား။

ဒါနဲ့အတူ ...

ယောက်ျားကြီး ခြေပေါင်လုံးခန့်ကနေ ခြေသလုံး၊ လက်ဖျံလက်မောင်းလုံးခန့်ရှိတဲ့ မြွေဟောက်ကြီးသုံးကောင်ကလည်း အဲဒီရှေးပါဒမင်း



www.burmeseclassic.com

www.burmeseclassic.com



များကောင်းမှုလို့ထင်ရတဲ့ ဂဝံစေတီပျက်အနီးက ဂဝံအုတ်ဂူထဲမှာ နေ့နေ့ ညည ရှိနေကြပါတယ်။

တပည့်တော်မတို့လည်း တောအုပ်ရဲ့သာယာပုံကို အမှုတော်ထမ်းများ၊ မှူးဆိုးကြီးများ ရှေ့ဆောင်လမ်းပြမှုနဲ့ လိုက်ကြည့်ရင်း ဒီရှေးဟောင်းစေတီပျက်ကို ခုတ်ကျ မျက်စိကျ ဖြစ်ခဲ့ရရာကနေ ...

စေတီကိုပြုပြင်လို့ အသစ်တည်ထားချင်တဲ့စိတ်များ တဖွားဖွားဖြစ်ပေါ်ခဲ့ရတာပါဘုရား။

အဲဒါ သက်တော်ရှည်ဘရသေ့ကြီး ဦးသုခချမ်းသာထံ ခွင့်ပန်ရပါတယ်။

တပည့်တော်မတို့ ဒီစေတီပျက်ကို ပြန်လည်ပြုပြင်လိုပါကြောင်း လျှောက်ထားခွင့်ပန်တော့ ...

'ငါ့အဓိဋ္ဌာန်ပြည့်ပြီဟေ့' လို့ ရသေ့ကြီးက ကြွေးကြော်တယ်။

ရသေ့ကြီးဦးသုခချမ်းသာကလည်း မိန့်တယ်။

'ဘရသေ့လည်း ဒီစေတီပျက်ကို ပြုပြင်ချင်နေတာ ကြာပြီ။ ဒါပါဒမင်း သုခမုခနန်းစောရှင်ရဲ့ မိဖုရားကောင်းမှုလို့ အိပ်မက်ရတယ်ကွယ့်။ သုခမုခနန်းစောရှင်ကို **သမိန်စက္ကဝတ်** လို့လည်းခေါ်တယ်ကွယ့်။

သူက စိတ်မြန်လူမြန်မင်းကွယ့်။ ရက်စက်ကြမ်းကြုတ်တဲ့နေရာမှာလည်း ပြိုင်ဘက်မရှိဘူး။

စစ်ရေးစစ်ရာမှာလည်း အလွန်ကို ကျွမ်းကျင်ထင်ရှားတယ်။ အထူးသဖြင့် သမိန်စက္ကဝပ်မင်းဟာ လေးပစ်တော်တယ်။

တစ်နေ့ ... သမိန်စကားကျွန်း ပါဒနယ်ကို ကျူးကျော်ဝင်လာတဲ့ ကုလားဆိုးကျူးကျော်သူတွေကို သီလဝါခံတပ်နေရာကနေ သုခမုခနန်းစောရှင်နဲ့ တပ်တော်သားများက လေးပစ်စစ်သည်တော်များနဲ့ ခုခံတိုက်ခိုက်လို့ ကုလားဆိုးများ ရှုံးပြီးပြေးရော။

ကုလားဆိုးများကို နိုင်တဲ့နေရာရဲ့ ဟိုမှာဘက်ကမ်းမှာ 'ကျိုက်ခနတ်ဘုရားစေတီကို အထိမ်းအမှတ်တည်ခဲ့တယ်။





အခု မင်းကြီးက ကျုပ်ကို အိပ်မက်ပေးတယ်။

သမိန်စကားကျွန်းတိုက်ပွဲက ပြန်လာပြီးနောက် (သုဝဏ္ဏမောရ) ရွှေဥဒေါင်းဝပ်ကုန်းမှာ သူ့မိဖုရားတစ်ပါးရဲ့ အလိုဆန္ဒအရ စေတီတစ်ဆူတည်ခဲ့တယ်။ **သစ္စာစောင့်စေတီ** တဲ့။

အဲဒီ သစ္စာစောင့်စေတီသည် ဘေးဥပါဒ်ရန်အမျိုးမျိုးနဲ့ သဘာဝဘေးရန်အမျိုးမျိုးတို့ကြောင့် ပျက်စီးယိုယွင်းနေပါပြီဘုရား။ ဘုရားကျွန်တော်မျိုးတို့ဘဝနှင့် အလှမ်းဝေးနေပြီမို့ အရှင်ရသေ့ကြီး နှမတော် သီရိသုစန္ဒာရဲ့ သစ္စာစောင့်စေတီကို ပြန်လည်ပြုပြင်ပြီး သီရိသုစန္ဒာကောင်းမှုတော်အမှတ်တရလေး ကျန်ရစ်အောင်၊ တပည့်တော်တို့လည်း ဘဝသစ်မှာ ပို၍သာစုခေါ်ခွင့်ရအောင် ဆရာရသေ့ကြီး ကူညီတော်မူပါလို့ အိပ်မက်ပေးခဲ့တယ်။

ငါလည်း သုခမုခ နန်းစောရှင်တို့မောင်နှံ သာစုခေါ်ပြီး မြင့်မြတ်သာလွန်သည့် ဘုံဘဝမှသည် နောင်ပွင့်မည့်ဘုရားရှင်ကို ဖူးမြင်နိုင်အောင်ကူညီမယ်ဆိုပြီး ...

ဒီဥဒေါင်းဝပ်ကုန်း (သုဝဏ္ဏမောရ) အရပ်က ဒီစေတီပျက်အနီးမှာ တောရဆောက်တည်ခဲ့တယ်။

တောရဆောက်တည် ပုတီးစိပ် သမထပွားများရင်း သီရိသုစန္ဒာမိဖုရားရဲ့ ကောင်းမှုတော် (သစ္စာစောင့်) စေတီပျက်ကို ပြုပြင်နိုင်သူ ပေါ်ပေါက်ပါစေ။

ကျွန်ုပ်လည်း သုခမုခနန်းစောရှင်တို့ကို ကူညီရသည့် သစ်ခေါက်ဝတ်သူတော်စင် ဖြစ်ရပါစေလို့ အဓိဋ္ဌာန်ခဲ့တယ်။

မကြာဘူး ...

ဟောဟိုက မြွေဟောက်နက်ကြီးသုံးကောင် ဘုရားကုန်းရှိရာကို ရောက်လာတယ်။

ဒါနှင့်အတူပါပဲကွယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟောဟိုမှာမြင်ရတဲ့အတိုင်းပဲ ခွေးနက်ကြီးငါးကောင် အင်းခွေးနက်ကြီးလို့ခေါ်တယ်။ သူ့ကို ကျားရော၊ ကျားသစ်ရော ကြောက်ကြရတယ်။

ပါဒတောဟာ နက်ရှိုင်းရှည်လျားတယ်။

တညင်ပင်လယ်မြစ်သုံးဆိုင်က ပင်လယ်ဝကိုပတ်ပြီး ဟိုပါဒတောင်ကုန်းတိုင်အောင် သစ်ကြီးဝါးကြီး၊ တောနက်ကြီး။

ကျားသစ်၊ ဆင်တို့ကအစရှိတယ်။

အဲဒီအင်းခွေးနက်ကြီးငါးကောင်က ဘယ်လောက် ရဲစွမ်းကြမ်းကြုတ်သလဲဆိုရင် ကျားနောက်၊ ကျားသစ်နောက်ကို အရဲစွန့်လိုက်တဲ့ ခွေးကြီးတွေ။

ဘရသေ့ရဲ့ ကမ္မဋ္ဌာန်းတောကျောင်းရှေ့ကို သူတို့ငါးကောင်ရောက်လာခဲ့တယ်။

ထူးဆန်းလွန်းလို့၊

မင်းတို့ ဘယ်ကတုံးလို့မေးတယ်။

သူတို့ မဖြေဘူး။ ဘရသေ့ကို စူးစူးစိုက်စိုက်ကြည့်နေရင်းက ငါးကောင်စလုံး မြေပြင်မှာဝပ်စင်းပြီး ရှိခိုးသလိုလုပ်ကြတယ်။

သာဓု ... သာဓု ... သာဓု ... မင်းတို့လည်း မင်းတို့ဘဝအကြောင်းနဲ့ မင်းတို့ပဲလေ။ ပဋ္ဌာန်းဆက်ကြုံလို့ လာဆုံကြဥစွာ။ မြွေနဲ့မင်းတို့ သင့်သင့်မြတ်မြတ်နေကြ။ စောင့်ရှောက်ကြလို့ပြောရတယ်။

ခုတော့ ဒကာမကြီးတို့ရောက်လာပြီ။

ဒီစေတီပျက်ကို တည်ပါရစေလို့ လာလျှောက်တယ်။

ဒါကြောင့် ဘရသေ့ အဓိဋ္ဌာန်ပြည့်ပြီပေါ့လို့ ကြွေးကြော်ရတာ။ ကိုင်း ... ဒကာမကြီးတို့နဲ့ ဘရသေ့တို့ရော၊ ဟောဟိုက ဘုရားစောင့်တွေရော၊ သုခမုခနန်းစောရှင်နဲ့ သိင်္ဂီစန္ဒာတို့ရော အချိန်ကျလို့ ပဋ္ဌာန်းဆက်ကြုံကြပြီ။ အလိုရှိသလိုသာ တည်ကြပေရော့ မရှွေကုန်(ဂုဏ်)လို့ ခွင့်ပြုရော ...





ရက်ကောင်းရက်မြတ်အခါမှာ တပည့်တပန်းများနဲ့ ဘုရားကုန်းကိုရှင်း။ ပန်းရံပညာရှင်ကောင်းများနဲ့ ကိုးတောင်ပြည့်စေတီကိုတည်လို့ ဌာပနာတိုက်မှာ ငါးထပ်ကြီးရွှေသားရုပ်ပွားတော်ကို ဌာပနာခဲ့ပါတယ်ဘုရား။

နှစ်ပေါင်းများစွာကြာပြီးနောက် ...

အဲဒီအထဲမှာ သုခမုခနန်းစောရှင်ရဲ့ မိဖုရားကောင်းမှုတော်၊ တစ်ဖန်တပည့်တော်မ မရွှေဂုဏ်တို့ ညီအစ်ကိုငါးဦးရဲ့ကောင်းမှုတော်၊ သစ္စာစောင့်စေတီလည်း ပျက်စီးယိုယွင်း တောဖုံးမြေပြို၊ လျောင်ဒဏ်များကြောင့် စေတီလည်း မူလနေရာမှာ မရှိတော့ပါဘုရား။ တပည့်တော်မတို့လည်း ဘဝသစ်မှာ ရောက်နေရပါပြီဘုရား။

တစ်ချိန်တစ်ခါတုန်းကတော့ ...

ဟသ်ာကုန်း (ခေါ်) ဟေ့ကုန်းခေါ် သုဝဏ္ဏမောရ ရွှေဒေါင်းစပ်ကုန်းအရပ်ဟာ ဝိဇ္ဇာများ၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးများ၊ ထွက်ရပ်လမ်းလိုက်သူ ဂန္ဓာရီပုဂ္ဂိုလ်များ၊ ရှင်လူရဟန်း၊ ဆေးဆရာများ အောင်မြေနင်းရာ၊ အဓိဋ္ဌာန်ပြုရာ၊ တရားထိုင်ရာ၊ ဆေးကြိတ်ရာ၊ ပညာရပ်စီရင်ရာ နေရာဌာနကောင်း ဌာနထူးအရပ် ဖြစ်ခဲ့ပါသော်လည်း ...

မွန်မင်းအဆက်ဆက်နဲ့ နယ်ချဲ့ပေါ်တူဂီအရေးတော်များ ဒုတိယကမ္ဘာစစ်အရေးတော်များကြောင့်လည်းကောင်း၊

မင်းဆိုးမင်းညစ်များ၊ နောက်လိုက်ကျေးကျွန်များရဲ့ ဖျက်လိုဖျက်ဆီးလုပ်မှုကြောင့်လည်းကောင်း ...

သဘာဝဘေးဒဏ်၊ မိုးဒဏ်လေဒဏ်၊ လျောင်ဒဏ်များကြောင့် ပါဒမင်းများကောင်းမှုတော်၊ သန်လျင်မင်းများနဲ့ မွန်မင်းများရဲ့ ကောင်းမှုတော်စေတီပုထိုးများ ...

ပျက်စီး၊ ပြိုပျက်၊ ခြုံလွှမ်း၊ မြေမြှုပ်လို့ အချို့ အစရှာမရဖြစ်ရ၊ အချို့ ဖောက်ယူရှာဖွေခံရနဲ့ လုံးပါးပါးကုန်ကြပါပြီဘုရား။

တပည့်တော်မတို့လည်း ဘဝခြားနေ၍ မည်သို့မျှ လုပ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့် မရပါသော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



ဤဘုရားပျက်ကုန်း၊ သစ်ဝါးကြီးတောနေရာဌာနမှာ မှီတင်းနေထိုင်ကြကုန်သော မြင်အပ်မမြင်အပ်ပုဂ္ဂိုလ်များရဲ့ မေတ္တာရပ်ခံချက်ကြောင့်–

ဤရုပ်ပွားတော်မြတ်အား ထိန်းသိမ်းစောင့်ရှောက်နိုင်မည့်၊ ဖော်ထုတ်နိုင်မည့် ပုဂ္ဂိုလ်သူတော်ကောင်းကိုရှာရင်း အရှင်ဘုရားရဲ့ ကိုယ်ကျင့်စရဏတရား၊ သီလတရားတို့ကို ကြည်ညိုနှစ်သက် လေးစားရပါသောကြောင့် ...

ယခုလို အိပ်မက်ပေး အကူအညီတောင်းရပါသည် အရှင်ဘုရား–

အရှင်ဘုရား ရှာဖွေတူးဖော်၍ အများကိုးကွယ်လို့ရအောင် ဘုရားတပည့်တော်တို့ ဟိုးဘဝဟောင်းကနွယ်ခဲ့ကြသည့် ကုသိုလ်ရှင် အလှူရှင်များလည်း ဖူးမြော်ကြည်ညိုခွင့်ရအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူပါဘုရား။

ဒေါ်ရွှေဂုဏ်အမည်ရှိ လွန်စွာ ချောမောလှသော ရှေးခေတ်အဝတ်အစားနှင့် အမျိုးသမီးကြီးဟာ အရှင်ရက္ခိတကို ဖြစ်ကြောင်းကုန်စင် လျှောက်တင်ပြီးနောက် ...

ဦးချဝပ်ဖြည့်ရင်းကနေ တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားတာကို ဘုန်းတော်ကြီး အရှင်ရက္ခိတ မြင်လိုက်ရတယ်။

ဒီအချိန်မှာပဲ ကျောင်းခွေးအုပ်ရဲ့ စူးစူးဝါးဝါးဟောင်သံများ၊ လေးလေးတွဲ့တွဲ့အူသံများကြောင့် ကျိန်းစက်ရာမှ ရုတ်ခနဲနိုးလာမှ စောစောကကြားရ သိရ မြင်ရသမျှတို့ဟာ အိပ်မက်မှန်းသိလိုက်ရပြီး ...

အိပ်မက်ဆန်းကို ပြန်စဉ်းစားရင်း ...

ကောက်ချက်တစ်ခု ချလိုက်တယ်။

''အင်း ... အတော့်ကို ထူးထွေဆန်းပြားတဲ့ အိပ်မက်ပါကလား''

✿ ✿ ✿

[ ၅ ]

## မောင်ဆက်ရှည်ကို ဘပြန်တွေ့ပါရစေ ...

❑

ဘုန်းတော်ကြီးရက္ခိတ စဉ်းစားတယ်။

မိုးလင်းတော့လည်း စဉ်းစားတယ်။

ဆွမ်းစားပြီးနောက်ပိုင်းမှာလည်း စဉ်းစားတယ်။

အိပ်မက်ဆိုတာတော့ ကျိန်းသေတယ်။

သို့သော် ...

အိပ်မက်သိပ်ထူးဆန်းပြီး စိတ်ဝင်စားစရာကောင်းနေတာကို ငြင်းပယ်လို့မရဘူး။ ဝတ္ထုဇာတ်လမ်းလိုလို၊ သမိုင်းနောက်ခံဖြစ်ရပ်လိုလို ...

တစ်ခါ ... အိပ်မက်ကို အနုလုံ ပဋိလုံ စဉ်းစားကြည့်မိတယ်။

အိပ်မက်ရှင်က မရွှေဂုဏ်တဲ့။

မရွှေဂုဏ်ကို ဘုန်းတော်ကြီးမသိ။ ဘုန်းတော်ကြီးရဲ့အသိ ဒကာဒကာမများလည်း မရွှေဂုဏ်ဆိုသည့် ရှေးဆန်ဆန်နာမည်မျိုးမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ...မြင်မက်ခဲ့ရသည့်ရုပ်သွင်က ...

မျက်မှောက်ခေတ် အဆင်တန်ဆာပြုပြင်မှုနှင့်မဟုတ်။

လွတ်လပ်ရေးခေတ်ဦး အဝတ်အစားမဟုတ်။

ရှေးနန်းတွင်းသူတို့၊ သူကြွယ်သူကောင်းမျိုးရိုးတို့၊ မြို့စားကတော်၊ ရွာစားကတော်ကြီးမျိုးတို့ ဝတ်စားဆင်ယင်သည့် အဝတ်အစားနှင့်။

အိပ်မက်ဆိုတာ ရှေ့ပြေးနိမိတ်များလား။

အိပ်မက်ဆိုတာ ရှေ့လာမည့် အနာဂတ်အတွက် သဲလွန်စလား။

အိပ်မက်ဆိုတာ မပြီးသေးဆုံးသည့် ဘဝသံသရာရဲ့ အစိတ်အပိုင်း ဇာတ်ကွက်ဇာတ်ကြောင်း၊ ဇာတ်လမ်းတစ်ဖျက်လား။

သံသရာအပြတ်ကို ပြန်ဆက်မည့် ဆက်ထုံးအစတစ်စလား။

ကြည့်စမ်း ...။ အံ့သြဖို့ကောင်းလိုက်တာ။

အိပ်မက်မို့လို့ အိပ်မက်လို့ပဲ သဘောထားပြီး မေ့ပစ်လိုက်သည့် အချိန်မှာမှ အဲဒီအိပ်မက်ဆန်းကို ဒုတိယအကြိမ်မြောက် မြင်မက်ပြီးတဲ့ အခါမှာတော့ ...

ဘုန်းတော်ကြီး အရှင်ရက္ခိတ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ...

စူးစမ်းလေ့လာမှုကို အစပျိုးလိုက်တယ်။

တစ်နေ့ ...ဘုန်းကြီးကျောင်းသားအဖြစ် ကျောင်းမှာရောက်နေတဲ့ ဘုန်းကြီးတူအရင်း ချစ်မိုးကြီးကို ဘုန်းကြီးကခေါ်တယ်။

"ချစ်မိုးကြီး ..."

"ဘုရား ..."

"ပါဒခေတ်၊ သန်လျင်ခေတ် ရာဇဝင်ဆိုင်ရာ စာအုပ်စာတမ်းများ နင်ရှာလို့ဖွေလို့ မရနိုင်ဘူးလား ချစ်မိုးကြီး"

ချစ်မိုးကြီးက (၁၀)တန်းအောင်ပြီးလို့ တက္ကသိုလ်တက်ဖို့ ကျောင်းအိပ်ကျောင်းစားရောက်ရှိနေချိန်ပါ။

သူ့မွေးဇာတိက ပဲခူးကော်ချဲ။





ဘုန်းတော်ကြီး ဦးရက္ခိတက ဘကြီးဘုန်းကြီးဆိုလည်း ဟုတ်တယ်။ ကော်ချဲရွာသား ဘကြီးအမျိုးဆိုလည်း မှန်တယ်။

တက္ကသိုလ်ပညာဆက်သင်ချင်လို့ ရန်ကုန်တက္ကသိုလ်နဲ့နီး ... ဒီသန်လျင်ဘကြီးဘုန်းကြီးကျောင်းမှာ ကျောင်းအိပ်ကျောင်းစားလုပ်ရင်း ကျောင်းဝေယျာဝစ္စ ပါဝင်ကူညီဆောင်ရွက်နေလို့ ...

အများအမြင်မှာ ...

ချစ်မိုးကြီးလည်း ဘုန်းကြီးကျောင်းသားပါ။

"ဟဲ့ ...ငါမေးနေတာ ကြားရဲ့လား ချစ်မိုးကြီးရဲ့"

"မှန်ပါ ...။ ကြားပါတယ် ဘဘုန်းဘုရား"

"ကြားရင် ဖြေလေ"

"မှန်ပါ။ ကျောက်တန်းမြို့၊ ပါဒရာဇဝင်နဲ့ ငါးထပ်ရုပ်ပွားတော်မြတ်ကြီးအကြောင်းကို သုတေသီစာရေးဆရာပညာရှင် ဆရာကြီးပြည်တော်သာ ဦးထွန်းရီ ရေးသားပြုစုခဲ့ပါတယ်ဘုရား"

"သန်လျင်ရာဇဝင်ရော"

"သန်လျင်ရာဇဝင်ကို တပည့်တော် စုံစမ်းကြည့်ပါဦးမယ်ဘုရား။ ဘဘုန်း ဘာအရေးကြီးလို့တုံးဘုရား"

ဒီလိုမေးတော့ ဘဘုန်းက စဉ်းစားနေတယ်။ သူ့အသွင်သဏ္ဍာန်က တစ်ခုခုကို ရင်ဖွင့်ချင်သလို ရှိနေပေမင့် နောက်ဆုံး သူသိတာကို သူ့ရင်ခွင်ထဲမှာ သိမ်းထားရင်း သူလေ့လာသိရှိလိုသည်များကိုသာ ဆက်လက်မေးမြန်းခဲ့တယ်။

"ချစ်မိုးကြီး"

"ဘုရား"

"အဲဒီ ပါဒရာဇဝင်ကို ရေးသားခဲ့တဲ့ ပြည်တော်သာဦးထွန်းရီကော ရှိသေးသလား"

"အဲဒါ မသိပါဘုရား။ စုံစမ်းမှ ရပါမည်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"သွားစုံစမ်းစမ်း …။ ငါ့ကို သူပြုစုခဲ့တဲ့ ပါဒရာဇဝင်ရယ်၊ သန်လျင်ရာဇဝင်ရယ်ကို အရင်ရှာပေး။ (ပြည်တော်သာ) ဦးထွန်းရီရှိသေးရင် ဦးထွန်းရီကို ဖိတ်ခေါ်ခဲ့။ သူ့ကိုမှမတွေ့ရင် အဲဒီဦးထွန်းရီနဲ့ တွဲဖက်လုပ်ကိုင်ဖူးသူ တစ်ဦးတစ်ယောက်ကို ရအောင်ရှာခဲ့။ ကြားလား …"

"မှန်ပါဘုရား"

"သွား … ရက်ပိုင်းအတွင်း ငါသိချင်တယ်"

ဒါနဲ့ ချစ်မိုးကြီး (ပါဒ)ကျောက်တန်းမြို့ကို အရောက်သွားခဲ့လိုက်တယ်။ ပါဒ၊ ကျောက်တန်းမြို့ကြီးဟာ ရှေးပါဒမင်းနေပြည်တော်ဟောင်းဖြစ်ခဲ့သည်မို့ ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီများဟာ ယနေ့တိုင် မျက်မြင်ထင်ရှားဖြစ်နေတယ်။

ပါဒကြီးကျေးရွာမှာ သူ့အသိ သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူ့နာမည်က ဘုန်းနေအောင်တဲ့။ အဲဒါ သူ့အိမ်အရောက်သွားပြီး မေးရတယ်။

"ချစ်မိုးကြီးပါလားဟေ့ … ဘယ့်နှယ့် … မလာစဖူး အလာထူးလို့။ ပြော … ပါဒသူ၊ မော်ဝန်းသူနဲ့ ငြိနေပြီတူရဲ့"

"မငြိပါဘူး … မောင်ဘုန်းနေအောင်ရာ။ ငါ အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် မင်းဆီကို လာခဲ့တာပါ"

"အရေးကြီးတဲ့ကိစ္စ။ ပြော … ဘာလဲ"

ဒါနဲ့ ချစ်မိုးကြီး သူ့ဘကြီးဘုန်းကြီးရဲ့ မှာကြားချက်ကို ပြောပြလိုက်တယ်။

"အဲဒါပဲ။ တစ်အချက် … ငါ ပါဒရာဇဝင်စာအုပ်ကို လိုချင်တယ်။ နှစ်အချက် … သန်လျင်ရာဇဝင်စာအုပ်ကို လိုချင်တယ်။ သုံးအချက် … ပါဒရာဇဝင်ကိုရေးခဲ့တဲ့ ဆရာကြီး ပြည်တော်သာဦးထွန်းရီ သက်ရှိထင်ရှားရှိနေသေးရင် ငါဆရာကြီးနဲ့ တွေ့ချင်တယ်"

"ချစ်မိုးကြီး"

"ပြော … သူငယ်ချင်း"





"ဘာတွေ ဘယ်လိုအရေးကြီးနေလို့လဲ သူငယ်ချင်း"

"အဲဒါ ငါမသိဘူး … ဘုန်းနေအောင်။ ငါ ဘကြီးဘုန်းကြီး တာဝန်ပေးတဲ့အတိုင်း ငါလာရှာဖွေရတာ"

"ပါဒရာဇဝင် ငါ့မှာရှိတယ်။ ခဏငှားလိုက်မယ်။ ဒီစာအုပ်ဟာ ရှားပါးစာအုပ်ပဲ သူငယ်ချင်း။ ပါဒရဲ့ ရာဇဝင်သမိုင်းကို ဆရာကြီးဦးထွန်းရီဟာ တူးရှင်းပြားတစ်လက်၊ ပေါက်တူးတစ်လက်ကို အခြေတည်တူးဆွပြီး ဂဝံခေတ်ယဉ်ကျေးမှုကို အတိအကျ ဖော်ထုတ်ခဲ့တယ်။ ရော့ … ဟောဒါ ပါဒရာဇဝင်စာအုပ်ပဲ"

သူငယ်ချင်း ဘုန်းနေအောင်က ပါးစပ်ကပြောရင်းကနေ ဘီရိုထဲက စာအုပ်ပါးလေးတစ်အုပ်ကို ထုတ်ယူလို့ ချစ်မိုးကြီးလက်ထဲကို ပေးလိုက်တယ်။

သေသေချာချာ ဝမ်းသာအားရဖတ်လိုက်တော့ အောက်ပါအတိုင်း စာအုပ်မျက်နှာဖုံးမှာရေးထားသည့် စာများကို တွေ့ရတယ်။

**ရန်ကုန်မြို့အနီး နှစ်ပေါင်း (၂၆၀၀) ကျော်က ပျောက်ဆုံးနေခဲ့သော**

**'ပါဒနိုင်ငံတော် ရာဇဝင်နှင့်'**

**'ရှပ်ပွားစေတီတော်များသမိုင်း'**

စာအုပ်ကိုရေးသားသူ ပြည်တော်သာမောင်ထွန်းရီတဲ့။ စာပြီးရက်စွဲက (၂၇–၆–၅၆)။ ဆရာကြီးစာအုပ်ကို စတုတ္ထအကြိမ်အထိ ပြန်လည်ရိုက်နှက်ရတယ်။ ချစ်မိုးကြီးရခဲ့တဲ့စာအုပ်က ရှားရှားပါးပါး ပထမအကြိမ်ထုတ် ကျမ်းစာအုပ်ပါ။

ပထမအကြိမ်ရိုက်နှိပ်ခြင်းက မြန်မာသက္ကရာဇ် (၁၃၁၉) ခုနှစ်၊
ဒုတိယအကြိမ်ရိုက်နှိပ်ခြင်းက မြန်မာသက္ကရာဇ် (၁၃၃၀) ခုနှစ်၊
တတိယအကြိမ်ရိုက်နှိပ်ခြင်းက မြန်မာသက္ကရာဇ် (၁၃၃၉) ခုနှစ်၊
စတုတ္ထအကြိမ်ရိုက်နှိပ်ခြင်းက မြန်မာသက္ကရာဇ် (၁၃၄၈) ခုနှစ်
လို့ နောင်အခါ လေ့လာသိရှိရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာတယ် ... သူငယ်ချင်းရာ။ ငါ့ဘကြီးဘဘုန်းလည်း အကြောင်းရှိလို့ ရှာခိုင်းတာပါ။ လေ့လာချင်လို့ပါ။ ဒါနဲ့ သန်လျင်ရာဇဝင်စာအုပ်ရော မရှိဘူးလား"

"ငါ့မှာ သန်လျင်ရာဇဝင်မရှိဘူး"

"ဒါဆို ဘယ်သူ့ဆီမှာ ရှိနိုင်လဲသူငယ်ချင်း"

"မသိဘူး"

"ငါသိတယ်"

ဒီလိုပြောလိုက်သံကြောင့် လှည့်ကြည့်လိုက်တော့ ခေါင်းရင်းခန်းမှာ ပက်လက်ကုလားထိုင်နဲ့ ဇိနတ္ထပကာသနီ ဘုရားစာအုပ်ကြီးဖတ်နေတဲ့ အသက် (၇၀)ခန့် အဘိုးအိုကို ချစ်မိုးကြီး မြင်လိုက်ရတယ်။

"အဘိုး ..."

"ဟေ ..."

"အဘိုးသိတယ် ... ဟုတ်လား"

"အေး ... သိတယ်။ ငါ မင်းတို့ပြောတာကို နားထောင်နေတာ"

"ချစ်မိုးကြီး"

"ပြောပါ သူငယ်ချင်း"

"ဒါ ငါ့အဘိုးပဲ။ နာမည်က ဦးကျောက်တန်းတဲ့"

"ဦးကျောက်တန်း ... ဆန်းလှချည်လားဟ ... ကိုဘုန်းရ"

ဒီလိုပြောလိုက်ရော အဘိုးဦးကျောက်တန်းက စာအုပ်ကိုချပြီး ..

"ဆန်းတာလည်း မပြောနဲ့လေကွယ်။ အဘိုးကိုမွေးတော့ ကျောက်တုံးတွေတန်းစီနေတဲ့ မှော်ဝန်းချောင်းရေဆိပ် စပါးငါးရာပါ လှေသမ္ဗန်ကြီးပေါ်မှာ မွေးတာကိုး။ အဲဒါနဲ့ နာမည်လည်းပေးရော ကျောက်တန်းလို့ တန်းမှည့်လိုက်ကြတာပဲ။ အံကိုက်ပါပဲကွာ။ အဘိုးကလည်း တနလာသား၊ ကျောက်ကလည်း တနလာအနက်နဲ့။ နောင်ကြီးတဲ့အထိ ကျောက်တန်းပဲ တွင်သွားတယ်"

"အခြားနာမည် မပေးကြဘူးလား ... အဘိုးရ"





"ပေးတယ် ... မောင်ချစ်စုံတဲ့၊ မောင်ချမ်းသာတဲ့။ ဘယ်သူမှ ချစ်စုံတို့၊ ချမ်းသာတို့ မခေါ်ကြဘူး။ ကျောက်တန်းပဲခေါ်တယ်။ ပညတ်သွားရာ ဓာတ်သက်ပါလို့လားမသိဘူး။ ဒီနေ့အထိ ရောဂါအထွေထွေ အထူးထူးမဖြစ်ဘူး။ အသက် (၇၀)ရှိပြီ၊ မာမာပဲ"

"အဘိုး ..."

"ပြော ... ငါ့မြေး"

"ချစ်မိုးကြီးရဲ့ ဘကြီးဘုန်းကြီးလိုချင်တဲ့ သန်လျင်ရာဇဝင်က ဘယ်သူ့ဆီမှာရှိလို့တုံး ... အဘိုးရဲ့"

"တာဝ ကညင်ပင်ဘုန်းကြီးကျောင်းက ကပ္ပိယဦးမောင်းကွဲထံမှာ သန်လျင်ရာဇဝင် ပေမူဟောင်းတစ်ခုရှိတယ်။ အခုတော့ သူ့လက်ထဲမှာ ရှိသေးလား မရှိလားမသိဘူး။

ဟိုတစ်ခေတ်တုန်းက သန်လျင်မြို့ သမိုင်းပြုစုမယ်လို့ မြို့နယ်အဖွဲ့တစ်ဖွဲ့ ဦးဆောင်တုန်းက ကိုမောင်းကွဲရဲ့ ပေမူဟောင်းကို ခဏယူကြည့်အသုံးပြုတာ ငါတွေ့ဖူးတယ်။ ဒါ့အပြင် သူ့ဆီမှာ ကထိကဦးသက်တင် ရေးသားပြုစုတဲ့ သန်လျင်ကျိုက်ခေါက် ရာဇဝင်သမိုင်းစာအုပ်လည်း သူ့ဆီမှာရှိတယ်။

"အခုလို လမ်းညွှန်တာ ကျေးဇူးပါပဲအဘိုးရယ်။ ဩော် ... အဘိုး"

"ဘာတုံး ... လူကလေး"

"ဆရာကြီး ပြည်တော်သာဦးထွန်းရီရော သက်ရှိထင်ရှားရှိပါသေးသလားခင်ဗျာ"

"ကွယ်လွန်သွားတာ ကြာပြီကွယ်"

"ဒါ ... ဒါဆိုရင် ဆရာကြီးပြည်တော်သာ ဦးထွန်းရီနဲ့အတူ တွဲဖက်ရှာဖွေထုတ်ဖော်ခဲ့တဲ့ မိတ်ဆွေတပည့်လက်သား လုပ်ဖော်ကိုင်ဘက်များရော ဘယ်သူ သက်ရှိထင်ရှား ကျန်ပါသေးသလဲ အဘိုးရယ်"

"အင်း ... စဉ်းစားလိုက်ဦးမယ်။ အင်း ... အင်း ... နေပါဦး။



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည် ဘယ်သူပါလိမ့်။ ဟော ... သိပြီ ... သိပြီ ... မောင်သက်ရှည် ... ကိုသက်ရှည် ... သူ ... သူ ... ရှိသေးတယ်''

''ဘယ်သူ အဘိုး''

''ဦးသက်ရှည်''

''သူ အခု ဘယ်မှာနေပါသလဲခင်ဗျာ''

''ပန်းတောကျေးရွာမှာနေတယ်''

''သူအခုဆို အသက် ဘယ်အရွယ်ရှိနိုင်မလဲ အဘိုး''

''အခု မြန်မာလို ဘယ်နှစ်ခုနှစ်တုံး''

''၁၃၃၃ ခုနှစ်ပါခင်ဗျ''

''အိမ်း ... ဒါဆို မောင်သက်ရှည် ခုနေရှိသေးရင် အသက် (၂၀) ကျော် (၂၅)နှစ်အရွယ်လောက်ရှိမယ်ကွယ်။ ဘာလို့တုံးဆိုတော့ ပြည်တော်သာ ဦးထွန်းရီတို့ ပါဒရာဇဝင် ဂဝံယဉ်ကျေးမှုလက်ရာများကို ဖော်ထုတ်ဖို့ ကြိုးစားလုပ်ကိုင်ဆောင်ရွက်တဲ့အချိန်က ၁၃၁၈ မတိုင်ခင်တုန်းက သူ့စာအုပ်ထွက်လာတာ ၁၃၁၉ ခုနှစ်။

အဲဒီတုန်းက အဘိုးမှတ်မိသလောက် ပြည်တော်သာဦးထွန်းရီနဲ့ အတူ ဆရာတော် အရှင်နန္ဒမေဓါရယ်၊ ဦးမောင်ကြွယ်၊ ဦးဘညွန့်၊ ဦးပု၊ ဆရာကြီးဦးကျော်နဲ့ ကျောင်းသားကလေးအချို့ ပါကြတယ်။ ဟောဒီဓာတ်ပုံထဲကအတိုင်းပဲ။ အချို့ ဓာတ်ပုံထဲမှာ မပါကြဘူး။ ဓာတ်ပုံထဲ မပါသူစာရင်းမှာ မောင်သက်ရှည်ပါတယ်။

ဒါကြောင့် ... မောင်သက်ရှည်ကို မေးကြည့်ရင် သူမှတ်မိသိရှိသလောက် မျက်မြင်များကို ပြောနိုင်မှာပဲ။

''ဟုတ်ကဲ့ ... ကျေးဇူးပါပဲ ... အဘိုး။ ကိုင်း ... သူငယ်ချင်း၊ အချိန်ရှိတုန်း ပန်းတောကျေးရွာဘက်ကိုသွားပြီး ကိုသက်ရှည်ကို စုံစမ်းလိုက်ဦးမယ်ကွာ။ ခွင့်ပြုကြပါဦး''

''အိုကေ ... အဆင်ပြေပါစေ သူငယ်ချင်း''

✿ ✿ ✿

[ ၆ ]

## ပါဒသမိုင်းရဲ့ သက်သေလက်ကျန်ရှု ကိုသက်ရှည်

❑

ပန်းတောဆိုသည့်ကျေးရွာက ကျောက်တန်းမြို့ မှော်ဝန်းချောင်းတစ်ဖက်ကမ်းမှာရှိတယ်။ ကျောက်တန်းရေဆိပ်ကနေ ပဲ့ထောင်နဲ့သွားလည်းရတယ်။ ခရီးသွားမော်တော်နဲ့သွားလည်းရတယ်။

ရေလယ်မှာ ကျိုက်မှော်ဝန်းစေတီခေါ် ကျောက်တန်းရေလယ်စေတီ (ဘုရား)က အံ့ဖွယ်ထီးထီးရှိနေတယ်။

ခရီးသွားမော်တော်က လူစောင့်ထွက်တာမို့ ကြာမယ်။

ဒါကြောင့် မှော်ဝန်းဘုရားရေဆိပ်က သီးသန့်ပဲ့ထောင်ကို ငှားပြီး ပန်းတောရွာကို လာခဲ့လိုက်တယ်။

ပန်းတောရွာဆိုတာ ရွာကြီးပဲ။ ပန်းတောသူများ အလွန်လှတယ်လို့ စာဆိုရှိတယ်။ စကားပြောကောင်းတဲ့ ပဲ့ထောင်မောင်းသူရဲ့အဆိုအရ• •



www.burmeseclassic.com

www.burmeseclassic.com



ပန်းတောရေဆိပ်ဟောင်းက ရေကြီး ရေတိုက်စားလို့ ချောင်းရေ ထဲပါသွားသတဲ့။

လွတ်လပ်ရေးမရခင်ဟိုးမှာဘက် အင်္ဂလိပ်အစိုးရ အုပ်ချုပ်တုန်း အချိန်က မော်ဝန်းချောင်းက ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း ခဲတစ်ပစ်ပဲ ကျယ်ဆိုပဲ။

ဟိုဘက်ကမ်းကလူကို ဒီဘက်ကမ်းကလူက လှမ်းအော်စကားပြော လို့ရတယ်တဲ့။ နောင်တော့ ရေကြီးလှိုင်းပုတ်လို့ရော၊ ပင်လယ်ရေ ကြမ်းတာ ကြောင့်ရော ...

ချောင်းကမ်းပါးတွေ တဝုန်းဝုန်းပြိုလဲကျခဲ့လိုက်တာ ပန်းတော ဘုန်းတော်ကြီးကျောင်းရော၊ စေတီရော မြေပြိုတဲ့အထဲပါပြီး ချောင်းရေ အောက်ကို ရောက်သွားခဲ့တယ်။ အခု ... ချောင်းတစ်ဝက်မှာ ခြသေ့်ခုံရှိ တယ်။

ပန်းတောဘုန်းတော်ကြီးကျောင်းက ရှေးတုန်းက သူဌေးတစ်ဦး လှူခဲ့တဲ့ ရှေးအုတ်ကျောင်းကြီးတဲ့။

အုတ်လှေကားရှေ့မှာ လှေဆိုက်လို့ရတယ်။ သွပ်မိုးနတ်လမ်းနဲ့ ကြည်ညိုသပ္ပာယ်စရာကောင်းတဲ့ စေတီနဲ့ ...

အခါရာသီတိုင်း အလှူပွဲများနဲ့ မြိမ့်မြိမ့်သည်းခဲ့တဲ့ တောအရပ်။ ခုတော့ စေတီရော၊ အုတ်ကျောင်းရော၊ နတ်လမ်းရော၊ ချောင်းပြိုကမ်းပြို လို့ ရေအောက်ကို စုန်းစုန်းမြုပ်သွားခဲ့ပြီတဲ့။

ဒီလိုနဲ့ ပန်းတောကျေးရွာကို ရောက်ခဲ့သည်။

ကိုသက်ရှည်ဆိုသူကို မေးမြန်းစုံစမ်းလိုက်တော့ ဟိုးရွာဖျားက လယ် တဲမှာ သွားတွေ့ရတယ်။

သူနဲ့အတူ လုံးကြီးပေါက်လှ အမျိုးသမီးတစ်ဦးနဲ့ ကလေးငယ် သုံးယောက်ကိုလည်း တွေ့ရတယ်။

ချစ်မိုးကြီးရောက်တဲ့အချိန်မှာ ကိုသက်ရှည်က နှီးဖြာနေတယ်။





ဒါနဲ့ လမ်းပြလုပ်လာတဲ့လူကြီးက တဲ့ရှေ့ကနေအော်ရော ...

"ဟေ့ ... သက်ရှည်"

"ဘယ်သူတုံးဟေ့"

"ငါပါဟ ... ကံကောင်းပါ"

"လာ ... အစ်ကိုကံကောင်းရေ ... လာဗျို့။ ဘယ့်နှယ့် ... ဘယ်ကနေ ..."

"ဒီမှာ တညင်ကညေ့်သည်ပါတယ်ကွ။ ဧည့်သည်က မင်းနဲ့တွေ့ ချင်လို့တဲ့ ... ဟေ့ ... အဲဒါ လိုက်ပြရသဟ"

"ထိုင်ကြပါဗျာ။ မရှင်ရေ ... ရေနွေးအိုးချဟေ့"

"ရပါတယ်အစ်ကို ... နေပါစေ ... မချပါနဲ့"

"သန်လျင်ကဆိုတာ ငါ့ညီလား"

"ဟုတ်ကဲ့ခင်ဗျ ...။ ကျွန်တော့်နာမည် ချစ်မိုးကြီးလို့ခေါ်ပါတယ် အစ်ကို"

"ကျုပ်နာမည်က ကိုသက်ရှည်ပါ။ ကိုင်း ... ပြော ... ဘယ် လိုအကြောင်းထူးများရှိလို့တုံး"

"ဒီလိုပါ အစ်ကိုရယ် ...။ ကျွန်တော့်ရဲ့ဘဘုန်းကြီး ဆရာတော် က သန်လျင်ကျိုက်ခေါက်ဘုရားအနီးရှိ ခါးပန်းဝါတိုက်ကျောင်းတိုက် ဦးရက္ခိတ ပါ။ ခုတစ်လော ဘဘုန်း ဘယ်လိုစိတ်ကူးပေါက်လို့လည်းမသိဘူး မှန်နန်း ရာဇဝင်တို့၊ ကုန်းဘောင်ရာဇဝင်တို့ကို အထူးပြုလေ့လာနေတယ်။

ဒါနဲ့အတူ ပါဒရာဇဝင်နဲ့ သန်လျင်ရာဇဝင်ကိုလည်း သိပ်သိချင် နေတယ်။ ဘဘုန်းက ဒီမြို့သားမဟုတ်ဘူး အစ်ကိုရဲ့။ အညာသားပါ။ ဒီကို ရောက်တာ ငါးနှစ်ကျော်လောက်ရှိပါပြီ။ အဲဒါ သူနေသည့်အရပ်ဟာ တစ် ချိန်တုန်းက ပါဒနိုင်ငံတော်ဟောင်း ဖြစ်ခဲ့သည့်နေရာမှန်းသိရပြီး အလွန် လည်း အံ့သြဂုဏ်ယူနေတယ်။

ဒါနဲ့အတူ ပါဒနိုင်ငံဟောင်းမှာရှိတဲ့ ဘုရား ပုထိုး စေတီ ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ပွားတော်များအကြောင်း၊ ရှေးဟောင်းစေတီပျက်များအကြောင်းလည်း စိတ်ဝင်စားနေတယ်။

''ဘာအကြောင်းရင်းခံရှိလို့လဲ''

''အဲဒါ ကျွန်တော်မသိဘူး။ ကျွန်တော့်ကို ဖွင့်မပြောဘူး။ ဒါကြောင့် ပါဒသမိုင်းစာအုပ်ကို ရှာပေးရတယ်။ အခု ကျောက်တန်းကနေ ဘုန်းကြီးပြည်တော်သာဦးထွန်းရီရေးတဲ့ ပါဒသမိုင်းစာအုပ် ရခဲ့ပါတယ်။ ဘဘုန်းကြီးက အထူးသဖြင့် ပါဒရာဇဝင်ရေးသားခဲ့တဲ့ သုတေသီစာရေးဆရာကြီး ပြည်တော်သာဦးထွန်းရီကိုလည်း တွေ့ချင်တယ်''

''ဆရာကြီး မရှိတော့ဘူး''

''ဟုတ်ကဲ့ . . . ဆရာကြီးကွယ်လွန်သွားပြီကို သိရပါတယ်။ အဲဒါ ဘဘုန်းက ဘာမှာသလဲဆိုတော့ ဒကာကြီးဦးထွန်းရီမရှိခဲ့ရင် ဒကာကြီးဦးထွန်းရီနဲ့ လုပ်ဖော်ကိုင်ဘက်များကို ရှာဖွေစုံစမ်းပြီး ကျောင်းကို ခဏဖိတ်ခေါ်ခဲ့ပါဆိုလို့ စုံစမ်းမေးမြန်းလိုက်တော့ အဘိုးဦးကျောက်တန်းဆိုသူက ဦးသက်ရှည်ဆိုတာ ပန်းတောမှာရှိကြောင်း ကိုသက်ရှည်ဟာ ဆရာကြီးဦးထွန်းရီတို့နဲ့ ပါဒခေတ်သက်သေခံ ဂဝံယဉ်ကျေးမှုများကို တူးဖော်ရှာဖွေတုန်းက ပါခဲ့တယ်လို့ လမ်းညွှန်လို့ အစ်ကို့ဆီကို ကျွန်တော် လာရောက်တွေ့ဆုံရတာပါ ဦးခင်ဗျာ''

''ဘဘုန်းက ဘာကိုသိချင်တာတုံး''

''ကြည့်ရတာ ရှေးဟောင်းဘုရားပျက်များကို ပြုပြင်ချင်တဲ့ အာသီသရှိပုံပဲ။ သူက သန်လျင်သား၊ ပါဒသားမဟုတ်တော့ အစ်ကိုကြီးတို့လို နက်နက်နဲနဲသိတဲ့လူနဲ့ ပြောဆိုမေးမြန်း ဆွေးနွေးချင်လို့နဲ့တူပါရဲ့ အစ်ကိုရယ်။ ကျေးဇူးပြုပြီး အစ်ကိုကြီးမှာ အချိန်ပေးနိုင်ပါရင် တစ်ရက်တစ်ခဏမျှ လိုက်ပါတွေ့ဆုံစေ ချင်ပါတယ်ခင်ဗျာ''

ဒီလိုရှင်းပြလိုက်တော့ ကိုသက်ရှည်ဆိုသူ အသက် (၂၀)ကျော် (၃၀)ခန့်ရှိသည့်လူက စဉ်းစားသလိုလုပ်ရင်းမှ . . .





''အေးပေါ့လေ . . . ပါဒသမိုင်းကို စိတ်ဝင်စားတယ်၊ ဂဝံခေတ်အကြောင်းကို သိချင်တယ်၊ ကျုပ်တို့ဒေသ ဘုရားစေတီတွေကို စိတ်ဝင်စားတယ်ဆိုတဲ့ အညာသားဘုန်းတော်ကြီးရှိနေလို့ ကျုပ် ဝမ်းသာပါတယ်။ ကျုပ်တို့ဆရာကြီးများ သက်ရှိထင်ရှားရှိရင်လည်း ကြားရရင် ဝမ်းသာမှာပါ။

ကျုပ်တို့ ပါဒဆံတော်ရှင်ကို တွေ့ခဲ့ရပါပြီ။ ဒါ . . . ပါဒမင်းကြီးရာဇဝင်စောနောင်မင်းရဲ့ ကောင်းမှုတော်ပါ။ ကျုပ်သိသလောက် ပြောပြပါမယ်။ ကျုပ်ကလည်း ကျုပ်တို့ ပါဒနိုင်ငံတော်သမိုင်းကို သိသမျှ မြင်သမျှ ပြောရမယ်ဆိုရင် ထမင်းမေ့၊ ဟင်းမေ့ပါ။ ကျုပ် အခုပဲ လိုက်ခဲ့မယ်ဗျာ''

''ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်။ ဘဘုန်းသာ ကြားရင် မြင်ရင် ကျွန်တော်တို့ထက် ပိုပြီး ဝမ်းသာမှာပဲခင်ဗျာ''

''ခဏနေဦး . . . မောင်ချစ်မိုးကြီး''

''ဟုတ်ကဲ့ အစ်ကို''

သည့်နောက် ကိုသက်ရှည်ဟာ ဘုရားစင်အောက်ခြေကြမ်းပြင်ရှိ ကျွန်းသေတ္တာကြီးကို ဖွင့်လိုက်တယ်။ စာအုပ်ဟောင်းများ၊ ပေစာရွက်များ စသည်တို့ကို တစ်ခုချင်း လိုက်ကြည့်ပြီးနောက် . . .

စာအုပ်နှစ်အုပ်ကို လွယ်အိတ်ထဲထည့်လိုက်ပြီး . . .

''မရှင် . . .''

''ရှင် . . . ကိုသက်ရှည်''

''ငါ တညင်ကို လိုက်သွားဦးမယ်''

''ညအိပ်မှာလား ဟင်''

''အေး . . . ဒီတိုင်းဆို တစ်ညအိပ်ရမယ်နဲ့တူရဲ့။ ဘာပဲဖြစ်ဖြစ် ငါတို့ ပါဒရာဇဝင်နဲ့ ဂဝံဘုရားများအကြောင်း စိတ်ဝင်စားသူရှိနေတော့ သူသိချင်တာကို ငါကူညီရမှာပဲ မိန်းမ။ ဆရာကြီးဦးထွန်းရီရော၊ ဆရာကြီးကဝိဓဇဦးကျော်ကရော မသေမီ ငါတို့ကိုပြောသွားတာရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ပါဒရာဇဝင်၊ ပါဒသမိုင်း၊ ပါဒယဉ်ကျေးမှုကို လက်ဆင့်ကမ်းသယ်သွားကြတဲ့။ ဘာမှစိတ်မပူနဲ့။ မနက်မိုးလင်းရင် ငါပြန်အရောက်လာခဲ့မယ်။ ကိုင်း ... မောင်ချစ်မိုးကြီး၊ သွားစို့"

ဒီလိုနဲ့ ဘုန်းကြီးကျောင်းသားကြီး ချစ်မိုးကြီးနဲ့အတူ ပန်းတောရွာသား ကိုသက်ရှည်ဆိုသူဟာ လွယ်အိတ်တစ်လုံးလွယ်ပြီး လှေဆိပ်ရှိရာကို ဆင်းခဲ့ကြတယ်။

ဇနီးနဲ့ ကလေးသုံးယောက်က နောက်ကနေရပ်ကြည့်ပြီး ကျန်ရစ်ခဲ့တယ်။

✿ ✿ ✿

[ ၇ ]

## ပါဒကို ရူးသွပ်စွာတောင့်တမှုများ

❑

ချစ်မိုးကြီးတို့ ခါးပန်းတိုက်ကျောင်းကိုရောက်ပြီး ဘဘုန်းကို ဦးချကြတယ်။

"ဘဘုန်း"

"ပြန်ရောက်ပလား ချစ်မိုးကြီး"

"မှန်ပါ ... ပြန်ရောက်ပါပြီဘုရား"

"ပြောစမ်း ...။ ငါနိုင်းတဲ့ကိစ္စများ ဘယ်လိုထူးခြားမှု၊ အောင်မြင်မှုရှိခဲ့သတုံး"

"မှန်ပါ ... မှန်ပါဘုရား။ ပါဒသမိုင်းကို ပြုစုရေးဖော်ထုတ်ခဲ့တဲ့ ပြည်တော်သာဦးထွန်းရီရဲ့စာအုပ်လည်း ရခဲ့ပါတယ်ဘုရား။ သန်လျင်သမိုင်းပေမူကတော့ တာဝကညင်ပင်ကျောင်းက ကပ္ပိယကြီးထံမှ ရှိတယ်လို့ ကြားရကြောင်းပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီးဦးထွန်းရီရော တွေ့ခဲ့လား"

"ဆရာကြီးဦးထွန်းရီ ကွယ်လွန်သွားပါပြီဘုရား"

"သူ့တပည့်သားမြေးများရော မကျန်ရစ်ဘူးလားဟဲ့"

"ဘဘုန်း"

"ဘာတုံး"

"မိတ်ဆက်ပေးပါရစေဘုရား"

"အိမ်း ... ပြော"

"ဒီအစ်ကိုကြီးရဲ့အမည်က ကိုသက်ရှည်ပါတဲ့ဘုရား"

"ကိုသက်ရှည် ... အိမ်း ... အိမ်း ... မင်္ဂလာရှိတဲ့ အမည်နာမပါပဲဗျာ။ အင်း ... ကြားရတာနဲ့ အမှန်ကိုအသက်ရှည်မည့် ကြွန်အင်လက္ခဏာပါပဲ"

ဘုန်းတော်ကြီး ဦးရက္ခိတက ကိုသက်ရှည်ရဲ့ ရုပ်သွင်လက္ခဏာကိုကြည့်ပြီး သို့ကလိုပြောလိုက်တော့ ကိုသက်ရှည်ရဲ့မျက်နှာပေါ်မှာ ဝမ်းသာကြည်နူးရိပ်တွေ လွှမ်းသွားတယ်။

သူတော်ကောင်း သူတော်စင် ရဟန်းသံဃာတစ်ဦးရဲ့နှုတ်က မင်္ဂလာရှိသောစကားကြားရတာဟာ ထူးမြတ်တဲ့ မင်္ဂလာတစ်ပါးပဲကိုး။

ကောင်းတဲ့အတိတ်ကောက်ရင် အရိပ်နောက်မှာ အရောင်သာသတဲ့။

"ကိုင်း ... ဒကာကြီး သက်ရှည်အကြောင်း ဆက်ပြောပါဦး ငမိုးရဲ့"

"မှန်ပါ ... အစ်ကိုကြီးကိုသက်ရှည်ဟာ ဆရာကြီးဦးထွန်းရီတို့နဲ့ ပါဒဂဝံယဉ်ကျေးမှုကိုရော၊ ပါဒသမိုင်းကို ဖော်ထုတ်တူးဆွကြရာမှာရော ပါဝင်ဖူးသူ နောက်ဆုံးလက်ကျန်တစ်ဦးပါဘုရား"

"သြော် ... ဒီလိုလား။ သာဓုဗျာ ... သာဓု ... သာဓု။ အခုလို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတဲ့အတွက် ဘုန်းကြီး အလွန့်ကို ဝမ်းသာအားရ နှစ်ထောင်းအားရရှိလှတယ် ... ဒကာကြီးရယ်။

ဘုန်းကြီးကလည်း အညာသားစစ်စစ်ကွယ့်။ သန်လျင်ကိုနှစ်သက်





လို့ ရောက်လာခဲ့တာ။ ပါဒကိုစိတ်ဝင်စားလို့ပါ။ ပါဒဟာ ဒုတိယပုဂံလို့ပြောရင် မမှားဘူး။ ဘယ်နေရာကြည့်ကြည့် စေတီပုထိုး မလွဲကေန်မြင်နေရတယ်။ ဘုန်းကြီးသိချင်တာများရှိလို့ အကူအညီတောင်းရတာပါပဲ"

"မှန်ပါ ... အရှင်ဘုရားသိချင်တာရှိ မေးပါဘုရား။ ဘုရားတပည့်တော် ပညာရှိတော့ မဟုတ်ပါဘူးဘုရား။ စာတိုင်ညို့လိုပါပဲ။ ဟိုစာတွေ သိမ်းဆည်း၊ ဒီစာပေတွေဖတ်မှတ်၊ ထူးဆန်းတဲ့ပစ္စည်းများရရင်လည်း အမှတ်တရသိမ်းဆည်းနဲ့ လက်ထဲမှာ တိမ်မြုပ်သလို ရှိနေပါတယ်ဘုရား။ အရှင်ဘုရား ပါဒကိုစိတ်ဝင်စားတယ်ဆိုလို့ မသေခင် သက်ရှိထင်ရှားရှိတုန်း ကိုယ်သိတာလည်း ပြောချင်လို့ပါဘုရား"

"အိမ်း ... အိမ်း ... သာဓုဗျာ ... သာဓု ... သာဓု ... သာဓု။ ဒကာကြီးတို့၊ ပြည်တော်သာဦးထွန်းရီတို့ ပါဒခေတ် ပုထိုးစေတီဂဝံယဉ်ကျေးမှု ရှာဖွေပုံလေးများ သိချင်ပါ့ ... ဒကာကြီးရယ်"

ဘဘုန်းက ဒီလိုမေးတော့ ကိုသက်ရှည်က သူသိသမျှကို စပြောပြတယ်။

"အဲဒီတုန်းက မြန်မာသက္ကရာဇ် ၁၃၁၈ ဝန်းကျင်လောက်ပဲ အရှင်ဘုရား။ သက္ကရာဇ်တော့ အတိအကျမမှတ်မိတော့ပါဘူး။ သည်တုန်းက တပည့်တော်ကလည်း ဆရာကြီးဦးကျော်ရဲ့ တပည့်ကျောင်းသားငယ်တစ်ဦးပါ။ အသက်က ရှိလှမှ (၈)နှစ်သာသာ ဝန်းကျင်ပါဘုရား။ မူလတန်းကျောင်းသားဘဝပါ။

အဲဒီတုန်းက စာရေးဆရာကြီး သုတေသီပြည်တော်သာဦးထွန်းရီဟာ လွန်ခဲ့သည့်နှစ်ပေါင်း (၂၆၀၀) ကျော်က ပျောက်ဆုံးတိမ်ကောနေတဲ့ ရှေးပါဒမြို့ဟောင်းကို တူးဖော်ရှာဖွေ သုတေသနပြုနေချိန်ပါ။

တပည့်တော် မှတ်မိ မြင်မိသမျှကတော့ အဲဒီတုန်းက တပည့်တော်တို့က ကျောင်းသားလေးများအရွယ်ပေါ့။

ဆရာကြီး ပြည်တော်သာဦးထွန်းရီဟာ ပါဒမြို့ဟောင်းကို ရှာဖွေမယ်ဆိုပြီး ပါဒကျောင်းတိုက်ဆရာတော် အရှင်နန္ဒမေဓာသူမြတ်နဲ့ တိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အဘဦးမောင်ကြွယ်၊ အဘိုးဦးဘညွန့်၊ အဘိုးဦးပု၊ ဆရာကြီးဦးကျော် တို့နဲ့ ဦးဆောင်ဦးရွက်ပြု တိုင်ပင်ပြီး ပါဒမြို့ဟောင်း တောနက်ကြီးကိုဝင်ပြီး ရှာဖွေစူးစမ်းမှုပြုပါတယ်။

တပည့်တော်တို့ ကျောင်းသားများလည်း သူတို့နိုင်းသမျှ ပါဝင် သိရှိခဲ့ရပါတယ်။ ဟောဒီပါဒသမိုင်းစာအုပ်ထဲက ဟောဒီဓာတ်ပုံကို ကြည့် ပါဘုရား။

ကိုသက်ရှည်က ပါးစပ်ကပြောရင်း လွယ်အိတ်ထဲက ပါဒသမိုင်း စာအုပ်ကို ထုတ်လို့ ဓာတ်ပုံစာရွက်အပိုင်းကို ပြလိုက်တယ်။

ဒုတိယမြောက် နောက်တန်းကရပ်နေသူက စာရေးဆရာ သုတေသီ ပါဒဦးထွန်းရီပါ။

ဓာတ်ပုံထဲမှာမပါဘဲ ကျန်ရစ်သူက တပည့်တော်ပါ။

''ဘာလို့ကျန်ရစ်ခဲ့ရတာတုံး''

''ထမင်းထုပ်တောင်းကို စောင့်နေရလို့ပါဘုရား''

''ဪ . . . ဪ . . .''

''အဲဒါ တောကြီးမျက်မည်းထဲမှာ ရိုက်ထားတဲ့ပုံပါဘုရား။ အဲဒီလို ဆရာကြီးတို့အဖွဲ့ တူးဆွရှာဖွေ ဖော်ထုတ်တဲ့အတွက် ပျောက်ဆုံးလုနီးနီး ဖြစ်နေတဲ့ ရှေးပါဒသမိုင်းနဲ့ ရှေးပါဒမင်းများကောင်းမှုတော် စေတီပုထိုး များကို ဖော်ထုတ်သက်သေပြနိုင်ခဲ့ပါတယ်။

ရှေးနှစ်ပေါင်း (၂၃၀၀) ကျော်က မွန်လူမျိုးတို့ အသုံးပြုခဲ့တဲ့ မြေ အောက်စဥ့်အိုးကြီးများ၊ အင်တုံကွဲများ၊ သဘော်ကြိုးခွေများ၊ ရှေးနှစ်ပေါင်း (၁၇၀၀) ကျော်က ကျောက်စေတီများ၊ အုတ်စေတီများ၊ စဥ့်ဘုရားနဲ့ ဂဝံရုပ်ပွားတော်များ၊ ကျောက်ဆေးတံကြီးများ၊ ကြေးလင်ဗန်းကြီးများ၊ မြို့ရိုး၊ ကျုံး၊ ဂဝံကျောက်ပြား၊ ကျောက်ထီးများကို တွေ့ခဲ့ပါတယ်ဘုရား။

ဒီအကြောင်းတွေကို ဟောဒီစာအုပ်မှာ ဆရာကြီးဦးထွန်းရီက ပါဒနိုင်ငံတော်ရာဇဝင်နှင့် ရုပ်ပွားစေတီတော်များသမိုင်းဆိုပြီး ရေးခဲ့ပါတယ် ဘုရား''





''ပြည့်ပြည့်စုံစုံပဲလား ဒကာကြီး''

''အားလုံး ပြီးပြည့်စုံတယ်လို့ မပြောနိုင်သော်လည်း အခိုင်အခံ့ သက်သေအထောက်အထားနဲ့ ရှာလို့ရတာကို မှတ်တမ်းတင်ထားပါတယ် ဘုရား''

ဒီမှာပဲ ဘဘုန်း ဘုန်းတော်ကြီးဦးရက္ခိတက ထူးဆန်းသည့် အိပ် မက်ထဲမှာကြုံခဲ့ရတဲ့ ပုထိုးစေတီပျက်တစ်ဆူအကြောင်းကို ပြန်လည်ပြော ပြမေးလိုက်တယ်။

ဒီတော့မှ ချစ်မိုးကြီးရော၊ ကိုသက်ရှည်ရော ဘာကြောင့် ဘဘုန်း ပါဒဘုရားစေတီများကို စိတ်ဝင်စားရသလဲဆိုတာ သိခဲ့ရတယ်။

လက်စသတ်တော့ ဘဘုန်းက အိပ်မက်ရှင်စေတီကို ရှာချင်တာ ကိုး။

''အရှင်ဘုရား . . . ဆရာကြီးရဲ့ ရေးသားဖော်ပြချက်အရတော့ ပါဒမင်း (၃၄) ဆက်မှာ အဦးအစမင်း တိဿဘောဂသေနမင်း၊ တိဿန ရသေနမင်း၊ မြစောနောင်မင်း၊ ရာဇာစောနောင်မင်း၊ သုခမုခနန်းစောရှင်၊ နေသူရမင်း၊ စောဘုန်းကြွယ်မင်း စသည့် ပါဒမင်းအချို့သာပဲ ဗုဒ္ဓရဲ့ဆံ တော်များကို ဂဝံကျောက်အုတ်များနဲ့ ပုထိုးများ၊ ကျောက်တိုင်များ စိုက်ထူ တယ်။ အချို့က စေတီစစ်စစ်တည်လို့ သာသနာပြုခဲ့ကြတယ်လို့သိရပါတယ်။

ဘုရားစေတီများကတော့ အများကြီးပဲ။ ယနေ့အထိ သန်လျင် ကျောက်တန်း၊ ခရမ်းသုံးခွ၊ မွန်တို့စံရာ တွံတေး၊ ဒလ၊ ကွမ်းခြံကုန်း အရပ် ဒေသတွေမှာ ဘုရားပုထိုးတွေ လက်ညှိုးထိုးမလွဲပါဘူးဘုရား။

အခု တောကြိုအုံကြား ချုံကြိုချုံကြား မြေသားအောက်မှာ ပြို ပျက်ကျနေတဲ့ ဘုရားပြို ဘုရားပျက်တွေရော၊ ပေါ်တူဂီနဲ့ အင်္ဂလိပ်လက်ပါး စေများလက်ချက်ကြောင့် လုံးဝပျက်စီးသွားတဲ့ ဘုရားစေတီပျက် သဲလွန်စ များ ယနေ့တိုင် မပြုပြင်နိုင်တာတွေ အများကြီးပါဘုရား။

ဆရာကြီးဦးထွန်းရီတို့ဖော်ထုတ်လို့ ကျိုက်ပါဒဆံတော်ရှင်လည်း ပေါ်တော်မူခဲ့ရတယ်။ ကျောက်ထီးများလည်း ရရှိခဲ့တယ်။ ရသေ့များနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကျောက်လိုဏ်ဂူများလည်း တွေ့ရှိခဲ့ပါတယ်။ ခေါင်းပြတ်ရင်ပြတ်နေသည့် ရှေးဟောင်းဂဝံရုပ်ပွားတော်များလည်း ပြန်လည်ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါတယ်။

အထူးခြားဆုံးကတော့ ပါဒမင်းတရား ရာဇာစောနောင်မင်းကြီးကိုယ်တော်တိုင် သဒ္ဓါကြည်ညိုလွန်းလို့ ဘုရားရှင်ရဲ့ ဆံတော်ဓာတ်မြတ်၊ ဓမ္မကရိုဏ်း၊ ခါးပန်းတော်ဓာတ်တို့ တည်ထားမြှုပ်နှံကိုးကွယ်ခဲ့တဲ့ ကျိုက်ပါဒဆန်လွန် ပါဒကြီးဆံတော်ရှင်စေတီ အုတ်ပုံနေရာကို ရှာဖွေဖော်ထုတ်ခဲ့ပါတယ်ဘုရား။

(ယခုအခါ ဗိုလ်ချုပ်ကြီးခင်ညွန့် (ငြိမ်း)ဦးဆောင်တည်ထားသဖြင့် ကျိုက်ပါဒဆံတော်ရှင်အဖြစ် ကြည်ညိုသဒ္ဓါပွားဖွယ် ရွှေရောင်စေတီတော်မြတ်ကြီး ဖြစ်တည်ခဲ့ပြီဖြစ်ပါသည်။)

''ဒကာကြီးကိုသက်ရှည်''

''ဘုရား''

''ဒေါင်းဝပ်ကုန်းဆိုတာကရော ဒကာကြီး''

''မှန်ပါ။ ဆရာကြီးဦးထွန်းရီတို့၊ ဆရာကြီး ကဝိဓဇဦးကျော်တို့၊ ဆရာကြီး ကထိကဦးသက်တင်တို့ရဲ့စာအရ ပြန်ပြောရရင် သုခမုခနန်းစောရှင်ဟာ သမိန်စကားကျွန်းတိုက်ပွဲအပြီး ပြန်အလာမှာ လမ်းခရီးမှာ ဟတ်ကုန်း၊ ပေဗ္ဗူကုန်း၊ သုဝဏ္ဏတော ရွှေဥဒေါင်းဝပ်ကုန်းလို့ သုံးမည်ရ တောင်ကုန်းကို ဆိုက်ရောက်ခဲ့ပါသတဲ့ဘုရား။

ဟသ်ာကုန်းလို့ခေါ်ရတာက အဲဒီတောင်ကုန်းပေါ်မှာ ဟသ်ာငှက်များ ညဦးအချိန် လာရောက်အိပ်စက်ကြလို့၊ ဟသ်ာကုန်းပတ်လည်က ရေဝိုင်းကျွန်းဖြစ်နေလို့ ဟသ်ာငှက်များ အစာရှာဖွေ စားသောက်ရပ်နားရာဖြစ်လို့ ဟသ်ာကုန်းလို့ ခေါ်ကြပါတယ်ဘုရား။

မှတ်ချက် ။ ။ ၎င်းနေရာသည် ယခုဆံတော်ရှင် ကျိုက်ခေါက်ဘုရားကုန်းဝန်းကျင် ဒေသဖြစ်သည်။ ထိုစဉ်က တောင်ဘက်မှာ တော





ကြီးတန်းပတ်၍ ကျောက်တန်း (ပါဒ) တိုင်ရောက်၏။ ကျိုက်ခေါက်ဘုရားခြေတော်ရင်း၌ ပင်လယ်ဘက် ရေပြင်ကျယ်ရှိ၏။

နောင်အခါ ကာလရွေ့လျားပြီး သဘာဝပတ်ဝန်းကျင် ပြုပြင်ပြောင်းလဲ၍ ရေကောမြေကောပြီး သောင်ထွန်းကာ နောက်ဆုံး ရန်ကုန်မြစ်သုံးဆိုင်နှင့် သီလဝါပင်လယ်တို့သာ ယနေ့တိုင် ရေနက်ပိုင်းအဖြစ် ဆက်စပ်ကျန်ရှိ အထင်ကရဖြစ်ရခြင်းဖြစ်သည်။

ကျိုက်ခေါက်ဘုရားသမိုင်းစာအုပ်၌ ရန်သူနယ်ချဲ့တို့သည် ရေပြင်သင်္ဘောများပေါ်မှ ကျိုက်ခေါက်ဘုရားကို အမြောက်စိန်ပြောင်းများဖြင့် ပစ်ခတ်ရာ ဘုရားစေတီကို လုံးဝမထိဟု ဖတ်ရှုခြင်းကိုထောက်၍လည်း ဘုရားခြေတော်ရင်းနီးပါးတိုင် ပင်လယ်ရေရှိကြောင်း သိရသည်။]

''**ပေဗ္ဗူကုန်း** လို့ခေါ်ရခြင်းကတော့ အဲဒီအချိန်က ဒီကုန်းဒီတောမှာ ဝါးယားပင်များ ဟိန်းနေအောင်ပေါက်သည့် တောကြီးကုန်းကြီးဖြစ်လို့ မွန်ဘာသာ '**ပေဗ္ဗူကုန်း**' အမည်တွင်ပြီး မြန်မာလို **ဝါးယားကုန်း** လို့ ခေါ်ပါသတဲ့ဘုရား။

**ဒေါင်းဝပ်ကုန်း** လို့ ခေါ်ရခြင်းကတော့ 'သုခမုခနန်းစောရှင်' ဟာ **သမိန်စကားကျွန်း** က စစ်ပွဲကအပြန် အလွန့်ကိုလှပသည့် ရွှေဥဒေါင်းကြီးတစ်ကောင်ကို မြင်ရပြီး အဲဒီရွှေဥဒေါင်းက တောင်ကုန်းပေါ်ပျံတက်လို့ ဝါးယားပင်အောက်မှာ ဝပ်နေတာကိုမြင်ပြီး လက်ရဖမ်းမိတာနဲ့ အဲဒီကုန်းကို ဒေါင်းဝပ်ကုန်းလို့ခေါ်ပါတယ်ဘုရား။ အဲဒါ ဆံတော်ရှင် ကျိုက်ခေါက်ဘုရားတည်ထားတဲ့ တောင်ကုန်းအရပ်ပါပဲဘုရား။

''သာဓု ... သာဓု ... သာဓု ... ရှေးတုန်းက စာတိုမောင်ညိုဆိုတာ ဒကာကြီးလိုပါပဲ။ စာတိုပေစာမှန်သမျှ ရသမျှ စုဆောင်းဖတ်ရှုသိမ်းဆည်းလေ့ရှိသကိုး။ မိတ္ထီလာကန်ပေါ်က နတ်ကွန်းအကြောင်းမေးတော့ မည်သူမှ မပြောနိုင်ဘူး။ နောက်ဆုံး ရွာအခေါ် စာရှုးပေရှူး စာတိုညိုကို ခေါ်မေးမှ အရှင်ဘေးတော်ရဲ့မိဖုရား ရွှေသားရုပ်တုရှိရာ နတ်ကွန်းပါဘုရား



www.burmeseclassic.com

www.burmeseclassic.com



လို့ လျှောက်လို့တူးဆွကြည့်တော့မှ ဘေးတော်မိဖုရားရဲ့ ရွှေသားရုပ်တုကို တွေ့ရှိပြီး ဝန်ဖင်းမင်းရာဇာလို့ သူကောင်းပြုခံရသတဲ့။

ဒကာကြီးကိုသက်ရှည်းလည်း တောရွာမှာနေ တောရွာမှာကြီးပါသော်လည်း ပါဒရာဇဝင် သန်လျင်ရာဇဝင်ကို လေ့လာသိရှိသမျှ ပြောနိုင်သူဖြစ်သမို့ ပါဒနိုင်ငံသား ပီသပါပေ့ကွယ်။ သာဓု . . . သာဓု . . . ဘုန်းကြီးထူးဆန်းသည့်အိပ်မက်ကို အကြိမ်ကြိမ်အခါခါ မြင်မက်နေရတယ်။

သည်တော့ အိပ်မက်က ထူးခြားနေမှန်းရိပ်မိတယ်။ အိပ်မက်ရှင်မရွှေကုန် (ဂုဏ်) ပြောသည့် အကြောင်းအရာများဟာ ပုံပြင်လား၊ ဒဏ္ဍာရီလား၊ မရွှေဂုဏ်ဆိုတာ ရှိခဲ့ဖူးလို့လား။

မကျွတ်မလွတ် ဝိညာဉ်ဟောင်းများရဲ့ အကူအညီတောင်းတာပဲလား၊ ဒါမှမဟုတ် ဘဝဟောင်းက ပဋ္ဌာန်းဆက်ရှိသူများ ကံဆုံချိန်ကိုမျှော်ကိုးပြီး သာသနာပြုဖို့များ နတ်ကောင်းနတ်မြတ် သူတော်ကောင်းတို့ တိုက်တွန်းလေသလားလို့ စဉ်းစားရင်း မနေနိုင်အောင် စိတ်ဝင်စားလွန်းလို့ ခေါ်ယူမေးမြန်းရတာပါ ဒကာကြီး''

''မှန်လှပါ ဘုရား။ ဟောဒီစာအုပ်က ဆရာကြီးကထိကဦးသက်တင် ရေးသားပြုစုတဲ့ ကျိုက်ခေါက်ဆံတော်ရှင်ဘုရား သမိုင်းပါဘုရား။ ပါဒရာဇဝင်စာအုပ်ရော ရပါပြီလားဘုရား''

''ရခဲ့ပါပြီ ဒကာကြီး''

''ဒါဆို သန်လျင်ရာဇဝင်ကို အနီးစပ်ဆုံးပြောပြနိုင်တဲ့ ဆရာကြီးဦးသက်တင်ရဲ့စာအုပ်ကိုပါ ပူးတွဲဖတ်ရှုလေ့လာပါလျှင် အရှင်ဘုရားသိရှိလိုသည့် အကြောင်းအရာများ ဟုတ်မဟုတ်စဉ်းစားလို့ ရနိုင်ပါလိမ့်မယ်ဘုရား။ ပါဒကြီးကျောက်တန်းတစ်တောလုံး တစ်ရပ်လုံးမှာလည်း ရှေးဟောင်းဘုရားပြိုဘုရားပျက်တွေ တောကြိုအုံကြားမှာ ယနေ့တိုင် ရှိတုန်းပါဘုရား။

ဒီလိုပါပဲ . . . သန်လျင်ကျိုက်ခေါက်၊ သီလဝါ၊ ကျိုက်အင်း၊ ပျဉ်တောင်ကျောင်း၊ ဘုရားငါးဆူ၊ ထမလုံ၊ ဘုရားကုန်း၊ ဆေးလုံးကြီးကျေးရွာ၊ နတ်စင်တစ်ရာ၊ သန်လျင်မြို့ဟောင်း၊ ရှင်မွေးနွန်းကုန်း၊ အမှုထမ်း





ရပ်ကွက်၊ ညောင်သုံးပင်၊ ကျွတ်တွင်းကုန်း၊ ကျိုက်ဒေးဝ စသည့်ရပ်ရွာတွေရဲ့ ချုံနွယ်ပိတ်ပေါင်းကြားကနေ မြေအောက်ကနေ ရှေးဟောင်းစေတီပျက်များ တွေ့ရှိရတုန်းပါဘုရား။

အချို့က လှူသူတော်ကောင်း ဗုဒ္ဓဘာသာဝင်တို့က ပြန်လည်ပြုပြင်ဖော်ထုတ်ပြီးပါပြီဘုရား။ အချို့သော ဘုရားကျိုး၊ စေတီပျက်တို့ကလည်း မြေကြီးအောက် ချုံနွယ်ပိတ်ပေါင်း တောကြိုအုံကြားမှာ ကျန်ရှိနေတုန်းပါပဲဘုရား''

''အိမ်း . . . ကြားရသိရ ပညာရလှသကွယ် . . . ဒကာကြီးရယ်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လိုအပ်ရင် ဘုန်းကြီးကိုယ်တိုင် ကွင်းဆင်းစူးစမ်းလေ့လာကြည့်ပါမယ်။ သာသနာပြုခွင့်ကြုံရင်၊ ဒါမှမဟုတ် ရှေးဟောင်းရုပ်ပွားဘုရားကို ဖူးမြော်ခွင့်ရရင်လည်း ကုသိုလ်တစ်မျိုးပေပ။ သာဓု . . သာဓု . . . သာဓု . . . ကိုင်း . . . ဒကာကြီး နားနားနေနေ ညစာမနက်စာ စားပြီးမှ ရွာကိုပြန်၊ ကြားလား''

''မှန်ပါဘုရား''

''ဟဲ့ . . . ချစ်မိုးကြီး''

''ဘုရား . . .''

''ဒကာကြီးကိုသက်ရှည်ကို ညနေစာစားဖို့ရော အိပ်ဖို့နေရာထိုင်ခင်းကအစ လိုလေသေးမရှိ စီစဉ်ဆောင်ရွက်ပေးကြ''

''မှန်ပါဘုရား''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

## မရွှေကုန်ဘုရား သဲလွန်စ

❑

ဘုန်းတော်ကြီးဦးရက္ခိတဟာ ဒကာကြီးကိုသက်ရှည်ပေးသွားတဲ့ ပါဒရာဇဝင်နဲ့ သန်လျင်ဆံတော်ရှင် ကျိုက်ခေါက်ဘုရားသမိုင်း စာအုပ်နှစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုလိုက်တယ်။

ပါဒနိုင်ငံရဲ့သမိုင်းက စိတ်ဝင်စားစရာပဲ။ မင်းဆက်ချည်း (၃၄) ဆက် ... ပါဒမှာ စေတီအစ ပုထိုးကလို့ ဆိုရမှာပဲ။ တိဿဘောဂသေနရသေ့ကြီး ဘုရားရှင်နဲ့ သုဝဏ္ဏဘူမိမှာတွေ့ပြီး ဆံတော် (၇၁)ဆူ ပွားယူရရှိခဲ့ပုံနဲ့ ဆံတော်များကို မွန်ရာမညတိုင်းမှာ ဖြန့်ဝေထားရှိခဲ့ပုံက အလွန့်ကို အံ့ဩစရာပဲ။

ဒီမှာ မမျှော်လင့်ဘဲ ဘုန်းတော်ကြီးသိချင်နေသည့် အကြောင်းအရာအချို့ကို ကံကောင်းချင်တော့ ဆံတော်ရှင်ကျိုက်ခေါက်ဘုရားသမိုင်း စာအုပ်မှာ တွေ့လိုက်ရပါရောဗျာ။





" .......၁၂၃၆ ခုနှစ်၊ တော်သလင်းလဆန်း (၁၁)ရက်နေ့တွင် ကျိုက်ခေါက်စေတီတော်ကို ဘုန်းတော်ကြီးလှသော နေထွက်ဘုရင် မင်းတရားကြီးကိုယ်စားတော်ပြု၍ အဖူးမြော်သွားမည်ဟု ကြံစည်တော်မူ၍ စာရေးတော်ကြီး မဟာမင်းလှဇေယျသူ၊ မြင်းတပ်ဗိုလ်မင်း၊ ကုလားဝန်မြင်းတင်စား မဟာမင်းလှ မင်းထင်ရာဇာ၊ သံချက်ဝန်မင်း မဟာမင်းကျော်ရာဇာ၊ ရွှေနန်းစကြာ သဘော်တော်စီးရဲ့ တိုက်သံတော်ဆင့် နေမျိုးရာဇာသီရိ၊ နန်းမတော်ဘုရား ဘဏ္ဍာစိုးနေမျိုးသီဝသိဒ္ဓိတို့နှင့် တိုင်ပင်တော်မူ၍ ပျဉ်းမနားမြို့အုပ်မောင်ကြီး၊ ပဲ့နင်းဦးစလှမင်၊ တန်ဆောင်းဒကာ ဦးရွှေပြည့်၊ တန်ဆောင်းအစ်မ၊ တန်ဆောင်းဒကာ မောင်ကြာငုံ၊ ကျောင်းအစ်မ၊ ကျောင်းဒကာ ဦးဘိုးကြီး ဦးမောင်ကလေး၊ တန်ဆောင်းအစ်မ မဘွား၊ သူဌေးကတော် မရွှေကုန်၊ ဘုရားအစ်မ ကျောင်းအစ်မ မှစ၍ အသရေရှိသူများ၊ ကျောက်တံတားရပ်နေ၊ ကျက်သရေရှိကြသူ အမျိုးဝင်အပေါင်းတို့နှင့် လူပေါင်း(၂၀၀)ကျော်တို့သည် ရေနန်းစကြာသဘော်တော်နှင့် ရန်ကုန်မြို့ဆိပ်မှ သန်လျင်မြို့ဆိပ်သို့ ကျောက်မှတ်စက်ခုတ်သွားကြလေသည်။

ကျိုက်ခေါက်စေတီတော်သို့ ရောက်လာသဖြင့် ပါသမျှ ပရိသတ်တို့နှင့်တကွ ပူဇော်ကန်တော့ပြုကြ၍ ဗုဒ္ဓပရာယနသရဏဂုံသင်းထုံထပ်မံ ဒဋ္ဌိကမ္မ တက်လှူကြလေသည်။

"အလို ... ဒါ ... ဒါ ... ငါ ... ငါသိချင်တဲ့ အကြောင်းအရာအချို့ပါကလား"

ဘုန်းတော်ကြီး ဦးရက္ခိတ အဲဒီစာပိုဒ်ကို ဖတ်မိလိုက်ရော အလွန့်ကို အံ့ဩဝမ်းသာဖြစ်ခဲ့ရတယ်။

တွေ့ပြီ ...

သူဌေးကတော် မရွှေကုန်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



မရွှေကုန် ... မရွှေကုန် ... မရွှေကုန် ...။

ဟုတ်ပြီ ...

မရွှေကုန်ဆိုတာ မရွှေဂုဏ်လည်းဖြစ်နိုင်တယ်။

အိပ်မက်ထဲက မရွှေဂုဏ် (ကုန်) ပြောတဲ့ လူကြီးလူကောင်းတွေ၊ မင်းစိုးအရာရှိတွေ အားလုံးမှန်တယ်။

ဟုတ်ပြီ ...

ဒါဆို ရွှေသားရုပ်တု ငါးထပ်ကြီးရုပ်ပွားတော်ဟာ ဥဒေါင်းဝပ်ကုန်းတောင်ဝန်းကျင်မှာ ရှိနေမှာပဲ။

ဥဒေါင်းဝပ်ကုန်းတောင်ရဲ့ တောင်ဘက်မှာ တောတန်းကြီးတစ်ခုရှိတယ်။ တောင်ကုန်းတစ်ခုပေါ်မှာ ရှေးဟောင်းစေတီတစ်ခုရှိတယ်။

ကျိုက်ခေါက်ဘုရားရဲ့ အနောက်ဘက်မှာ စေတီတစ်ဆူရှိတယ်။

ရှာကြည့်မယ်။

အိပ်မက်ထဲက မရွှေဂုဏ်ရဲ့စကားသာမှန်ခဲ့ရင် ငါတို့ သာသနာပြုရက်နိုင်းကြပြီ။ မရွှေဂုဏ်တို့ရဲ့ အရိမေတ္တေယျဘုရားရှင်ကို မြင့်မြတ်သောဘုံဘဝနှင့် ဖူးမြော်ခွင့်ရပါရစေဆိုတဲ့ ဆုတောင်းပါရမီကိုလည်း ငါ ဖြည့်ခွင့်ရမည်။

သည့်နောက် လက်ရင်းသားတပည့်များဖြစ်တဲ့ ကပ္ပိယဖိုးသန်းခေါင်နဲ့ တူသားဘုန်းကြီးကျောင်းသားကြီး မောင်ချစ်မိုးကြီးကိုခေါ်ပြီး တောဝင်ရန် ဆုံးဖြတ်ချက်ချလိုက်ကြတယ်။

✿ ✿ ✿

[ ၉ ]

## စုန်းမချောချောနဲ့ နှစ်ပါးသွားကချင်တဲ့ရှု

❑

ဆွမ်းစားပြီးနောက်ပိုင်းမှာ ဘုန်းကြီးဦးရက္ခိတက တောင်ဝှေးကိုအားပြု၊ ကပ္ပိယဖိုးသန်းခေါင်က ပေါက်တူးနဲ့ ငန်းပြား၊ တူးရွင်းကိုထမ်း ဘုန်းကြီးကျောင်းသား ချစ်မိုးကြီးက ငှက်ကြီးတောင်ဓားရှည်ကိုင်လို့ တောထဲကို ဝင်ခဲ့လိုက်ကြတယ်။

တောတန်းက ရှည်လျားတယ်။

သစ်ပင်ဝါးပင်မျိုးစုံပေါက်ပြီး အုပ်ယှက်နေတယ်။ ကုန်းဆင်း ကုန်းတက်များတာမို့ နည်းနည်းပင်ပန်းတယ်။

ဘယ်ညာနှစ်ဖက်မှာ မြေသားကမ်းပါးတောင်ပံနှစ်ခုရှိပြီး လူသွားလမ်းက တောင်ကြားလမ်းလိုဖြစ်နေတယ်။

လျှပ်စစ်မီးမရှိတဲ့အရပ်မို့ ညနေနေဝင်တာနဲ့ မှောင်ကြီးကျသလိုဖြစ်ရော။



www.burmeseclassic.com

www.burmeseclassic.com



ဒီတောင်ကြားလမ်းမှာ မကြာခဏ လုယက်မှုဖြစ်တယ်။ ဒီတောင်ကြားလမ်းကနေသွားရင် ဟိုးသီလဝါခံတပ်နေရာကိုရောက်တယ်။

သို့သော် နေဝင်ရင် မည်သူမှ မသွားရဲဘူး။

လူမသမာလည်းကြောက်ရ၊ တစ္ဆေသရဲလည်း ကြောက်ရကိုး။ ဟိုးတောင်ကုန်းပေါ်မှာ ရှေးဟောင်းစေတီတစ်ဆူရှိတယ်။ ကျိုက်ဒေးဝစေတီလို့ခေါ်တယ်။ သစ်ကြီးကုန်းကြီးမို့ တော်ရုံလူ မသွားရဲကြဘူး။ တိတ်ဆိတ်ပြီး ချောက်ချားစရာကောင်းတာကိုး။

အချို့အပြောအရ ...

ကျိုက်ဒေးဝဘုရားပေါ်ကို ဥစ္စာစောင့်အမျိုးသမီးတွေ ဘုရားဖူးလာတယ်တဲ့။ သူတို့လာရင် ဘုရားစေတီတစ်ဝန်းလုံး မွှေးကြိုင်နေတာပဲတဲ့။

တစ်ခါတုန်းက ...

အမဲလိုက်သမား 'နှပ်ချီး' ဆိုတဲ့ကောင် အမဲလိုက်ရင်း လှည့်ကြားလို့ အဲဒီ ကျိုက်ဒေးဝဘုရားပေါ်ကို ရောက်သွားတယ်။

ဒီဘုရားမှာ ရှင်လူရဟန်းက ရှိခဲ့တယ်။ ရှားတယ်။

အရင်တုန်းက ဘုန်းကြီးတစ်ပါး ဒီပေါ်မှာ လာနေဖူးတယ်။ နောင်မကြာဘူး၊ သုံးရက်လောက်မှာ ပြန်ကြွသွားရော။

ဒါနဲ့ မေးကြရော ...

"ကိုယ်တော် ... ဘာလို့ ဘုရားပေါ်မှာ မနေတာတုံး"

မဖြေဘူး။

"ပြောပါ ... ကိုယ်တော်ရဲ့။ ကိုယ်တော်နေမယ်ဆိုရင် ဒီဝန်းကျင်က တစ်ပါးကျောင်းလေး ဆောက်ပေးမလို့ဥစ္စာ။ ဘာကြောင့် ..."

မဖြေဘူး။

"ကိုယ်တော် ..."

"ဘာတုံး ... ဒကာ"

"ကိုယ်တော် ... အပေါ်ကို မတက်တော့ဘူးလား"

---





"မတက်တော့ဘူး"

"ဘာဖြစ်လို့ မတက်တော့ရတာတုံး"

"ဘာလို့ မနေချင်ရတာတုံး"

အမျိုးမျိုး မရမကမေးတော့မှ ဖြေတယ်။

"မာတုဂါမတွေ အများကြီးရှိလို့။

"ဟင် ... ကိုယ်တော်ကလည်း မာတုဂါမရှိရော ဘာဖြစ်တုံး။ ကိုယ်တော့်အလုပ် ကိုယ်တော်လုပ်၊ သူတို့လည်း ဘုရားဖူးလာကြတာနေမှာပေါ့"

မဖြေဘူး။ လုံးဝမဖြေဘူး။

"ဒါဖြင့် အခု ဘယ်မှာနေမတုံး"

"ကျွဲခိုးဘုရားမှာပဲ တရားအားထုတ်တော့မယ်"

အဲဒါ ကျိုက်ခေါက်အနောက်ဘက် ခြေတော်ရင်းက ကျွဲခိုးဘုရားမှာ တစ်ပါးတည်း တရားကျင့်ရင်း ဆွမ်းခံစားနေရှာတယ်။

နှပ်ချီးတွေ့တုန်းက အဆန်းပဲ။

ရယ်သံတွေ ကြားရတာတဲ့။

"ခစ် ... ခစ် ... ခစ် ..."

"ဟော့ ... ဟော့ ... ဟော့ ... အဟဲ့ ..."

ငါ့များ ခေါ်နေတာလား။ ဒူးလေးလည်း အသင့်ပြင်ထားရတယ်။ ဒါ ဘုရားနယ်မြေဝန်းကျင်တော့ ဝန်းကျင်ပဲ။ ဒီဘုရားက တောကြီးကုန်းမို့ တော်ရုံလူ အဖော်မပါဘဲ မလာရဲဘူး။

နေဝင်ဖျိုးဖျ မလာရဲဘူး။

ဖြတ်မသွားရဲဘူး။

လပြည့်ညဆို မီးလုံးကြီးတွေက ဘုရားကုန်းတောင်ပေါ်မှာ အများကြီး မြူးနေပျံနေ လူးလာနေတာ။

အချို့မီးလုံးကြီးတွေက ဆန်ကောဝိုင်းလောက်ရှိပြီး ...

အချို့မီးလုံးတွေက ပြည်တောင်းလောက်၊ လက်သီးဆုပ်လောက်အများကြီးပဲ။

---



www.burmeseclassic.com

www.burmeseclassic.com



ဆန်ကောလောက်ကြီးတဲ့ မီးလုံးကြီးတွေ ဆယ်လုံးလောက်က ဘုရားစေတီကို ပတ်ဝိုက်ပြီး လှည့်နေတာ။

အချို့က အဲဒါကို စုန်းမီးလုံးတဲ့ ပြောနေကြတယ်။

ကဝေပျံတွေ ပညာအဆင့်တက်ပြီး ဘုရားကုန်းကို ပတ်ပျံနေတာတဲ့။ ဘုရား . . . ဘုရား . . . ကြောက်စရာကောင်းလိုက်တာ။

ကျိုက်ခေါက်ဘုရားကုန်းပေါ်က စီးကြည့်ရင် ကဝေပျံမီးလုံး မီးစုန်းတွေ နိမ့်လိုက်မြင့်လိုက် တက်လိုက်ဆင်းလိုက် ပူးကပ်သွားလိုက် တွန်းတိုက်ပြီး ပြန့်ကားရှန်းထွက်လိုက်နဲ့ မြေပြင်အဝေးက ကြည့်ရင် မီးဗျိုင်းအုပ် မီးငှက်အုပ်ကြီး လူးလာပျံသန်းနေတာလို့ ထင်ရတယ်။

ကြည့်လို့ အလွန်လှတယ်။

အချို့လူကြီးသူမများအပြောကတော့ . . .

အဲဒါ စုန်းမီးလုံးမဟုတ်ဘူး။ ပညာသည်ကဝေတွေ မြူးတာမဟုတ်ဘူး။

ဘုရားတန်ခိုးကြီးလို့ နတ်တွေ လာရောက်ပူးမြော်ကြတာတဲ့။

အဲဒါ လပြည့်နေ့ညမှာ တစ်ကြိမ်၊

လကွယ်နေ့ညမှာ တစ်ကြိမ်၊ မကြာခဏ ကြုံရလေ့ရှိတယ်။

တစ်ခါမှာတော့ . . .

ကိုထွန်ခြစ်ဆိုတဲ့ ငမူး၊ ငမိုက်ကြီးတစ်ယောက် စွန့်စွန့်စားစား အဲဒီဘုရားကုန်းပေါ်ကို လကွယ်နေ့ညတက်သွားတော့ . . .

"ဟိုမှာကြည့်စမ်း . . . စုန်းတွေ ဘုရားကုန်းပေါ်မှာ မြူးနေတယ်"

"ဟုတ်တယ် . . .။ အဲဒါ စုန်းကြီးမျိုးလို့ခေါ်တယ်"

"ဘာစုန်းတုံးဗျ . . . ကိုမဲလုံးကြီးရ"

"စုန်းနဝင်းခေါ်သကွ . . . ထွန်ခြစ်ရ"

"ဘကြီးမဲလုံး . . ."

"ဘာတုံး . . . မပန်းသစ်ရဲ"





"စုန်းနဝင်းလို့ ဘာလို့ခေါ်တာတုံးတော့် . . . ရှင်းပါဦး"

"စုန်းမျိုးက အများကြီးဟ။ စုန်းမျိုးလေးဆက်မကဘူး။ ငါတို့ အဘိုးဆေးဆရာကြီး ဦးသက္ကအပြောအရ စုန်းနဝင်းဆိုတာ ကမ္ဗဖိဒ္ဓိတန်ခိုးရှိတဲ့ စုန်းတဲ့။ အဲဒီလိုစုန်းမျိုး (၆) မျိုးရှိဆိုပဲ"

"အကုန်သိလား"

"အကုန်တော့ ငါ မမှတ်မိတော့ဘူး။ အဲဒီစုန်းနဝင်းမျိုးဟာ ခေါင်းမှာ အမောက်ကြီးတွေ ဆယ်ခုစီသုံးဆင့်၊ သုံးဆယ်ရှိတယ်လို့ ကြားရဖူးတယ်"

"မည်းကြီး . . ."

"ဗျာ . . . ကိုကြီးအုန်း"

"ငါကတော့ စုန်းနဝင်းလို့ မထင်ဘူးကွ"

"ဒါဆို ကိုကြီးအုန်းက ဘာစုန်းလို့ ထင်လို့တုံးဗျ"

"သူတို့လှည့်နေတာကွ"

"ဟုတ်တယ်လေ . . . မြင်နေရဉ္စွာ"

"ကြည့်လေ . . . ဘုရားပေါ်ကို မကျော်ရဲဘူး။ ကျော်လို့မရဘူး။ ဒါပေမင့် ဝန်းကျင်ကုန်းတော်ပေါ်မှာ စက်ဝန်းလိုလှည့်နေတာ။

"အဲဒီတော့ ဘာစုန်းလို့ခေါ်သတုံး . . . ကိုကြီးအုန်းရ"

"အဲဒါ 'စက်ဝန်းပိုင်စုန်း' လို့ ခေါ်တယ်ကွ"

"စက်ဝန်းပိုင်စုန်း . . . ဟုတ်လား"

"ဟုတ်တယ် . . .။ သူတို့မှာ မင်းပြောတဲ့ စုန်းနဝင်းလို အမောက်ဆယ်ဆင့် သုံးထပ်မရှိဘူး။ ဒါပေမင့် စက်ဝန်းလေးခုစီရှိတယ်။ အလွန်ကို တန်ခိုးကြီးတယ်။ ငါကတော့ စက်ဝန်းပိုင်စုန်းလို့ ထင်တာပဲ"

"စက်ဝန်းပိုင်စုန်း ဘယ်နှမျိုးရှိတာသိလဲ"

"သိတယ် . . .။ ငါနဲ့ ငါ့ဆရာကြီး ဦးဒေဝါလှိုင်နဲ့ ဆေးစီရင်တုန်းက ဆရာကြီးပြောလို့ သိရတာဆိုရင် (၁) ပဝေ စုန်းတဲ့၊ ကဝေလို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါ်တယ်။ (၂) ရနီ လို့အမည်ရတဲ့စုန်း၊ (၃) ရဝါ လို့အမည်ရတဲ့ စုန်း၊ (၄) ပိတ္တု အမည်ရှိတဲ့စုန်းဆိုပြီး လေးမျိုးရှိတယ်''

ဒီမှာပဲ အရက်မူးယစ်နေတဲ့ ကိုထွန်ခြစ်က မေးရော ...

''ကိုအုန်း ...''

''ဘာတုံး ... ထွန်ခြစ်''

''ခင်ဗျားနဲ့ကိုမည်းလုံးက ဘုရားကုန်းပေါ်က မီးလုံးတွေကြည့်ပြီး စုန်းမီးလုံး၊ နတ်မီးလုံး၊ ဥစ္စာစောင့်မီးလုံးနဲ့ အမျိုးမျိုး ပြောနေရအောင် ခင်ဗျားတို့ စုန်းတို့ကဝေတို့ မြင်ဖူးလို့လား''

''ဟ ... မြင်ဖူးလို့ ပြောတောပေ့ါဟ ... ထွန်ခြစ်ရ''

''လုပ်ပါဦးဗျာ။ ကျုပ်တို့လည်း နောင်မြင်ရင် သတိထားရအောင် ပြောပါဗျာ ... အေ့ ... ဂေ့ ...''

''မင်းမူးနေပလား ... ထွန်ခြစ်''

''အေး ... ဂေ့ ... ခင်ဗျား ... သိ ... ပါတယ် ... ကိုမည်း လုံးရ။ အေ့ ... ထွန်ခြစ် ဘယ်လောက်သောက်သောက် မူးလို့တုံး။ ဂေ့ လဲလို့တုံး၊ စကားများ ... ရန် ... ဖြစ် ... အချုပ်ထဲ ... ရောက်ဖူးလို့ တုံး ... အဟုတ် ... လုပ်ပါ။ အားလုံး သိမှတ် ... ရအောင် ... စုန်း ဆိုတာ ချောချော ... လှလှလား ... အရုပ်ဆိုးဆိုးလား ... အဟုတ်''

ဒီကောင် မူးရစ်နေမှန်းသိကြတယ်။ ဒီကောင်က လူမူးရင် မေး ခွန်းထုတ်ပြီး ဖြလုန့်လေ့ ခြောက်လေ့ရှိတဲ့ကောင်ကိုး။

''ဟဲ့ ... ငမည်း''

''ဘာတုံး ... မကြွေအိုး''

''နင်မြင်ဖူးရင် ပြောလိုက်လေ ... ပြောလိုက်''

''အေး ... ပြောမယ်။ အချို့စုန်းမဆိုတာ ချောချောပဲ''

''ချောတယ်''

''ဟုတ်တယ် ... ချောချောပဲ''

''အဟုတ် ... တွေ့လိုက်ချင်ပါ့ကွာ။ ဟေ ... ဟေ့ ...''





''အချို့စုန်းက အရုပ်ဆိုးတယ်။ အရုပ်ဆိုးရုံတင်မကဘူး ခန္ဓာ ကိုယ်ကလည်း လက်သည်းရှည်ရှည်၊ မျက်လုံးပြူးပြူး၊ သွားကျဲကျဲနဲ့ သိပ် ကြောက်စရာကောင်းတယ်။ သူတို့ဟာ တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်နေ့လို ညသန်းခေါင်မှာတစ်ချိန်၊ နတ်တော်လပြည့်နေ့ညမှာတစ်ကြိမ်၊ တောနက်ခေါင်ခေါင်လိုနေရာ၊ ဒါမှမဟုတ် တစပြင် သင်္ချိုင်းဟောင်းလိုနေရာ၊ ဒါမှမဟုတ် သုသာန်လိုနေရာမှာ ပညာအဆင့်တက်ရင် ပညာအောင်သူ၊ အစွမ်းရှိသူများက မိုးကောင်းကင်ပေါ်ကို စုန်းမီးလုံးဖန်ဆင်းပြီး ကွန့်မြူး လေ့ရှိတယ်''

''ကိုမည်းလုံး''

''ဘာတုံး ... ထွန်ခြစ်''

''ခင်ဗျားပြောချင်တာက စုန်းဆိုတာ လူမိန်းမတစ်မျိုးပေါ့''

''ဟုတ်တယ်''

''ချောတဲ့စုန်းမလည်းရှိတယ် ... ဟုတ်''

''ဟုတ်တယ်''

''ရုပ်ရည်ကြမ်းတဲ့ ကြောက်စရာစုန်းမကြီးများလည်း ရှိတယ် ... ဟုတ်''

''ဟုတ်တယ်''

''ခင်ဗျား မြင်ဖူးတယ်''

''မြင်ဖူးတယ်။ သိကျွမ်းဖူးတယ်''

''ဒါဆို ဟို ကျိုက်ဒေးဝဘုရားကုန်းပေါ်က လူးလာပျံသန်းနေတဲ့ မီးလုံးတွေက ဘာမီးလုံးတုန်း''

''စုန်းမီးလုံး''

''မီးပုံးပျံ မဟုတ်ဘူးလား''

''မီးပုံးပျံက လေကြောင်းအတိုင်း လေတိုက်တွန်းရွေ့ရာကို တက် မယ်၊ စီးမျောမယ်၊ လောင်စာကုန်ရင် ပြုတ်ကျမယ်။ ဒါ မီးပုံးပျံမဟုတ် ဘူး။ စုန်းတွေတောက်စားနေတာ''



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် စုန်းမလှလှနဲ့ တွေ့ချင်တယ်။ ခင်ဗျား အခု ဘုရားကုန်းပေါ်ကို လိုက်ပြမလား ... အော့ ... ဂေ့ ..."

"မပြနိုင်ဘူး ... ထွန်ခြစ်"

"ဘာဖြစ်လို့လဲဗျာ ... အော့ ..."

"ငါကြောက်လို့"

"ဟာ ... ခင်ဗျား ... ယောက်ျား မဟုတ်ဘူးလား"

"ထွန်ခြစ် ... လူ့လောက သဘာဝကြီးက ထူးထွေဆန်းပြားတယ်။ ဂမ္ဘီရဖြစ်ရပ်ဆန်းတွေနဲ့ ထုံသင်းနေတယ်။ အခု သူတို့ဘုရားဖူးလာကြသလား၊ တောက်စားနေတာလား၊ ပညာပြိုင်နေတာလား၊ ဒါမှမဟုတ် ဟန်ရေးပြနေတာလား ငါတို့မသိရဘူး။

သူတို့အလုပ်ကို သူတို့ကိစ္စကို မင်းတို့ငါတို့ ဝင်ရောက်နှောင့်ယှက်လိုက်ရင် သူတို့ ကျေနပ်နားလည်ရင် ကောင်းတယ်။ သူတို့မကျေနပ်ရင် မင်းတို့ငါတို့ တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

"ငါ မယုံဘူး"

"မယုံတာ မင်းအပိုင်းနဲ့မင်းပါ။ ငါတို့ ဖွတ်မယုံနိုင်းဘူး"

"ခင်ဗျားပြောတာ ဟုတ်မဟုတ် ခင်ဗျားနဲ့ကျုပ် အခုသွားတက်ကြည့်မယ်။ လာ ... လိုက်ခဲ့"

"ငါ မလိုက်ရဲဘူး ထွန်ခြစ်"

"ခင်ဗျား ... ယောက်ျားမဟုတ်ဘူးလား"

"ယောက်ျားတော့ ... ယောက်ျားပဲ။ ဒါပေမင့် အန္တရာယ်ဖြစ်နိုင်မည့်ကိစ္စဆိုရင် ဝေးဝေးကရှောင်တာ ယောက်ျားကောင်းအလုပ်ပဲ"

"ဒါဆို မလိုက်ရဲဘူးပေါ့"

"အကျိုးမရှိလို့ မလိုက်ဘူး"

"မလိုက်ရဲဘူးလို့ ပြောပါ"

"တော်ပါတော့ ... ထွန်ခြစ်ရာ ... မရစ်ပါနဲ့"

---





"ဒီမှာ ခင်ဗျားမလိုက် မသွားရဲတဲ့ အဲဒီကျိုက်ဒေးဝဘုရားကုန်းပေါ်ကို အခု ကျုပ်သွားမယ်"

"ဟင် ..."

"ဘာ ..."

"ဟော့ကောင် ... ဘာပြောတယ်"

"အခုမြင်နေရတဲ့ စုန်းတောက်နေတဲ့ ဘုရားကုန်းပေါ်ကို ကျုပ်သွားကြည့်မယ်"

"မ ... မလုပ်နဲ့၊ မသွားနဲ့ ... ထွန်ခြစ်"

"ကျုပ် ... ကျုပ် ... ယောက်ျားစစ်စစ်ဗျ။ အဟုတ် ... အဲဒါမှ စုန်းလား၊ ကဝေလား၊ မီးပုံးပျံလား၊ လူလား၊ ဥစ္စာစောင့်လား ခွဲခွဲခြားခြား သိရမှာ။ ကိုင်း ... ကျုပ်သွားပြီဗျို့"

"ထွန်ခြစ် ... မသွားနဲ့"

"ကိုထွန်ခြစ် ... မသွားနဲ့၊ အန္တရာယ်များတယ်"

"ကျားတို့၊ ခြင်္သေ့တို့ရှိလို့လား"

"ဟို ... ဟို ..."

"မားပြသူခိုး လူသတ်သမားရှိလို့လား"

"မဟုတ်သေးဘူးလေ။ အဲဒီကုန်းက ညဘက်ဆို ..."

"သရဲတို့၊ တစ္ဆေတို့၊ စုန်းတို့၊ ကဝေတို့၊ နတ်တို့ ငါ အလိုမရှိဘူး။ မယုံဘူး။ သောက်ဂရုစိုက်စရာမလိုဘူး။ ဒီမီးလုံးတွေကို လူအချို့က လုပ်နေတာလား။ ဘယ်လိုသဘောလည်းကို ငါ လက်တွေ့သွားကြည့်ပြီး မိုးမလင်းခင် ပြန်လာပြောမယ်။ ဟော့ကောင် ... မည်းကြီး ... လူကြောက်၊ ငအုန်း ... ဖင်ခေါင်းကျယ် ... သွားပြီဟေ့။ အဟတ် ... အဟတ် ... ဟား ... ဟား ... ဟား ... ဟား ..."

"ကိုထွန်ခြစ် ... မသွားပါနဲ့"

"ကိုမည်းတို့၊ ဘကြီးအုန်းတို့ တားကြပါဦး"

"ဒုက္ခတော့ ရောက်ကုန်တော့မှာပဲ"

---



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘုရားကုန်းတောက အတိမ်းအစောင်းမခံဘူး"

"အရက်သောက်သွားလို့ မရဘူးဗျ"

"လိုက်ခေါ်တားကြပါတော်"

ဒါနဲ့ ကိုမည်းလုံးတို့၊ ကိုအုန်းတို့၊ ရွှေမောင်းတို့၊ ကိုမြဒင်တို့က ထွန်ခြစ်ကို ဒီညမသွားဖို့ ဝိုင်းဆွဲကြ၊ တားကြတယ်။ မရဘူး။ ထွန်ခြစ်က ရုန်းကန်ပြီး ပြန်ပြောတယ်။

"ငါ့စိတ်နဲ့ငါ့ကိုယ် ငါလုပ်ချင်ရာ လုပ်မယ်ကွာ။ ဖယ် ..."

"မနက်ဖြန်မှသွားပါ သူငယ်ချင်းရာ"

"ဟ ... မနက်ဖြန်နက်သွားလို့ မင်း မီးစုန်းမတွေနဲ့ တွေ့ရမှာလား။ ခုသွားမှ တွေ့ရမှာပေါ့"

"သူတို့က ကောင်းကင်မှာနေကြတာမဟုတ်လား"

"ဟ ... ကုန်းပေါ်ကနေ ဆင်းခဲ့ကြပါဦး ခေါ်ရင် အားနာပါးနာနဲ့ ဆင်းလာပြီး ငါ့ကိုတွေ့မှာပေါ့။ မိတ်ဖွဲ့ကြမှာပေါ့။ အဟဲ ... ဟဲ ... ဟဲ ... အဲဒီကျမှ ချောချောလှလှ စုန်းမလေးများနဲ့ ... အဟတ် ... အဟတ် ... သူယောင်မယ်နဲ့ ဖေဖော်ကျီတို့ တောင်ပေါ်မှာတွေ့တဲ့ဇာတ်လိုပေါ့။ အဟား ... မိုးလင်းရင် ပြန်ပြောပြမယ်။ သွားပဟေ့ ..."

ပြောလို့မရဘူး။

တားလို့မရဘူး။

သူ့ကိုနိုင်တဲ့လူလည်း မရှိဘူး။

ခုလည်းကြည့်တော့ ... ကျိုက်ခေါက်ဘုရားတောင်ဘက် ရင်ပြင်ကနေ တောင်ဘက်စောင်းတန်းအတိုင်း မူးမူးနဲ့ ပြေးဆင်းသွားတယ်။

"မည်းကြီး ..."

"ဘာတုံး ... ကိုအုန်း"

"ဒီကောင် သွားရဲပါ့မလား"

"ကျုပ်အထင်တော့ သွားရဲမှာ မဟုတ်ဘူးဗျ။ မိန်းကလေးတွေ ရှိနေတော့ လေလုံးထွားပြီး အိုက်တင်ပေးကြွားပြနေတာ နေမှာပါ"





ဒီမှာ ကိုရွှေမောင်းက မေးရော ...

"တကယ်လို့ သွားခဲ့ရင် ဘယ့်နှယ်လုပ်မလဲ"

"အဲဒီကျတော့လည်း ကျားရှိတဲ့တောကိုမှ ကိုယ့်ကိုယ်ကိုယ် သားကောင်လုပ်ပြီးသွားတဲ့လူ၊ မြွေတွင်းမှန်းသိလျက်နဲ့ လက်နဲ့ထိုးနှိုက်တဲ့လူရဲ့ ဘဝ ငါတို့ နောက်ဆုံး အမျှဝေရုံကလွဲ ဘာတတ်နိုင်မှာလဲ ... ရွှေမောင်းရယ် ... သူငယ်ချင်းရယ်"

သူတို့ ဒယီးဒယိုင်သွားနေတဲ့ ထွန်ခြစ်ကိုကြည့်ပြီး နောက်ကနေ မသိမသာ လိုက်ကြည့်တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကြည့်စမ်း ...။

ထွန်ခြစ်ရယ် .. လရောင်အောက်မှာ တရွေ့ရွေ့သွားနေတာ။ ဟော ဟော ... တောင်နှစ်လုံးကြား ကမ္ဘာ့းပါးနှစ်ခုကြားကို ရောက်သွားပြီ။

သူ အမှန်တကယ်သွားနေတာပဲ။

ဒုက္ခရောက်တော့မှာပဲ။

"ထွန်ခြစ် ... ပြန်လာခဲ့"

"ဟော့ကောင် ... ထွန်ခြစ် ပြန်လာခဲ့သူငယ်ချင်း"

"ထွန်ခြစ် ... မသွားနဲ့။ ဟော့ကောင် ... ပြန်လာ"

သူတို့ တောင်နှစ်လုံးကြားအဝကနေ အသံကုန်အော်ဟစ်ခေါ်ကြတယ်။ သူတို့ရဲ့ခေါ်သံ ပဲ့တင်သံက တောင်ကမ်းပါးယံနဲ့ ဘုရားကုန်းတောတောတန်းကို ပဲ့တင်ပြီး ပြန်လာနေတယ်။

နောက်ဆုံး သူတို့အုပ်စု လက်မှိုင်ချပြီး ကျိုက်ခေါက်ဘုရားကုန်းပေါ်ကို ပြန်လာခဲ့ကြတယ်။

ဘုရားရင်ပြင်ပေါ်မှာ မကောင်းစံတို့၊ ချစ်လှဖေတို့၊ မဒေါင်းကျိုးမတို့၊ ခင်မွန်လှတို့လည်း မရှိတော့ဘူး၊ အိမ်ပြန်သွားကြပြီ။

မိုးလင်းရော ... ကိုမည်းကြီးတို့ ထွန်ခြစ်ကို သွားရှာတယ်။





ဦးစွာ ထွန်ခြစ်ရဲ့အိမ်ကို သွားမေးတယ်။ အမှန်က ထွန်ခြစ်အိမ်မဟုတ်ဘူး။ သူ့နှမရဲ့အိမ်။ ထွန်ခြစ်က နောက်ဖေးမှာ တဲလေးထိုးပြီးနေတာ။

"မြယာညိုရေ ... ဟော့ ... မြယာညို"

"ရှင် ... အစ်ကိုမည်းကြီးလားတော်"

"အေးဟေ့ ... ထွန်ခြစ်တစ်ယောက် နိုးပလား ... နှမရေ .. မေးစမ်း"

"အစ်ကိုမည်းလုံး"

"အေး ... ပြော၊ မြယာညို"

"အစ်ကိုမည်းကြီး ... ညတုန်းက ကိုထွန်ခြစ် ပြန်လာသံမကြားရဘူးတော့။ နေဦး ... ကျွန်မ သူ့တဲထဲ သွားကြည့်ဦးမယ်"

ခဏ အသံတိတ်သွားတယ်။

စောစောစီးစီးလာမေးရတာ အားနာပါတယ်။ သောက်ဖို့လာခေါ်တယ်များ ထင်လေမလားမသိဘူး။

"အစ်ကိုမည်းကြီး"

"အေး ... ရှိလားဟ ... မြယာညို"

"ညက ပြန်မလာဘူးနဲ့ တူတယ်တော့။ သူ့တဲအိမ်ထဲမှာ မတွေ့ဘူး"

"အေး ... အေး ... ဒါဆို အစ်ကိုတို့ သွားရှာတွေ့လိုက်မယ်ဟေ့"

"ဟုတ် ... ဟုတ် ..."

လမ်းရောက်တော့ ရွှေမောင်းနဲ့ ကိုအုန်းက မေးပါရော"

"မည်းကြီး ..."

"ဘာတုံး ကိုရွှေမောင်း"

"ညကတည်းက ပြန်မလာဘူးဆိုတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်မှလွဲရော ... ဟို ... ဟို ... စုန်းမီးတောက်ဘုရားကုန်းပေါ်မှာများ ... သူ တစ်ခုခုဖြစ်ရောလားကွာ ... ဟင်"

"အဲဒီလိုလည်း ဖြစ်ချင်မှဖြစ်မှာပါဗျာ။ တစ်နေရာရာ သွားအိပ်ချင် အိပ်နေမှာပါ။ ရှာကြတာပေါ့"

"မည်းကြီးရ ..."

"ဘာတုံး ... ကိုအုန်း"

"ရှာခြင်းရှာရင် တို့ ကျိုက်ဒေးဝကုန်းပေါ်မှာ အရင်ရှာရင်ကောင်းမယ်။ အဲဒီမှာမတွေ့မှ အခြားနေရာမှာရှာစို့"

"ဟုတ်တယ် ...။ ဒါကောင်းတယ်"

ကိုရွှေမောင်းကလည်း ထောက်ခံတာနဲ့ သူတို့သုံးယောက် တောင်နှစ်လုံးကြားကိုဖြတ်ပြီး သစ်ရိပ်ဝါးရိပ်ထူပြိန်းနေတဲ့ ကျိုက်ဒေးဝဘုရားကုန်းပေါ်ကို တက်ခဲ့ကြတယ်။

နှစ်ပေါင်းများစွာ ပြုပြင်သူမရှိဘဲ တောထဲမှာ ဒီအတိုင်းရှိနေသည့် ဘုရားကုန်းဟာ လူသူကင်းမဲ့ပြီး ခြောက်သွေ့တိတ်ဆိတ်သလိုရှိတယ်။

ဂဝံအုတ်လှေကားအတိုင်း တစ်ထစ်ခြင်း တစ်ထစ်ခြင်း တက်ခဲ့လိုက်ကြတယ်။ ဒီနေရာဝန်းကျင်ကို နေ့လယ်နေ့ခင်းတစ်ယောက်တည်း မလာရဲကြဘူး။

ညဘက်ဆို ဝေလာဝေးပဲ။

သုံးယောက်သား ကြောက်ကြောက်လန့်လန့်နဲ့ ရှာနေကြတာ ...

"ထွန်ခြစ်ရေ ... ထွန်ခြစ် ..."

"ဟေ့ ... ထွန်ခြစ် ..."

"ထွန်ခြစ် ... မင်း ဘုရားကုန်းပေါ်မှာလား"

သူတို့ရဲ့အော်သံဟာ တောရိပ်နဲ့ ပဲ့တင်နေတယ်။ အဲဒီလိုနဲ့ မမျှော်လင့်ဘဲ ဂဝံဘီလူးရုပ်အကျိုးကြီးရှေ့မှာ လဲနေတဲ့လူတစ်ယောက်ကို တွေ့ရော ...

"ဟိုဟာ ဘယ်သူတုံး"





"ဟာ ..."

"ထွန်ခြစ် ... ထွန်ခြစ် ..."

"အလိုလေး ... ဆံပင်တွေ မီးလောင်ထားလို့ပါလား"

"မျက်နှာရောဟေ ..."

"ဟာ ... ဒုက္ခပဲ။ ထွန်ခြစ် ... ထွန်ခြစ် ... သူငယ်ချင်း"

လှုပ်နှိုးတယ် မရဘူး။ တစ်ယောက်က လက်ကောက်ဝတ်သွေးကြောကိုစမ်းတယ်။

"အသက်ရှိသေးတယ်"

"သတိလစ်နေတာကွ။ ကိုင်း ... ဝိုင်းမကြစမ်း"

ဒါနဲ့ ထွန်ခြစ်ကို မည်းကြီးက ပခုံးပေါ်မှာထမ်းပြီး ဘုရားကုန်းတော်ပေါ်ကအဆင်း ...

"ထွန်ခြစ်ရေ ... ထွန်ခြစ် ..."

"ဟင် ... ဘယ်သူခေါ်တာတုံးဟ"

"ဟေ့ ... ထွန်ခြစ်"

"ဟ ... ရွှေမောင်းရ ... လူခေါ်သံဟ။ ဘယ်သူတုံး မသိဘူး"

"ဟေ့ ... အခုခေါ်တာ ဘယ်သူတုံးဟေ့"

"မေးနေတယ်လေ ... ဘယ်သူခေါ်တာတုံး"

ကိုရွှေမောင်း အသံလာရာ တောအုပ်သစ်ပင်ကြီးများရှိရာကို လှည့်ကြည့်ပြီး မေးတယ်။ ခေါ်သံ မကြားရတော့ဘူး။ တောင်ကုန်းတစ်ကုန်းလုံး သစ်ကြီးတောတစ်ခွင်လုံး အပ်ကျသံကြားရအောင်ကို တိတ်သွားတာ။

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း ..."

"ဘာသံကြီးတုံးဟ"

"ရယ်သံနဲ့တူတယ်ဟေ့"

"ရယ်သံမဟုတ်ဘူးကွ။ ခပ်ထေ့ထေ့လှောင်သံမျိုး"

"မည်းကြီး ... လုပ်မနေနဲ့ ... ဆင်း"

"ထွန်ခြစ်ရေ ... ထွန်ခြစ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ … ခေါ်သံက အရှေ့ဘက်ကကွ။ နေဦး"

သတ္တိကောင်းတဲ့ ကိုရွှေမောင်းက ပုဆိုးတိုတိုပြင်ဝတ်ပြီး ဘုရားရဲ့အရှေ့ဘက်စူးစူးကို လှမ်းသွားတဲ့လို့ …

"အခုခေါ်တာ ဘယ်သူတုံးဟေ့"

"ထွန်ခြစ်ရေ … ထွန်ခြစ် …"

"ဟင် …"

"ဟ … ဟ … ဘယ်ရောက်သွားပြန်ပတုံးဟ"

"အနောက်ဘက်က ခေါ်ပြန်တာဗျာ"

"အနောက်ဘက်မှာများ လူရှိနေရော့လား"

"သွားကြည့်စမ်း"

ဒါနဲ့ ကိုရွှေမောင်း အရှေ့ကနေအနောက်ကို သွားပြီး ကုန်းပေါ်ကနေ အောက်ကိုငုံ့ကြည့်လို့ မေးလိုက်ပြန်ရော …

"ဟော့ … ခေါ်နေတာ ဘယ်သူတုံး။ လူလုံးပြလေကွာ"

"တိတ်သွားပြန်ပြီဟ"

"ရွှေမောင်း …"

"ဘာတုံး … မည်းကြီး"

"ယောကျ်ားခေါ်သံလား၊ မိန်းမခေါ်သံလားဟင်"

"အရှေ့ဘက်ကခေါ်တာ ယောကျ်ားသံ။ အနောက်ဘက်ကခေါ်တဲ့အသံက အသံစူးစူးကွ၊ မိန်းမသံနဲ့ တူတာပဲ"

"သူ့နှမဝမ်းကွဲ မြယာညိုတို့၊ မြယာပိုတို့များလားဟင်"

"ဟော့ … အခုခေါ်နေတာ မြယာညိုတို့လားဟေ့"

"ထွန်ခြစ်ရေ … ထွန်ခြစ် …"

"မြတ်စွာဘုရား …"

"မည်းကြီး … ငါတော့ မှုသကာတော့ဘူး သူငယ်ချင်း"

"ဟုတ်တယ် …။ အခုခေါ်တဲ့နေရာ ပြောင်းသွားပြန်ပြီ"

မကြာပါဘူးဗျာ …





အရှေ့ကနေ ထွန်ခြစ်ရေလို့ခေါ်လိုက်၊

အနောက်ဘက်အရပ်ကနေ ထွန်ခြစ်လို့ခေါ်လိုက်၊

ခေါ်ရာဘက်ကိုကြည့်နေရင်း လက်ဝဲလက်ယာဘက်ကပါ ထွန်ခြစ်ရေ … ခေါ်သံကြားရရော သုံးယောက်စလုံး ကြက်သီးမွေးညင်းထပြီး ခေါင်းနားပန်းတွေကြီးလာကုန်ရော …

"မည်းကြီး … ဆင်း … ဆင်း … မြန်မြန်ဆင်း"

"လဲမယ် … လဲမယ် … သတိထား"

"မရှိးဘူးဟေ့"

"ဟုတ်တယ် …။ ဥစ္စာစောင့်တွေရဲ့ ခေါ်သံလား၊ ကျတ်တွေရဲ့ ခေါ်သံလား မပြောနိုင်ဘူး"

သူတို့သုံးဦး မည်းကြီးက မေ့နေတဲ့ထွန်ခြစ်ကို ပခုံးပေါ်ထမ်းရင်း ဘုရားကုန်းဂဝံကျောက်လှေကားပျက်အတိုင်း တရကြမ်း ဆင်းလာလိုက်ကြတာ တောင်ခြေလည်းရောက်ရော ဟောဟဲလိုက်နေပြီ။

သည့်နောက် တစ်ယောက်တစ်လှည့် ထွန်ခြစ်ကိုထမ်းပြီး တောင်နှစ်လုံးကြား ကမ်းပါးယံကနေ အမြန်ပြန်ထွက်လို့ ရွာထဲကို အမြန်ဝင်ခဲ့လိုက်တယ်။

ရွာထဲက ထွန်ခြစ်အိမ်မှာ ထွန်ခြစ်ကို အသာချပြီး ခေါ်ကြ မေးကြ လှုပ်ကြ။

ထွန်ခြစ်ခေါင်းမှာ ဆံပင်တွေမရှိတော့ဘူး။

ဆံပင်အားလုံး မီးမြိုက်ခံရသလို လောင်ကျွမ်းပြီး ထွန်ခြစ်ရဲ့ မျက်နှာလည်း မည်းနေတယ်။

ဘယ်လိုမှ ခေါ်လို့လှုပ်လို့ မရသည့်အဆုံး အရှေ့ကျောင်းဘုန်းကြီးကျောင်းက ဘုန်းကြီးဦးသက်ပြင်းကိုခေါ်ပင့်၊ ရေစင်ရေမန်းများ တောက်ဖြန်းပြီးကုပေးမှ ထွန်ခြစ် ပြန်လှုပ်ရှားလာလို့ မသေဘူးဆိုပြီး အားလုံးဝမ်းသာကြရော။

"ထွန်ခြစ် … ထွန်ခြစ် …"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် … ထွန်ခြစ် … သတိရရဲ့လား … ဟင် … ဟင်"

"အင်း …"

"သတိရရင် မျက်စိဖွင့်စမ်း။ ဖွင့်လေ"

သူ မျက်စိကို တဖြည်းဖြည်းဖွင့်လိုက်ရော …

"အား …"

ပါးစပ်ကနေ 'အား' လို့အော်ရင်း မျက်နှာကို ညာလက်ဝါးနဲ့ကာလို့ ခေါင်းကိုယမ်းနေပါရော။

"ထွန်ခြစ် … ဘာဖြစ်လို့တုံး"

သူ မဖြေဘူး။

"မျက်စိမြင်ရရဲ့လား"

"အင်း …"

"မြင်ရရင် ဖွင့်လေ"

"ဟင့်အင်း …"

"ဘာဖြစ်လို့လဲဟင်။ ဟော့ကောင် … ဘာဖြစ်လို့ မဖွင့်ချင်တာတုံး"

"မျက်လုံးနာလို့လား"

"ဟင့်အင်း …"

"ဒါဆို မျက်လုံးကျိန်းလို့လား။ ဟုတ်လား …"

"အင်း … အင်း …"

"မင်းခေါင်းကဆံပင်က မီးလောင်လို့လား … ထွန်ခြစ် .. ဟင်"

"အင်း …"

"ဘယ်သူရှို့လို့တုံး"

မဖြေဘူး။ ခေါင်းကိုယမ်းနေတယ်။

"မီးလှုံရင်း အိပ်ပျော်သွားလို့ လောင်တာလား"

"ဟင့်အင်း …"





"ဒါဆို စုန်းမီးကြောင့်လား"

သူ မဖြေဘူး။ ဘုန်းကြီးကလည်း အမျိုးမျိုးစစ်မေးတယ်။ အဖြေအတိအကျမရဘူး။

သည့်နောက်ပိုင်း ထွန်ခြစ် လူမရှိချိန်မှာ ကျိုက်ဒေးဝတောင်ကုန်းကို မော့ကြည့်ပြီး တစ်ယောက်တည်း လက်ညှိုးတငေါက်ငေါက်နဲ့ ရန်တွေ့သလို၊ ရန်ဖြစ်သလို လုပ်နေလေ့ရှိတယ်။

သူ့အနီးကို လူတစ်ယောက်ယောက်ရောက်သွားရင် ပြောနေသည့်စကားကို တိခနဲရပ်လိုက်ပြီး မြေကြီးပေါ်မှာ တုတ်တစ်ချောင်းနဲ့ အင်းကွက်လိုအရာတွေကို လျှောက်ခြစ်ရေးနေတော့တာပဲ။

အင်းတော့ အင်းကွက်တွေပဲ။

ဘာအင်းကွက်လဲလို့လည်း မေးလို့မရဘူး။

လေးကွက်အင်းလည်းပါတယ်။

ခြောက်ကွက်အင်းလည်းပါတယ်။

အင်းကွက်တွေထဲမှာ ဂဏန်းတွေရော၊ အက္ခရာတွေရော စုံလို့။ အချို့က ထွန်ခြစ်ကို ဦးနှောက်ပျက်သွားပြီလို့ ဆိုကြတယ်။

အချို့က ထွန်ခြစ်ကို ကျိုက်ဒေးဝတောင်ပေါ်က ဥစ္စာစောင့်တွေ ပြန်မပြောနိုင်အောင် နှုတ်ပိတ်လိုက်တယ်လို့ ပြောကြတယ်။

အချို့ကတော့ …

ထွန်ခြစ်ကို ကျိုက်ဒေးဝကုန်းတန်းက စုန်းမ စုန်းမီးလုံးများက ပြုစားလိုက်တာလို့ ဆိုကြတယ်။

ဒါပေမင့် …

အင်းဆရာများ၊ စမဆရာများ၊ သိုက်ဆရာများ၊ ဗိန္ဓောဆရာများကတော့ ရှုးကြောင်ကြောင် ထွန်ခြစ်ရဲ့ မြေကြီးပေါ်က တုတ်ခြစ်အင်းစမများကို လစ်ရင်လစ်သလို ခိုးချောင်းကြည့်တယ်။

ချော့မေး မေးကြတယ်။ ပိုက်ဆံနဲ့ စားစရာပေးမေးကြတယ်။

မေးမယ်ဆိုလည်း မေးစရာပဲလေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ထွန်ခြစ်ဆိုတာ ဘုရားကုန်း တစ်ရွာတစ်ရပ်လုံးသိတဲ့ အရက်သမား၊ အသောက်သမားဥစ္စာ။

ဘုရားရှိခိုးလည်း မရဘူး၊ ဥပုသ်စောင့်ဖို့ခေါ်ရင် မလိုက်ဘူး။ တရားနာဖို့ခေါ်ရင် အမြဲခေါင်းယမ်းတယ်။ သံဃာတွေကို ဦးကုန်းမချဘူး။

အရက်ဆိုင်တွေ့ရင် အဖေ့အိမ်လို သဘောထားတယ်။

အရက်သောက်ရရင် မင်းဆိုက်တယ်လို့ မဟုတ်မမှန်ပြောတယ်။

မသာအိမ်တကာ လျှောက်သွား ဖဲရိုက်တယ်။ ရှုံးရင် မသာအိမ်မှာ ညအိပ်မယ်။ မသာအိမ်က ပဲကုလားဟင်းကို ရက်လည်အောင်စားမယ်။ အကောက်ခွက်ကပိုက်ဆံကို နှိုက်မယ်။

နိုင်တဲ့လူဆီက လက်ဖက်ရည်ဖိုး (ခေါ်) အရက်ဖိုးတောင်းမယ်။

အဖော်ကောင်းရင် သချိုင်းကုန်းမှာအိပ်မယ်။

လောင်းကြေးစားကြေး ပိုက်ဆံများရမယ်ဆိုရင် အစိမ်းသေမသာနဲ့ တစ်ညဖက်အိပ်တဲ့ကောင်။

သရဲမကြောက်ဖူး။ တစ္ဆေမကြောက်ဖူး။ စုန်းတို့ကဝေတို့ မကြောက်ဖူး။ ကျတ်ကုန်းမှာ ညသန်းခေါင်း ထမင်းသွားစားတယ်။

အင်းအိုင်ခါးလှဲ့၊ လက်ဖွဲ့၊ ဆေးဝါးမန္တရား၊ သိုက်စာတို့၊ တဘောင်တို့ စနည်းတို့ အလိုမရှိဘူး။ အယုံမရှိဘူး။

ခု ကြည့်စမ်း ...။

အဲဒီလို လူပေလူရွတ်က ကျိုက်ဒေးဝကုန်းပေါ် စုန်းမြူး မိုးမြူးတဲ့ညတုန်းက စုန်းမချောချော၊ ဥစ္စာစောင့်ချောချောတွေ့ချင်လို့ သွားကြည့်ရင်း ...

ရူးသွပ်သလို ဖြစ်သွားတဲ့ ထွန်ခြစ်၊

ဦးနှောက်ပျက်သလို ဖြစ်သွားတဲ့ ထွန်ခြစ်၊

အဲဒီထွန်ခြစ်က သူတစ်ခါမျှ မမြင်ဖူး၊ မရေးဖူး၊ မသင်ဖူးတဲ့ အင်းတွေဘာတွေကို မြေပြင်မှာ သဲပြင်မှာ တုတ်နဲ့ရေးခြစ်ပြီး ...

ဟောဒါ သူဌေးအင်း၊





ဟောဒါ ရေအင်း၊

ဟောဒါ မီးအင်း၊

ဒါက လေမုန်တိုင်းအင်း၊

ဒါက မီးငြိမ်းအင်း၊ လေငြိမ်အင်း၊ ကဝေနှိမ်အင်း။

ဒါ ... သိဒ္ဓိပေါက်အင်း။ ဟောဒါက ကာယသိဒ္ဓိရွှေကြာအင်း။ ဒါ က ပြန်ပေါင်းခတ်ရိုက်အင်း၊ ဈေးခေါ်အင်း၊ ကုန်ရောင်းအင်းဆိုပြီး သူတစ်ခါမျှမကြားဖူးတဲ့ အင်းတွေအကြောင်း ပါးစပ်ကပြောနေတော့ ...

သူပြောပြနေတာ ကျွဲကျောင်း၊ နွားကျောင်းသားတွေကိုပဲ။

ဂမ္ဘီရဆရာ့ဆရာတွေ၊ အရူးထွန်ခြစ်ကို စိတ်ဝင်စားလာကြတာပေါ့။

'တစ်ခါ ရွာလယ်ခေါင် ခေါ်ပြင်ကွင်း သိမ်အဆင်းမှာ ရွှေကိုးတင်း' ဆိုတဲ့သိုက်စာကလည်း ပေါ်နေတယ်လေ။

'ကြက်တွန်သံကြား ချုံအောက်နား ... ဘုရားစံပယ် ကြာလှုပြီ၊
ရွှေစင်ရွှေသား မြတ်ဘုရား ... ချစ်သားရဟန်း ပေါ်လိမ့်မည်၊
ပေါ်တော်မူဘုရား မပြစ်မှားနှင့် ... ပြစ်မှားသည့်လူ အပယ်ပူ
နေဆယ်ဆူလို လောင်မြိုက်မည်'

ဆိုတဲ့ တဘောင်အဆန်းနှစ်ခုက နေရာတိုင်းမှာ လူတိုင်းရွတ်နေတဲ့ လင်္ကာလို ဖြစ်နေတာကိုး။

အခု အင်းအကြောင်းမသိသူက ကျိုက်ဒေးဝတောင်ပေါ်မှာ အမှားတစ်စုံတစ်ရာပြုမိရာက ဘယ်လိုအကြောင်းဆက်လို့လည်းမသိဘူး။ အင်းတွေရေးပြီး လူလာတာနဲ့ အမြန်ဖျက်နေတာမို့ ...

သိုက်ဆရာတွေကလည်း စိတ်ဝင်စားလို့ မေးကြရဲ့။

ဂမ္ဘီရဆရာတွေကလည်း ထွန်ခြစ်ကို စိတ်ဝင်စားကြရဲ့။

အင်းဝိဇ္ဇာဆိုသူ ဆရာကြီးတွေကလည်း ချော့လို့မေးကြရဲ့။

ဘယ်လိုမေးမေး ...



www.burmeseclassic.com

www.burmeseclassic.com



ထွန်ခြစ်က သူကြုံခဲ့ရတဲ့ ဖြစ်ရပ်ဆန်းကြယ်ဘဝကို တစ်လုံးတစ်ခွန်းမပြောဘူး။ ဘယ်သူနဲ့မှလည်း စကားမပြောတော့ဘူး။

ဘယ်သူ ဆေးကုတာမှလည်း မခံယူဘူး။

အဲ ... တစ်ခုပဲရှိတယ်။ လူလစ်ရင် လူရှင်းရင် ဟိုခပ်ဝေးဝေးမှာမြင်ရသည့် ကျိုက်ဒေးဝတောင်ကို လက်ညှိုးထိုးပြီး စကားတွေ တိုးတိုးပြောနေတယ်။ ကြိတ်ရယ်တယ်။ ပြီး ... တောက်ခတ်တယ်။

လပြည့်လကွယ်ညမျိုး တောင်ပေါ်မှာ မီးလုံးမီးစုန်းတွေ ကစားလှုပ်ရှားနေတာမြင်ရင် အံကြိတ်ပြီး ရန်တွေ့စကားတွေပြောရော ...

ပြောတာတောင် လူမြင်မှာစိုးလို့။

ကျိုက်ခေါက်ဘုရားအနောက်ဘက်က ကျိုက်မောရစေတီခေါ် ကျွဲနှိုးဘုရားပေါ်ကနေ ကြိမ်းဝါးစကားတွေ ပြောနေတာ။

အဲဒါ ချောင်းနားထောင်သူ ကြားလို့သိရတာ။

"နင်တို့လက်ဦးတော့ နင်တို့လုပ်ထားကြဦးပေါ့ဟာ"

"ငါ့အလှည့်ရောက်ရင် မျက်ရည်မကျနဲ့ဟေ့"

"နင်တို့အကြောင်းတွေ ငါသိတယ်။ ကြားလား ..."

"နင်တို့ဘာလဲ ... နင်တို့ကိုယ်နင်တို့ အသိဆုံး"

"ငါဘာလဲဆိုတာလည်း ငါ့ကိုယ်ငါ အသိဆုံးပဲ"

"ငါ တစ်နေ့ တောင်နှစ်လုံးကြားကို လာခဲ့မယ်"

"ကျိုက်ဒေးဝတောင်မြေကို အရောက်လာခဲ့မယ်"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... အခု ငါ ပညာသင်နေတယ်။ စုန်းနိုင်ဆေး၊ ကဝေနိုင်ဆေး၊ ပညာသည်နိုင်ဆေးကို ရှာနေတယ်။ နင်တို့ တစ်နေ့ ငါမီးကျွမ်းသလို ကျွမ်းရစေ့မယ်ဟေ့။ ဟား ဟား ... ဟား ... ဟား ... ဟီး ... ဟီး ... ဟီး ... ဟီး ... အဟား ဟား ... ဟား ... ဟား ..."

✿ ✿ ✿

[ ၁၀ ]

## အဆိပ်ပြယ်ဆွန်းကြီး

❑

မှဆိုးနုပ်ချီး ဒီတောင်ကုန်းရဲ့ ဖြစ်ရပ်ဆန်းကြယ်တွေကို စဉ်းစားပြီး ထွန်ခြစ်ကို ပြေးမြင်သတိရလိုက်တယ်။

ခုလည်း ရယ်သံကြားနေရတယ်။ လူရိပ်လူယောင်မြင်ရဘူး။

"ခစ် ... ခစ် ... ခစ် ..."

"အဟတ် ... အဟတ် ... အဟတ် ..."

"အို ... အဟား ... ဟား ... ဟား ... ဟား ..."

ဟော ... ကြားနေပြန်ပြီ။ ဒါ လူရယ်သံမှ လူရယ်သံအစစ်။ မိန်းကလေးတစ်အုပ်တစ်စုရဲ့ ရယ်သံ။ မိန်းမကြီးတွေရဲ့ ရယ်သံမျိုးမဟုတ်ဘူး။

မိန်းမပျိုအရွယ်ကောင်းအချို့ရဲ့ ရယ်သံ။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးတစ်ယောက်အနေနဲ့ အသံကိုနားထောင်ပြီး ခန့်မှန်းလို့ရတယ်။ ချွတ်ခနဲနင်းသံက အနီးလား၊ အဝေးလား၊ အကောင်ကြီးရဲ့ ခြေနင်းသံလား၊ သားကောင်အသေးရဲ့ ခြေနင်းသံလား။

ချောင်းမြောင်းနေတဲ့ ခြေနင်းသံလား၊

နောက်ဆုတ်ပြေးတဲ့ ခြေနင်းသံလား၊

ခုန်အုပ်မလို့အရှိန်ယူတဲ့ ခြေနင်းသံလား၊

မုဆိုး 'နှပ်ချီး' က ကျွမ်းနေပြီလေ။ အသံကိုကြည့်ပြီး ခွဲခြားခန့်မှန်းတတ်တယ်။

အခုဟာက နည်းနည်းထူးတယ်။

ရယ်သံကြားရတယ်။ ကြားရသမျှ ခိုးခိုးခစ်ခစ်ရယ်သံကနေ ဟားတိုက် အားရပါးရရယ်သံအထိ ကြားနေရတာ။

အရှေ့ကလိုလို၊ အနောက်ကလိုလို။

တောင်ကလိုလို၊ မြောက်ကလိုလို။

ကြည့်ရတာ သူ့အစုနဲ့သူတို့ တောပန်းရှာကြတာလား။ တောစာဟင်းစား ရှာကြတာလား။ ဒါမှမဟုတ် ဘုရားဖူးလာကြသလား။

မရမ်းပင်ကိုကွယ်ပြီး ဒူးလေးကိုကိုင်လို့ မျက်နှာတစ်ခြမ်းဖော်ပြီး အသာ ချောင်းမြောင်းနေတုန်း ...

"ဖရူး ..."

"ဟာ ..."

အလို ... ချေတစ်ကောင်ပါလား။ သူ့လက်ယာဘက်ချုံကနေ အလန့်တကြားတိုးထွက်ပြီး ကျိုက်ဒေးဝဘုရားကုန်းပေါ်ကို ထိုးတက်ပြေးသွားတာ ဟန်ကျပြီ။

တစ်မနက်လုံး ဘာသားကောင်မှ မရသေးဘူး။

ချေက တော်တော်ကြီးတယ်။ နှပ်ချီး ဒူးလေးကိုကိုင်ပြီး ဘုရားကုန်းပေါ်ကို ခုန်တက်လိုက်တယ်။





ကုန်းရင်ပြင်က အကျယ်ကြီး။ ထုံးမည်းခြောက်နေသည့် စေတီက ကုန်းပေါ်သစ်ပင်ကြားမှာ အိုမင်းငုတ်တုတ်ထီးထီးကြီး။

ကြည့်လိုက်တော့ ...

ချေက ဘုရားကုန်းပေါ်က သဖန်းပင်အောက်မှာ သဖန်းသီးမှည့်ကြွေစာကို ကောက်စားနေတာကိုး။

ဟန်လိုက်လေဗျာ ...

သူ ... ဒူးလေးမြောင်းပေါ်ကို အဆိပ်လူးမြားတစ်စင်းတင်ပြီး လေးညို့ကို ဆွဲတင်ချိန်လိုက်တယ်။

လက်ပြင်နောက်နားကို ချိန်လိုက်ပြီး နှလုံးသားရှိရာကို မြားလွှတ်ဖို့ ကြိုးစည်ချိန်မှာပဲ ...

သူ့ရဲ့ ခလုတ်ဖြုတ်မည့်ညာလက်ကို နောက်ကနေဆွဲလိုက်သလို ခံစားရလို့ ကြည့်လိုက်တော့ ဘာမှမရှိဘူး။

ဒါနဲ့ ဒူးထောက်ပြီး နေရာပြင်လို့ ချိန်လိုက်တယ်။

ကျောကုန်းကို နောက်ကနေ လာပုတ်လိုက်တာ။ ဒါနဲ့ ဒေါပွပြီး နောက်ပြန်လှည့်ကြည့်တယ်။ ဘယ်သူမှ မရှိပါဘူး။

ဒါပေမင့် ပုတ်လိုက်တာ၊ ဆွဲလိုက်တာ သိသိသာသာကြီး။

ဘာတွေမှန်းကို မသိရဘူး။ တောက် ... ဒါနဲ့ စိတ်ထဲကနေ ရေရွတ်လိုက်တယ်။

"ဘာသောက်ဟိုဒင်းတွေက လာနှောင့်ယှက်နေတုံးမသိဘူး"

နောက်ဘက်က အနှောင့်အယှက်များကို ဥပေက္ခာပြုလိုက်ပြီး စိတ်ကြိုက်အစာစားနေသည့် ချေရှိရာကိုချိန်ပြီး ခလုတ်ကို ညှစ်ချလိုက်တယ်။

"ဒေါင် ..."

"ရှီး ..."

"ဒုတ် ..."

"ကျီ ... အိ ... အစ် ... အစ် ... အစ် ... ကျိုး ..."

"ဝရော ... ဝရော ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ...ဖြောင်း ..."

မြားက ချေရဲ့နှလုံးသားရှိရာကို စူးဝင်သွားတာ တစ်ချက် ကျီခနဲ ခုန်ပြီး ဘုရားကုန်းအောက်မြေပြင်ကို ပြုတ်ကျသွားသည့်အသံ ကြားရလို့ ပြေးလိုက်ကြည့်ရော ...

ဘုန်းကြီးအိုကြီးတစ်ပါးရဲ့ရှေ့မှာ မြားတန်းလန်းနဲ့ သားကောင်။

ဘုန်းကြီးအိုကြီးရဲ့အသက်ကို ဘယ်လိုခန့်မှန်းရမှန်းမသိဘူး။ အသားမည်းနက်ကြုတ်ကြုတ်နဲ့ ပါးရေနားရေ လက်ရေကိုယ်ရေတွန့်နေသည့် ဘုန်းကြီးအိုကြီး။

အသက် (၉၀) လည်း မကဘူး။

(၁၀၀) လောက်မှာ ရှိမလားမသိဘူး။

တစ်ရာလည်း ကမည်မဟုတ်ဘူး။ အသက်က အတော်ကြီးကို ကြီးအိုရှုံ့တွနေတာ။

"ဒကာကြီး ...ပစ်လိုက်တာလား"

"ဟုတ်တယ်"

"ဘာလို့ ခွေးကို လေးနဲ့ပစ်ရတာတုံး ဒကာ"

"ဗျာ ...ဘယ်လို ...ဘယ်လို ..."

"အပြစ်မဲ့တဲ့ခွေးကို ဘာလို့ လေးနဲ့ပစ်ရတာတုံး"

"ခွေးမဟုတ်ဘူး ဘုန်းကြီး ...ချေ ...ချေ ...ချေ ..."

"ခွေးပါ ...ဒကာ။ ဒီမှာ သေသေချာချာကြည့်စမ်းပါ။ ခွေးမှ နေ့စေ့လစေ့နဲ့ ခွေးမကြီး။ ကြည့် ..."

"ဟင် ..."

ချေကိုများ ခွေးတဲ့။ ခွေးမှ ဗိုက်နဲ့ နေ့စေ့လစေ့ မွေးကာနီးခွေးမကြီးတဲ့။ ဒါနဲ့ မုဆိုးနုပ်ချီး ရှုံ့တွဘုန်းကြီးအိုကြီးကို မကျေမနပ် တစ်ချက် စိုက်ကြည့်ပြီး ...

ဘုန်းကြီးဖြစ်ပြီး ငါ့ကိုလိမ်ပြောချင်တယ်။ ချေကိုများ ခွေးမတဲ့။

"မုဆိုးလုပ်စားလာတာ အနှစ်သုံးဆယ်ပြည့်တော့မယ်။ ချေခေါင်း





တောင် တင်းတောင်းနှစ်တောင်း အပြည့်ရပြီးဥစ္စာ။ အလကားဘုန်းကြီး၊ လူညာကြီး။ ဖွီ ..."

ဒီလိုရေရွတ်ပြီး ...

ဘုန်းကြီးရှုံ့တွအိုမင်းရင့်ရော်ကြီးရဲ့ ခြေရင်း မြက်ပင်များကြားက မြားတန်းလန်းနဲ့ အသက်ငင်နေတဲ့ သတ္တဝါ (ချေ)ကို ဒူးထောက်ငုံ့ ကြည့်လိုက်ရော ...

"ဟင် ..."

"ဟ ...ဘယ်လိုဖြစ်ရတာတုံး"

"တွေ့ပြီလား ...ဒကာ"

"ကျုပ်ပစ်လိုက်တာ ချေမှ ချေအစစ်။ ဘုရားကုန်းပေါ်ကို အောက်ခြေဂဝံလှေကားထစ်ကနေ သူ စွေ့စွေ့ခုန်ပြီး သဖန်းသီးမှည့်စားနေတုန်း ပစ်လိုက်တာ"

"ဒကာ ..."

" ....."

"မြားတန်းလန်းနဲ့ သေငယ်ဇောမြောနေတာ ခွေးလား၊ ချေလား သေသေချာချာကြည့်။ ကြည့်လေ ...။ ပြော ...ဘာကောင်တုံး"

"ခွေး ..."

"ဘာခွေးတုံး"

မုဆိုးနုပ်ချီး မပြောတော့။ ချေစင်စစ်ကနေ ဗိုက်နဲ့ခွေးမကြီးဘဝ ပြောင်းသွားတာကို အံ့ဩထူးဆန်းလို့ မဆုံးဘူး။

မှားစရာ အမြင်မှောက်စရာအကြောင်း ဘာမှမရှိဘူး။

မုဆိုးလုပ်သက်က ကလေးဘဝကတည်းက အဖေနဲ့ ဒီတစ်တောလုံး မွှေနှောက်ဖူးတယ်။

အခု ကြည့်စမ်း။

ချေစင်စစ်ကနေ ဗိုက်နဲ့ခွေးမကြီးဖြစ်နေပြီ။ မုဆိုးနုပ်ချီး ဘုန်းကြီးရှုံ့တွအိုမင်းကို မယုံသလို ယုံသလို ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှားပြီ ဒကာလူကလေး"

"သူက ဖိုးကြီးနဲ့"

"အထဲကလေးတွေလည်း မင်းကြောင့် သေရမလားမသိဘူး"

"ကျုပ် မတတ်နိုင်ဘူး။ သေနေ့စေ့လို့ သေရမှာ"

"မင်း မကယ်နိုင်ဘူးလား"

"ဘယ်လိုလုပ် ကယ်ရမှာတုံးဗျ"

"အဆိပ်ဖြေဆေး မပါဘူးလား"

"မပါဘူး။ ရှိလည်းမရှိဘူး"

"ဒကာ ... ဒီခွေးမကို ယူသွားမှာလား"

"ဘာလုပ်ရမှာလဲ ချေမှမဟုတ်တာ။ ခွေးသား ဒီအရပ်မှာ ရောင်းလို့မရဘူး"

"ဒါဆို သွားတော့"

နပ်ချေးလည်း ဒေါပွပွနဲ့ အသက်ဆန့်ငင်ဆန့်ငင်ဖြစ်နေတဲ့ ခွေးပြောက်မကြီးနဲ့ ဘုန်းကြီးရှူ့တွကို နှာခေါင်းတစ်ချက်ရှုံ့ကြည့်ပြီး ထုံးခြောက်ဘုရားရဲ့တစ်ဖက်ကို ထွက်လာခဲ့လိုက်တယ်။

စိတ်ထဲမှာလည်း အတော့်ကို မချင့်မရဲဖြစ်နေတယ်။

ချေကနေ ဘယ်လိုလုပ် ဖိုးနဲ့ခွေးမ ဖြစ်သွားရတာလဲ။ အို ... စဉ်းစားနေလည်း ဦးနှောက်ခြောက်တာပဲရှိမယ်။ ဒီတောက နည်းနည်းထူးခြားဆန်းကြယ်တော။ ကုန်း ... တောင်ကုန်းဥစ္စာ။

တောခြောက်တာလား။

တောမှောက်တာလားပဲ။

ရယ်သံတွေကြားရပြီး လူလုံးလူကောင် မမြင်ရတာ ကြည့်လေ။

ဒီလိုနဲ့ ဘာများ ထူးထူးခြားခြား တွေ့ရဦးမလဲဆိုပြီး ထုံးခြောက်ဘုရားစေတီကို တစ်ပတ်ပတ်လိုက်ရော စောစောကနေရာမှာ ..

"ဟင် ..."

"ဟာ ..."





"အလိုလေး ... ဟုတ်နိုင်ပါ့မလား"

မုဆိုးနပ်ချေး မြင်လိုက်ရတာ ခွေးတစ်ကောင်နဲ့ ဘုန်းကြီးတစ်ပါး။

ဘုန်းကြီးက အသက်ကို ခန့်မှန်းလို့မရတဲ့ ...

စောစောက ဘုန်းကြီးအိုကြီးရှူ့တွ ...

ထူးဆန်းတာက သူ့ညာလက်ထဲမှာ မုဆိုးနပ်ချီးပစ်လိုက်တဲ့ မြားတစ်ချောင်းကိုင်လျက်သား။

ဒါထက် ပိုပြီးထူးဆန်း အံ့ဩဖို့ကောင်းတာက ...

စောစောတုန်းက သူပစ်လိုက်လို့ မြားမှန်ထိပြီး သေအံ့မူးမူး အကြောဆွဲနေတဲ့ ဖိုးနဲ့ခွေးမကြီးဟာ ...

ကြည့်စမ်း ...

အသက်မသေဘဲ ဘုန်းကြီးအိုကြီးနံဘေးမှာ မတ်တတ်ကုန်းထရပ်လို့ ဖိုးတွဲလောင်းနဲ့ခွေးမကြီးဟာ မြားဒဏ်ရာနေရာကို လျှာနဲ့လျက်ပြီး ဘုန်းကြီးအိုကြီးကို ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာ၊ မျက်ရည်ရွှဲရွှဲမျက်လုံးနဲ့ကြည့်လိုက် ...

သွေးစီးဒဏ်ရာကို လျှာနဲ့လျက်လိုက် လုပ်နေတယ်။

ဘုန်းကြီးရှူ့အိုကြီးက မြားကိုကိုင်ရင်း ဖိုးနဲ့ခွေးမရဲ့ခေါင်းကို အဆိပ်လူးမြားနဲ့ သပ်ချပေးလိုက်၊

မြားပေါက်ဝဒဏ်ရာကို မြားနဲ့ပိုင်းရစ်လိုက်၊ သပ်ချလိုက်လုပ်နေတာကို အံ့ဖွယ်မြင်လိုက်ရတယ်။ အံ့အံ့ဩဩနဲ့ ကြည့်နေတုန်းမှာပဲ ဒဏ်ရာအပေါက်ဝကနေ အဆိပ်နဲ့သွေးမည်းမည်းများ စီးကျလာနေတာကို မြင်ရတယ်။

ခွေးမက အဆိပ်နဲ့သွေးမည်းများကို လျှာနဲ့လျက်မလို့လုပ်တော့ ဘုန်းကြီးအိုကြီးက ခွေးရဲ့ဦးခေါင်းကို မြားတံနဲ့ထောက်ဖိပြီး မလျက်နိုင်အောင် တားထားလိုက်တာ ...

သွေးဆိပ်သွေးမည်းများ စီးကျလို့ကုန်ရော ...



www.burmeseclassic.com

www.burmeseclassic.com



မြားဆိပ်သင့်ခွေးမကြီးလည်း ဖိုးတွဲလောင်းနဲ့ လုံးဝကို ထရပ်နိုင်ပါရော။ နှပ်ချီး အံ့ဩလွန်းလို့ ဘုန်းကြီးအိုနဲ့ ခွေးရှိရာကို ချဉ်းကပ်သွားလိုက်တယ်။

''ဘုန်းကြီး ... ဘုန်းကြီး ...''

''အ ... ရှင် ... ဘု ... ရား ...''

ဘယ်လိုခေါ်ခေါ် ဘုန်းကြီးအိုကြီးက သူ့ကို လှည့်မကြည့်ဘူး။

စကားလုံးဝမပြောဘူး။ မြားကို ချိုးပစ်ပြီး ချိုတစ်ခုထဲကို လွှင့်ပစ်လို့ ဂဝံအုတ်လှေကားအတိုင်း တောအုပ်ရှိရာကို ရှေးရှုဆင်းနေတယ်။

''အရှင်ဘုရား ... ရပ်ပါဦး''

''ခဏလေး ရပ်ပါဦး''

''ဒီခွေးမကိုယ်ပေါ်က မြားဆိပ်ကို အရှင်ဘုရား ထုတ်ပစ်လိုက်တာလား''

''ဘယ်လိုထုတ်လိုက်တာတုံး''

''အရှင်ဘုရား ဘယ်မှာနေတုံး''

မေးလို့မရဘူး။ အရွယ်နဲ့မလိုက်အောင် ခြေလှမ်းတွေက မြန်နေတယ်။ ဘုန်းကြီးအိုကြီးနောက်ကနေ ဖိုးနဲ့ခွေးမကြီးလည်း တကောက်ကောက်လိုက်နေတယ်။

ဒါနဲ့ ထူးဆန်းအံ့ဩလွန်းလို့ မုဆိုးနှပ်ချီးက ရှေ့ကပိတ်ရပ်ပြီး လက်အုပ်ချီရှိခိုးလို့ တောင်းပန်မေးမြန်းတယ်။

''အရှင်ဘုရား ... တပည့်တော် မှားပါပြီဘုရား။ တပည့်တော် တောင်းပန်ပါတယ် ဘုရား။ အရှင်ဘုရား ဘယ်အရပ်၊ ဘယ်ကျောင်းမှာ နေပါသလဲဘုရား''

''ဒကာ ...''

''မှန်ပါဘုရား''

''ဒီတောင်ပေါ်မှာ သူ့အသက်မသတ်နဲ့''

''မှန်ပါဘုရား''





''သူ့ဥစ္စာလည်း မခိုးနဲ့။ ဘုရားပစ္စည်းလည်း မယူနဲ့''

''မှန် ...''

''ကာမဂုဏ်ကိစ္စ ဒီဘုရားနယ်မြေမှာ မလုပ်မိစေနဲ့''

''မှန်ပါ''

''ဒီဘုရားကုန်းမြေမှာ မုသာဝါဒ လိမ်ညာမပြောနဲ့''

''မှန်ပါဘုရား''

''ဒီဘုရားပေါ်မှာ သေရည်သေရက် မသောက်နဲ့''

''မှန်ပါဘုရား''

''ဒါပဲ။ သွားတော့''

''အို ... ဟို ... အရှင်ဘုရား ... ဘွဲ့အမည်လေး''

''မမေးနဲ့''

''အရှင်ဘုရား ... ဘယ်ကျောင်းမှာနေ ...''

''အဲဒါ ဒကာသိဖို့ မလိုဘူး''

''သိပါရစေဘုရား''

''သိပ်သိချင်နေလို့လား''

''မှန်ပါဘုရား''

''ဘုန်းကြီးကို နောက်ကျောခိုင်းလိုက်''

''ဗျာ ... ဗျာ ...''

''နောက်ကျောခိုင်းလိုက်။ ခဏနေမှ လိုက်ခဲ့''

ဒါနဲ့ ဘုန်းကြီးအိုကြီးနဲ့ ဖိုးနဲ့ခွေးမကို နောက်ကျောခိုင်းပြီးနေလိုက်တယ်။ စိတ်ထဲကလည်း တစ်၊ နှစ်၊ သုံး၊ လေး၊ ငါးကို ရေတွက်နေလိုက်တယ်။

''တစ် ... နှစ် ... သုံး ... လေး ... ငါး ... ခြောက် ...''

''ခုနစ် ... ရှစ် ... ကိုး ... တစ်ဆယ် ...''

''လှည့်ကြည့်မှပဲ''

အသံမကြားရလို့ နောက်ကျောဘက် လှည့်ကြည့်လိုက်ရော ...



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ..."

"မရှိတော့ဘူး"

ဘုန်းကြီးအိုကြီးရော၊ ဖိုးနဲ့ခွေးမရော လုံးဝကိုမရှိတော့ဘူး။ နံဘေးမှာ သစ်ပင်ကြီးတွေနဲ့ ချုံနွယ်ပိတ်ပေါင်းများပဲရှိတယ်။ ဒါနဲ့ ဟိုဟိုဒီဒီလိုက်ရှာကြည့်သေးတယ်။

ချုံက တိုးလို့မလွယ်တဲ့ချုံ။ သစ်ပင်ကတော့ အပြိုင်းအရိုင်း။ တောလမ်းမရှိဘူး။ လှည်းလမ်းမရှိဘူး။ ဘယ်ဘက်ကိုရောက်သွားမှန်း မသိဘူး။

ဒါနဲ့ သစ်ပင်ကြီးတွေကြားကနေ ဝဲယာလှည့်ပတ်ကြည့်ပြီး ကျောင်းသင်္ကန်းများ တွေ့လို့တွေ့ငြား လိုက်ရှာတယ်။

ဘာမှမရှိဘူး။

ဒါနဲ့ ရေစပ်စပ်ချောင်းလေးကို ရောက်ရော ... ခြေရာတွေ့ရပါရော။ ခြေရာက နည်းနည်းနောနော ခြေရာလား။ လူခြေရာတော့ လူခြေရာပဲ။ သို့သော် လူ့သာမန်ခြေရာရဲ့ နှစ်ဆကြီးတဲ့ခြေရာ။

ဒါ ဘုန်းကြီးရဲ့ ခြေရာပဲလား။

ဒါနှင့်အတူ ခွေးခြေရာလည်း မှဆိုးနှပ်ချီး တွေ့လိုက်ရတယ်။

ရေစပ်မှာ လှေမရှိဘူး။ ဖောင်မရှိဘူး။ ဟိုဘက်ကမ်းမှာလည်း လူရော၊ တိရစ္ဆာန်ရော မတွေ့ရဘူး။ သစ်ကြီးတော၊ ဝါးကြီးတောနဲ့ ကုန်းတန်းကုန်းရိုး၊ တောင်ကမ်းပါးလို ကုန်းရိုးအချို့ပဲ မြင်ရတယ်။

ဒါနဲ့ စူးစမ်းချင်လို့ ရေထဲအသာဆင်းကြည့်တယ်။

အလို ... ရေအနက်က ကမ်းစပ်မှာတင် လူတစ်ရပ်မြုပ်လို့ပါလား။

ဘုရားရေ ...

ဟို ... ဘုန်းကြီးအိုကြီး ဒီချောင်းကို ဘယ်လိုကူးသွားပါလိမ့်။

လူစင်စစ်မှာဟုတ်ရဲ့လား။

ဝိဇ္ဇာများလား၊ နတ်များလား။ ဒါမှမဟုတ် တန်ခိုးကြီးတဲ့ နာနာဘာဝများ လူယောင်ဖန်ဆင်းပြီး ပညာလာပြနေရော့လား။





ဒါမှမဟုတ် ...

သူတော်စင်ရဟန္တာလို ပုဂ္ဂိုလ်မျိုးများလား။

ဒါနဲ့ မှဆိုးနှပ်ချီး ဟစ်ခေါ်ကြည့်လိုက်တယ်။

"အရှင်ဘုရား ... အရှင်ဘုရား ..."

"ကိုယ်တော် ... ကိုယ်တော် ..."

"ဘုန်းဘုန်းဘုရား ... ဘုန်းဘုန်းဘုရား ..."

ပြန်ထူးသံတော့ မကြားရဘူး။ ဒါပေမဲ့ တောရိပ်တောင်ကုန်းသံနဲ့ ပဲ့တင်သံပြန်လာပြီး ငြိမ်သွားတယ်။

ငြိမ်သွားတော့ တွေ့ချင်လွန်းလို့ ပြန်အော်ခေါ်တယ်။ ပဲ့တင်သံပြန်လာတယ်။ ပြီး အသံ ပြန်ငြိမ်သွားတယ်။ သူလည်း မောဟိုက်နေပြီ။ ဒါနဲ့ လှည့်ပြန်မလို့ ပြင်လိုက်ရော။

"အရှင်ဘုရား ..."

"အရှင်ဘုရား ..."

"ဟင် ..."

"ကိုယ်တော် ... ကိုယ်တော် ..."

"အလို ... ခေါ်သံပါလား"

"အရှင်ဘုရား ... အရှင်ဘုရား ..."

"အလိုလေး ... ခေါ်သံတွေက အရပ်လေးမျက်နှာကပါလား။ ဘုရား ... ဘုရား ... ငါ့ ... ငါ့ကို တောခြောက်ပြီ ပြေးမှပဲ"

"အရှင်ဘုရား ... အရှင်ဘုရား ..."

"ကိုယ်တော် ... ကိုယ်တော် ..."

"ဟေး ... ဟေး ... ဟေး ... ဟေး ..."

"ဟား ... ဟား ... ဟား ... ဟား ..."

"အရှင်ဘုရား ... အရှင်ဘုရား ..."

ကျိုက်ဒေးဝတောထဲက မလွတ်မချင်း ထူးဆန်းသည့်ခေါ်သံများကို ကြားနေရတယ်။ ကြားနေရရုံမကဘူး ခေါ်သံတွေက သူ့ရဲ့ရှေ့နောက်



www.burmeseclassic.com

www.burmeseclassic.com



ဝဲယာကနေ ပိတ်ဆို့ပန်းလိုက်ဖြစ်နေလို့ သူ ကြောက်လန့်ပြီး ပြေးလိုက်တာ ပုဆိုးကွဲ ဒူးပြဲပဲ။

ဟူး . . . သူ့အဖြစ်က အရက်သမားကိုထွန်ခြစ်ကြုံရသည့် အဖြစ်မျိုး။

ကြောက်စရာကောင်းလိုက်တာ။

မကောင်းဆိုးဝါး နာနာဘာဝတွေပဲလား။

တောစိုး၊ တောင်စိုး၊ ရုက္ခစိုးကြီးများ လှန့်တာပဲလား။

ဒါမှမဟုတ် ဥစ္စာစောင့်တွေများ သူ့ကို စိတ်ချောက်ချားအောင် သူ့အသက်မသတ်ရဲအောင် ပညာပြနေကြတာလား။

ဒါမှမဟုတ် . . . ကျတ်တွေများ လူယောင်ဖန်ဆင်းခြောက်လှန့်နေရော့လား။

အဖေမုဆိုးကြီးပြောဖူးသည့် စကားကို ကြားရဖူးတယ်။

"သား . . . တောထဲကိုသွားရင် ရောက်ရင် နာမည်မခေါ်နဲ့။ လူခေါ်သံမပြုနဲ့"

"ဘာပြုလို့တုံး အဖေ"

"တောထဲမှာ သင်းခွေချပ်ဆိုတာရှိတယ်"

"သင်းခွေချပ်က ကြောက်စရာမို့လို့လား အဖေရ"

"ဟ . . . သင်းခွေချပ်က ပိုကြောက်စရာကောင်းတာပေါ့ဟ"

"အဲဒါဆို ပြော . . . အဖေ"

"သင်းခွေချပ်ဆိုတဲ့ကောင်က ရွံ့စရာပုံစံနဲ့ သတ္တဝါကွာ။ ပါးစပ် ဦးခေါင်းက ကြွက်နှုတ်ခမ်းနဲ့တူတယ်။ ကိုယ်လုံးပေါ်မှာ အခွံမာအကြေးခွံ အထပ်ထပ်ကို အုပ်ထားတယ်။ အမြီးက ကျစ်ကျစ်၊ အရင်းကြီး အဖျားရှူးကွ။ အခွံအရေပြားက မာတယ်။ ကျုံ့လို့ ဆန့်လို့ လုံးလို့ရတယ်။

သူနေတာ သစ်ပင်အမြင့်ပေါ်နဲ့ သစ်ခေါင်းထဲမှာ အနေများတယ်။ လူသံကြားရင် အပေါ်ကနေ ငြိမ်နေတယ်။ အခြေအနေမကောင်းဘူး၊ သူ့





ကိုရန်ပြုမယ်လို့ ယူဆရင် အောက်မှာရှိတဲ့ လူဦးခေါင်းပေါ်ကို သူ့ခန္ဓာကိုယ်ကို လုံးပစ်ပြီး ပစ်ချ ခုန်ချ လိမ့်ချတာ။

အဲဒီအချိန်မှာ သင်းခွေချပ်ရဲ့ခန္ဓာကိုယ်က ဘောလုံးတစ်လုံးလို လုံးပြီး သံတုံးလို မာကျောနေရော။ အလုံးကလည်း သင်းခွေချပ်ကောင်ပေါ်မူတည်ပြီး သပိတ်လုံးခန့်ကနေ တင်းတောင်းသာသာခန့်အထိ ကြီးတော့ အဲဒီသင်းခွေချပ်ကောင်လုံး ခုန်ချခံထိရင် ဦးခေါင်းကွဲပြီး သေရောဗျာ"

"တကယ်"

"အဖေ့ကိုယ်တွေ့ကွ။ သည့်ထက်ကြောက်စရာကောင်းတာက ဒီ သင်းခွေချပ်က လူနာမည်ကိုမှတ်ပြီး အဲဒီအမည်ကို လူသံနဲ့ ပြန်ခေါ်တတ်တာပဲ။

"ဗျာ . . . ဟုတ်ရဲ့လား အဖေရာ"

"သိပ်ဟုတ်တာပေါ့ကွာ။ တောထဲကိုဝင်ရင် ကိုယ့်အချင်းချင်း အမည်မခေါ်ရဘူး။ မောင်မဲရေ၊ မောင်ဖြူရေ၊ ထွေးခင်ရေ၊ လှခင်ရေ မခေါ်ရဘူး။ ခေါ်ရင် အဲဒီအမည်အသံကို သင်းခွေချပ်က မှတ်ထားပြီး လူလစ်ရင်၊ လူအုပ်ကွဲရင်၊ တစ်ယောက်တည်း မျက်စိလည်နေရင် အဲဒီအမည်ကိုခေါ်ရော။

အဲဒါ လူအစစ်ခေါ်တယ်မှတ်ပြီး ခေါ်သံကြားရာ လိုက်ရှာမိလို့ကတော့ ကိုယ့်လူကိုမတွေ့ရဘဲ နောက်ဆုံး တောထဲမှာ မျက်စိလည်လမ်းမှားပြီး မကောင်းဆိုးဝါးတို့၊ မြွေဆိုး၊ ကင်းဆိုးတို့ကိုက်လို့ မျိုလို့ သေရရော။

"ဒါဆို သင်းခွေချပ်က ကြောက်စရာကောင်းတာပေါ့နော် အဖေ"

"အရမ်းကြောက်စရာကောင်းတယ်။ သူက တိရစ္ဆာန်ထဲမှာ ထူးဆန်းအံ့သြဖို့ကောင်းတဲ့ ဂမ္ဘီရဆန်းကြယ်သတ္တဝါပဲ။ တောဝင်ရင် သတိထား"

မုဆိုးနုပ်ချီး ကွယ်လွန်သူ ဖခင်မုဆိုးကြီးရဲ့စကားကို ပြန်ကြားယောင်မိပြီး . . .

ဒါ မကောင်းဆိုးဝါးတို့ရဲ့ ခေါ်သံလား၊

နာနာဘာဝဥစ္စာစောင့်များရဲ့ လှည့်ဖြားလို့ ခေါ်သံပဲလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် သင်းခွေချပ်တို့ရဲ့ လူကိုအန္တရာယ်ပြုဖို့ ဖျားယောင်းတဲ့ ခေါ်သံလားဆိုတာ ဝေခွဲမရနိုင်ဘဲ ကျိုက်ဒေးဝတောင်ကုန်းပေါ်ကနေ တောင်နှစ်လုံးကြားကို ဖြတ်ကျော်တဲ့အထိ တရကြမ်း ပြေးလာလိုက်တာ ကျွဲခိုးဘုရားလည်းရောက် အံမောဆို့လို့လဲကျပါရော။

မျက်နှာပေါ်ကို ရေကျလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့ကိုငုံ့ကြည့်နေတဲ့ ဘုန်းကြီးတစ်ပါးကို ရေဖန်ခွက်နဲ့အတူ တွေ့ရတယ်။

ဘုန်းကြီးက အသက်ရွယ်ရွယ်ပဲ။

ကျိုက်ဒေးဝတောင်ပေါ်က အဆိပ်ဖြေဘုန်းကြီးမဟုတ်ဘူး။

''သတိရပြီလား''

''မှန် ... ပါ ... ဘုရား''

''ဒကာ ... ဟိုတောင်ပေါ်ကနေ ပြေးဆင်းလာတာမြင်တယ်''

''ဟုတ်လား ...''

''ဘာတွေဖြစ်လာလို့တုံး''

''မ ... မ ... ပြောပါ ... ရ ... စေနဲ့ ဘုရား''

''အိမ်း ... မပြောချင်လည်းနေ ရတယ်။ ငါက မင်းအရင် အဲဒါမျိုးတွေ ကြုံခဲ့ပြီးပြီ''

''ဗျာ ...''

✿ ✿ ✿

| ၁၁ |

# တောကြီးမြေမောက် လိုက်တဲ့နေ့ခင်း

❑

ဘုန်းတော်ကြီး ဦးရက္ခိတ၊ ကပ္ပိယကြီး ဖိုးသန်းခေါင်နဲ့ ဘုန်းကြီးကျောင်းသားကြီး ချစ်မိုးကြီးတို့သုံးယောက် တောင်နှစ်လုံးကြားကို ကျော်ပြီးနောက် ကျိုက်ဒေးဝဘုရားတောင်ကုန်းအခြေကို ရောက်လာခဲ့ကြတယ်။

တောင်နှစ်လုံးကြားခေါ် ကုန်းကမ်းပါးကြီးနှစ်ခုက ကာလိုက်ကွယ်လိုက်ပြီမို့ သူတို့သုံးဦးကို တော်ရုံလူ မမြင်ကြတော့ဘူး။

''ကိုယ်တော် ...''

''ဘာတုံး ... ကပ္ပိယကြီး''

''ဒီကျိုက်ဒေးဝကုန်းတော်ပေါ်ကို အရင်ရောက်ဖူးလား''

''မရောက်ဖူးဘူး''

''အခုရောက်တုန်း တက်လိုက်။ ဒီကုန်းရဲ့တောင်ဘက်၊ အရှေ့ဘက်တစ်လျှောက်က တောပဲ။ တောကတော့ သီလဝါရောက်အောင် နက်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဘုရား။ ပြီး သီလဝါခံတပ်ကို ခရစ်နှစ် ၁၈၄၇ ခုနှစ်မှာ နန်းတက်တဲ့ ပုဂံမင်းက ၁၈၅၁ ခုနှစ်မှာတည်ခဲ့တာ။ သီလဝါခံတပ် (သစ်တပ်)လို့ အမည်ရတယ်။

၁၈၅၂ ခုနှစ်၊ ဧပြီ (၅)ရက်မှာ အင်္ဂလိပ်နဲ့မြန်မာ ဒုတိယအကြိမ်စစ်ဖြစ်ပြီး ဒီဇင်ဘာ (၂၀) ရက်မှာ အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ရတဲ့ သမိုင်းရှိတယ်''

''ဒါဆိုလည်း ဘုရားကုန်းပေါ် အရင်တက်ပြီးမှ ဆင်းမယ်''

သူတို့သုံးဦး သွယ်မြင့်သွားသည့် ဘုရားကုန်းပေါ်ကို ဂဝံကျောက်လှေကားမှတစ်ဆင့် တက်ခဲ့ကြတယ်။

ကုန်းက လူခြေတိတ်နေတာပဲ။

ချောက်ချားစရာကြီးလိုလို ငြိမ်လို့။

တောင်ကုန်းပေါ်ရောက်တော့ ကျိုက်ဒေးဝဘုရားဆိုတာ ဖူးမြင်ရတယ်။ ထုံးရောင်မရှိတော့။ စေတီအိုဘဝရောက်နေပြီ။

သို့သော် အလွန်ရှေးကျသည့် ဘုရားစေတီဟု သိရတယ်။ စေတီကြီးဟာ တောအုပ်တောင်ကုန်းပေါ်မှာရှိပြီး ရှေးလက်ရာအကြွင်းအကျန်များနဲ့ ခန့်နေတုန်းပဲ။

ဒါနဲ့ ဘုရားစေတီရဲ့တောင်ဘက်ကို ဆက်လျှောက်လိုက်ရော အလိုကျောင်းတိုက်ကလေးတွေ့ပါလား။

ကျောင်းတိုက်ရဲ့မုခ်ဝမှာ (၁၂၇၃) ခုနှစ် မော်ဝန်းချောင်း၊ သုံးခွမြို့အပိုင်၊ စပယ်ချောင်ရွာနေ .... ကောင်းမှုတဲ့။

(၁၂၇၃) ခုနှစ်ဆိုတာကို ဆန်းစစ်ကြည့်တော့ ဒီအချိန်က အင်္ဂလိပ်ကိုလိုနီနယ်ချဲ့အစိုးရ အောက်မြန်မာပြည်ရော အထက်မြန်မာပြည်ရော အုပ်ချုပ်နေချိန် ...

အင်္ဂလိပ်ခရစ်နှစ်အရ မြန်မာသက္ကရာဇ် (၁၂၇၃) ခုနှစ်သည် (၁၉၁၂) ခုနှစ်ဖြစ်တယ်။

ခရစ်နှစ် (၁၉၀၉) ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှာ သန်လျင်မြူနီစပယ်အဖွဲ့ကို ဖွဲ့တယ်။





(၁၉၄၂) ခုနှစ်အထိ သန်လျင်ကျောက်တန်း၊ ခရမ်းသုံးခွကို အင်္ဂလိပ်အစိုးရ အုပ်ချုပ်ခဲ့တယ်။

''ဒါ ဘာကျောင်းလဲ ဘဘုန်း''

ချစ်မိုးကြီးက တောင့်တင်းခိုင်မာသည့် အုတ်ကျောင်းသေးသေးလေးများကို ဟိုတစ်ခုဒီတစ်ခုမြင်ရလို့ မေးတယ်။

''အဲဒါ တစ်ပါးကျောင်းလို့ ရှေးတုန်းကခေါ်တယ်။ ဘုန်းကြီးတစ်ပါးတည်းနေဖို့ ကျောင်းပေါ့။ တရားကျင့်လည်း ဒီထဲပဲ။ ဆွမ်းစားလည်း ဒီထဲမှာပဲပေါ့''

''ဟိုဘက်မှာတစ်ခုဘုရား''

ကြည့်လိုက်တော့ (၁၉၀၉) ခုနှစ် ဦးတင်ရွှေ၊ ဒေါ်ခင်မျိုးကောင်းမှုတဲ့။

''အရှင်ဘုရား ...''

''ပြော ... ကပ္ပိယကြီး''

''(၁၉၀၉) ခုဆိုတာ အင်္ဂလိပ်အစိုးရ သန်လျင်မြူနီစီပယ်ဖွဲ့တဲ့နှစ်ပဲဘုရား''

''ဟုတ်လား ...။ ဒါဆို ဒီကျောင်းတိုက် ကြာပြီပေါ့''

''မှန်ပါဘုရား ...။ တပည့်တော်မှတ်မိသလောက်တော့ (၁၉၀၇) ခုနှစ် မြို့ပြဆိုင်ရာ အက်ဥပဒေပုဒ်မ (၄)အရ သန်လျင်မြို့အဖြစ် သတ်မှတ်ကြောင်း အစိုးရအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရဲ့အမိန့်ကြော်ငြာစာအမှတ်နဲ့ ပြန်တမ်းဝင်ခဲ့ပါတယ်ဘုရား''

''မှန်ပါတယ်။ နောင်အခါ ကျမ်းကိုးစာအုပ်များကို ပြန်လည်တိုက်ဆိုက်လေ့လာတော့ (၁၈-၄-၁၉၁၂) ခုနှစ်ရက်နေ့ နေ့စွဲပါ အမိန့်ကြော်ငြာစာ (၄၇)အရ ပြန်တမ်းဝင်ခဲ့ကြောင်း သိရတယ်''

''ဒါဆို အခု ၁၉၇၁ နဲ့တွက်ရင် အနှစ် (၆၀)နားကပ်နေတဲ့ တစ်ပါးကျောင်းတွေပဲ ... ကပ္ပိယကြီး''

''မှန်ပါဘုရား''



www.burmeseclassic.com

www.burmeseclassic.com



[၎င်း တစ်ပါးကျောင်း ရှေးကျောင်းတိုက်ကလေးများသည် ယနေ့တိုင် အသစ်ပြန်လည်မွမ်းမံထားသည်မို့ ကျိုက်ဒေးဝဘုရားကုန်းတော်ပေါ်မှာ အထင်အရှားရှိနေပါသည်။ ၁၉၀၉ ခုနှစ်မှစ၍ ယနေ့အထိ ရေတွက်လျှင် နှစ်ပေါင်း (၁၀၂) နှစ်တိုင်တိုင် သက်တမ်းရှိနေဆဲဖြစ်သည်။ ထုကြီးထည်ကြီးနှင့် ခိုင်ခန့်၏။ မည်သည့်အတွက်ကြောင့် မတည်းမခိုကြသည်လည်း မသိ]

"ဒကာကြီး ..."

"ဘုရား ..."

"သန်လျင်ကို အင်္ဂလိပ်က ဘယ်အချိန်အထိ အုပ်ချုပ်ခဲ့သတုံး"

"အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲ ၁၈၂၄ ခုနှစ်ကနေ ၁၉၄၂ ခုနှစ် အင်္ဂလိပ်အစိုးရက သန်လျင်တစ်ဝှမ်းကို အုပ်ချုပ်ခဲ့တယ်။ ၁၉၄၂ ခုနှစ်မှာ ဂျပန်ဝင်လာပြီး ၁၉၄၅ မှ ဂျပန်ဖက်ဆစ်တွေ ပြန်ပြေးရတယ်။ ၁၉၄၅ ရောက်တော့ အင်္ဂလိပ်ပြန်အုပ်ချုပ်တာ ၁၉၄၈ လွတ်လပ်ရေးရတဲ့အချိန်ထိပဲ ဘုရား။

ဒီတုန်းက ဗြိတိသျှအုပ်ချုပ်ရေးနဲ့ အုပ်ချုပ်တဲ့တာ။ ဒီတုန်းက သန်လျင်ကို ဒု–ဗိုလ်မှူးကြီး စီ–ဆယ်သာလင်က ကြီးမှူးအုပ်ချုပ်တယ်။ သူက သန်လျင်မှာရုံးစိုက်ပြီး ဟံသာဝတီတစ်ခရိုင်လုံးကို စစ်အုပ်ချုပ်ရေးဥပဒေနဲ့ အုပ်ချုပ်ခဲ့တာပါဘုရား။ သူက အုပ်ချုပ်ရာမှာ ၁၉၄၆ ခုနှစ် မြို့ပြအုပ်ချုပ်ရေးထူထောင်ပြီး အရေးပိုင်အဖြစ် အုပ်ချုပ်ခဲ့တာပါဘုရား"

"ဟံသာဝတီခရိုင်ဆိုတာကရော"

"သန်လျင်ကျောက်တန်း၊ ခရမ်းသုံးခွ၊ ပဲခူးသက္ကလနယ်စပ်အထိ အကျယ်အဝန်းကို အင်္ဂလိပ်အစိုးရက ဟံသာဝတီခရိုင် စီရင်စုအဖြစ် စုပေါင်းသတ်မှတ် အုပ်ချုပ်ပါတယ်ဘုရား"

"အင်း ... သန်လျင်ကျောက်တန်း၊ ပါဒမြို့ဟောင်း၊ သန်လျင်မြို့ဟောင်းကြီးဟာ ပေါ်တူဂီရော၊ အင်္ဂလိပ်နယ်ချဲ့ရော စိုးမိုးအုပ်ချုပ်ပြီး သူတို့နှိပ်စက်သမျှခံရတဲ့ မြို့ကြီးများပေပဲကိုး"





"မှန်ပါဘုရား ...။ ဖေဇင်ကာတို့ဆိုရင် ပါဒခေတ်က ဘုရားပုထိုးမှန်သမျှ အရင်ဖောက်ဖျက်ဆီးပစ်တာပါပဲ ဘုရား။ ကျိုက်ခေါက်ဘုရားဌာပနာတိုက်ကိုလည်းဖောက်တယ်။ ဘုရားပေါ်က ရှေးကောင်းမှုတော် ကြေးခေါင်းလောင်းများကိုဖြုတ်ပြီး အရေကြို အမြောက်သွန်းပါတယ်ဘုရား။

ရန်ကုန်ရွှေတိဂုံဘုရားပေါ် ဓမ္မစေတီမင်းကောင်းမှုတော် ခေါင်းလောင်းကြီးဖြုတ်ပြီး ဖောင်သင်္ဘောနဲ့ သယ်လာတယ်။ အမှန်က အမြောက်သွန်းပြီး မြန်မာတပ်ကိုပြန်ချဖို့ မြန်မာပြည်ကို သိမ်းချင်လို့ပါ။

ဒါပေမင့် ဘုရားတန်ခိုး၊ ခေါင်းလောင်းကြီးရဲ့တန်ခိုးကြောင့် ရန်ကုန်မြစ်သုံးဆိုင်၊ အခု ဒီကုန်းပေါ်က လှမ်းမြင်ရတဲ့ ဟောဟိုမြစ်သုံးဆိုင်ရေအောက်မှာ ဖောင်လည်းကွဲ၊ သင်္ဘောလည်းနစ်ပြီး ခေါင်းလောင်းကြီး နစ်မြုပ်ခံရတာ ယနေ့အထိ ပြန်ဆယ်လို့ မရသေးပါဘူးဘုရား။

အင်္ဂလိပ်နဲ့ သူတစ်ပါးကျွန်များလည်း ဒီအတိုင်းပါပဲဘုရား။ တပည့်တော်တို့ သန်လျင်နဲ့ပါဒဟာ ဂဝံအုတ်ယဉ်ကျေးမှုနဲ့ ဘုရားစေတီကျောင်းကန်များကိုတည်သည့် မွန်၊ ကရင် ဒေသကြီးပါဘုရား။

ဒါပေမင့် အောက်မြန်မာပြည်ကို အင်္ဂလိပ်အုပ်ချုပ်တော့ အင်္ဂလိပ်ကျေးကျွန် ချစ်တီးကုလားများ၊ ပွဲစားများ၊ ကန်ထရိုက်တာများက ရှေးမင်းကောင်းမှု ဂဝံအုပ်ချပ် နတ်လမ်းအကာရံတံတိုင်း၊ ဘုရားကုန်းများကို ဂဝံရုပ်ပွားတော်ကြီးများကို ဖြိုဖျက်လှန်လှောတူးဖော်လို့ ရောင်းစားကြတာနဲ့ ရှေးဂဝံဘုရားများ အုတ်ပုံအောက်ခြေမျှသာ ကျန်ခဲ့ရပါတယ်ဘုရား"

"အေးလေ ... ဘုန်းကြီး ပါဒသမိုင်းကို လေ့လာလို့ သိရသမျှ သူတို့လည်း သူတို့အကုသိုလ်နဲ့သူတို့ သေကြတယ်လို့ သိရတယ်"

"မှန်ပါ ... အင်္ဂလိပ်ခေတ်ရောက်တော့လည်း ပိုဆိုးတာပါပဲဘုရား။ မြန်မာနိုင်ငံမှာ သာသနာပြုမင်း စစ်မင်းကောင်းများမရှိတော့ ဘာသာခြားအင်္ဂလိပ်မျက်နှာဖြူလက်ပါးစေများ သက္ကရာဇ် (၁၂၈၀) ပြည့်နှစ်၊ အခု ကျိုက်ဒေးဝဘုရားပေါ်က တစ်ပါးကျောင်းလေးများ ဆောက်လုပ်လှူဒါန်းချိန်ကာလနဲ့ မတိမ်းမယိမ်းကာလမှာပေါ့ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



...... အင်္ဂလိပ်လက်ပါးစေ ကန်ထရိုက်ကာဆင်၊ နာနတ် အာမက် စသည့် ကုလားသူဌေး ကန်ထရိုက်များက ပါဒကြီးနယ်မြေကို ရောက်လာပြီး ရှေးမွန်မြန်မာဘုရင်များ မပျက်စီးရအောင်ဆိုပြီး ထုထည် ကြီးမားစွာ တည်ဆောက်ထားတဲ့ ဘုရားစေတီက မဟာရံအုတ်တံတိုင်းကြီး များကို ဖြိုဖျက်ကြတယ်။

အချို့က အောက်ခြေကိုတူးပြီး မရေမတွက်နိုင်သည့် ဂဝံအုတ် ရိုးအုတ်ပြားကြီးများ၊ နတ်လမ်းများကို ရန်ကုန်ဆိပ်ကမ်းဖို့လို့ ကန်ထရိုက် သွင်းကြတယ်။ အခု ...ပုဇွန်တောင်မြစ်ကမ်းဘေးတစ်လျှောက် ဖြိုမကျ နိုင်အောင် စီတန်းကာထားတဲ့ ဂဝံအုတ်များဟာ၊ ပါဒကြီးတစ်ပိုက်က ဘုရား စေတီများကို ဖြိုချတူးယူသယ်သွားတဲ့ အုတ်တွေပါဘုရား။

အဲဒီအချိန်တုန်းက နယ်ချဲ့လက်ပါးစေ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 'နာဂူ ပလဲ' ရယ်၊ 'အာလမွန်'ရယ်၊ 'ပန်ချပ်ပလဲ' ဆိုသူသုံးယောက်ဦးဆောင်တဲ့ ကန်ထရိုက်သုံးဦးတို့ဟာ လက်ခစား ကုလားကူလီအလုပ်သမား မြောက် များစွာနဲ့ ဟိုး ပါဒအမွန်အစ ရသေ့ခေတ်တုန်းက 'ကရဏ္ဍက' ရှင်ရသေ့ အားထုတ်ခဲ့တဲ့ ကျောက်ဂူကြီးကို အောက်ခြေကနေတူးယူပြီး ရောင်းစား ပစ်ကြတယ်။

အဲဒါနဲ့ အားမရလို့ စေတီကျောင်းကန်ပေါင်းစုံက ဂဝံအုတ်ချပ် ကြီးတွေ၊ ရှေးမွန်ဘုရင်တို့ရဲ့ ကောင်းမှုတော် မြေအုတ်ကြီးတွေကိုပါ တရ ကြမ်းတူးဖော်ပြီး ဆိပ်ကမ်းဌာန အင်္ဂလိပ်လက်ကို ထိုးရောင်းစားကြတာ။

ပိုဆိုးတာက ပါဒကြီး သန်လျင်နယ်တစ်ရိုးက ခြံကြီးမြေကြီးများ ကို အင်္ဂလိပ်အစိုးရထံက ဈေးပေါပေါနဲ့ဝယ်၊ ခြံမြေဧရိယာအတွင်းမှာရှိတဲ့ ဘုရား၊ စေတီများကို အတင့်ရဲရဲ၊ ပြောင်ကျကျပဲ ဘယ်မြန်မာလူထုကိုမှ ဂရုမစိုက်ဘဲ ဖျက်ဆီးကြတယ်၊ ရောင်းစားကြတယ်။

မကြာပါဘူးဘုရား ... တပည့်တော်တို့ မျက်စိရှေ့မှောက်မှာ ကိုယ် တိုင်မြင်ရတာပါဘုရား။ ဘုရားတပည့်တော်တို့ မွန်မြန်မာလူမျိုးများ ပါဒ နိုင်ငံသားများ အမြတ်တနိုး ကိုးကွယ်ဆည်းကပ်ရိုသေခဲ့ရတဲ့ ဗုဒ္ဓယဉ်ကျေးမှု





ရုပ်ပွားစေတီ၊ ပုထိုး၊ ကျောင်းကန်များကို ဖျက်ဆီးပြီး မတရားစီးပွားရှာ ချမ်းသာကြတဲ့ မာမက်၊ ကာဆင်၊ နာဂူပလဲ၊ အာလမွန်၊ ပန်ချပ်ပလဲ အစ ရှိတဲ့ ကုလားသူဌေးကန်ထရိုက်များအားလုံး ...

အချို့က နူရွဲပြီး အနာကြီးရောဂါနဲ့ သေဆုံးကုန်တယ်။

အချို့က ဆေးကုမရအောင် ရူးသွပ်ပြီး အဝတ်အစားမရှိ အော် ဟစ်ရင်း ပြေးလွှားသေသွားကြတယ်။

အချို့ကျတော့ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချပြီး သေလိုသေ၊

မြွေကိုက်လို့ သေသူသေ၊

တောင်ပြိုကျလို့ ပိသူပိ၊

အချို့ ခေါင်းခေါင်း မိုးကြိုးပစ်ချခံရပြီး မည်းတူးလို့ သေသွား ကြရတာ ဘုရားတပည့်တော်တို့ မျက်မြင်ပါပဲ ဘုရား"

"အေးပေါ့လေ ...သူတို့က တို့မြန်မာလူမျိုး တိုင်းရင်းသားများ ကိုးကွယ်သည့် ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ်များကို ဖျက်လို့ဖျက်စီးလုပ်လို့၊ ကိုယ်ကျိုးစီးပွားရှာကြလို့ သေချင်းဆိုးအမျိုးမျိုးနဲ့ သေဆုံးကြရတာကိုး။

ဒီကနေ့ ဘုန်းကြီးတို့လုပ်မည့်အလုပ်နဲ့ ရည်ရွယ်ချက်က သူတို့ နဲ့ဆန့်ကျင်ဘက်ပါ။ အိပ်မက်ဆန်းအရ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်နဲ့ ဘုရား ပျက်ကို ရှာဖွေဖော်ထုတ်မယ်။

အိပ်မက်အရရော၊ ကျမ်းကိုးအရရော ဟုတ်မှန်ခဲ့လို့ ဘုရားရုပ်ထု ကိုတွေ့ခဲ့ရင် ကွယ်လွန်သူ မူလအလှူရှင် ဘုရားဒကာများ၊ ဒကာမများ လည်း အကျိုးရှိအောင်၊ ဘဝကူးကောင်းအောင် တို့များ ရှင်လူရဟန်းတို့ လည်း ဖူးမြော်ကြည်ညိုခွင့်ရပြီး ရှေးကုသိုလ်ရှင်များကို သဒ္ဓါတရားပွားရ အောင် ကြိုးစားရှာဖွေကြတာဆိုတော့ တို့များ ငရဲမကျနိုင်ပါဘူး ...ဖိုး သန်းခေါင်ရယ်။ ဟုတ်ရဲ့လား"

"မှန်ပါ့ဘုရား"

"ကိုင်း ...အံမော‌ပြေကြရင် တို့များ တောထဲဝင်ပြီး ရှာကြစို့ ရဲ့။ ထကြ ..."



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးဦး မှုဆိုးသွားတောလမ်းကလေး ကုန်းဆင်းအတိုင်း ဝင်လာလိုက်တာ နာရီဝက်ခန့်ကြာတော့ တောတိုးသံ ကြားရပါရော။

''ဝရော ...''

''ဝရော ... ဝရော ...''

''ဟဲ့ ... ဘာသံတုံး ကပ္ပိယကြီး''

''တောတိုးသံ ... ဘုရား။ ဘာလဲ ... မ ... မ ... သိဘူး''

''ဒီတောမှာ ကျားတို့၊ ကျားသစ်တို့ ရှိသလား''

''ဟိုး ... အဂ်လိပ် ... ခေတ် ... ခေတ် ... တုန်း ... ကရှိ ... ရှိ ...''

''ဝုန်း ... ဝုန်း ...''

''ဟ ... ဟ ...''

''ဘာတုံးဟ ... ဘာတုံးဟ ...''

''ဟော ... ဟောဟိုမှာ ... ပြေးပြီဘုရား ... ပြေးပြီဘုရား''

''ဟဲ့ ... ဘာတုံး ... ရွှေမိုးကြီးရဲ့ အလန့်တကြား''

''ဘာကောင်ကြီးလည်းမသိဘူး ဘုရား။ မည်းမည်းမြင့်မြင့်ကြီး''

''လူဝံလားဟဲ့''

''ဒီတောမှာ လူဝံမရှိဘူး ဘုရား''

''ဟဲ့ကောင်တွေရဲ့ ... ဒါဆို လူများလားမှမသိဟဲ့''

''လူစိမ်း သူစိမ်း ဟင်းစားရှာသူများ နေမှာပါဘုရား''

''ဟုတ်မှာကွယ့် ... ရှေ့ဆက်တိုးစမ်း''

ဒါနဲ့ ရှေ့ကမလွတ်သည့် သစ်ကိုင်းမြက်ရိုင်းများကို ဓားရှည်နဲ့ ခုတ်ထွင်ပြီး လာခဲ့လိုက်တာ သုံးဦးစလုံး ချွေးရွှဲရွှဲဖြစ်နေပြီ။

ဘုရားပြို၊ ဘုရားပျက်အစအန မတွေ့ရသေးဘူး။

''ဘဘုန်းဘုရား''

''ဟဲ့ ... ဘာတုံး ... ချစ်မိုးကြီးရဲ့''





''ဟို ... ဟို ... ဝါး ပိုး ဝါး ရုံကြားမှာ ... ကြည့် ... ကြည့်ပါဦး ... ဘုရား''

''ဟာ ... ဟုတ်ပဟေ့ ... လာ ... လာ''

သူတို့သုံးဦး ပင်ရေ တစ်ရာနှစ်ရာခန့် ယှက်ပိုင်းဆို့ထပ်ပေါက်နေတဲ့ ဝါးပိုးပင်နဲ့ ဝါးနက်ဝါးပင်များရှိရာကို တိုးကပ်ကြည့်လိုက်ရော ဝါးရုံကြားမှာ ဆယ့်ငါးပေပတ်လည်ခန့် ဘုရားပျက်ကုန်းတစ်ခုကို တွေ့လိုက်ရလို့ အလွန့်ကို အားရဝမ်းသာ ဖြစ်သွားကြတယ်။

''တွေ့ပဟေ့''

''ဘာကိုတွေ့တာတုံး ... အရှင်ဘုရား''

''ဟဲ့ ... အဲဒါ ဘုရားပျက်ကုန်းဟဲ့။ ဟိုမှာကြည့်လေ ... ဂဝံအုတ်ရော၊ မြေအုတ်တွေရော အောက်ခြေမြေကြီးထဲမှာ တချို့တစ်ဝက် ပေါ်နေမဟုတ်လား။ ဒီနေရာ ဘယ်သူတိုက်လာဆောက်နေမှာတုံး။ ဒါ ဘုရားပျက်ကုန်း။ လာ ...''

ဒါနဲ့ ဝါးနှစ်ဝါးနဲ့ လူတစ်ဖက်စာမျှကြီးသည့် ဝါးပိုးလုံးများရှိရာကို တိုးဝှေ့ဝင်လိုက်တော့ ဘိစပ်ချုံများအုပ်နေတဲ့ ဘုရားပျက်ကုန်းတစ်ခုကို တွေ့ရပါလေရော။

ဘုန်းကြီးက အုတ်ခဲတစ်လုံးကို သံတူးရွင်းနဲ့ကော်ပြီး ကြည့်တယ်။

''ဖိုးသန်းခေါင် ...''

''ဘုရား ...''

''ဂဝံအုပ်ချပ်ဗျ''

''ဂဝံအုတ်ချပ်ဆိုရင် ဒါ ရှေးအကျဆုံးအုတ်ဘုရား''

''ချုံတွေရှင်းမှဖြစ်မယ်''

''အရှင်ဘုရားရှာနေတဲ့ ဘုရားရုပ်ပွားရှိတဲ့ကုန်းရော သေချာနိုင်မလားဘုရား''

''ဘာလဲ ... မသေချာရင် ပင်ပန်းမှာစိုးလို့လား''

''မ ... မဟုတ်ပါဘူး ... ဘု ... ရား ... ဟို ... ဟို ...''



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ဒုက္ခဆင်းရဲခံပြီး ရှာရမှာပဲ … ဖိုးသန်းခေါင်။ အိပ်မက်ထဲကအဆိုအတိုင်း တွေ့ခဲ့ရင် ကျုပ်တို့၊ ကပ္ပိယကြီးတို့ … ဒီတစ်ဘဝ သာသနာပြုရကိန်းဖြစ်ပြီပေါ့ဗျာ … ဟုတ်ရဲ့လား"

"မှန်ပါဘုရား"

"ကိုင်း … ချစ်မိုးကြီး၊ မင်းက လူရွယ်လူသန် ဘီစပ်ချုံတွေနဲ့ ဖီးချုံတွေကို အရင်ရှင်းလိုက်"

"မှန်ပါဘုရား"

အဲဒါ ချစ်မိုးက အသွားမြနေတဲ့ ငှက်ကြီးတောင်နှင့် အားစိုက်ပြီးခုတ်၊ ကပ္ပိယကြီးကလည်း လေးကင်းဓားနှင့်ခုတ်၊ ခုတ်လို့ရတဲ့ ခုတ်စများကို ဘဘုန်းကသယ်။

တစ်နာရီလောက်ခုတ်ပြီးရော ဆယ်ပေ၊ ပေဆယ်နှစ်ပတ်လည် မြေကွက်ပုံပေါ်လာတယ်။

ဂဝံအုတ်ကျိုးအုတ်ပဲ့များနဲ့ စေတီအောက်ခြေနေရာဟောင်းပုံ သိသာထင်ရှားမြင်ရတယ်။

BURMESE CLASSIC .com

"အရှင်ဘုရား …"

"ပြော … ဒကာကြီး"

"ဌာပနာနေရာ မရှိတော့ဘူး"

"အင်း … အချို့ စေတီတွေမှာ ဌာပနာတိုက်က အပေါ်မှာရှိကြတယ်။ အချို့စေတီများက ဌာပနာခန်းက စေတီရဲ့အောက်ခြေ စတင်ပန္နက်တည်စမှာကို မြှုပ်နှံထားတာလည်းရှိတယ်။ အတိအကျမသိရဘူး။ ကိုင်း အလယ်ကအုတ်နဲ့မြေကြီးကို လှန်လိုက်ကြစို့"

သုံးယောက်သား ပေါက်တူး၊ တူးရွင်း၊ ဓားဦးသွားနဲ့ မြေမြုပ်ဂဝံအုတ်ချပ်ကြီးများကို တူးဖော်ဖယ်နေတုန်း …

လေတိုက်သံတွေ ကြားလာရရော …

"ဝရော … ဝရော … ဝရော …"

"ဝုန်း … ဝုန်း …"





"ဝရော … ဝုန်း … ဝုန်း …"

သစ်ပင်ကြီးများကို လေတိုးလို့ ကိုင်းချင်းရိုက်သံ၊ ပွတ်ကြိတ်သံနဲ့အတူ ကောင်းကင်မှာ မိုးညို့သလို ရှိလာပါရော။

"အရှင်ဘုရား … မိုးရွာမယ်နဲ့တူရဲ့ ဘုရား"

"အေးကွယ် … အရေးထဲ မိုးကတစ်မှောင့်ပဲ။ တူးစရာရှိတာ တူး။ တော်ကြာ … မသူတော်များတွေ့သွားလို့ တို့များချန်ခဲ့ရင် တို့ရှာနေတဲ့ပစ္စည်း လူများနောက်ပါသွားမယ်ဟဲ့။ လုပ် … လုပ် …"

"ဂုတ် … ဂလုတ်"

"ဂွပ် …"

"ဂုတ် …"

"စွပ် … စွပ် …"

ဒီလိုနဲ့ ထူးခြားစွာပါပဲ အဝိုင်းပုံသဏ္ဌာန်အုတ်ဟောင်း ပတ်နေသည့် အုတ်ကုန်းရဲ့အလယ်မှာ လေးထောင့်တုံး ဂဝံအုတ်တုံးကြီးက အဖုံးဖုံးထားသလိုရှိနေတယ်။

ဒါ တူးရင်းပေါ်လို့ သိရတဲ့ ဂဝံကျောက်တုံးကြီး။

"အလျားသုံးပေ၊ အနံသုံးပေခန့်ရှိပြီး အထူထုက တစ်ပေလောက်ရှိတယ်။

ဒီကျောက်တုံးကို ပုံပေါ်လာအောင် တစ်နာရီခန့်ဖော်ရတယ်။ တော်သေးတယ် လေတိုက်နေတော့ မပင်ပန်းဘူး။

အရေးထဲ သစ်ရွက်စိမ်းများ၊ သစ်ရွက်ခြောက်များ၊ ဝါးရွက်ခြောက်များက လေတိုးလေတိုက်တိုင်း အုံနဲ့ကျင်းနဲ့ ကြွေကြွေကျလို့ ဖယ်ရတာ တစ်ဒုက္ခ။

"ဘုန်းဘုရား …"

"ဘာတုံးဟေ့"

"ပုံလုံးပေါ်သွားပြီဘုရား"

"အေးဟ … ကြည့်ရတာ ဒါ အဖုံးကျောက်ပြားသဏ္ဌာန်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... အောက်မှာ ကျောက်သေတ္တာများ ရှိနေသလား"

"ဒါဆို အဲဒီကျောက်သေတ္တာထဲမှာ အရှင်ဘုရားရဲ့ အိပ်မက်ဘုရား ရုပ်တု ရှိနေမှာပဲဘုရား"

"ရှိရင် ဟန်ကျတာပေါ့ ... ဖိုးသန်းခေါင်ရာ။ နောက်ထပ် မရှာ ရတော့ဘူးပေါ့။ ကိုင်း ... တို့သုံးယောက် ဒီကျောက်ဖျာလိုမျိုးကြီးကို တူးရွင်း နဲ့ ကော်လှန်ကြစို့"

"ကိုင်း ... လုပ်ဟေ့ ... မိုးရွာတော့မယ်ဟ"

ဒါနဲ့ အောက်ခြေဖော်ပြီး တူးရွင်းနှစ်ချောင်း အဖျားကိုထည့်လို့ ကော်လိုက်တယ်။

"ကျား ..."

"ကျား ..."

"ဟုတ်ပြီ ... ပေါ်လာပြီ"

"ဘာဘုန်း ... ဘာဘုန်း ... အနားစပေါ်လာ၊ ကြွလာရင် အုတ် ကျိုးထိုးခံလိုက်ပါဘုရား"

"အေး ... အေး ..."

"ဟုတ်ပြီ ... ကြွပြီ ... ပေါ်ပြီ ..."

အခုကျောက်ဖျာအဖုံးက ကော်နေတုန်း အုတ်ခဲခုလိုက်လို့ ဟ သွားပြီ။

"ဟူး ... မောပါ့ကွာ"

"ခဏနားကြကွာ။ တစ်အောင့်နေမှ သုံးယောက်ပြိုင်တူ တွန်းချ မယ်"

"ကိုယ်တော် ..."

"ဘာတုံး ... ကပ္ပိယကြီး"

"မောတာ အရမ်းပဲ"

"အေးပါ"

"ပင်ပန်းတာလည်း အရမ်းပဲ"





"ဒီလိုပဲပေါ့ကွာ။ ဘာသာသာသာသနာ့အကျိုးကိုး။ ငရဲမလားပါဘူး ဖိုးသန်းခေါင်ရဲ့"

"ငရဲလားမှာတို့၊ နတ်ပြည် ချက်ချင်းရောက်မှာတို့ ခဏဘေးဖယ် ထားဘုရား"

"ဟ ... ဘာလုပ်မတို့တုံး၊ ဘယ်သွားချင်လို့တုံး"

"ကျောင်းရောက်ရင် ..."

"အေး ... ကျောင်းရောက်ရင် ဘာဖြစ်လဲ"

"ကျက်သရေခန်းထဲက လှောင်ထားတဲ့ စားစရာမုန့်သမျှ များ များသာ ချကျွေးပေရော့ဘုရား။ လူတွေလည်း မလှုပ်ချင်အောင် ပင်ပန်း နေပါပြီဘုရား"

"အေးပါ ... အေးပါ ... ကျွေးပါ့မယ်။ ငါတို့ ဘုရားရုပ်ပွား တော်ကိုများ ခုချက်ချင်း တွေ့ရင် ရခဲ့ရင် ငှက်ပျောသီးသုံးဖီးနဲ့ ကတွတ် ယိုသုံးဘူးပေးမကွ"

"အကယ်လို့ဘုရား မရခဲ့ရင်ကော"

"အဲ ... အဲ ... စဉ်းစားရမှာပေါ့ ... ကပ္ပိယကြီးရ"

"ဘယ်လိုစဉ်းစားမှာတုံး ကိုယ်တော်ရဲ့"

"အကယ်လို့များ ဒီကုန်းတွင်းက ရှေးဟောင်းရုပ်ပွားမရခဲ့ရင် ကျုပ် လည်း ပင်ပန်းနေတာပဲလေ"

"အဲဒီတော့ ..."

"အဲဒီတော့ ဘုရားမရခဲ့ရင် ကျောင်းပြန်ရောက်အောင် ကပ္ပိယ ကြီးက ကျုပ်ကို ကျောပိုးပင့်သွားရမယ်"

"ခင်ဗျာ ..."

"ပြီး ... ကျောင်းကိုရောက်ရင် ကပ္ပိယကြီးရယ်၊ ဟိုကောင် ချစ် မိုးကြီးရယ် ကျုပ်ကို တစ်လှည့်စီ နင်းပေးရမယ်ဗျာ။ ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဘယ့်နှယ့် ... ဒီအကြံ ကောင်းရဲ့လားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော် ..."

"ဘာတုံး"

"ကိုယ်တော်များ ရှူးနေဦးမှာလားဘုရား ဟင်"

"ဟား ... ဟား ... ဟား ... ဟား ... ဘုန်းကြီးကို နင်းနှိပ်ခြေဆုပ်လက်နယ်ပြုရတဲ့ ကုသိုလ်ကြောင့် နတ်ပြည်ရောက်သွားတဲ့ ပုံပြင်လေး ကျုပ်ဟောရဦးမလား"

"တော်ပါတော့ ဘုရား။ ကိုယ်တော်က နတ်ပြည်ရောက်သွားတဲ့ ပုံပြင်ဟောရင် ဒီနေ့ည ဒီတောထဲမှာပဲ ညအိပ်ရတဲ့ဘဝရောက်ပြီး ... အမယ်လေး ... လေး ..."

"ဘာ ... အမလေးတုံးဗျ"

"ဒီ ... ဒီ ... ကုန်း ... ဒီ ... တောဟာ ... ဥစ္စာစောင့်နဲ့ စုန်းတွေ ... စုန်း ... တွေ ... ပေါ ... ပေါ ..."

"အူ ... အူ ... အူ ..."

"ဟော ... ဟော ... ဟော ..."

"အိန် ... အိန် ... အိန် ..."

"ခွေး ... ခွေး အူသံတွေဗျ"

"ဟ ... ဟ ... အများကြီးပဲ ... ဘဘုန်း"

"ဝေါ ... ဝေါ ... ဝေါ ..."

"ဟူး ... ဟူး ... ဟူး ... ဟူး ..."

"အိန် ... အိန် ... ဂိန် ... ဂိန် ..."

"ဒီ ... ဒီကိုများ ... လာနေကြသလား။ မ ... မ ... သိဘူး"

"ခွေး ... အ ... ခွေး ... အ ... တွေ့လား ဟင်"

"မ ... မသိဘူး"

"တောခွေးတွေနဲ့ တူရဲ့"

"အသံတွေနီးလာသလား နားစွင့်စမ်း"





"အသံတွေ နီးမလာဘူး။ အဝေးကနေ အူနေကြတာ"

"ချစ်မိုး ..."

"ဘုရား ..."

"ကပ္ပိယကြီး ..."

"ဘုရား ..."

"ကျောက်ပြားကို အမြန်လှန်၊ အချိန်မရှိဘူး မြန်မြန်လုပ်။ မိုးချုပ်လို့ ရေဝင်ရင် လုပ်ရကိုင်ရခက်မယ်။ ကိုင်း ... လှန်ကြစို့"

သူတို့သုံးဦး လေသံ ခွေးသံများ ဝိုင်းနေသည့်ကြားကနေ ကျောက်ပြားကို အားစိုက်လို့ လှန်လိုက်ကြတယ်။

"ကျား ..."

"အီး ... အီး ..."

"ကျား ... ကျားကွ"

"ကြွလာပြီ ... လန် ... လာပြီ ... ကျား ... ကျား"

"ကျား ..."

"ဝုန်း ..."

"ဖုန်း ..."

"ဟူး ... မောပါ့ဗျာ"

"သေချင်စော်လည်း နံပါ့ဗျာ။ မင်းဘကြီးဘုန်းကြီးနဲ့ ပေါင်းမိတာ တို့မှားတော့ မမှားတန်ဘူးထင်ပါရဲ့ကွာ ... ချစ်မိုးရာ ... ဟင်"

ကပ္ပိယကြီးက မောဟိုက်လို့ ပက်လက်ဖြစ်နေတဲ့ ချစ်မိုးကြီးအနားကပ်ပြီး ခပ်တိုးတိုးပြောလိုက်တယ်။

"ကျုပ်ဘကြီးပဲဗျ"

"မင်းရော ဘယ်လိုစဉ်းစားတုံး ချစ်မိုး ... ဟူး"

"ဘကြီးဘုန်းကြီးကြောက်လို့သာ လိုက်ခဲ့ရတာ ရှေ့လျှောက် ဘာတွေဘယ်လိုဖြစ်မလဲ မသိဘူး။ ရင်တော့ တုန်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အမောပြေကြပြီလားဟဲ့"

"အမောပြေရင် အသေသတ်မလို့လား ဘုရား"

"ဟာ ... ကပ္ပိယကတော့ တောထဲရောက်ကတည်းက ငါ့ကိုဖွဲ့နေတာပဲ။ ဒါ သာသနာပြုမည့်ကိစ္စဟဲ့ ... စိတ်ကူးရှိမှုနဲ့ ကုသိုလ်အများကြီးရတယ်။ ကိုင်း ... ထ ..."

"ဟူး ..."

"အီး ... အင့် ... အင့် ..."

"ချစ်မိုး ..."

"ဘုရား ..."

"ကျောက်ပြားအဖုံးပွင့်သွားပြီ၊ အထဲကိုငုံ့ကြည့်စမ်း"

ဒါနဲ့ ထပြီးကြည့်တော့ ကျင်းကြီးတစ်ကျင်းကို တွေ့ရတယ်။ သို့သော် မှောင်မှောင်မည်းမည်းမို့ အထဲမှာဘာရှိမှန်း မသိရဘူး။

ဘယ်လောက်နက်မှန်း မသိဘူး။

"ဘယ့်နှယ်တုံး"

"မှောင်နေတယ်။ အမှိုက်သရိုက်တွေလည်း ရှိနေတယ်"

"တုတ်နဲ့ထိုးမွှေကြည့်ပြီးမှ ... ဖယ်နော် ... ချစ်မိုး"

"မှန်ပါဘုရား"

ဒါနဲ့ ဝါးပင်တစ်ပင်ခုတ်ပြီး ဝါးဖျားတုတ်နဲ့ အထဲကို ထိုးမွှေလိုက်ရော ချစ်မိုးလက် တဲ့ခနဲရပ်သွားရော ...

"ချစ်မိုး ... ဘာထူးခြားလဲ"

"တစ်မျိုးကြီးပဲဘုရား။ အထဲမှာ ဘာလဲမသိဘူး"

"အမာလား ... အပျော့လား"

"ပျော့တော့တော့ကြီးနဲ့ ထုံထုံထူထူကြီးဘုရား"

"အသာထိုးမွှေကြည့်စမ်းပါကွယ်။ ရွံ့တွေများမှ မသိဘဲ"

ဒါနဲ့ ချစ်မိုးကြီး ဝါးလုံးရှည်နဲ့ ခပ်ဆတ်ဆတ်ထိုးလိုက်ရော အထဲကဟာက လွန့်သလိုလုပ်ပြလို့ လန့်သွားတယ်။





"ဘုန်းဘုရား"

"ဘာတုံးဟ ... ချစ်မိုးကြီးရ"

"ဟို ... ဟို ... အထဲကဟာက ... ဘာ ... ဘာ ... လဲ မသိဘူး။ လွန့်လွန့်ပြတယ် ... ဘုရား ... ဖြစ် ... ဖြစ် ... ပါ့မလား ဘု ... ဘု ... ရား"

"မြွေကြွက်ကြီးများလားဟဲ့"

"မဖြစ်နိုင်ဘူး ဘုရား"

"ချစ်မိုး"

"ဗျာ ... ကပ္ပိယကြီး"

"လိပ်တွေဘာတွေများ ဝပ်နေရော့သလား"

"မသိဘူးဗျ။ လွန့်ပုံက အတော်ကြီးတယ်"

"အပြင်ထွက်အောင် လှုပ်ပေး၊ ကော်ပေးရင်ကော"

"ဖြစ် ... ဖြစ် ... ပါ့ ... မလား ... ဘဘုန်း"

"ဖြစ်အောင်လုပ်ရမှာပဲ ... ချစ်မိုးရဲ့။ ငါတို့က ဘုရားရှပ်တုရှာနေတာလေ။ အသာကြိုးစားကြည့်စမ်းကွယ်။ သမ္မာဒေဝနတ်များ၊ ရုက္ခစိုး၊ ဘုမ္မစိုးများလည်း ကူညီကြပါဗျာ"

"တပည့်တော် ခပ်ဆတ်ဆတ်ထိုးလိုက်မယ်"

"လုပ်ကွယ်"

"ကိုင်း ..."

"ဂလုပ် ... ဂလုပ် ..."

"ဂလုံး ... ဂလုံး ..."

"ဂွပ် ... စွပ် ... စွပ် ..."

"ဟာ ... ဟာ ..."

"ဘာတုံး ... ဘာတုံး ချစ်မိုး"

"တအားရုန်းတယ် ဘုရား။ နောက်ဆုတ်နောက်ဆုတ် အန္တရာယ်ပေးရင် ဒုက္ခရောက်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောကြောင်နေပါလိမ့်မယ်"

"ဟာ ... ထွက်လာပြီဘုရား"

"ဘယ်မှာတုံးဟဲ့"

"ဟို ... ဟို ... မှာ ... ဘုရား ... ဟာ ... မြွေ ... မြွေကြီး ဘုရား"

"ဟာ ... ဟုတ်သဟ။ နောက်ဆုတ် ... နောက်ဆုတ် ..."

"အမယ်လေး ... ပြေးဟေ့ ... ပြေးဟ ..."

"ဝုန်း"

"ရှူး ... ရှူး ... ရှူး ... ရှီး ... ရှီး ..."

တုတ်ရှည်ထုတ်ပြီး ငုံ့နေတုန်းမှာပဲ ကျင်းပေါက်ထဲကနေ မြွေကြီး တစ်ကောင်ရဲ့ပါးပျဉ်းကို မြင်လိုက်ရတော့ ...

အမလေး ... ပါးပျဉ်းက ဆန်ပြာတဲ့ ဆန်ကောနီးပါးလောက် ကြီးဗျာ။ ပါးပျဉ်းဆန့်ပြီး ရေနွေးပန်းကန်လုံးလောက် မျက်လုံးနှစ်လုံးကို ပြူးလို့ လိုက်ကြည့်နေတာ။

ပါးစပ်ကနေ လျှာကို ထုတ်ပြလိုက်တာများ ...

အစွယ်ကတင် လက်တစ်ညိုးခန့် အရှည်ရှိပြီး လျှာနှစ်ခွကြီးက ပါးပျဉ်းနှစ်ကောင်ပူး လွန့်ပြသလို ထွက်လိုက်ဝင်လိုက်လည်း မြင်ရော ..

တုတ်ရှည်ကိုချပြီး နောက်ကို လေးငါးလှမ်းဆုတ်လို့ ဝါးပိုးရုံကို ထွက်ပြီး ကြောက်ကြောက်လန့်လန့်နဲ့ ကြည့်နေတုန်း ...

ဘဘုန်းလည်း မြတ်စွာဘုရားလို့ အော်လိုက်ပြီး သင်္ကန်းကိုစုရုံ လို့ နောက်ပြန်ဆုတ်ချိန် ...

အားကိုးဖို့ခေါ်လာတဲ့ ကပ္ပိယကြီးကတော့ ကယ်တော်မူပါလို့အော် ရင်း နောက်ပြန်လှည့်ပြေးပြီ။

ဘဘုန်းနဲ့ချစ်မိုးကြီး အရဲစွန့်လို့ ကြည့်နေတုန်းမှာပဲ ရှေးဟောင်း ဘုရားပျက်ကျင်းထဲက လူးလွန့်ပြီး ထွက်လာသည့်မြွေက လုံးပတ် လူကြီး ခြေသလုံးလောက်ရှိတဲ့ ရောမ နှစ်ချို့တောကြီးမြွေဟောက်ကြီး။





"ချစ် ... မိုး ..."

"ဘုရား ... ဘု ... ရား ..."

"အဲ ... အဲဒါ ... တော ... ကြီး ... မြွေဟောက်"

"မှန် ... ပါ ... ဘယ်လိုလုပ်ကြ ..."

"ပြေး ... ပြေး ... ငါတို့ သူ့အသိုက်ကို ဖျက်မိသလိုရှိပြီ။ သူ ရန်မပြုခင် လွတ်အောင်ပြေးတော့။

"ရှီး ..."

"ဖူး ..."

"ဝေါ ..."

"ပြေး ... ပြေး ..."

"ဝရော ... ဝရော ..."

ဒီအချိန်မှာပဲ လေရော မိုးရောကျပြီး တဖြောင်းဖြောင်း တဝုန်း ဝုန်းနဲ့ မိုးကြီးလေကြီး ရွာချပါရော။ နှစ်ယောက်သား ရှေ့ကပြေး နောက် ပြန်လှည့်ကြည့်တော့ ...

တောကြီးမြွေဟောက်ကြီးက လူတစ်ရပ်အမြင့်ပါးပျဉ်းကို ထောင် ပြီး သူတို့နှစ်ဦးကို လိုက်ကြည့်ရပ်ကြည့် လှမ်းကြည့်လုပ်နေတာ ...

တော်ပါသေးရဲ့။ မိုးက မိုးသီးမိုးပေါက်ရွာလို့ သူတို့ခြေရာကို မြွေ ကြီးပေါ်မှာ မြွေဟောက်ကြီးက မမြင်တော့တာ။ ဒီလို ရောမတောကြီးမြွေ ဟောက်တို့၊ ငန်းဝါကြီး၊ ငန်းပုတ်ကြီးတို့က သူတို့အသိုက်ကို ဖျက်လိုဖျက် ဆီးလုပ်ရင် အားကြီးစိတ်ဆိုးပြီး ရန်ပြုလေ့ရှိတယ်။

သူတို့ဥကိုယူသွားရင် ဖျက်ဆီးရင် ခြေရာခံ အနံ့ခံပြီး မြစ်ကူး၊ ချောင်းများ၊ ဖောင်ပေါ်၊ လှေပေါ်၊ မော်တော်ပေါ်အထိမှသည် အဝေးမှနေ သည့် အိမ်ထိအောင် အငြိုးကြီးကြီးနဲ့ လိုက်လေ့ ကလဲ့စားချေလေ့ရှိတယ်။

ဟူး ... တော်ပါသေးရဲ့။

မိုးက သည်းကြီးမဲကြီးရွာတော့ ခြေရာတွေ ဖျက်ကုန်ရော။



www.burmeseclassic.com

www.burmeseclassic.com



ခြေရာများ မပျက်ရင် ...

အမယ်လေး ... တွေးတွေးပြီး ရင်ထိတ်လိုက်တာ။

ခါးပန်းဝါကျောင်းတိုက်ရောက်တော့ သူတို့အချင်းချင်း စကားမပြောနိုင်ကြဘူး။ မောဟိုက်ပြီး အသက်ကို မှန်မှန်ရှူလို့ ငါ မသေသေးပါလားတွေးပြီး ပက်လက်လှန်ရာက ခေါင်းထောင်ကြည့်ရသေးရဲ့။

တော်ပါသေးရဲ့။

တောကြီးမြွေဟောက်ကြီး လိုက်မလာပေလို့။

✿ ✿ ✿

[ ၁၂ ]

## အပြံယ ဈေး(ဘီး)မန်း

❑

ဘုန်းတော်ကြီး ဦးရက္ခိတရော၊ ကပ္ပိယကြီး ဖိုးသန်းခေါင်ရော အသာငြိမ်နေတာ သုံးရက်ရှိသွားပြီ။

ရေမင်နီးမြွေကြီးရဲ့ ပါးပျဉ်းကားကြီးနဲ့ မျက်လုံးရဲရဲကြီးကို မြင်ပြီးကတည်းက ကပ္ပိယကြီး ညဘက်အိပ်ရင်း လန့်လန့်အော်နေရတာ။

"အမယ်လေး ... လာကြပါဦးဗျို့"

"အရှင်ဘုရား ... အရှင် ... ဘုရား ..."

"ကိုယ်တော် ... ကိုယ်တော် ..."

"လိုက်လာနေတယ် ... လိုက် ... လာ ... နေ ... တယ်"

"မလုပ်ပါနဲ့ ... မပေါက် ... ပါနဲ့"

"အား ..."



www.burmeseclassic.com

www.burmeseclassic.com



အိပ်ကောင်းသည့်အချိန် အလန့်တကြား ထထအော်နေလို့ ဘုန်းကြီးက ပရိတ်ရေမန်း တိုက်ရ ပက်ရ သပ်ချရ လုပ်ရတယ်။

"ဖိုးသန်းခေါင် ..."

"ကိုယ်တော် ... ကိုယ် ... တော် ..."

"ရှိတယ် ... ကျုပ်ရှိတယ်"

"တပည့်တော်ကို ငန်းမြွေကြီး ... ပေါက် ... လိုက် ... ပြီ .. မ ... မ ... နေ ... ရတော့ဘူး ... ဘ ... ဘ ... ဘုရား"

"ဖိုးသန်းခေါင် ... ဖိုးသန်းခေါင် ..."

"အသက်ရှူကျုပ် ... ကျုပ် ... လာ ..."

"ဒကာကြီး ... ဒကာကြီး ... သတိထားလေ ... ဒါ ... ဒါက ..."

"မျက် ... လုံး ... လုံးတွေ ... မ ... မ ... မြင် ... ရ"

"ဒါဆို ... သေဟ ... သေဟ ... ကိုင်း ... သေရော့"

ဟုတ်တယ်။ ကြာတော့ ဘုန်းကြီးရော၊ အနီးရှိ ဘုန်းကြီးကျောင်းသားများ၊ ဦးဇင်းများ၊ ကိုရင်များရော စိတ်မရှည်ချင်တော့ဘူး။

"သန်း ... ခေါင် ..."

"ဘု ... ရား ... အား ..."

"မင်းသေရင် ဘယ်သင်္ချိုင်းမှာ မြှုပ်ပေးရမလဲ။ ပြော ..."

"အဲ ... အဲ ... ဟို ... အဲ ..."

"ဖိုးသန်းခေါင် ..."

"ဘုရား ..."

"ဒကာကြီးကို ဘယ်မြွေမှ မကိုက်သေးဘူး"

"စောစောက ... ပေါက် ... ပေါက် ..."

"အဲဒါ အိပ်မက် မက်ပြီး ယောင်လန့်အော်နေတာ"

"အိပ် ... မက် ..."

"ဟုတ်တယ် ...။ ဘယ်နေရာကို ကိုက်လဲ၊ ပေါက်လဲ။ ပေါက်တဲ့ ကိုက်တဲ့နေရာ စမ်းကြည့်စမ်း။ စမ်းလေ ..."





သူ ကုန်းထပြီး သူ့ခြေချင်းဝတ်ကို ကြည့်တယ်။ ပြီး ဘေးဘီဘယ်ညာကို မျက်လုံးကစားပြီး ...

"ဘုရား ... ဘုရား ... ကြောက်စရာကောင်းလိုက်တဲ့ အိပ်မက်ပါဘုရား။ ငန်းဝါကြီးကလေ ..."

"တော် ... မပြောနဲ့"

"ကိုယ်တော် ... ကိုယ်တော် ..."

"ဘာလဲ ..."

"နောက် ... အဲဒီနေရာကို ... သွား ... သွားဦးမှာလား ... ဟင် ... ဟင် ..."

"သွားမှာပဲ"

"ဘုရား ... ဘုရား ... ဒီတစ်ခါသွားရင် ... တပည့်တော် ... လိုက် ... လိုက် ... ရ ... ဦးမှာလား ... ဘ ... ဘ ... ရား"

"လိုက်ရမှာပေါ့။ ဒကာကြီးတို့က ဒေသခံလူရင်းတွေဥစ္စာ။ ဒကာကြီးမှမလိုက်ရင် ဘယ်သူလိုက်မှာလဲ"

"အမယ်လေး ... ဗျာ ... အစ် ... အစ် ... အစ် ..."

"ဟဲ့ ... ဟဲ့ ... သန်းခေါင် ... သန်းခေါင် ..."

"အစ် ... အစ် ... ဂစ် ... အစ် ..."

"သန်း ... ခေါင် ... ကပ္ပိယကြီး ... ကပ္ပိယကြီး ..."

"အူး ... ဟူး ..."

"ပြန်သတိရလာပြီ ဘုရား။ မသေဘူးဘုရား"

"လန့်ပြီး တက်သွားတာပါဘုရား"

"တပည့် ... တော် ... မ ... လိုက် ... မလိုက် ... ပါ ... ရ ..."

"အေး ... အေး ... ငါ့သဘောနဲ့ မခေါ်ပါဘူးကွယ်။ မင်းသဘောအတိုင်း လိုက်ချင်မှ လိုက်ရဲမှ လိုက်ပါ။ ကိုင်း ... ကိုင်း ... ဘုရားတရားမှတ်ပြီး စိတ်ဖြောင့်ဖြောင့်အိပ်တော့ ... အိပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သုံးရက်လုံးလုံး ဘုန်းကြီးကို မတွေ့ရအောင် ရှောင်သလို လုပ်နေတယ်။ ချစ်မိုးကြီးတို့၊ ရွှေဘတို့၊ ကျော်ဆွေတို့ မာတ်သိဘုန်းကြီး ကျောင်းသားတွေက ကပ္ပိယကြီးအကြောင်းသိလို့ ဝိုင်းစကြတယ်။

ဒီနေရာမှာ မေးစရာရှိတယ်။

ဘုန်းကြီးကျောင်းသားနာမည်တွေက ဘာလို့ ရွှေဘတို့၊ ကျော်ဆွေတို့၊ ကျော်ဇောကြီးတို့၊ ချီးဗူးတို့ စသည့် ရုပ်ရှင်မင်းသားနဲ့ လူကြမ်း နာမည်တွေ ပေးရခေါ်ရသလဲဆိုတာပေါ့။

ရွှေဘဆိုတဲ့ကောင်က ...

ရွှေဘ ပါဝင်သရုပ်ဆောင်တဲ့ **'ဒါလားကွ အချစ်'** ရုပ်ရှင်ဇာတ်ကားကြည့်ပြီး ပြန်လာတဲ့ညမှာ သူ့အမေဗိုက်နာပြီးမွေးလို့ အဲဒါ **ရွှေဘ** နာမည်တွင်ရတာ။

ကျော်ဆွေလည်း ဒီနည်းပဲ။

ကျော်ဆွေ့အမေရယ် ... ကိုယ်ဝန် နေ့စေ့လစေ့နဲ့ ရုပ်ရှင်မင်းသား ကျော်ဆွေရဲ့ 'ဒဏ်'ဆိုတဲ့ရုပ်ရှင်ကားကို ကြည့်နေတုန်း ဗိုက်နာပြီး ရုပ်ရှင်ရုံထဲတင် ရေမွှာပေါက်၊ နီးရာလက်သည်နဲ့ အမြန်ခေါ်မွေးရဆို။ မွေးလာသည့်ကလေးကို ရုပ်ရှင်မင်းသား ကျော်ဆွေအမည်ပေးကြပါရော။

ရုပ်ရှင်ရုံပိုင်ရှင်ကလည်း သူ့ရုံထဲမှာ မီးဖွားလို့ဆိုပြီး အနီးပိတ်၊ နို့မှုန့်နဲ့ငွေပါ ပေးလိုက်သေးရဲ့။

ကျော်ဇောကြီးဆိုတာက သမ္မတ လူကြမ်းအဖွဲ့က။ ချီးဗူးလည်း သမ္မတ လူကြမ်းအဖွဲ့ကပဲ။

လွတ်လပ်ရေးခေတ်ဦးအလွန် ၁၉၆၀–၁၉၇၀ ဝန်းကျင်မှာ နာမည်ကြီးတဲ့ လူကြမ်းတွေပါ။

လူကြမ်းကျော်ဇောကြီးလို ဝဝဖိုင့်ဖိုင့်၊ နှုတ်ခမ်းကော့ကော့မို့ အဲဒီ ဘုန်းကြီးကျောင်းသားကို ကျော်ဇောကြီးလို့ ခေါ်ကြ။

အမြဲတမ်း ခေါင်းတုံးပဲပွတ်နေသည့် ကျော်ဦးကို လူကြမ်းချီးဗူး





နဲ့တူလို့ ချီးဗူးပဲခေါ်ကြနဲ့။ အဲဒီနာမည်တွေဟာ ဘုန်းကြီးကျောင်းမှာ ရာ သက်ပန်အမည်များ ဖြစ်ကုန်ပါရော။

အဲဒါ ကပ္ပိယကြီးကို စကြရော။

"အဘသန်းခေါင် ..."

"ဘာတုံး"

"ဘုန်းကြီးခေါ်နေတယ်"

"ဘာကိစ္စတဲ့တုံး"

"ငန်းပြားနဲ့ ပေါက်ပြားယူခဲ့တဲ့"

"ဘာလုပ်ဖို့တုံး၊ ခွေးသေကောင်မြှုပ်ဖို့လား"

"မဟုတ်ဘူး ...။ တောထဲမှာ ဘုရားသွားရှာမလို့တဲ့"

"ဟင် ... ဘုရား ... သွား ... ရှာ ... မလို့ ... ဟုတ်လား"

"ဟုတ်တယ် ...။ မြန်မြန်လာခဲ့တဲ့ဗျ။ ထ ... ဗျာ"

"အား ... အီး ... အီး ... ငါ ... ငါ ... ဗိုက်အောင့်နေ .. နေလို့ ... ဒီ ... ဒီနေ့ ... မ ... မလိုက် ... နိုင်ဘူးလို့ ... ပြော ... ပြော ... အား ... မလေး ... အမေရဲ့ ... အား ... အီး ..."

ပြောပြတုန်းရှိသေး ချက်ချင်း ဗိုက်အောင့်ပါရော။

"ဆေးသောက်မလား"

"အား ... အား ..."

"ရွှေဘ ... ဘုန်းကြီးကို သွားလျှောက်စမ်း။ ဒီမှာ ကပ္ပိယကြီး ဗိုက်အောင့်လို့လို့။ မြန်မြန်သွား"

"ဟေ့ ... ဟေ့ ... နေ ... နေ ... အား ..."

ရွှေဘတို့၊ ချီးဗူးတို့ကလည်း သိတယ်။ ဒါ တောထဲဝင်ရမယ်လို့ ပြောလို့ နာတဲ့ လုပ်ကြရောဂါဗိုက်။ အဲဒါ လူကြောက်ကပ္ပိယကြီးကို ဒုက္ခ ပေးချင် စချင်နောက်ချင်တော့ ဘုန်းကြီးကို သွားပင့်လာရော။

"ကပ္ပိယကြီး ..."

"ဘုရား ... အား ... အီး ... အီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်နာလို့ဆို"

"မှန် ... ပါ ... ဘုရား ... အား ... အီး ... ကျွတ် ... ကျွတ် ... ကျွတ် ..."

"ဘာတွေစားလို့တုံးဗျ"

"စောစောတုန်းက ဟင်းကောင်းမှန်သမျှ အကုန်စားတာဘုရား"

"ချဉ်ပေါင်ကြော်နဲ့ မျှစ်ချဉ်လည်း ကပ္ပိယကြီးပဲစားတာဘုရား"

"ဝက်သားအဆီတုံး ငါးတုံးလောက်လည်း သူပဲဘုရား"

"ပျဉ်းမနားမျှစ်ချဉ်နဲ့ ငါးချက်လည်း သူချည်းပဲစားတာ ပြောလို့ တားလို့ မရဘူး"

အားလုံး ဝိုင်းချွန် ပင့်ပေးကြရော။ ကပ္ပိယကြီးကလည်း ကပ္ပိယကြီးပဲ။ ဘုန်းကြီးကျောင်းသား ထမင်းဝိုင်းကျရင် သူက ဗိုလ်ကျရော။ ဒါက ငါ့ဖို့။ ဟောဒါ မင်းတို့ဖို့ဆိုပြီး ...

ကန်စွန်းရွက်ကြော်၊ ပဲဟင်း၊ ခရမ်းသီးနှပ်၊ ပဲတို့ဆိုရင် ဘုန်းကြီးကျောင်းသားအုပ်စုဘက် ချပေး။

ဘုန်းကြီးလက်ကျန် ဝက်သား၊ ကြက်သား၊ ငါးဟင်းကျရင် သူက အကုန်လက်ဝါးကြီးအုပ် ကျန်လူကို အနည်းအကျဉ်းပေး လုပ်တာ။

"ဖိုးသန်းခေါင် ..."

"ဘုရား ... အား ... အား ..."

"တော်တော်အောင့်လို့လား"

"မှန် ... မှန် ... ပါ ... ဘု ... ရား ..."

"ဝမ်းရောသွားရဲ့လား"

"မ ... မ ... သွား ... ဘူး ... ဘုရား ... ကျွတ် ... ကျွတ် ကျွတ် ..."

"ဘယ်နှစ်ရက်ရှိပတုံး"

"နှစ် ... နှစ် ... ရက် ... ရှိ ... ပါပြီ ... ဘုရား ... အား"





အမှန်က နေ့တိုင်း မနက်တစ်ခါ ညတစ်ခါ သွားနေတာ။ ဘုန်းကြီးနဲ့ ကျိုက်ဒေးဝတောထဲလိုက်၊ ဘုရားပျက်ကုန်း၊ စေတီပျက်ကုန်းရှာရင် လိုက်ရမှာကြောက်လို့ ငရဲကြီးခံပြီး ညာပြောနေတာ။

"ဒါဆို ဝမ်းချုပ်တာပဲ"

"ဟုတ် ... ဟုတ် ... ပါ့ ... ဘု ... ရား ..."

"ရွှေဘ ..."

"ဘုရား ..."

"ငါ့စားပွဲပေါ်က ဝမ်းနုန်းဆေးဘူးအမည်းကြီး ယူလိုက်"

"မှန်ပါဘုရား"

"နေ ... နေပါစေ ... ဘုရား။ မှောက်နေလိုက်ရင် ... ကောင်း ကောင်း ..."

"အို ... မှောက်နေလို့ ဘယ်ရမှာလဲ။ ဝမ်းတစ်လုံးမကောင်းရင် ခေါင်းတစ်လုံးခဲတယ်။ ရပြီလား ... ပေး ... ပေး ... ရော့ ... ခုချက်ချင်း သောက်လိုက်စမ်း။ တစ်အောင့်နေရင် ဝမ်းသွားလိမ့်မယ်။ ရော့ ... သောက်"

ဘုန်းကြီးက ဟောလစ်ပုလင်းကြီးဖွင့်ပြီး အထဲက ဝမ်းနုတ်ဆေး မည်းမည်းအမှုန့် ကွမ်းသီးတစ်လုံးခန့်ကို အတင်းတိုက်ပါရော။

"မ ... မသောက် ... ပါရ ..."

"မသောက်လို့ မရဘူး၊ ခုသောက်။ စားတုန်းက ဒီလိုငြင်းလို့လား"

"တစ်အောင့်နေ ကောင်း ..."

"တစ်အောင့်နေ မကောင်းနဲ့။ ချက်ချင်းကောင်းဖို့ အရေးကြီးတယ်။ သောက် ..."

ကပ္ပိယကြီး ဒုက္ခတွေ့နေပြီ။ တောထဲလိုက်ရမှာကြောက်လို့ ညာဖြီးလိုမ့်ကာမှ ချက်ချင်း ငရဲက ကြီးတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



''ရော့ ... ရေနွေးသောက်။ ရဲရဲသောက်စမ်းပါ။ ဒါ ကျုပ်ရဲ့ လက်ကိုင်ဆေးပဲ။ ပယောဂလည်း ဒီဝမ်းနှုတ်ဆေးတိုက်တာ။ ဟုတ်ပြီ။ ဒီလိုမှပေါ့ဗျ။ ဟဲ ... ဟဲ ... ဟဲ ... ကောင်းသွားလိမ့်မယ်၊ သိလား''

''မှန် ... မှန်ပါ့''

''ကပ္ပိယကြီး ... ကောင်းသွားမှာဗျ ... သိလား''

''တောက် ... အား ... အား ...''

''ဘာဖြစ်ပြန်ပတုံး''

''ဗိုက်ထဲက ရစ် ... ရစ် ... နာ ...''

''အဲဒါ အပူအပုပ်ကြွတာဗျာ။ အိမ်သာကို အမြန်ပြေး။ ကျောင်းပေါ်ထွက်ကုန်ဦးမယ်''

''ဂွီ ... ဂွီ ...''

''အား ... မလေး ... အား ... အ ... အိမ်သာ ... အိမ်သာ ...''

''မြန်မြန်သွားပါဗျ ... ကျောင်းပေါ်ထွက်ကုန်မယ်''

ကပ္ပိယကြီးရယ် ဖင်ကိုလက်နဲ့ပိတ်ပြီး ပြေးပါရော။ ဘာကြာလဲ အိမ်သာထဲကနေ ဘရင်းဂန်းပစ်သံ၊ စက်သေနတ်ဆွဲသံ၊ လက်ပစ်ဗုံးကွဲသံလို အသံမျိုးစုံ ကြားရရော။

''ရွှေဘ ...''

''ဘာတုံး ချီးပူး''

''ကပ္ပိယကြီးတော့ ငါတို့ကောင်းမှုကြောင့် ခံနေရပြီကွ''

''အိမ်သာထဲသေနေရင် ဘယ်လိုလုပ်မတုံး''

''မသေနိုင်ပါဘူးကွာ''

''သူက တောထဲလိုက်ရမှာ ကြောက်တာကိုးကွ''

''သူမလိုက်ရင် ငါတို့လိုက်ရမှာကွ''

''ဟ ... ငါတို့လည်း မလိုက်ရဲဘူး။ အဲဒီတောထဲမှာ တောကြီးမြွေဟောက်၊ ငန်းပုတ်၊ ငန်းဝါနဲ့ လူကိုမျိုနိုင်တဲ့ စပါးကြီး၊ စပါးအုံးသာ





မကဘူး ပဒူအုံလည်းရှိတယ်လို့ မုဆိုးနုပ်ချီးပြောတယ်။ ငါတို့ခေါ်ရင်လည်း မလိုက်ရဲဘူး''

''ဟော ... တို့ကပ္ပိယကြီး ပြန်ထွက်လာပြီ''

''ကပ္ပိယကြီး ... ကပ္ပိယကြီး ...''

''အေ ... ဟေ ...''

ကပ္ပိယကြီးက ညောင်နာနာ နုံးချိချိအသံနဲ့ ယဲ့ယဲ့လေးထူးတယ်။ မျက်လုံးလည်း မပွင့်တပွင့်နဲ့။

''အခြေအနေကောင်းရဲ့လား''

''ဘုန်းကြီးငါးပါး ပင့်လိုက်ရမလားဗျ ... ဟင်''

''အား ...''

''မကောင်းရင် ပြော''

''ကောင်း ... ကောင်း ... ပါ ... တယ် ... ကွာ''

''ဘုန်းကြီးက မှာသွားတယ်ဗျ''

''ဘာ ... ဘာ ... တဲ့ ... တုံး ... ကွာ ... ဟာ ... ဟာ''

''ဝမ်းသွားလို့ နေသာထိုင်သာရှိရင် ငန်းပြားနဲ့ ပေါက်တူးယူပြီး တောထဲဝင်ဖို့ အသင့်ပြင် ... တဲ့''

''အား ... အား ... မလေး လေး ... အား ...''

''ဂွီ ... ဂွီ ... ဂွီ ...''

''ဗျစ် ... ဗျစ် ... ဗျစ် ...''

ရွှေဘတို့အုပ်စုနဲ့ မလွယ်ပါဘူး။ ခများ ဝမ်းတွေသွားလို့ နုံးပြီး ပြန်လာတုန်းရှိသေး ငန်းပြားနဲ့ပေါက်တူးယူပြီး အသင့်ပြင်လို့ပြောရော .. အား ... အီး ... အမလေးအော်ရင်း ရပ်ရင်းတန်းလန်းက အီးတွေထွက်ကုန်လို့ ရွှေဘတို့၊ ကျော်ဆွေတို့၊ ချီးပူးတို့ ပါးစပ်ပိတ်၊ နှာခေါင်းပိတ် အော့အန်ပြီး ပြေးကြပါရော။

ဖိုးသန်းခေါင်လည်း အိမ်သာထဲရောက်တော့ အိမ်သာတိုင်ကိုခေါင်းနဲ့မှီပြီး စဉ်းစားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ဒေးဝတောထဲကို ဘုန်းကြီးနဲ့အတူလိုက်ရင်း မြွေကိုက်အသေခံရင် ကုသိုလ်ရတယ်။

အိမ်သာထဲမှာ ချီးပန်းရင်း ညာလို့အသေခံရင်တော့ ငရဲပြည်သွားရဦးမယ်။

ဘယ်လိုသေရင် ကောင်းမလဲဆိုတာ စဉ်းစားဦးမယ်ဆိုရင်း အိမ်သာပေါ်ကဆင်းလို့ တဖြည်းဖြည်း လှမ်းလာတုန်းရှိသေး ...

ဗိုက်ထဲမှာ ဘရင်းဂန်းက မွှေပြန်ပါရော။ ရမ်းပြန်ပါရော။

ဒါနဲ့ အိမ်သာပေါ် အမြန်ပြန်တက်ရင်း စက်သေနတ် အချက်နှစ်ဆယ်လောက်ဆွဲလိုက်တယ်။ (ဂျပန်တွေ အတုံးအရုံးပဲတဲ့)

''ဘယ်လိုလုပ်မလဲ။ ကပ္ပိယကြီး အိမ်သာပေါ်က မဆင်းနိုင်ဘူး''

''သေရင် မင်းစနက်ပဲ ရွှေဘ''

''ငါလည်း အနောက်အစ လွှန်သွားတယ်ကွာ''

''ဒီလိုလုပ်။ ဆေးဆရာကြီး ဦးရွှေဖျိုင်းကို သွားခေါ်ခဲ့။ ကပ္ပိယကြီး အစားမှားပြီး ချေးပန်းလို့လို့။ သွား ...မြန်မြန်သွား''

''ဟို ...ဟို ...ဆရာကြီး ဦးရွှေဖျိုင်းမရောက်ခင် သေ ...သေရင်ရော''

''အဲဒါ မပူနဲ့။ တို့ကျောင်းကကိုယ်တော်တွေနဲ့ ကိစ္စပြီးတယ်။ မြန်မြန်သွားတော့''

✿ ✿ ✿

[ ၁၃ ]

**အရူးတာအောင် အောင်စည်သံဟိန်း**

❑

တစ်နေ့ ...

ဘုန်းတော်ကြီးဦးရက္ခိတတို့ ဆွမ်းစားပြီး ပက်လက်ကုလားထိုင်ပေါ်နားနေချိန် ...

ဘုန်းကြီးကျောင်းသားကြီး အုပ်စုကလည်း စားပြီးပန်းကန်များဆေးနေတယ်။

ကပ္ပိယကြီး ဖိုးသန်းခေါင်ကတော့ ထုံးစံအတိုင်း ဆေးတံကြီးခဲပြီး ဘုန်းကြီးကျောင်းသား အငယ်လေးတွေကို လက်ညှိုးတထိုးထိုးနဲ့ ဩဇာလိုက်ပေးနေလို့ အချို့ဘုန်းကြီးကျောင်းသားများက မျက်စောင်းတခဲခဲလုပ်နေကြတယ်။

"ငပိန် ...ပန်းကန်နှုတ်ခမ်းတွေကို ပြောင်အောင်ဆေး''

"ဆေးနေတယ်လေ အဘရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"နွတ်ခမ်းမှာ ဆီတွေကပ်နေရင် နံမှာ ချွဲမှာစိုးလို့ပြောတာ"

"ပြီးမှ မပြီးသေးဉစ္စာ၊ အပြစ်ပဲ လိုက်ပြောနေတာပဲ"

"တယ် ... ငါ့များခံပြောလို့။ ဆရာတော်နဲ့တိုင်လိုက်ရင် ဖင်ပုပ်ပြီး သေသွားမယ် ... ဟင်း ..."

"ဟိုကောင် ... ခင်ချို"

"ဗျ ..."

"ဟင်းလေးအိုး မီးမများစေနဲ့"

"သိပါတယ်ဗျ"

"သိရင် ... ဟိုမှာ မီးတောက်နေတယ် လျှော့ပါလား။ ဘာလို့ကြည့်နေလဲ။ မီးများရင် ခန်းသွားရော နားလည်လား"

"ခန်းသွားရင် ရေနဲ့ဆားနဲ့ ထိုးလိုက်မှာပေါ့ဗျ"

"ဟဲ့ ... တိရစ္ဆာန်ကောင်ရဲ့၊ နင့်အမေကျမှ ရေထိုး။ ဟင်းလေးအိုးဆိုတာ မီးငွေ့ငွေ့လေးနဲ့ တစ်ပွက်နှစ်ပွက်ထ နွှေးရတာ"

"ကပ္ပိယကြီးသိရင် ကပ္ပိယကြီးလုပ်ပါလားဗျ"

"အမ်မာ ... အမဲသားလေး၊ ပညာရအောင် နားလည်အောင် ပြောပြနေတာကို ငါ့ကိုပြန်ပက်လို့။ နေဦး ငါ ဆရာတော်ကို သွားလျှောက်ဦးမယ်။ ဒါမှ နင် ငါ့အကြောင်းသိရမယ်"

ပြောရင်းနဲ့ ဆရာတော်ရှိရာ ကျောင်းအပေါ်ထပ်ကိုသွားမလို့ ပြင်နေတုန်း အိပ်နေတဲ့ကြောင်မကြီးကို တက်နင်းမိပါရော။

"ညောင် ..."

"ခွီး ... ခွီး ... ဂရား ..."

"အမလေး ... လေး ..."

"ဟ ... ဟ ... ဘာဖြစ်လို့တုံးဟ"

"ကပ္ပိယကြီးကို မြွေကိုက်လို့ဗျို့"

"ဟ ... ဟ ... ဘာမြွေတုံး ... ရွှေဘရ"

"မြွေပွေးတဲ့ဟေ့"





"မြွေပွေးမဟုတ်ဘူး ... မြွေဟောက်။ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး"

ဆူဆူညံညံအသံကြားလို့ ဆရာတော် ကျောင်းပေါ်ကဆင်းလာတယ်။

"သန်းခေါင် ... ဘာဖြစ်နေတာတုံး ဆူညံနေတာပဲ"

"အား ... ဟို ... ဟို ... ကြောင် ... ကြောင်ကုတ်လိုက်လို့ပါဘုရား"

"ဟဲ့ ... ဘယ်ကြောင်တုံးဟဲ့"

"ရွှေဝါမကြီးပါ ... ဘု ... ရား ... အား ... ကျွတ် ... ကျွတ်ကျွတ်"

"ဟဲ့ ... ရွှေဝါမကြီးက လိမ္မာပါတယ်၊ ယဉ်ပါတယ် ... သန်းခေါင်ရဲ့။ ဘယ်သူ့မှ ရန်မလုပ်ပါဘူး။ ဘယ်လိုဖြစ်လို့ပါလိမ့်"

ဖိုးသန်းခေါင်က ဘာမှပြန်မပြောဘူး။ ကြောင်ကုတ်လို့ပြဲသွားတဲ့ ခြေဖမိုးက သွေးစက်သွေးစများကို ပုဆိုးနဲ့သုတ်ရင်း ကြောင်မကြီးရွှေဝါကို အံကြိတ်လို့ ကြည့်နေတယ်။

ဒီမှာ အာသွက်လျှာသွက်ရှိပြီး အရေးအကြောင်းဆိုရင် များများလေး ချောက်ကျအောင် တွန်းပို့လေ့ရှိတဲ့ ဘုန်းကြီးကျောင်းသား ရွှေဘက ...

"ဘုန်းဘုရား ..."

"အေး ... ပြော ... ရွှေဘ ... ဘာတုံး"

"ကြောင်မကြီးရွှေဝါက ကပ္ပိယကြီးကို အသားလွတ် ကိုက်တာကုတ်တာ မဟုတ်ဘူး ဘုရား"

"ဒါဆို ဘယ်လိုကြောင့် ကြောင်က လူကိုကုတ်ရတုံး"

"ကြောင်မကြီးရွှေဝါ အိပ်နေတာကို ကပ္ပိယကြီးက ခါးတက်နင်းတော့ လန့်နာပြီး ကုတ်တာပါဘုရား"

"အဲဒါ အမှန်ပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



တင်ညွန့်နဲ့ ကျော်ဇော်ကြီးကလည်း ထောက်ခံတယ်။

"ဟင် . . . ဒီလိုလား . . . ဖိုးသန်းခေါင်"

"ဘ . . . ဘ . . . ရား . . . အား . . . ကျွတ် . . . ကျွတ် . . ."

"ရွှေဘတို့၊ တင်ညွန့်တို့ပြောတာ အမှန်ပဲလား . . . သန်းခေါင်"

"သူ . . . သူက . . . မှောင်ထဲ အိပ်နေတာကိုး . . . ဘ . . . ရား"

"မှောင်ထဲမှာ မအိပ်ပါဘူးဗျ။ ဒီနေရာ လင်းလင်းချင်းချင်းကြီး အိပ်နေတာပါ ဘုရား"

ငပိန်နဲ့ ခင်ချိုကလည်း ရွှေဘတို့ဘက်က ဝင်ပြောသက်သေခံတယ်။ ကပ္ပိယကြီး အခက်တွေ့ရော။ သူ့ဘက်က ဘယ်သူမှ မပါကြဘူး။

"ဖိုးသန်းခေါင် . . ."

"ဘု . . . ဘု . . . ရား"

"မျက်စိမပါဘူးလား"

"ပါ . . . ပါ . . . တယ် . . . ဘုရား . . . ဟို . . . ဟို . . ."

"မြွေဆို ဘယ်လိုလုပ်မတုံး"

ဒီမှာ ချီးပူးဆိုတဲ့ကောင်က ဝင်ပြောတယ်။

"သေပြီပေါ့ဘုရား"

အဲဒီလိုပြောတော့ ခပ်လှမ်းလှမ်းကတစ်ယောက်က ဘုန်းကြီး မကြားအောင် တိုးတိုးလေးပြောတယ်။

"သေရင် ဝမ်းသာစရာပဲ"

"နောင်ကို ဂရုစိုက်ပါ . . . ဖိုးသန်းခေါင်"

"မှန်ပါဘုရား . . . အား . . . ကျွတ် ကျွတ်"

"ကုတ်လိုက်တဲ့ဒဏ်ရာ များသလား။ အို . . . အများကြီးပဲကိုး"

"အား . . . ကျွတ် . . . ကျွတ် . . . ကျွတ် . . . အား . . ."

ဘုန်းကြီးက ထိုင်ပြီး ခြေဖမိုးပေါ်က ကုတ်ရာ ခြစ်ရာ ဒဏ်ရာများကိုကြည့်ပြီး ကရုဏာစကား ပြောရော။ ဖိုးသန်းခေါင်က ပိုသည်းပြပါရော။





"အား . . . လား . . . လား . . . လား . . ."

"ဟဲ့ . . . ကြောင်လက်သည်းက အဆိပ်ပြင်းတယ်တဲ့။ ဘာဆေး ရှိတုံး . . . ဖိုးသန်းခေါင်"

"ဘာဆေးမှ . . . မ . . . မရှိ . . ."

ဒီမှာ ရွှေဘက စေတနာနဲ့ ဝင်ပြောတယ်။

"ဘုန်းဘုန်းဘုရား"

"ဘာတုံး . . . ရွှေဘရဲ့"

"မနေ့တုန်းကတိုက်တဲ့ ဝမ်းနှုတ်ဆေးပြန်ကျွေးရင် မရဘူးလား ဘုရား"

ဘုန်းကြီးက ခပ်တည်တည် ဝင်အကြံပေးတဲ့ ရွှေဘရဲ့မျက်နှာကို ကြည့်လိုက်၊ ကပ္ပိယကြီးရဲ့မျက်နှာကို ကြည့်လိုက် လုပ်နေတယ်။

ကပ္ပိယကြီးက အံကြိတ်ပြီး ရွှေဘကိုကြည့်နေတယ်။ ဘုန်းကြီးကလည်း ကပ္ပိယကြီးနဲ့ ဘုန်းကြီးကျောင်းသားများအကြောင်း တစ်စွန်းတစ်စ သိတယ်။

ကပ္ပိယကြီးကလည်း ဘုန်းကြီးကျောင်းသားများ အရိုက်ခံ အဆူခံ ရရေးကို လက်မနေးတမ်း ကြိုးစားနေတာ။

တစ်ခါ ဘုန်းကြီးကျောင်းသားများကလည်း ကပ္ပိယကြီး ချောက်ကျမည့်ကိစ္စ၊ အဆူခံထိရမည့်ကိစ္စ၊ အကျိုးနည်းမည့်ကိစ္စများမှာ အားလုံး စုပေါင်းညီညာ အောင်ကြောင်းဖြာ ဝင်လုပ်ကြမှန်း ရိပ်မိတယ်။

သို့သော် . . .

ငယ်တပည့် လူရင်းတွေမို့ ခြောက်တန်ခြောက်၊ ဟောက်တန်ဟောက်၊ ရိုက်တန်ရိုက် လုပ်ရတယ်။

"တပည့်တော် သွားယူလိုက်ရမလား ဘုရား"

တင်ညွန့်က ရဲရဲဝံ့ဝံ့ သဘောကောင်းစွာ ထပ်လျှောက်တယ်။

"မဆိုင်ဘူး။ ကြောင်ကုတ်တဲ့ဒဏ်ရာကို ဝမ်းနှုတ်ဆေး တိုက်လို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လိမ်းရင်ရော မရဘူးလားဘုရား"

ရွှေဘာက ကပ္ပိယမျက်နှာကိုကြည့်ပြီး အားတက်သရော လျှောက်ပြန်တယ်။

"တယ် ... ဒီကျောင်းသားတွေ ဘာမှနားမလည်ကြသေးပါလား။ ဝမ်းနှုတ်ဆေးဆိုတာ ဝမ်းချုပ်၊ ဗိုက်အောင့်မှ တိုက်ရတာ။ အနာကိုထည့်လို့မရဘူး။ ဟဲ့ကောင် ... ချိုးဖူး"

"ဘုရား ..."

"ကျောင်းနောက်မှာ ဘီစပ်ချုံရှိတယ်"

"မှန်ပါ ...။ ဘာလုပ်ရမလဲဘုရား။ ခုတ်ပစ်ရမှာလားဘုရား"

"သယ်လေ ... ငါခုတ်ခိုင်းတာမဟုတ်ဘူး၊ အနာကျကောင်ရဲ့"

"ကန်တော့ ကန်တော့ပါဘုရား"

"ဘီစပ်ရွက်ကိုခူး၊ ရေစင်စင်ဆေး၊ ကြိတ် အရည်ညှစ်ပြီး အနာပေါ်ထည့်။ ကြားလား ... ဖိုးသန်းခေါင်"

"မှန် ... မှန် ... ပါဘုရား"

"နက်ဖြန် အနာကျက်သွားလိမ့်မယ်၊ အဆိပ်ကျသွားလိမ့်မယ်။ ချိုးဖူး ... သွားခူးပေးလိုက်"

"မှန်ပါဘုရား"

ချိုးဖူး ကျောင်းနောက်ကို အမြန်ပြေးတယ်။ ဘီစပ်ချုံကိုမြင်ပေမယ့် ဘီစပ်ရွက်ကိုမခူးဘူး။ နွယ်တက်နေတဲ့ ခွေးလေးယားရွက်တွေကို ခူးလာပြီး ကပ္ပိယကြီးကို ပေးလိုက်တယ်။

ကပ္ပိယကြီးက ချိုးဖူးလှမ်းပေးတဲ့ အရွက်တွေကိုကြည့်ပြီး ပါးစပ်က ခပ်တိုးတိုးဆဲလိုက်တယ်။

" ..... သားတွေ ... ထို့ ..."

ဒီအချိန်မှာပဲ ကျောင်းရှေ့လမ်းမကနေ လင်ကွင်းတီးသံနဲ့အတူ လူတစ်ယောက် တဘောင်လိုလို၊ သီချင်းလိုလို၊ သံချပ်လိုလို ထူးထူးဆန်းဆန်းအော်ဆိုတာကို အားလုံးကြားရတယ်။





တစ်ခါဖူးကမှ ဒီလို တီးသံ ဆိုသံ မကြားရလို့ အံ့သြကြတယ်။

"ကပ္ပိယနောက် ... မြွေကလိုက် ...

စွတ်လိုက်တဲ့မြွေ ... ကိုးတောင်ရှည် ...

ချေးပေတာပဲ ... အဖတ်တင်သဟော့ ...

ဂွမ်း ချမ်း ... ဂွမ်း ချမ်း ... ဂွမ်း ချမ်း ... ဂွမ်း ချမ်း"

"ဟ ... ဟ ... ထူးဆန်းလှချည်လား ... ကပ္ပိယကြီးရ"

ချစ်မိုးကြီးက သံချပ်လိုလို၊ တဘောင်လိုလို စာသားမှာ ကပ္ပိယကြီးပါနေလို့ ကပ္ပိယကြီးအနီးကပ်ပြီး ခပ်တိုးတိုးပြောရရော ...

"အေးကွ ... ဘယ်ကောင်များလဲမသိဘူး"

"နားထောင် ... နားထောင် ..."

"အိပ်တဲ့မြွေဆိုး ... တုတ်နဲ့ထိုး ...

သောက်ကျိုးဘယ့်နှယ် ... နည်းပါ့မယ် ...

ခြေကွဲဒူးပြဲ ... သက်နှံကွဲ ...

သေးထွက်တာပဲ အဖတ်တင်တယ်ဟော့ ...

ဂွပ် ချမ်း ချမ်း ... ဂွပ် ချမ်းချမ်း ..."

အလို ... ကိုယ့်လူက အသံကောင်းထဲကပဲကိုး။ ဒီသံချပ်ကို သူက ထပ်ခါတလဲလဲထိုးရော။ ချစ်မိုးကြီးလည်း မျက်လုံးပြူးသွားပါရော။

ဒီမှာ ကျောင်းအပေါ်ထပ်ကနေ ဆရာတော်ပါ ပြေးဆင်းလာပြီး–

"ချစ်မိုးကြီး ..."

"ဘုရား ..."

"အခုဆိုနေတာ ဘယ်သူတုံး"

"မသိဘူးဘုရား"

"သွားကြည့်စမ်း"

ချစ်မိုးကြီး အလွန့်ကိုဖြုံပြီး အံ့သြသွားရတယ်။ ကပ္ပိယကြီးနဲ့ ဆရာတော်ဘုန်းကြီးလည်း အံ့သြနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်ကလူဆိုနေတဲ့ စာသားတွေက သူတို့သုံးဦးစလုံးနဲ့ ပတ်သက်သလိုရှိနေလို့ပဲ။

ကြည့်စမ်း ...

'ကပ္ပိယနောက် မြွေကလိုက် ...
စွတ်လိုက်တဲ့မြွေ ကိုးတောင်ရှည် ...
ချေးပေတာပဲ အဖတ်တင်တယ်' ... တဲ့။

တိုက်ဆိုင်လိုက်တာ။ ချစ်မိုးကြီးတို့၊ ကပ္ပိယကြီးတို့ ဘုရားကုန်းရှာရင်း မြွေနဲ့တိုးလို့ မြွေလိုက်ခံရပြီး သေပြေးရှင်ပြေး ပြေးခဲ့ရတယ်။

မြွေကလည်း နည်းတဲ့ကောင်မဟုတ်ဘူး။

အရှည်တင် လေးငါးခြောက်တောင်ရှိမယ်။

သူ့ရွတ်ဆိုသလိုပဲ ပြေးလိုက်ရတာ။ နောက်ပိုင်း တောဝင်မယ်ပြောသံကြားရင် ကပ္ပိယကြီး လန့်ပြီး ချေးပန်းရော။

နောက်တစ်ပုဒ် ...

'အိပ်တဲ့မြွေဆိုး တုတ်နဲ့ထိုး
သောက်ကျိုးဘယ့်နှယ် နည်းပါ့မယ်
ခြေကွဲဒူးပြဲ သက်နီးကွဲ
သေးထွက်တာပဲ အဖတ်တင်တယ်' ... တဲ့။

ဒါလည်း မတော်တဆ သူ့သီချင်းသံချပ်နဲ့ ကိုယ့်ဘဝ တိုက်ဆိုင်မှုပဲလား။ တိုက်ဆိုင်မှုက ဓာတ်သိလို့စောင်းဆိုတဲ့ တိုက်ဆိုင်မှုမျိုး။

ကြည့်လေ ...

အိပ်နေတဲ့မြွေကို တုတ်နဲ့ထိုးတာ သူ (ချစ်မိုးကြီး) လေ။ ဘုရားပျက်ကုန်းကျင်းထဲကမြွေကို သူ တုတ်နဲ့ထိုးလို့ မြွေက လူးလွန့်နိုးပြီးလိုက်လို့ အသက်လုပြီး ပြေးလိုက်ရတာ။

ခြေကွဲဒူးပြဲ၊ သက်နီးကွဲပဲ။ အဲဒီနေ့က မိုးသာမရွာရင် သေမလားမသိဘူး။ ဒါနဲ့ ဘုန်းကြီးအမိန့်အတိုင်း ကျောင်းစည်းရိုးမှခ်ဦးရှေ့ ထွက်ကြည့်လိုက်ရော ...

---

စိတ်ကူးသစ်စာပေ



"ဟိုက် ..."

အရှူး ကိုထွန်းခြစ်ကြီးပါလား။ အကျႌမပါဘူး၊ ကျောပြောင်ချည်း။

ခေါင်းပေါ်မှာ ပိန္နဲရွက်တွေ တုတ်ထိုးသီထားတဲ့ ရှင်ဘုရင်ခေါင်းပေါင်းနဲ့။ အောက်ပိုင်းက ပုဆိုးအကွဲကို ခေါင်းပေါင်းစအရှည်ထုတ်ပြီး သစ်သားခုံဖိနပ်အထူ မြင့်မြင့်စီးလို့။ လင်းကွင်းနှစ်ခုနဲ့။

"ဂွပ် ချမ်း ချမ်း ... ဂွပ် ချမ်း ချမ်း"

"ဂွပ် ချမ်း ချမ်း ... ဂွပ် ချမ်း ချမ်း"

မျက်နှာမှာလည်း အိုးမည်းတွေပေကျံလို့။ အရှူးကိုထွန်းခြစ်ဟာ သီချင်းသံချပ်ကို ဆိုလိုက် ...

လင်းကွင်းနှစ်ဖက်ကို အားရပါးရတီးလိုက်၊ လင်းကွင်းအကကို ကလိုက်၊ သူ့နံဘေးမှ ဘုစုခရုကလေးတစ်အုပ်က လက်ခုပ်သြဘာတီးပြီး အားပေးချီးမြှင့်လို့။

"ဦးထွန်းခြစ် ... ခုန်ခုန်ပြီး ကပါဗျ"

"ပုဆိုးကျွတ်သွားမှာပေါ့ကွ"

"ကျွတ်ကျရင် ပိုရယ်ရတာပေါ့ဗျ"

"မင်းအမေကလွှား ... ငါက လူပျိုကြီးကွ။ ရှက်စရာကြီး ... အပ်ဟီး ..."

"ပုဆိုးကျွတ်ကျမှ ခင်ဗျား မိန်းမ မြန်မြန်ရမှာပေါ့ဗျ"

"ဟေ့ကောင်တွေ ... ငါ့မှာ မိန်းမပေါပေါပဲကွ"

"ဖင်ကောင်းမကျယ်ပါနဲ့ ဦးထွန်းခြစ်ရ။ ခင်ဗျားမှာ မိန်းမတူလို့ ကော်ပတ်ရုပ်တောင် ရှိလို့လား"

"သိပ်ရှိ ... အရမ်းရှိ ... အပီရှိကွ"

"ဒါဆို ဘယ်မှာတုံးဗျ"

"ဟောဟို ... ကျိုက်ဒေးဝတောင်ပေါ်မှာကွ။ လပြည့်နေ့ညကျရင် ငါ့မိန်းမတွေအများကြီး ငါ့ကိုလာတွေ့ကြတာ"

"သူတို့က ခင်ဗျားကို ဖက်သလား"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''အားရပါးရ ဖက်တာပေါ့ကွ။ အဟီး ...''

''နမ်းရော နမ်းသလားဗျ''

''အားရပါးရ နမ်းကြတာကွ။ အဟစ် ... အဟစ် ... ဟီး ...''

''ခင်ဗျားကရော ပြန်မနမ်းဘူးလားဗျ''

''နမ်းတာပေါ့ကွ။ မင်းတို့ကလည်း ငါကညံ့မှာလား''

''ဘယ်လိုနေတုံး ... ဦးထွန်ခြစ်ရဲ့ ပြောပါဦး''

''အဲ ... အဲ ... ငါက ... သူတို့ ... နမ်း ... နမ်း ... တော့ အဲ ... အဲ ... ဟို ... ဟို ... ငါ့တစ်ကိုယ်လုံး ... မီးစွဲသွားတာပဲကွ အမလေး ...''

''ဗျို့ ... ဦးထွန်ခြစ်ကြီး''

''ဘာတုံးဗျ ... လူချီးမင်းတို့ရ''

''အဲဒါ လူမဟုတ်ဘူးဗျ''

''ဟ ... ဟ ... လူမဟုတ်ရင် နတ်တွေလား ... ငါ့လူတို့ရ''

''အဲဒါ စုန်းမတွေဗျ ... စုန်းမတွေ''

''ဟေ ... ဟုတ်ရဲ့လား''

''ချီးစားစုန်းလို့ ပြောနေကြတယ်''

''ဟ ... ဟ ... ငါ့မယားတွေပါကွ။ မပြောပါနဲ့''

''စုန်းကဝေမကြီးတွေဗျ ... ဦးထွန်ခြစ်ရ''

''ဟာ ... ဘယ်က ချီးစားစုန်းနဲ့ ကဝေရမှာလဲကွ။ အဲဒါ ရုပ်ရှင်မင်းသမီး ခင်သန်းနု၊ ကြည်ကြည်ဌေး၊ မေရီမြင့်၊ မေသစ်နဲ့ သင်းသင်းလှဲ့တို့ကွ။ ဟား ... ဟား ... ဟား ... ဟား ... မင်းတို့ ငါ ကောင်းစားနေတာကို မနာလို မရှုစိမ့် ဖြစ်မနေကြစမ်းပါနဲ့ကွာ။ ဟုတ်ရဲ့လားဟေ့ ... ဟား ... ဟား ... ဟား ... ဟား ... ဟား ...''

''ဂွပ် ချမ်း ချမ်း ... ဂွပ် ချမ်းချမ်း ...''

''ဒါကြောင့် ခင်ဗျားကို အရူးလို့ ခေါ်တာပေါ့ဗျ''

''ခင်ဗျားကတော့ ရူးနေတာပဲ ကောင်းတယ်''





''ဗျို့ ... ဦးလေးထွန်ခြစ်''

''ဗျာ ... ဗျ ... အမျိုးကောင်းသားတို့ရေ့ ဆိုကြစမ်းဗျာ ... ဘာတုံး''

''နောက်ထပ်သီချင်းသံချပ်လေး လုပ်ပါဦးဗျ''

''ရွှေနားတော် ဆင်ချင်ကြသပေါ့''

''ဒါပေါ့ဗျ''

''ငွေနားတော် ဆင်ချင်ကြသပေါ့''

''ဒါပေါ့ဗျ''

''စိန်နားတော် ဆင်ချင်ကြသပေါ့။ ဟုတ်တယ် ... ဟုတ်''

''တော်တော့ဗျို့ ...။ ခင်ဗျားက အလကား အရူးပဲ၊ ငပေါကြီးပဲ''

''အရူးဖွတ်ကျား ...''

''အရူးဖွတ်ကျား ...''

''စုန်းမလင် အရူးဖွတ်ကျား''

ကလေးတွေက ခဲလုံးနဲ့ပေါက် သဲနဲ့ပက်ပြီး ဝိုင်းစကြ အော်ကြရော လင်းကွင်းနှစ်ဖက်မြှောက်ပြီး အော်ပါ တားပါလေရော။

''ဟ ... ဟ ... မလုပ်နဲ့ သူတော်ကောင်းလေးတွေရ''

''သီချင်းမဆိုရင် ပေါက်တယ်ဗျာ''

''အို ... အို ... အမျိုးကောင်းသားတို့ရဲ့ မလုပ်ပါနဲ့ဟ''

''ရေနဲ့ပါ ဝိုင်းပက်ကြဟေ့။ ကဲ ... ကဲ ...''

''ဟ ဟ ... အို အို ... ဟေ့ ဟေ့ ... မပက်ပါနဲ့၊ မပေါက်ပါနဲ့။ ငါဆိုပြပါ့မယ်ဟ။ သူဌေးလောင်း ခွေးသူတောင်းစားလေးများရ''

''ဒါဆို ရပ်ဟေ့။ ကိုင်း ... ဆို''

''အေး ... အေး ... ဆိုပါ့မယ်ကွာ။ အဟမ်း ...''

''ကောင်းကောင်းဆိုနော်''

''အေးပါ ... အဟမ်း ... အဟမ်း ...''



www.burmeseclassic.com

www.burmeseclassic.com



"ပြည်လှဖေသီချင်း ရတယ်မဟုတ်လားဗျ"

"ပြည်လှဖေသီချင်း မရဘူး။ ကျောက်တန်းလှဖေသီချင်းပဲ ရတယ်ကွ။ သီချင်းနာမည်က 'ငါသေမှ အေးမယ်' တဲ့"

"ဦးထွန်းခြစ် ကျုပ်တို့ ပေါက်လိုက်ရမလား"

"မ ...မ ...လုပ် ...ပါနဲ့ကွာ။ အဟမ်း ...အဟမ် ... အဟမ်း ..."

"ဘုရားပျက်ကုန်းကြား ...စုန်းမီးပွား ...

ဘုရားဘီလူး စောင့်လိမ့်မည်ဟေ့ ...

'ဂွပ် ချမ်း ချမ်း ...ဂွပ် ချမ်း ချမ်း'

မြွေပွေးမြွေဟောက် ...နင်မကြောက်မှ ...

ဘုရားရှေ့မှောက် ဖူးမြော်ရောက်မဟဲ့ ...

'ဂွပ် ချမ်း ချမ်း ...ဂွပ် ချမ်း ချမ်း'

စုန်းမတစ်ရာ ...မြွေတစ်ရာ ...

နာနာဘာဝ ...ရယ်မောကြမှ ...

ချုံကြိုချုံကြား ရွှေဘုရား ...ဘွားခနဲ ထခုန်ပေါ်မဟေ့ ...

ဂွပ် ချမ်း ချမ်း ...ဂွပ် ချမ်း ချမ်း"

စိတ်မနှံ့သူ အရူးကိုထွန်းခြစ်ဟာ သံချပ်သီချင်းများ အော်ဆိုလိုက်၊ ဘုန်းကြီးကျောင်းကို လက်ညှိုးထိုးပြီး လင်းကွင်းနှစ်ချပ်ကို အားရပါးရ ခုန်ခုန်တီးကလိုက်နဲ့ ...

ကလေးတစ်အုပ်ကြားမှာ အလွန့်ကို ပျော်ရွှင်ကြည်နူးနေလေရဲ့။

သူ့ကိုကြည့်ရတာ ...

သောကမရှိတဲ့ရွာမှ လူဖြစ်နေတဲ့ပုံပဲ။

လွမ်းစရာ ဆွေးစရာ မှန်သမျှ အကုန်မြေမြှုပ်သင်္ဂြိုဟ်ပြီး ပျော်ရွှင်ချမ်းမြေ့ခြင်း အသစ်အသစ်တို့ကို နေ့စဉ်မွေးဖွားရင်း အရွယ်လားမြောက်အောင် ပြုစုယုယနေသည့် လူပျော်ကြီးပုံစံမျိုး။

သူ့သီချင်းသံချပ်က ဆန်းနေတယ်။





ချစ်မိုးကြီးတို့ဆရာဘုန်းကြီးရှာနေတဲ့ ဘုရားနဲ့ နှီးနွှယ်နေသလိုမျိုး။ မဟုတ်မှလွဲရော ...

ဘဘုန်းရှာဖွေနေတဲ့ ရှေးဟောင်းငါးထပ်ကြီးရုပ်ပွားတော်အကြောင်းများ သူသိနေလို့လား။

သိရအောင်လည်း ဒီကိစ္စက သူရယ်၊ ကပ္ပိယကြီးရယ်၊ ဘဘုန်းရယ် သုံးယောက်တည်း လျှို့ဝှက်သိပ်သည်းစွာလုပ်တဲ့ကိစ္စ။

အရူးကိုထွန်းခြစ် ဘယ်လိုလုပ်သိနေသလဲ။

ချစ်မိုးကြီး ကျောင်းထဲကို ပြန်ဝင်လာခဲ့လိုက်တယ်။

"ချစ်မိုး ..."

"ဘုရား"

"အခု တဘောင်သီချင်းသံချပ်များဆိုနေတာ ဘယ်သူတုံးဟဲ့"

"အရူးကိုထွန်းခြစ်ပါဘုရား"

"ဘယ်ရွာသားတုံးဟဲ့"

ဒီမှာ ကပ္ပိယကြီးဖိုးသန်းခေါင်က ဝင်ပြောလိုက်တယ်။

"အရှင်ဘုရား ...အရူးကိုထွန်းခြစ်က ဒီဘုရားကုန်းရွာသားပါဘုရား။ ကျိုက်ဒေးဝဘုရားကုန်းပေါ်မှာ လပြည့်လကွယ်ညတိုင်း စုန်းမီးလုံးများ ဘုရားဖူးလာသလိုလို၊ ပညာပြိုင်သလိုလို၊ တောက်စားသလိုရှိချိန်အချို့က ဥစ္စာစောင့်မများလို့ ပြောလိုပြောဖြစ်နေချိန်မှာ မောင်ထွန်းခြစ်က မယုံကြည်တော့ ဥစ္စာစောင့်မ၊ စုန်းမတွေနဲ့ ငါတွေ့မယ်ဆိုပြီး ညကြီးချိန်ခါ ဘုရားပေါ်သွားရင်း နောက်နေ့မိုးလင်းတော့ ခန္ဓာကိုယ်မီးစွဲပြီး စိတ်မနှံ့တဲ့ဘဝကို ရောက်သွားတာပါပဲဘုရား။ ဒီကုန်းက အမှားမခံဘူးဘုရား"

"ဒီလိုလား ..."

"နောက်တစ်ချက်ထူးခြားတာ ရှိပါသေးတယ်ဘုရား"

"ဘယ်လိုထူးခြားတာတုံး ကပ္ပိယကြီး"

"ထွန်းခြစ်ဆိုတဲ့လူဟာ တစ်ချိန်တုန်းက အရက်သမားပါဘုရား။ သို့သော် ကျိုက်ဒေးဝကုန်းပေါ်က ပြန်လာပြီးနောက် ဦးနောက်မှုမမှန်သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီးနောက်ပိုင်း ထွန်ခြစ် အင်းအတတ်ကို တတ်နေသလိုလို ပြောကြတယ်ဘုရား''

''ဘယ်လို ... ဘယ်လို ...''

''သူဟာ စိတ်မှုမမှန်ပေမင့် အင်းစမလိုအရာများကို မီးသွေးခဲ၊ ထုံး၊ တုတ်ချောင်း စသည်တို့နဲ့ ကြုံရာကျရာမှာ ရေးခြစ်သတဲ့။ အချို့ဆရာများက အရှုးထွန်းခြစ် စိတ်ကူးပေါက်ရာရေးခြစ်တဲ့ အင်းကွက်၊ စမကွက်များဟာ ရှေးရှေးအင်းဝိဇ္ဇာ၊ စမဝိဇ္ဇာကြီးများ စီရင်ရေးသားခဲ့တဲ့ အင်းစမများနဲ့ ဝူနေတာရှိသတဲ့ဘုရား''

''ဒီတော့ သူ့မှာ ဘယ်လိုထူးခြားလာတုံးဟဲ့''

''အချို့ ဂမ္ဘီရဆရာများက အရှုးထွန်ခြစ်ဆီက ဓနသိဒ္ဓိအင်း လာတောင်းကြသတဲ့''

''ဟေ ... ဟုတ်ရဲ့လား ကပ္ပိယကြီးရာ ... ဟင်''

''အဲဒါ အမှန်ပဲဘုရား။ တစ်နေ့ အရှုးထွန်ခြစ်ဟာ သူ့ဝတီအတိုင်း လူလစ်တုန်း မြေပြင်မှာ တုတ်တစ်ချောင်းနဲ့ အင်းစမများ ရေးနေတယ်တဲ့ဘုရား''

''အိမ်း ... ဆိုစမ်းလဟာ''

''အဲဒီအချိန်မှာ အကြော်လည်ရောင်းနေတဲ့ အပျိုကြီးမသိန်းမြစ်ဆိုတဲ့ ဈေးသည်မိန်းမက ထွန်ခြစ်ကိုသနားလို့ ပါလာတဲ့ မုန့်လုံးကြီးကြော်ကို ပေးသတဲ့''

''ထွန်ခြစ် ... ဟဲ့ ... ထွန်ခြစ် ...''

''ဘာတုံး ... ဘာတုံး ... ငါ နက္ခတ်ဖမ်းနေတာ နင်မသိဘူးလား။ နင်ဘာလဲ ...။ စုန်းမလား၊ ကဝေမလား၊ မြေဘုတ်ဘီလူးမလား ပြော''

သူဟာ မြေပြင်မှာ အင်းကွက်ချနေရာက ထဖောက်ပြီး ဈေးသည်မသိန်းမြစ်ကို ဒေါကန်ပါရော။

စိတ်ကူးသစ်စာပေ



''ကျွန်မ မသိန်းမြစ်လေ ... ကိုထွန်ခြစ်ရဲ့ မမှတ်မိတော့ဘူးလား''

''သိန်း ... မြစ် ... သန်း ... မြစ် ... သောင်း ... မြစ် ... ထောင်မြစ်''

''သိန်းမြစ်ပါ ရှင်''

''နင် ဘယ်က သိန်းမြစ်တုံး''

''ကျွန်မ ကိုထွန်ခြစ်ရဲ့သူငယ်ချင်း ... သေသွားတဲ့ ငှက်ခါးရဲ့နှမ သိန်းမြစ်လေ။ အကြော်ရောင်းတဲ့ သိန်းမြစ်''

''နင် ဥစ္စာစောင့်မဟုတ်ဘူးနော်''

''ဘယ်ကဟုတ်ရမှာတုံး ... လူပါ''

''ငါက ဥစ္စာစောင့်တို့၊ ကောင်းကင်မှာပျံနေတဲ့ ညမီးလုံး၊ မီးစုန်းတွေကို အားကြီးမုန်းတယ်။ သူတို့ ငါ့ကိုပြုစားလိုက်လို့ ... ငါ ... ငါ ..။ ဒါနဲ့နေဦး ... ငါ နက္ခတ်ဖမ်းနေချိန်မှာ နင်က ဘာလာနှောင့်ယှက်တာတုံး ... ပြော ... အခု ငါ ဓနသိဒ္ဓိနက္ခတ်မျဉ်းဖြတ်ချိန်ကို စောင့်နေတာ''

''ကိုထွန်ခြစ်ကို စားစရာပေးချင်လို့ပါ''

''စားစရာ ...''

''အင်း''

''ဘာစားစရာတုံးဟ''

''မုန့်လုံးကြီးကြော် ...''

''မကြိုက်ဘူး''

''ပဲပြားကြော်ရော''

''မကြိုက်ဘူး''

''ဗူးသီးကြော်''

''မကြိုက်ဘူး''

''ဘယာကြော်ရော''

စိတ်ကူး...စ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဘယာကြော်ဆို ကြိုက်တယ်ဟေ့။ ဒီမှာ မိသိန်းမြစ်ရဲ့ ဘယာကြော်ဆိုတာ ဘေးဘယာကိုကျော်တဲ့နိမိတ်။ ဘေးရန်မှန်သမျှကို ဆီနဲ့ကြော်စားမယ်ဆိုတဲ့ နိမိတ်ဟ။ ပေးစမ်း ... နှမရဲ့ ... ပေး"

ဒါနဲ့ ဈေးသည်မသိန်းမြစ်က ဘယာကြော်သုံးခုပေးလိုက်ရော အရူးထွန်းခြစ်က အားရပါးရစားတယ်။ စားပြီးနောက် သွားလေရာပါတဲ့ ဘူးခါးခြောက်ရေဘူးက ရေကို အားရပါးရသောက်တယ်။

"ကိုထွန်းခြစ်"

"ဘာတုံး ... နှမ"

"ဝရဲ့လား၊ ယူဦးမလား"

"တော်ပြီ ... ဝပြီ။ နေပါဦး ... နှမ၊ နင်က ငါ့ကို ဘာကြောင့်ခုလို ဘယာကြော်တွေ လာကျွေးရသတုံး"

"ကိုထွန်းခြစ်ကို သနားလို့ပါ"

"ဟေ ... ငါက သနားစရာကောင်းနေတယ်။ နေပါဦးဟ ... ငါက ဘာလို့ သနားစရာကောင်းနေတာလဲ ဟင်"

"ဟို ... ဟို ... ကိုထွန်းခြစ်က အိမ်မှန်းယာမှန်း မသိတော့ဘူးလေ"

"ဒါကို သနားတာ"

"အင်း ..."

"ဟဲ့ ... သိန်းမြစ်၊ နှမတော်ကြီးရဲ့ ဇရပ်တို့၊ အကြော်တဲတို့၊ ကင်းတဲတို့၊ ဘုရားပျက်တို့၊ သချိုင်းကုန်းတို့ဟာ ငါ့အိမ်ချည်းပဲဟ။ ဘယ်အိမ်အိပ်အိပ် နှင်တဲ့လူမရှိဘူး။ အဲ ... အဲ ... ဟို ... ဟို ... ကျိုက်ဒေးဝဘုရားပေါ်က လွှဲလို့ပေါ့ဟ"

"ဟိုဘုရားက ဘာဖြစ်လို့တုံး"

"အာဟာ ... ကြမ်းတယ်။ ငါ့ကို မောင်းချတယ်။ ကိုင်း ... နင်သွားတော့။ ငါ နေမွန်းမတည့်မီ အင်းချစီရင်စရာရှိတယ်"

"ကိုထွန်းခြစ် ..."





"ဘာတုံး"

"ကျွန်မကိုလည်း ဈေးရောင်းကောင်းအောင် စီရင်မ,စပါဦးတော့"

"အိမ်း ... ဒါလည်း ဟုတ်တာပဲဟ။ နင်က ငါ့ကို ဘယာကြော်သုံးခုကျွေးသကိုး ... ကျေးဇူးဆပ်ရမှာပေါ့။ နေဦး ..."

သို့ကလိုပြောရင်းကနေ အနီးရှိ မာလကာပင်က မာလကာရွက်တစ်ရွက် လှမ်းခူးပြီး မာလကာရွက်ပေါ်မှာ သွားကြားထိုးတံလို တုတ်ချွန်လေးနဲ့ အင်းတစ်ကွက်ရေးသတဲ့ဘုရား။

ရေးလို့ပြီးရော အဲဒီမာလကာရွက်ကို ညာလက်မှာဆုပ်ပြီး ကောင်းကင်ကနေလုံးကို မော့ကြည့်နေတယ်။ ပါးစပ်ကလည်း ကုလားစကားလိုလို၊ တရုတ်စကားလိုလို စကားတွေရွတ်ပြီး ...

"အောင်ပြီ ... အောင်ပြီဟေ့။ ဟား ... ဟား ... ဟား ... ဟား ... ဟား ... အောင်ပြီဟ ... အောင်ပြီ ... ငါ့နှမကြီးရ"

"ကိုထွန်းခြစ် ဘာအောင်တာတုံး။ စာမေးပွဲလားဟင်"

"အေးပေါ့ဟ ...။ ရော့ ... ငါ့နှမ နင်ဖြေရမည့်စာမေးပွဲ အောင်ပြီ။ လက်အုပ်ချီလိုက်စမ်း"

ဒါနဲ့ မသိန်းမြစ်က လက်အုပ်ချီတယ်။

"ဘုရားကို အာရုံပြု"

"ဟုတ်ကဲ့"

သည့်နောက် လက်အုပ်ချီ နှစ်ဖက်ကိုမပြီး စောစောကမာလကာရွက်ကို ကျွေးတယ်တဲ့။

"သိန်းမြစ် ..."

"ရှင်"

"ငါ့ကို ကြောက်သလား"

"မကြောက်ဘူး"

"ဘာလို့ မကြောက်ရသတုံး"

"ကိုထွန်းခြစ်က အခု လူထူးလူဆန်းဖြစ်နေလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... မာလကာရွက်ကို ညက်အောင်ဝါး ... မျို့ချ ... မျို့ချ ..."

"အင်း ... အင်း ..."

"ကျသွားပလား"

"အင်း ..."

"မှတ်ထား ... မိသိန်းမြစ်ရဲ့၊ နင်က ငါ့ကို (ဘယာကြော်) ကျွေးတယ်။ ဘယာကြော်ဆိုတာ (ဘ) က ကြာသပတေး၊ (ယာ) က ဗုဒ္ဓဟူး၊ (ကြော်)က တနင်္လာနံကွ။ တစ်ခါ (ဘ) က ဂဏန်းအားဖြင့် (၅) ဂဏန်း၊ (ယာ) က (၄) ဂဏန်း၊ (ကြော်) က (၂) ဂဏန်း။ (၅) ရယ်၊ (၄) ရယ်၊ (၂) ရယ်ပေါင်းရင် (၁၁)ရတယ်။ ဘယာကြော်ဆိုတာ (၁၁) မီးငြိမ်းတဲ့ (ဓာတ်စာ)။ ဓာတ်စာဆိုတာရော ... သိလား"

"ဟင့်အင်း ... မသိဘူး"

"ဓာတ်ကျတဲ့အစာမို့ ဓာတ်စာလို့ခေါ်တာ။ 'သောမ' နှစ်ဂြိုဟ်က 'ရာဟု' 'ပါပ' ဂြိုဟ်ကို ညှပ်ထားလို့ အပူငြိမ်းတဲ့ဓာတ်စာ။ (၁၁) မီးငြိမ်းတဲ့ဓာတ်စာ။ အဲဒါ နင်က ငါ့ကိုကျွေးတယ်။

အခု နင့်ကို ငါက 'မာ၊ လ၊ ကာ' ရွက် ခနသိဒ္ဓိအင်း စီရင်ပေးလိုက်ပြီ။ အဲဒါလည်း (၅၊ ၄၊ ၂) ပဲ။ ကြာသပတေး၊ ဗုဒ္ဓဟူး၊ တနင်္လာပဲ။ (၁၁) မီးငြိမ်းတဲ့ဓာတ်စာအင်းပဲ။ ကိုင်း ... သွားတော့ ငါ့နမ။ နင် မကြာခင် ရွှေနဲ့ငွေနဲ့ ဖြစ်လိမ့်မယ်။ သွား ... သွား ... သွား ..."

အံ့ဩစရာပါပဲ အရှင်ဘုရား။ အကြော်သည် မိသိန်းမြစ် အရှုးထွန်ခြစ်ကျွေးတဲ့ မာလကာရွက် ခနသိဒ္ဓိအင်းဆိုတာကို စားပြီးသည့်နေ့က စလို့ စျေးရောင်းကောင်းလိုက်တာ။ ရွှေဆို မူးလို့ ရှုစရာမရှိတဲ့ မသိန်းမြစ် ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ ရွှေလက်စွပ်၊ ရွှေနားကပ်နဲ့ ကြီးပွားပြီး တင့်တင့်တယ်တယ် ဖြစ်နေပါပကောလား ဘုရား"

"ဟာ ... အဲဒီလောက်တောင်လားဟဲ့ ... သန်းခေါင်ရဲ့"

"အဲဒါ မသိန်းမြစ်က ကျေးဇူးတင်လွန်းလို့ ထွန်ခြစ်ရဲ့ရောဂါကို





ဆရာကောင်းသမားများနဲ့ ပျောက်အောင်ကုပေးပါရစေလို့ ပြောတာကို အရှုးထွန်ခြစ်က လက်မခံဘူး"

"ဟေ့ ... ငါ ဝဋ်ရှိလို့ ဆပ်နေတာ။ အရင်းရော အတိုးရော ကျေတဲ့နေ့ မကြာခင်ရောက်လာလိမ့်မယ်။ အဲဒီနေ့ကျရင် ငါ့ရောဂါပျောက်ပြီ။ သွားတော့ ..." တဲ့။

ထူးဆန်းတယ် ... အရှင်ဘုရား။ သူ့ကို ဝတ်ကောင်းစားလှများ ဝယ်ပေးရင် မဝတ်ဘူး။ ဆင်းရဲနွမ်းပါးတဲ့ သက်ကြီးဝါကြီးကို ပေးပစ်တယ်။ ဒါမှမဟုတ် လမ်းလေးခွမှာ တွေ့တဲ့လူယူ။ ပံသကူပစ်တယ်ဘုရား"

နောက်ပိုင်းမှာ ထွန်ခြစ်ပေးတဲ့ ခနသိဒ္ဓိမာလကာရွက်အင်းကို စားလို့ မိသိန်းမြစ် ချမ်းသာလာရတာဆိုပြီး အရှုးထွန်ခြစ်ထံကို ဗယာကြော်တွေ သွားသွားပေးကြတာ လူမှမနည်းဘူး။

မာလကာရွက် ခနသိဒ္ဓိအင်း လိုချင်လို့လေ။

အရှုးထွန်ခြစ်ကလည်း သိတယ်။ ဘာပြောမှတ်လို့တုံး ဘုရား။ ငါရှုးသလား မှတ်တယ်၊ ငါ့ထက်ရှုးတဲ့လူ အများကြီးရှိသေးတာပဲတဲ့။

"ဟား ... ဟား ... ဟား ... ဟား ... အရှုးက တစ်မူးသာဆိုတာ အဲဒါကိုပြောတာပေါ့ကွယ်။ ဒီမှာ ကပ္ပိယကြီးရဲ့ ..."

"မှန်ပါ ... အမိန့်ရှိပါဘုရား"

"ကျုပ်တို့ စွန့်စားရှာဖွေနေတဲ့ အိပ်မက်ဘုရားရုပ်ပွားတော်နဲ့ အရှုးမောင်ထွန်ခြစ် လမ်းတကာလိုက်အော်ဆိုနေတဲ့ သီချင်းတဘောင်နဲ့ အဆက်အစပ်ရှိသလိုဖြစ်နေတာ ကပ္ပိယကြီး သတိပြုမိရဲ့လား"

ဆရာတော်က သို့ကလိုမေးလိုက်ရော ကပ္ပိယကြီးဖိုးသန်းခေါင် မျက်လုံးနည်းနည်းကျယ်ပြီး ခေါင်းကိုဆတ်လိုက်တယ်။

ချစ်မိုးကြီးလည်း လူငယ်ပေမင့် အတွေ့အကြုံအရ နည်းနည်းသဘောပေါက်သလိုရှိလာလို့ အနီးကိုတိုးပြီး နားစွင့်လိုက်တယ်။

"ဟာ ... ဟုတ်သလိုပဲ ဘုရား။ ဘာတဲ့ ... မြွေပွေးမြွေဟောက် နင်မကြောက်မှ ဘုရားရှေ့မှောက် ဖူးမြော်ရောက်မတဲ့"



www.burmeseclassic.com

"အဲဒါ အတိတ်ဆန်းပဲ ဖိုးသန်းခေါင်"

"နောက်တစ်ခု ... ဘာတဲ့ ... စုန်းမတစ်ရာ၊ မြွေတစ်ရာ နာနာဘာဝ ရယ်မောကြမှ ချုံကြိုချုံကြား ရွှေဘုရား ဘွားခနဲထခုန်ပေါ်မတဲ့။ အဲဒါ ဘာအဓိပ္ပာယ်လဲဘုရား။ ဆန်းတော့ ဆန်းနေတယ်ဘုရား"

"ဖိုးသန်းခေါင် ..."

"ဘုရား ..."

"ချစ်မိုးကြီး ..."

"ဘုရား ..."

"ငါတို့ရည်မှန်းချက် နီးလာပြီကွယ်။ အရူးစကား၊ ကလေးစကား၊ သဘင်သည်စကားတဲ့။ ဒီသုံးဦးပြောတဲ့စကားကို အလေးထားရင် အမှားနည်းသတဲ့။ သွား ... အရူးထွန်ခြစ်ကို သွားခေါ်ချေဟဲ့"

"မှန်ပါဘုရား"

✿ ✿ ✿

[ ၁၄ ]

## အရှူးထွန်ခြစ် [illegible]

❑

ချစ်မိုးကြီးနဲ့ ကပ္ပိယဖိုးသန်းခေါင်တို့ အရူးထွန်ခြစ်ရှိရာ ရောက်သွားရော ကိုထွန်ခြစ်က ပိန္နဲရွက်မင်းသားခေါင်းပေါင်းနဲ့ သီချင်းတစ်ပုဒ်ဟစ်ပြီး ကလေးတစ်သိုက်၊ အရက်သမားတစ်အုပ်ကို ဖြေဖျော်နေတယ်။

"အတိတ်တဘောင် ဩဘာထွန်းသည် ××× နိမိတ်ဘောင်ကာ
ပြောရဦးမည် ××× အတိတ်တဘောင် ဩဘာထွန်းသည် ×××
ကျွန်းလက်ျာဇမ္ဗူဒီ ××× တို့အမျိုးဇာတိက ဘုန်းရှိခဲ့တယ့်ကြည်
တက်လူများ၊ ဒီစိတ်ထားနဲ့ ××× စွန့်စားခဲ့ကြသည််)၂
မြန်မာပြည်ဝယ် ဘုန်းရောင်လက်သည် ×××
သာကီနွယ်ကုန်းဘောင်ဆက်တည် ×××
ကမ္ဘာကို စိုးမိုးအုပ်ချုပ်ခဲ့ကြပြီ ××× ခေတ်သစ်ထူထောင်မည် ××
အရောင်သုံးမျိုးနဲ့ တို့အလံစိုက်ထူမည် ××× "

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ဘာတဲ့တုံး ... မောင်ထွန်ခြစ်လေးရေ ... သားရေ ... သားရေ ... လူလေး ... အောင်မောင်း ..."

"မြို့မေတ္တာခံယူမည့် သားချောသားလှပေကိုး ကိုနွားကြီးရဲ့"

"ဟုတ်ပ ... ကိုခွေးကြီးရေ။ အသံကောင်းရုပ်ချောလားဗျာ"

မင်းသားက မြှောက်ပင့်နေတဲ့ အရက်သမားအုပ်စုဘက်ကို လှည့်ပြီး တကယ့်ဇာတ်မင်းသားဂိုက်နဲ့ မေးရဲ့ခင်ဗျ။

"ဒီဘက်က ကိုနွားကြီးလားခံဗျာ"

"ဟုတ်ပ ... မဂ်လာစိန်ထွန်ခြစ်ရေ ... အေ့ ... ဂေ့ ... အေ့ ..."

"ဟိုဘက်က ကိုခွေးကြီးထင်ပ့ါ"

"အေ့ ... ဂေ့ ... မသန်းချစ်ယောက်ျားဆိုတဲ့ ဝိသေသနလေး ထည့်ထည့်ပြောပါ ... မင်း ... မင်းသားရာ ... အေ့ ... ဂေ့ ..."

"ဒီက ကိုကြွက်သိုး ... ဟုတ်ရဲ့လား"

"ခစားလျက်ပါ ... မင်းသားရဲ့။ အေ့ ... ဂေ့ ..."

"မင်းသား ... မင်းသား ..."

"ဗျာ ဗျ ..."

"ကို ... ကြွက် ... သိုးကို ... ကိုကြွက်သိုးလို့ ရိုးရိုးမခေါ်ပါနဲ့ဗျ"

"ဒါ ... ဆို ... ကျုပ်က ဘယ်လိုခေါ်ရမှာတုံး ... မင်းကြီးတို့ရဲ့။ အဟဲ့ ..."

"တွေ့လား .... မြှောက်ပေးမှန်းသိလို့ ထွန်ခြစ်တို့ ကဲလာပြီ။ မင်းကြီးတို့တဲ့ ..."

"အသာနေစမ်းပါ ... နွားကြီးရာ။ ကိုကြွက်သိုးကို သားတင်တဲ့ ကိုကြွက်သိုးလို့ ... အမြီးတပ်ပေးပါ ... မင်းသားရဲ့"

"ကောင်းပါပြီကွယ် ... ကောင်းပါပြီကွယ်။ ဟိုး ... နောက်တော်ပါးက ဇက်ကျိုးပြီး ခစားနေတာ ကိုရွှေဖျိုင်းလားဟဲ့ ..."





ဒီမှာ အရက်မူးပြီးဇက်ငိုက်နေတဲ့ ရွှေဖျိုင်းက ပြန်မထူးလို့ ကြွက်သိုးက တံတောင်နဲ့တိုက်ပြီး ...

"ရွှေဖျိုင်း ... မင်းကိုမေးနေတယ်"

သည်မှာ မူးကြောင်ရူးကြောင် ရွှေဖျိုင်းက ကမ္ဘာကယာလန့်ဖျပ်ပြီး ထူးလိုက်တယ်။

"ဗျာ ... အဖေရောက်နေလား။ ထိုင် ... အဖေ" တဲ့။

"ဝါး ... ဟား ... ဟား ... ဟား ... ဟား ..."

"အဟတ် ... အဟတ် ... အဟတ် ... ရယ်ရတယ်ဖော့"

"သောက်ရူးကို အဖေတဲ့။ အဟတ် ... အဟတ် ... အဟတ်"

"ရွှေဖျိုင်းအမေတော့ ထွန်ခြစ်နဲ့တွေ့ရင် အရိုးကျိုးပွဲသိမ်းပဲ။ ဟား ဟား ... ဟား ... ဟား ..."

"အစ်ကိုတို့ရေ ..."

"ဘာတုံး ... မင်းသားရဲ့၊ ခြစ်ခြစ်ရဲ့။ အဟဲ့ ..."

"လက်စသပ်တော့ အစ်ကိုတို့အားလုံးဟာ တိရစ္ဆာန်တွေချည်းပဲ ကိုးခင်ဗျ"

"အေး ... ဟုတ် ... ဟာ ... ဒီအရူးတော့ နာတော့မယ်"

"ငါတို့များ တိရစ္ဆာန်တွေတဲ့ကွာ"

"အေးကွာ ... အရက်သမား၊ မြို့မျက်နှာဖုံးတွေကိုများ၊ တောက်"

"မဟုတ်လို့လား ... မောင်နွားကြီးရဲ့"

"ဟုတ်နေတာ ကြာပြီဟ။ အေ့ ... ဟေ့ ... ဟား ... ဟား ဟား ... ဟား ..."

ဒီမှာ မင်းသား အရူးကိုထွန်ခြစ်က ပိန္နဲရွက်မင်းသားခေါင်းပေါင်းကို ပြုပြင်လိုက်ပြီး စောစောကသီချင်းကို ဆက်ဆိုလိုက်တယ်။

"မြန်မာ့ကိန်းအညီ ... အဝါ ... အစိမ်း ... အနီ ...
အဝါရောင်ရည်ရွှယ်ချက်က ...
ဘာသာရယ် ... သာသနာရယ် ... ပညာရယ်တိုးလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်ဆိုတာကတော့ ...

စပါးဆန်ရေ ရွှေငွေ အတွေတွေပေါ်မည်။

(အနီရောင်-မြင်သူအသည်းမှာ ရဲစိတ်ရဲမာန်ထက်သန်ကြမည်)၂

ဝါ့မြို့မှာ ကုန်းဘောင်အစွယ်မှန်သည် ...

သုံးရောင်ခြယ်အလံတော်ကြီး ... ကမ္ဘာညီးနှံ့ဖိုက်ထူမည် ...

"ဝါး ... လား လား လား ..."

"မောင်ရှိ ... မောင်ရှိ ..."

"ဝါး ... လား လား လား ..."

"ဘာတဲ့တုံး ... သားရေ ... လူကလေးရေ ... ခြစ်ခြစ်ရေ"

ကလေးများကလည်း လက်ခုပ်တီးကြတယ်။ အမူးသမားတွေက လည်း အားရပါးရ မြှောက်ပင့်ပေးကြတယ်။ နွားကြီးက ပန်းစည်းဆောက် တယ်ဆိုပြီး ပိန္နဲကိုင်းကြီးတစ်ကိုင်းကို အရူးထွန်းခြစ်ကို ပေးတယ်။

ကြွက်သိုးဆိုတဲ့မူးက ရွှေဒေါ်လာပြားတစ်ပြား ဆုချတယ်ဆိုပြီး ဒယ်အိုးအပေါက်တစ်လုံး ကြိုးနဲ့ချည်လို့ အရူးထွန်းခြစ်ရဲ့လည်ပင်းကို ချိတ် ဆွဲပေးလိုက်ပြန်တယ်။

ရွှေချိုင်းဆိုတဲ့မူးဟာ ခွေးလှေးယားသီးအခြောက်တွေကို ငှက် ပျောရွက်ကန်တော့ခွက်ထဲထည့်ပြီး ရွှေမန်ကျည်းတောင့်များပါ။ ဇာတ်တောင် ရှင် လိုသလိုသုံးပါဆိုပြီး ထွန်းခြစ်ကိုပေးပါရော။

အရူးထွန်းခြစ်ကလည်း အရူးပါးပဲ။

ရွှေချိုင်းပေးတဲ့ ရွှေမန်ကျည်းတောင့်ခွက်ကို ငုံ့ကြည့်ပြီး ခွေးလှေး ယားသီးခြောက်တွေမှန်း သိရော ...

"ရွှေမန်းကျည်းတောင့်တွေ ကြုံပြီဟေ့"

"ရှော ... ရှော ..."

"ယူကြ ... ယူကြ ... ရောင်းစားကြ ... ကြီးပွားကြဟ ... ဟေ ... ဟေ့ ..."

"အမလေး ... ပြေး ... ပြေး ..."





"ဟ ... ဟ ... အမလေး ... ငါ့အပေါ်ကျပဟ ... နွားကြီး ရ"

"အား ... ယား ... တယ်ဗျ ... အမေရ ... ကယ်ပါဦးဗျ"

"ရွှေချိုင်းအနာကျကောင်ရ ... အဲဒါ ခုင့်ကြောင့်ဟ ... အား အား ..."

အရူးထွန်းခြစ်က ခွေးလှေးယားသီးအခြောက်ထုပ်ကို အရက်မူး သမား ပြုံပြော်ကောင်တွေရှိရာ မြှောက်ပစ်လိုက်တာ အမှုန်အမွှားအသီးများ က သင်းတို့ကိုယ်ပေါ်ကျပြီး အားလုံး မာရသွန်ပြေး ပြေးကြပါရော။

ပြေးလည်း မလွတ်ဘူး။

ခွေးလှေးယားသီး အခြောက်မှုန့်များထိပြီး လူးလွန့်အော်ဟစ်ခုန် ပေါက်နေကြတယ်။ အခြောက်တောင့်နှစ်တောင့်က ရွှေချိုင်းရဲ့ ကုပ်ပိုးက နေ ကျောအင်္ကျီထဲဝင်သွားလို့ ရွှေချိုင်းတစ်ယောက် ရှုံ့မှုက်ထဲလူးပြီး သေ ပါပြီဗျ အော်နေရတယ်။

ကလေးအုပ်ကတော့ အော်ကြပါရော။

"ဦးနွားကြီးတို့၊ ဦးရွှေချိုင်းတို့က အရူးဦးထွန်းခြစ်ထက်တောင် အကကောင်းသေးဗျ"

လို့ ချိုးကျူးရင်း ခွေးနဲ့ရှူးတိုက်ကြလေရဲ့။

ကလေးအုပ်၊ အရက်သမားအုပ်စု ရှင်းသွားမှ အရူးထွန်းခြစ်က သစ်ပင်တစ်ပင်အောက်မှာ ထိုင်ပြီး ကျားပျံ့မကောက် ဆေးလိပ်ကြီးကို မီး တရဲရဲနဲ့ ဖွာနေတုန်း ချဉ်းကပ်ရတယ်။

"မောင်ထွန်းခြစ် ..."

"ဟေ့ ... မောင်ထွန်းခြစ်"

"ဘာများလျှောက်ဝင်စရာရှိလို့တုံး မင်းကြီးရဲ့"

"မှန်ပါ ... အဲလေ ... ငါလည်း တယ်လိုဖြစ်သွားပါလိမ့်။ အဲ အဲ ... မောင်ထွန်းခြစ် ... မင်း အဘကို မမှတ်မိတော့ဘူးလား"

သို့ကလို အနားတိုး၊ ရှေ့မှာရပ်၊ မျက်နှာလေးပြတော့မှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..."

"အဟဲ ... ဟဲ ... အဘလေကွာ ... အဟဲ ... သိမဟုတ်လား"

"သိတာပေါ့ဗျာ ... တရုတ်ပြေးမင်းမဟုတ်လား"

"တောက် ... ချစ်မိုးကြီးရေ ... ငါပါ ရောရှူးချင်ပြီကွာ"

"အခု ခင်ဗျား ဟင်းခွက်သုံးရာ စားနိုင်သေးသလား ... ဟင်။ ငါ ရှင်ဘုရင် ... ရှင်ဘုရင်ဆိုပြီး မာနတွေကြီး၊ ဘဝင်တွေမြင့်၊ ဟင်းခွက်သုံးရာမပြည့်ရင် ထမင်းမစားနိုင်ဘူးဆိုပြီး ကြီးကျယ်ခဲ့တဲ့ ရှင်ဘုရင်ကြီး၊ အခု ပြည်ပြေးဘဝရောက်တော့ ကန်စွန်းရွက်ကြော်တစ်ခွက်တောင် ဆီများများထည့် ကြော်စားနိုင်သေးလား"

"မောင် ... မောင် ... ထွန် ... ခြစ် ..."

"ဘာတုံး ... ဘာတုံး ..."

"အဘ ... ကပ္ပိယ ဖိုးသန်းခေါင်လေ"

"ဩော် ..."

"သိမဟုတ်လား ... မောင်ထွန်ခြစ်ရဲ့"

"ဟို ဘုန်းကြီးကျောင်းက ..."

"အေးပေါ့ ... အဘပေါ့။ အဟဲ ... ဟဲ ... ဟဲ ..."

"ကပ္ပိယကြီး ..."

"အေးပေါ့ ... အဟဲ ဟဲ"

"ဦးဦးဖျားဖျား ဟင်းတွေနှိုက်နှိုက်စားတဲ့ ကပ္ပိယကြီး"

"ဟာ ... ဟော့ကောင် ... ဟော့ကောင် ... မင်းကွာ ... မင်း"

"ခင်ဗျားကတော့ ငရဲအိုး ချိုးကပ် ..."

"ဟော့ကောင် ... ထွန်ခြစ်၊ အဲဒါ ငါမဟုတ်ဘူး။ ဒုက္ခပါပဲ။ တိုးတိုးပြောပါ ... ထွန်ခြစ်ရာ။ ဘေးလူတွေ ကြားကုန်မှဖြင့်ကွာ"

"မဟုတ်လို့လားဗျ ...။ ဟုတ်ပါတယ်လေ"

"ခက်ပါ့ကွာ ... ချေးမှပဲ။ တောက် ..."





ဒီမှာပဲ ချစ်မိုးကြီးက ဝင်ပြောရတယ်။

"အစ်ကိုထွန်ခြစ် ..."

"ဘာတုံး ... ဘာတုံး ..."

"အစ်ကို့ကို ဆရာတော် ခေါ်ခိုင်းလို့ပါ"

"ဆရာတော်ခေါ်ခိုင်းလို့။ နေပါဦး ... ဘယ်ဆရာတော်တုံး"

"ခါးပန်းဝါကျောင်းတိုက် ဆရာတော်ဗျ"

"ဟို ... ခေါင်းကြီးကြီး၊ နားရွက်ကားကား ဆရာတော်လား"

"ဟုတ်တယ်"

ခါးပန်းဝါကျောင်းတိုက်က အညာသားဆရာတော် အရှင်ရက္ခိတက အသားလည်း မည်းတယ်၊ ဦးခေါင်းကလည်း သာမန်လူဦးခေါင်းထက်ကို ကြီးပြီး နောက်စေ့က ချိတ်နေသေးတယ်။ နားရွက်နှစ်ဘက်ကားပုံကလည်း ကန်တော့ပါရဲ့။ ကြွက်နားရွက်၊ ဆင်နားရွက် ကားနေတဲ့အတိုင်းပဲ။

အချို့က ဆရာတော်ကို ကွယ်ရာမှာ 'ဗြဲဟ်သား' လို့ တိုးတိုးခေါ်ကြတယ်။ ဒါပေမင့် ဆရာတော်က တရားပြတရားဟောကောင်းလို့ ရွာနီးချုပ်စပ်နဲ့ မြို့ထဲကပါ ကြည်ညိုလေးစားကြတယ်။

"ခုရော အရပ်ကို ဘာလုပ်မလို့ ခေါ်လာသတုံး"

"မေးစရာရှိလို့တဲ့ ... ကိုထွန်ခြစ်ရဲ့"

"မေးစရာရှိ‌ပို့"

"ဟုတ်တယ်"

"ဒီ ... ဒီမှာ ငါ့လူ ..."

"ပြော ... ကိုထွန်ခြစ်"

"ငါ့ကို လူပျိုစစ်ရဲ့လားလို့ မေးမှာလား ဟင်"

"မမေးပါဘူး"

"ပြီး ... ငါ ... ငါ့ကို သူ့တူမနဲ့ ... မ ... မ ... ပေးစားစေနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ...။ ဘုန်းကြီးတူမ သမ္မုလလည်း လင်ရသွားပါပြီ"

"နောက်ပြီး ငါ့အသက်ကိုလည်း မမေ့စေနဲ့"

"စိတ်ချ ...။ လာ ... သွားကြစို့"

"ဟော့ ... ဟော့ ... ဒီမှာ ... ငါ့လူ"

"ဘာတုံးဗျာ ... ကိုထွန်းခြစိရ"

"မင်းတို့ဟာကလည်း ငါ့လည်းတွေ့ချင်သေးရဲ့ဆိုရဲ့ ကုန်းကြောင်းလျှောက်ရမှာလားကွ ဟင်"

အလို ... အရေးထဲ အရူးက ချေးကိုင်နေသေးရဲ့။ ဒါနဲ့ ပြောရရော ...

"ကုန်းကြောင်းမဟုတ်ပါဘူးဗျ ခြေလျင်သွားကြမှာပါ"

"ခြေ ... လျင် ..."

"ဟုတ်တယ် ... ဒီလို ... ဒီလို သွားမှာလေဗျာ"

"အေးဟေ ... ဟေ ... အား ဟား ဟား ... ဟန်ကျလိုက်လေ ငါ့လူရာ။ ကားမစီးရ မြင်းလှည်းမစီးရဘဲ ခြေလျင်သွားရမှာဆိုတော့ ငါကုသိုလ်ကံ တက်လာတာပေါ့ ... နော"

"ဒါပေါ့ဗျ ...။ ခင်ဗျား ဘုန်းကံမြင့်လာပြီးလား"

"လာ ... သွားကြစို့"

"ငါ့လူ ..."

"ဘာတုံးဗျ ... ဘာရစ်ဦးမလို့တုံး"

"ဒီတိုင်းသွားလို့ ဘယ်ကောင်းမှာလဲ ... ငါ့လူရာ"

"ဒါဆို ဘယ်လိုများ ကိုယ်တော်က ကြွချင်လို့တုံးဗျာ ဟင်"

"ဟ ... ငါ့လူရဲ ဘုန်းကြီးကျောင်းဝင်တယ်ဆိုတာ ဆိုင်းဆင့်နဲ့ ဝင်မှ ကောင်းမှာပေါ့ကွ။ ဒါကြောင့် ... အဟမ်း ... ပုစွန်လက်မ ကဋ္ဌကရ ရွှေစည် မျက်နှာဝ နှစ်ပြည့်ညီရအောင် ရွာစား ..."

"အမိန့်တော်ရှိပါ ... ဇာတ်ဆရာရေ"

စိတ်ကူးသစ်စာပေ



မထူးဘူးလေ ... အရေးကြီးတာက ဒီအရူး ထော်လော်ကန့်လန့် မလုပ်ဘဲ ကျောင်းလိုက်လာဖို့ ပါလာဖို့ အရေးကြီးတယ်။ ဒါကြောင့် အလိုက်အထိုက်လေး 'မင်းသား' တို့၊ 'ကိုယ်တော်' တို့၊ 'မင်းကြီး' တို့နဲ့ ပင့်ပေးလိုက်ရော။

ပုဆိုးအောက်စကို ညာလက်နဲ့ မပြီး ...

"မျက်နှာဝ နှစ်ပြည့်ညီရအောင် ... ဟဲ့ ... အောင်ရွှေစည်ယွန်း"

"ဖျောင် ... ဖျောင် ... ဖျောင် ... ထီ ...
ဖျောင် ... ဖျောင် ... ဖျောင် ... ထီ ..."

"ကြွတော်မူပါ ဘုရား"

ဇာတ်ထဲ ဝန်ကြီးများလို ချစ်မိုးကြီးနဲ့ ကပ္ပိယကြီးဖိုးသန်းခေါင်တို့ တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ပြီး ပင့်ပေးလိုက်ရော ...

သောက်ကျိုးနည်းအရူးရယ် ...

ရှင်ဘုရင်ကြွသည့် အိုက်တင်မျိုးနဲ့ ခေါင်းမော့ရင်ကော့ လက်သန်လျက် ကန်တော့ထိုးပြီး ရှေ့ကနေ ဘုန်းကြီးကျောင်းကို ဝင်ပါလေရော။

မြတ်စပျင်းတောင်း အရူးက ဘုန်းကြီးကျောင်းကို ရှင်ဘုရင်ကြွလာသလို ဂိုက်နဲ့ ဝင်လာတာမြင်ရော ...

ဘုန်းကြီးကျောင်းခွေးများက ဝိုင်းအုံပြီး ဆွဲမလို ကိုက်မလို ဟောင်ကြပါလေရောဗျာ။ အရူးထွန်းခြစ်ကလည်း ဇာတ်ထဲက ရှင်ဘုရင်ဂိုက်နဲ့ သူ့ဘာသာသူ ရှေ့ကနေ လှမ်းသွားရင် ကိစ္စမရှိဘူး။

ငနဲက နောက်ပြန်ဇာတ်ဟန်နဲ့ မကြာခဏ လှည့်လှည့်ကြည့်နေလို့ အဲဒါ စိတ်ဆိုးပြီး ကျောင်းထဲကထွက်မပြေးရအောင် ချစ်မိုးကြီးနဲ့ ကပ္ပိယကြီးတို့က လက်အုပ်ကလေးချီပြီး ဒူးကြို့လို့ အရိုအသေ ခဏခဏပေးရလေရဲ့ခင်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၅ ]

## ငါ့ထက်ရူးတဲ့အရူး ရှိသေးပါတလားဟဲ့ နော

❑

ကိုင်း ... အထူးညွှန်ကြီး ဆရာတော်ရှေ့ကိုရောက်ပါပြီ။

ကိုယ်တို့တာဝန် ကျေပွန်ပါပြီ။

ကျန်တာက ဆရာတော့်အလုပ်ကိစ္စပဲ။ ကြည့်သာရှင်းတော့လို့ ချစ်မိုးကြီးနဲ့ ဖိုးသန်းခေါင်တို့က မေးငေါ့ပြီး ခပ်လှမ်းလှမ်းမှာထိုင် အသာအကဲခတ်ကြည့်နေလိုက်တယ်။

လွှတ်ထားလို့လည်း မရသေးဘူးလေ။

ပြောလို့ရတာမဟုတ်ဘူး။ တော်ကြာ အရူးက စိတ်ဖောက်ပြီး ဝုန်းဒိုင်းကြ၊ ဆရာတော်နဲ့ နပန်းလုံးကြရင် ဆရာတော်လန့်ပြီး အညာပြန်ပြေးဦးမယ်။

"ဒကာလေး ..."





"ဘုရား ..."

"နာမည် ဘယ်လိုခေါ်သတုံးကွယ့်"

"အလက်ာကျော်စွာ ရွှေမန်းမောင်တင်မောင်ပါဘုရား"

ဟော ... ဖောက်ချည်ဝင်လာပြီ။ ချစ်မိုးကြီး၊ ကပ္ပိယကြီးဖိုးသန်းခေါင်ကို လှမ်းကြည့်လိုက်တယ်။ ကပ္ပိယကြီးက 'ငါသိနေတယ်' ဆိုတဲ့အထာနဲ့ ခေါင်းညိတ်ပြတယ်။

"ဩော် ... မောင်တင်မောင်လား"

ဆရာတော်ကလည်း ပါးတယ်။ အရူးအလိုက်အတိုင်းလိုက်တယ်။

"ဒါနဲ့ ... အခု ဘာဇာတ်တော်ကြီးမှာ ကနေသတုံးကွယ့်"

"ဘုရားရှာတဲ့ဇာတ် ကနေပါတယ်ဘုရား"

ဒီလိုလည်းပြောရော ဘုန်းကြီးရော၊ ချစ်မိုးကြီးတို့ရော မျက်လုံး(၆)လုံး ကျယ်သွားကြပါရော"

"မောင်တင်မောင်ရဲ့ ... မဟာဇနဒ္ဓဝင်လားဟဲ့ ... ဟင်"

"မဟုတ်ပါဘူး ဘုရား။ တောထဲဝင်ပြီး ရှာရှာဖွေဖွေ ဘုရားပျက်ရှာလို့ ဥစ္စာစောင့်များ၊ သရဲများနဲ့ မြွေလိုက်တဲ့ဇာတ်ကို ကဖို့ ဇာတ်ထုပ်အသစ် တိုက်နေတာပါဘုရား။ အဟမ်း ... အဟဲ ... အဟမ်း ..."

ဘုန်းကြီး သဘောပေါက်လိုက်ပြီ။ မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသည့်ကိစ္စကို အရူးကတော့ စသိနေပြီ။

သူတို့ လုပ်တာကိုင်တာကို လျှို့လျှို့ဝှက်ဝှက်သွားရင်း မြင်လို့ပဲပြောနေတာလား၊ ဒါမှမဟုတ် အရူးတို့ရဲ့ ထူးခြားဆန်းကြယ်သည့် မနောအာရုံသစ်ကြောင့်များ စောင်းပါးရိပ်ခြည် တဲ့တိုးပြောနေရော့သလား။

ပြောရလျှင် ဒီကိစ္စက လူအများသိလို့ မဖြစ်သေး။

အမှန်အကန်တွေ့လျှင် ရလျှင် ကိစ္စမရှိ။ ဘယ်လိုရှာလို့မှ မရခဲ့လျှင် ဘုန်းကြီးနှင့်အဖွဲ့ ရူးနေပြီဟု အရပ်က ကဲ့ရဲ့ဟားတိုက်ကြမည်။ အဲဒါဆို ... ဒုက္ခ ... အရှက်တကွဲ ..."

"မောင်ထွန်းခြစ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ရွှေမန်းတင်မောင်ပါဘုရား"

"မောင်ထွန်ခြစ်ပါ။ ဂမ္ဘီရမောင်ထွန်ခြစ်ပေါ့ ... ဟုတ်ပြီလား"

"အလို ... ကိုယ်တော် ဘယ်လိုကြောင့် မောင်ထွန်ခြစ်က နေ့ချင်းညချင်း ဂမ္ဘီရမောင်ထွန်ခြစ် ဖြစ်ရတာတုံးဘုရား"

"ဒကာလေးက ထူးဆန်းနေလို့ပါ"

"ထူးဆန်းလို့။ ဘယ်လို ထူးဆန်းနေလို့တုံး ကိုယ်တော်ဘုရားရဲ့"

"ဒကာလေးက စုန်းတို့၊ သရဲ၊ တစ္ဆေတို့ မကြောက်ဘူး"

"အင်း ... ဟုတ်တယ်။ ဒါတော့ ဟုတ်တယ်ဗျ။ အဟဲ ဟဲ ..."

"ပြီး ဒကာလေးက အင်းအတ်တ်ကို သိနေ တတ်နေတယ်"

"အဲ ... အဲ ... ဒါကတော့ ... အဲ ... အဲ ... ပေါ့လေ .. ဟုတ်မလိုဘဲ ... ထားပါတော့ ... ထားပါတော့ ..."

"ပြီး ဒကာလေးက ဘုန်းကြီးတို့ ဘုရားရှာနေတဲ့ကိစ္စကို သိနေလို့ပဲ"

"ကိုယ်တော် ..."

"ဘာတုံး ဒကာလေး"

"ကိုယ်တော်တို့ ဘုရားရှာနေတာကို တပည့်တော် ဘယ်လိုသိနေလို့တုံး ကိုယ်တော်"

"ဒီလိုလေ ...။ ဒကာလေး စောစောတုန်းက လမ်းမှာရွတ်နေတဲ့ တဘောင်သီချင်းများက ဘုန်းကြီးတို့ ဘုရားရှာတဲ့အကြောင်းနဲ့ ဖြစ်ပျက်ခဲ့တာတွေကို ဒကာလေး သံချပ်သီချင်းရေးပြီး ရွတ်ဆိုနေတာ မဟုတ်ပေဘူးလားကွယ့်"

"ဩော် ... ဒါလား ... ဒါလား ... ဒါလား ... ဒါလား ..."

အရှူးကိုထွန်ခြစ်က ဒါလား ... ကို အကြိမ်ကြိမ်ရေရွတ်ရင်း သူ့မေးစေ့ကို သူပွတ်လို့ ခေါင်းတညိတ်ညိတ်လုပ်လိုက်၊ ကြမ်းပြင်ကို လက်ခေါက်နဲ့ ခေါက်လိုက် လုပ်နေလေရဲ့ခင်ဗျ"





"အဲဒါ သိနေလို့ စောင်းမြောင်းဆိုတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"မဟုတ်ရင် ဘယ်လိုလုပ်သိလို့ သီချင်းလုပ်ဆိုနေရသတုံး"

"အိပ်မက်မက်လို့"

"ဘာ ... အိပ်မက်မက်လို့ ဟုတ်လား"

"ဟုတ်တယ် ...။ အိပ်မက်မက်လို့ သိရတာ။ သိလို့ဆိုတာ"

"ဘယ်လိုမက်လို့တုံး ပြောပါဦး ဒကာလေးရဲ့"

"အိပ်မက်ထဲမှာ အသားမည်းမည်း ဘုန်းကြီးတစ်ပါး မီးသွေးတုံးအတိုင်း မည်းနက်နေတာ။ အဲဒီ မီးသွေးတုံးဘုန်းကြီးရယ်၊ အသားဖြူဖြူ လူရွယ်တစ်ယောက်ရယ်၊ နှာခေါင်းပြားပြား၊ လေကြီးမိုးကြီး ဝဝဖိုင့်ဖိုင့်လူကြီးတစ်ယောက်ရယ် တောနက်ထဲမှာ ဘုရားပျက်ကုန်းဆိုလား၊ ရှေးဟောင်းဘုရားဆိုလား လိုက်ရှာရင်း ကျင်းကို ခြေဆော့လက်ဆော့ သွားလုပ်၊ တုတ်နဲ့ထိုးရင်း ငန်းဝါ၊ ငန်းပုတ်မြွေကြီးလိုက်လို့ ပြေးတာကိုပြန်မြင်ပြီး ရယ်ချင်လို့ သီချင်းသံချပ်လုပ်ဆိုရတာပါ ... ကိုယ်တော်"

ချစ်မိုးကြီးနဲ့ ဝဝတုတ်တုတ် ကပ္ပိယကြီး တစ်ယောက်ကိုတစ်ယောက် မေးငေါ့လို့ ပြလိုက်ကြတယ်။

"အိပ်မက် အမှန်ပဲလား ... မောင်ထွန်ခြစ်"

"အမှန်အကန်ပါ ... ကိုယ်တော်"

ဒီမှာ ဘုန်းကြီးက စဉ်းစားသလို လုပ်ရင်းကနေ ...

"မောင်ထွန်ခြစ်"

"ဘုရား ..."

"ဘုန်းကြီးကို ကူညီပါလား"

"ဘာကို ကူညီရမှာတုံး ကိုယ်တော်။ တပည့်တော်တောင် နေစရာ စားစရာမရှိလို့ ဟိုကပ်ဒီတောင်း လုပ်နေရတာပါ"

"စားချင်ရင် ကျုပ်ကျောင်းမှာ အချိန်မရွေး ဝင်စားပါ။ အိပ်ပါနေပါ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

"တကယ်ပါ"

"ညာတာမဟုတ်ဘူးနော် . . . နော် . . . အဟေ့ . . ."

"မညာပါဘူး"

"နောက်နေတာ မဟုတ်ဘူးနော်"

"အမှန်ကို ပြောနေတာပါ"

"ကိုင်း . . . ဒါဆို ကျွန်တော်က ဘာလုပ်ပေးရမှာတုံး"

"ဘုန်းကြီးလည်း အိပ်မက်အရ ရှေးဟောင်းဘုရား ရုပ်ပွားတော်တစ်ဆူကိုရှာနေတာ အမှန်ပဲ။ ဒါပေမင့် တောမကျွမ်းတာရော ပဋ္ဌာန်းဆက် မဆိုင်သေးတော့ အမျိုးမျိုး လွဲချော်နေတယ်။ ဒကာလေး မောင်ထွန်းခြစ်ကလည်း ထူးဆန်းတဲ့အာရုံရ အိပ်မက်ရှင်လိုဖြစ်နေတော့ ဘုန်းကြီးတို့အိပ်မက်နဲ့ ဒကာလေးလူထူးဆန်းရဲ့ အိပ်မက်များ မကြာခဏ ပေါင်းစပ်လုပ်ကိုင်ရရင် ရှေးဟောင်းဘုရားရှာရာမှာ အကျိုးထူးရှိလေမလားဆိုတာ စဉ်းစားမိလို့ပါ"

ဒီလိုလည်း ပြောလိုက်ရော . . .

အရှူးကိုထွန်းခြစ်က ဆရာတော်ဘုန်းကြီးရဲ့ မျက်နှာကို စေ့စေ့လိုက်ကြည့်လိုက်၊ ချစ်မိုးကြီးနဲ့ ကပ္ပိယကြီးတို့ရဲ့ အူကြောင်ကြောင်မျက်နှာများကို လိုက်ကြည့်လိုက် လုပ်ရင်းကနေ . . .

စကားတစ်ခွန်းပြောပြီး အားရပါးရ ရယ်လေရဲ့ခင်ဗျ။

"အင်း . . . ငါ ရူးနေသလားမှတ်တယ်။ ငါ့ထက်ရူးတဲ့လူတွေလည်း အများကြီးရှိနေသေးတာကိုး။ ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . ."

✿ ✿ ✿

[ ၁၆ ]

## ဂန္ဓီရဇတာရဲ့ မာယာပရိယာယ်များ

❑

ဘုန်းကြီးတို့အဖွဲ့လည်း ဖွဲ၊ လှံ့လကို လုံးဝမလျှော့ဘူး။

ဘုန်းကြီးကလည်း သူ့ရဲ့ ထူးဆန်းသည့်အိပ်မက်ကို လုံးဝယုံကြည်နေတယ်။ အိပ်မက်ထဲက မရွှေကုန်နဲ့ သန်လျင်ရာဇဝင်ထဲက မရွှေဂုဏ်တို့ကလည်း ထပ်တူထပ်မျှဖြစ်နေသလိုရှိတာကိုး။

အခု သုံးရက်ရှိပြီ။

ဆွမ်းစားပြီးနောက်ပိုင်း ဓားကိုယ်စီ၊ ပေါက်တူး၊ ငန်းပြားကိုယ်စီကိုင်ပြီး ဒီကျိုက်ဒေးဝတောထဲကို ဝင်နေတာ။ ဒီတစ်ခေါက်မှာ စိတ်မနှံ့သူ အရူးကိုထွန်းခြစ်လည်း ပါလာတယ်။ သူက ကျိုက်ဒေးဝဘုရားပေါ်ကို မတက်ရဲဘူး။

ပြီး ဘုန်းကြီးကိုပြောသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော် ..."

"ဘာတုံး ... ထွန်ခြစ်"

"ဟိုဘုရားပေါ်ကို ညသန်းခေါင် မသွားနဲ့"

"ဘာဖြစ်လို့တုံး"

"ရှိတယ်"

"ဘာရှိတာတုံးဟဲ့ ... ထွန်ခြစ်ရဲ့"

"ဟိုဟာရှိတယ် ဘုရား"

"ဘယ်ဟာတုံး ... ဟ ... ကောင်လေးရ ... ရှင်းအောင်ပြောပါဟ"

"ရှူး ... တိုးတိုး ... ကြားသွားမယ်။ နောက်မှ နောက်မှရှူး"

အရှူးထွန်ခြစ်ကလည်း အဲဒီလိုလူရယ်။ ကြောက်ရင်လည်း စွဲစွဲမြဲမြဲ၊ မကြောက်ရင်လည်း ရဲရဲနွဲ့နွဲ့ပဲ။ ခုလည်း သူပါလိုက်မယ်တဲ့။

ဖြစ်ပါ့မလားလို့ မေးတော့ ...

"ကျုပ် ရောက်ဖူးသွားဖူးတယ်"

"ဘယ်သူနဲ့ ရောက်ခဲ့ဖူးတာတုံးဗျာ"

"မုဆိုးကိုကံကောင်းနဲ့ဗျ"

"ဘယ်အထိရောက်တုံး ဒကာရဲ့"

"ရောက်တာတော့ တောနက်နက်ထဲကိုရောက်ခဲ့တာ။ နောက်ဆုံး အဝတ်မပါတဲ့ မိန်းမအချို့နဲ့တွေ့ပြီး ပြေးခဲ့ရတယ်"

"ဟုတ်ရဲ့လားဟ"

"ဒါတင်မကဘူး နို့ပျဉ်းတွဲ ဘီလူးမနဲ့ပါ တွေ့ရတာ"

ဒါနဲ့ ချစ်မိုးကြီးက မေးရော ...

"ဘသန်းခေါင် ..."

"ဘာတုံး"

"ဟုတ်ပါ့မလားဗျ"

"ဘာကိုတုံးဟ ... မင်းလည်း အရင်းမရှိ အဖျားမရှိ"

စိတ်ကူးသစ်စာပေ



"တောထဲမှာ အဝတ်မရှိတဲ့မိန်းမအချို့နဲ့ နို့ပျဉ်းတွဲဘီလူးမတွေ့ပြီး ပြေးခဲ့ရတယ်တဲ့။ အဲဒါကိုပြောတာ"

"အရှူးစကားဥစ္စာ ချင့်ယုံမှပေါ့ကွာ။ မဟုတ်မှလွဲရော ဥစ္စာစောင့်တို့၊ ကျတ်တို့လိုဟာမျိုးနဲ့ တွေ့ခဲ့မှာပေါ့ကွ။ ကျတ်ကလည်း လူယောင်ဖန်ဆင်းပြီး အမျိုးမျိုး အနှောင့်အယှက်ပေးတတ်တာကိုး"

ဒီလိုနဲ့ တောထဲကို မသိမသာ ဝင်လာခဲ့ကြတယ်။

ဟို အပတ်တုန်းက ကြုံခဲ့ရတဲ့ ဘုရားပြိုပျက်ကုန်းကို အသာကွေ့ရှောင်ပြီး ချုံတွေရှင်းလိုက်၊ ဝါးတွေဖယ်လိုက်နဲ့ တောနင်းရှာခဲ့ကြတာ။ ချွေးလည်း ပျံနေကြပြီ၊ မောလည်း မောနေကြပြီ။

အရှူးကိုထွန်ခြစ်ကတော့ မကြောက်ဘူး၊ ပျော်လို့။

တောင်ဝှေးလို တုတ်တစ်ချောင်းနဲ့ အမြိုက်တွေကို ထိုးဆွကော်ပစ်လိုက်၊ ကျင်းတွေ့ရင် တုတ်နဲ့မွှေလိုက် လုပ်နေတယ်။

ကပ္ပိယကြီးက အရှူးကိုထွန်ခြစ်လုပ်ပုံကို ကြည့်ပြီး လန့်နေတယ်။ ဘာလို့လဲဆိုတော့ ပြီးခဲ့တဲ့တစ်ခါတုန်းကလည်း အဲဒီလို ထိုးရင်းဆွရင် အိပ်နေ ခွေနေတဲ့ငန်းမြွေကို သွားဆွပေးမိလို့ သေပြေးရှင်ပြေး ပြေးခဲ့ရဖူးသကိုး။

"ဘုန်းဘုရား ..."

"ဘာတုံး ဒကာကြီး"

"ရှာလို့လည်း မတွေ့ပါလား"

"အေးလေ ... ငါတို့က မြေပုံညွှန်းနဲ့ ရှာနေတာမဟုတ်ဘူး ဖိုးသန်းခေါင်။ အိပ်မက်အရ ကံတိုက်ဉာဏ်တိုက်နဲ့ လိုက်ရှာနေတာ။ ဖွဲမလျှော့စမ်းပါနဲ့။ ဖိုးသန်းခေါင် မှတ်ထားဖို့က ဒါ သာသနာပြုသည့် သူတော်ကောင်းအလုပ်။ ဗုဒ္ဓဘာသာဝင်အလုပ်လို့ ခံယူထားစမ်းပါကွယ်။

ကိုင်း ... ကိုင်း ... ကျုပ် ... သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းကို တိုင်တည် မေတ္တာရပ်ခံပါဦးမယ် ... ဖိုးသန်းခေါင်ရာ။ ခဏလေး ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ဘုန်းတော်ကြီး ဦးရက္ခိတက အရပ်လေးမျက်နှာကို မျက်နှာမူပြီး မေတ္တာသုတ်ပရိတ်ကို ရွတ်ဆိုတယ်။

ပြီး အဆိပ်ရှိတဲ့ သတ္တဝါတို့ရန်မှ ကင်းဝေးအောင် ခန္ဓသုတ်ပရိတ်ကို ရွတ်ဆိုတယ်။

အခုရောက်နေသည့်နေရာက တောအတွင်းပိုင်းနက်နက်။

တောင်ကြားလမ်းနဲ့ ဟိုး သီလဝါကုန်းရှိရာက တစ်လမ်းတည်း။ လမ်းက မြေသားလမ်း။ မီးမရှိဘူး။ လူမရှိဘူး။ အိမ်မရှိဘူး။ ညဆို လရောင်နဲ့သွား။ နေ့ဆို နေရောင်နဲ့သွား။ လမ်းခရီးမှာ ခိုးသားဓားပြ အလုအယက်က များမှများ။

အချို့နေရာမှာ တောင်ကုန်းမို့မို့၊ အချို့နေရာမှာ ချောက်ကမ်းပါး။

အချို့ သစ်ပင်ကြီးတွေက နေရှိရာဘက်ကို အရွက်အအုပ်ကိုင်းကျနေပုံက ခေါင်းကြီးကြီးတစ္ဆေကြီး နေကို ခေါင်းနဲ့မြေကြီး ထိလုဘနန်း အရိုအသေပေးနေပုံမျိုး။

အဲဒီလို ကုက္ကိုပင်ကြီးတွေ ခေါင်းငိုက်နေပုံများ ညဘက် လရောင်အောက်မှာ တန်းစီအုပ်ဖွဲ့မြင်ရရင် ပြိတ္တာကြီးတွေ၊ တစ္ဆေကြီးတွေ အုပ်စုဖွဲ့ ငုတ်တုတ်ထိုင်နေကြတာလို့ အမြင်မှားနိုင်တယ်။

ကြည့်စမ်း …။

တစ်နေရာလည်း ရောက်ကရော သစ်ခြောက်ပင်အတန်းကို ထူးထူးဆန်းဆန်း မြင်ရပြန်ပါရောကလား။

အလို … သစ်ခြောက်ပင်တွေမှာ အရွက် လုံးဝမရှိဘူး။

ခေါင်းကျိုးပြီး ငုတ်တုတ်။ ကျိုးတဲ့နေရာက ခွဆုံလိုနေရာမျိုးက ကျိုးနေတော့ ခေါင်းပြတ်ကြီးတွေလို ဖြစ်နေတယ်။

ပိုအံ့သြစရာကောင်းတာက သစ်ခြောက်ပင်ရဲ့ အကိုင်းတွေက အရွက်မရှိဘဲ လူကြီးမိန်းမ ယောကျ်ား လက်နှစ်ဖက်ဆန့်ကားထားသလို ကားကားကြီးတွေ။

လေတိုက်လို့ ဘယ်ညာယိမ်းရော တစ္ဆေယိမ်းကသလိုပဲ။

စိတ်ကူးသစ်စာပေ



အလိုလေးလေး … တစ်ယောက်တည်းများတော့ ဒီနေရာကို မလာလိုက်လေနဲ့ သွေးပျက်သွားမယ်၊ ဦးနှောက်ပျက်သွားနိုင်တယ်။ သိလား။

ကြည့်လေ …။ လေတိုက်လို့ သစ်ခြောက်ပင် သစ်ကတုံးတွေ ယိမ်းထိုးနေပုံက အရိုးပြိုင်းပြိုင်း လူသေကောင်ကမ္ဘာနံခြောက်ကြီးတွေ ရုတ်ခြည်းအသက်ဝင်ပြီး လှုပ်ရှားနေသလိုမျိုး။

လက်ရပ်ခေါ်နေသလိုမျိုး။

ကိုယ်လက်ခေါင်းခါးလှုပ်ပြီး အော်ဟစ်ရယ်မောနေသည့် ပုံမျိုး။

လေတိုက်သံ၊ သစ်ပင်ခြင်းကြိတ်သံ၊ သစ်ရွက်တိုးသံ၊ ကျိုးသံ၊ သစ်ပင်ချင်းရိုက်သံများပါ ရောသွားရင် …

သွေးပျက်သွားမယ်၊ ဦးနှောက်ပျက်သွားမယ်။

အခု သူတို့အုပ်စုတောင် လူလေးယောက်အုပ်စုမို့၊ အရေးထဲမှာ အရှုးထွန်းခြစ်က သစ်ခြောက်ပင်တွေနဲ့ သွားပြီး စကားပြောနေတယ်။

"ဟေ့လူတွေ … မတွေ့တာကြာပြီဗျာ။ နေကောင်းကြရဲ့နော်"

" ……"

"ဟား … ဟား … ဟား … ဟား … ကျုပ်နာမည် ထွန်းခြစ်လေဗျာ။ မမှတ်မိတော့ဘူးပေါ့။ ဟား … ဟား … ဟား … ဟား ဖြစ်မှဖြစ်ရပလေ … ကိုယ့်လူတို့ရာ"

ကြည့်လိုက်တော့ အရှုးထွန်းခြစ်။

သစ်ခြောက်ပင် လက်ကားယား၊ ကိုင်းကားယားတွေကို လူမှတ်ပြီး စကားအော်ပြောနေတယ်။

"ဗျို့ … ဆရာကြီး ဟိုမိန်းမတွေရော ရှိကြသေးလား"

" ……"

"ဆံပင်ဖားလျားနဲ့ ခေါင်းမှာ ပန်းပန်ထားတဲ့ မိန်းမတွေလေ"

" ……"

"ကျုပ်ရောက်နေတယ်လို့ လှမ်းအော်ပြောလိုက်စမ်းပါဗျ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



" ......"

"ဘုန်းကြီးလည်း ပါတယ်။ သရဏဂုံတင်ချင် လာကြလေ။ ဟား ဟား ...ဟား ...ဟား ...ကျုပ်တို့ဘုန်းကြီးက သဘောကောင်းမှ ကောင်း"

" ......"

"ဘာပြောတယ် ...အဖော်နှစ်ကောင် ...ဟုတ်တာပေါ့ဗျာ။ ကျုပ် တပည့်နှစ်ယောက်ပါဗျ။ တစ်ယောက်က ကပ္ပိယဖိုးသန်းခေါင်တဲ့။ နောက် တစ်ယောက်က ချစ်မိုးကြီးတဲ့"

" ......"

"မိတ်ဆက်ပေးရမယ် ...။ ဒါပဲနော် ...ဟောလူတွေ ...ကျုပ် တပည့်နှစ်ယောက်ကိုတော့ စိတ်နောက်သွားအောင် မလုပ်ကြနဲ့။ ဟုတ်လား အသက်နှုတ်ချင်နှုတ်"

"ဟေ့ ...ချစ်မိုးကြီးရေ"

"ချစ် မိုးကြီးရေ ..."

"ဖိုးသန်းခေါင် ...ဗျို့ ...ဖိုးသန်းခေါင် ...လာပါဦးဗျ ... ဒီကို"

"ဖိုးသန်းခေါင်နဲ့ ချစ်မိုးကြီး ...ဒီကိုလာကြဦးဟေ့"

အရှုးထွန်ခြစ်ရယ် တောထဲမှာ သစ်ခြောက်ပင်များနဲ့ စကားပြော ပြီး သူတို့အမည်ကို အော်ခေါ်နေလို့ ကပ္ပိယကြီး အကြီးအကျယ် လန့်ပါ ရော။

"ဒုက္ခတော့ ရောက်တော့မယ်နဲ့တူသဟ"

"ဘာဖြစ်လို့တုံး ...ကပ္ပိယကြီး"

"ဟိုအရူး ငါတို့နာမည်တွေကို အော်ခေါ်နေလို့ကွ။ တောက် ... တောထဲရောက်ရင် အချင်းချင်းပေမင့် နာမည်မခေါ်ရဘူး။ 'ဟေ့ ... ဟေ့' တို့။ 'ငူး ...ငူး' တို့ အဲဒီလို အချက်ပြခေါ်ရတယ်။

"ဟေ့ကောင် ...ထွန်ခြစ်"





"ဟေ့ကောင် ...အရူး ဘာလို့ နာမည်တွေ အော်ခေါ်နေတာ တုံး"

"ဘာအရူးတုံး။ ကျုပ် မရူးဘူး။ ခင်ဗျားတို့ ရူးနေတာ"

"ဘယ့်နှယ့်ဗျာ ...။ အိမ်မှာမနေ၊ ကျောင်းမှာမနေကြဘဲ တော ထဲလာ မြွေရှာ၊ ဖားရှာ၊ ကျားရှာ၊ ဆင်ရှာ လုပ်လိုလုပ်၊ ငါ့ဟာနဲ့ငါနေလည်း ငါ့ပါခေါ်လာလို လာနဲ့ ဒီမှာ ကျုပ်မိတ်ဆွေတွေနဲ့ ခင်ဗျားတို့ကို မိတ်ဆက် ပေးမလို့"

"ဘယ်သူနဲ့တုံး"

"ဟိုလူတွေ"

"ဟ ...ဟ ...ထွန်ခြစ်ရ၊ အဲဒါ လူမဟုတ်ဘူးဟ။ အဲဒါ သစ် ခြောက်ပင်ငုတ်တွေတွေဟ။ ဒုက္ခပါပဲကွာ။ လာလာ ...ဟေ့ကောင် ... လာ ..."

"လူအစစ်တွေပါဗျ။ ကျုပ်နဲ့ ဆွေမျိုးသားချင်းတွေပါ။ ခင်ဗျား တို့ အမြင်မှောက်နေလို့ပါ။ ကိုင်း ...နောင်ကြီးတို့ရာ ဒီအရူးနှစ်ယောက် ကို ခွင့်လွှတ်ပါဗျာ။ ကိုင်း ...ဒါဆို ခင်ဗျားတို့ကို ကျုပ်ဘကြီးနဲ့ မိတ်ဆက် ပေးရမယ်။ လာ ...ဒီကိုလာ"

အရူးထွန်ခြစ်က အတင်းလက်ဆွဲခေါ်နေလို့ ဘာလဲသိရအောင် လိုက်သွားကြတယ်။ ဒီမှာ ထွန်ခြစ်က အုံကောင်းလှတဲ့ တောစပယ်အရိုင်း အုံကြီးကို လက်နှစ်ဖက်နဲ့ မ,ဖယ်ပြလိုက်ရော ...

"ဟာ ..."

"အမလေး ...လေး ..."

"ဟ ...ဟ ...ဟ ..."

မြင်လိုက်ရပုံက လိပ်ပြာလန့်ချက်ရယ်။ ကြည့်စမ်း ...ဘုရား ဘုရား ...ရင်ကိုတုန်ပြီး အသက်ပါထွက်ချင်စရာ။

"အလိုလေး ...ကြည့်စမ်း ...



www.burmeseclassic.com

www.burmeseclassic.com



ဂဝံကျောက်ဘီလူးရုပ်တုကြီးတွေ။ ဂဝံဘီလူးရုပ်တုကြီးတွေဟာ ရေညှိတွေတက်နေပေမင့် ပါးစပ်ကြီးဖြဲပြီး အစွယ်တုံးတုံးကြီးတွေ ထုတ်ပြနေပုံရော ...

ဘယ်ပခုံးပေါ်မှာ ကျောက်သန်လျက်ကြီးထမ်းလို့ မျက်လုံးပြူးကြည့်နေပုံက အသက်ပါပုံနှယ်ဗျာ။ တကယ့်သက်ရှိ ဘီလူးကြီးတွေအတိုင်းပဲ။

ငုတ်တုတ်ဒူးထောက်ထိုင်နေသည့် ကျောက်ဘီလူးရုပ်တု ကိုယ်ထည်အလုံးက လူယောကျ်ားကြီး သုံးလေးကိုယ်စာ မကဘူး။

မရှိဘူးဆို ယောကျ်ားကြီး လက်လေးဘက်ထိ ဆက်အဝိုင်းလောက်ရှိမယ်။ ခြေမကြီးတွေများ နို့ဆီဗူးလောက်ရှိတယ်။

"ဘကြီး ..."

"ဘုရား ... ရေ"

အရှုးထွန်ခြစ်က ကျောက်သန်လျက်ထမ်း ဘီလူးရုပ်တုကြီးကို ဘကြီးတဲ့။

"ဘကြီး ... သူတို့ရောက်လာပြီဗျ။ အဟဲ ... ဟဲ ..."

"ဘကြီး ... ဘယ်သူ့ကို အရင်စားချင်သတုံး။ ပြော ..."

"ဘာ ... ဘာ ... ဘာ ..."

"ထွန် ... ထွန် ... ခြစ် ..."

"ဟား ... ဟား ... ဟား ... ဟား ... မကြောက်ပါနဲ့တော့ဗျာ။ ကျုပ် ခင်ဗျားတို့ကို တမင် ဒီတောထဲ မျှားခေါ်လာတာ။ ဟောဒါ ကျုပ်ဘကြီးပဲ။ ဟိုဘီလူးတွေက သူ့အမျိုးတွေ။ ရှိသေးတယ် ... ဒီမှာကြည့် ..."

အရှုးထွန်ခြစ်ဟာ ပါးစပ်ကလည်းပြော၊ လက်ကလည်း သူ့ညာဘက်က ငိုက်နေတဲ့ တောစံပယ်ရိုင်းခြုံကြီးကို ပင့်မဖယ်ရှားလိုက်ရော ...

"အား ..."

"ဟာ ... ဟာ ..."

စိတ်ကူးသစ်စာပေ



ကြောက်စရာကောင်းလိုက်တာ။ ခေါင်းနားပန်းတွေကြီး၊ တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထပြီး လူဟာ လှုပ်လို့မရချင်အောင်ကို တောင့်သွားတာပဲ။

မျက်စိရှေ့မှာ တွေ့နေရတာက ...

ဂဝံဘီလူးမ သားအမိသုံးယောက်ရုပ်တုကြီး။

အလိုလေး ... ကျောက်ရုပ်တုမှ ဟုတ်ရဲ့လား။ တကယ်ဘီလူးမများလား။ ဘီလူးမရဲ့ ပါးစပ်ပြဲပြဲကြား အစွယ်လေးချောင်းဟာ ဟဖြဲထားသည့် ပါးစပ်ထဲမှာ အထင်အရှား ပြူးပြူးမြဲမြဲကြီး။

လူကလေးအရွယ် ဘီလူးပေါက်စနှစ်ကောင်ဟာ ဘီလူးမကြီးရဲ့ နို့အုံကြီးနှစ်လုံးကို မိခင်လက်ကြားကနေ ဦးခေါင်းသွင်းပြီး အားရပါးရ စို့နေတဲ့ပုံ။

ဂဝံကျောက်ဘီလူးမက ရင်လျားကို ဖြေချထားတော့ ဖွံ့ဖွံ့ထွားထွား ကျောက်နို့အုံကြီးနှစ်လုံးက တွဲလောင်းကြီး။

ကျောက်ဘီလူးမရဲ့ မျက်နှာနေပုံစံက သူ့ကလေးနှစ်ယောက်ကို နို့တိုက်ရင်းက ရန်သူကိုမြင်ရလို့ စားမယ်ဝါးမယ် ကြုံးဝါးကြိမ်းဝါး ပါးစပ်ဖြဲ အစွယ်ထုတ်ပြနေပုံမျိုး။

"အဲဒါ ကျုပ်ကြီးတော်ဗျ။ နာမည်က မယက္ခကြီးတဲ့"

"ဟေ ..."

"ဟုတ် ... ဟုတ် ... ရဲ့ ..."

"ဘဝဟောင်းက ဆွေမျိုးရင်းချာများပေါ့ဗျာ။ ကိုင်း ... ဘကြီးနဲ့ ကြီးတော် ..."

အရှုးထွန်ခြစ်ဟာ ရောမ ကျောက်ဘီလူးရုပ်တုနှစ်ရုပ်ရဲ့မျက်နှာများကို ကြည့်ပြီး ...

"ဘကြီးတို့၊ ကြီးတော်တို့ ... လူသားစားချင်တယ်ဆိုတာ အခု ကျုပ်ခေါ်လာပြီ။ ကြိုက်ရာလူကို ကြိုက်သလိုစား ... ကြ ... ဟား ... ဟား ... ဟား ... ဟား ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"စားပါဗျ"

"အားမနာနဲ့။ ကလေးတွေဆာနေပြီ ... ကြီးတော်ရဲ့။ ကျွေးပါ"

"ထွန် ... ထွန် ... ခြစ် ..."

"အမလေး ... လုပ် ... လုပ် ... ကြ ... ပါဦး ... အဘရဲ့"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဒီနေ့ ခင်ဗျား တို့နှစ်ကောင်ကို **'တောစာကျွေး'** ပြီ။ ဘီလူးစာကျွေးပြီဗျို့။ ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ... စားသာစား ... ဘကြီးနဲ့ကြီးတော်။ အားရပါးရစား။ အရိုးပါ ဝါးစားဗျို့။ ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ... ဟီး ..."

"ဟေး ... ဟေး ... ဟေး ... ဟေး ... ဟေး ..."

"ဝါး ... ဟား ... ဟား ... ဟား ... အဟတ် ... အဟတ် အဟတ် ..."

အရူးထွန်ခြစ်ဟာ ကပွဲယကြီးနဲ့ ချစ်မိုးကြီးရဲ့ မျက်နှာများကို လက်ညှိုးနဲ့ထိုးပြီး ဟားတိုက်လို့ ရယ်နေတာ။

သူ့ရဲ့ ဟားတိုက်ရယ်သံများဟာ တောရိပ်တောင်ကမ်းပါးစုံ အရိပ်ရဲ့ပဲ့တင်သံနဲ့ တောထဲမှာ ဆူညံနေတယ်။

ကြောက်ကြောက်လန့်လန့်နဲ့ နောက်ဆုတ်နောက်ဆုတ် ပြေးကွက်ရှာနေတုန်းမှာပဲ ဘီလူးရုပ်တုနှစ်ခုအနက်က သားနှစ်ယောက် နှိုတိုက်နေတဲ့ဘီလူးမဆီကနေ မျက်တောင်ခတ်လိုက်သလိုမျိုး ဖြုန်းခနဲ မြင်လိုက်ရရော ...

နှစ်ယောက်သား ဆရာတော်ဘုရားရှိရာကို ခြေကုန်သုတ်ပြေးကြရတော့တာပဲ။ ဒီအချိန်မှာ ဆရာတော်က တောပိုင်တောင်ပိုင်များကို မေတ္တာပို့နေသည့်အချိန်။





" ... ဤတော ဤတောင် ဤမြေ ဤရေ ဤအရပ်ဒေသ၌ ပိုင်ဆိုင်စောင့်ရှောက်ကြကုန်သော မြင်ရ မမြင်ရ ပုဂ္ဂိုလ်များ။ အပိုင်အဆိုင် အစောင့်အရှောက်များနှင့်တကွ ဘုမ္မစိုး။ ရုက္ခစိုး။ အာကာသစိုး အစရှိသည့် အစောင့်အရှောက်အပေါင်းတို့ ကျွန်ုပ်ထိန်းသော သစ္စာ မေတ္တာကို အမျှယူ၍ သာဓုအနုမောဒနာ ပြုကြပါကုန်လော့။

ကျွန်ုပ်သည် ထူးခြားဆန်းကြယ်သော အိပ်မက်အရ ရှေးခေတ်ဘဝဟောင်းက ဘုရားဒါယကာမကြီး ဒေါ်ရွှေဂုဏ်ရဲ့ မေတ္တာရပ်ခံမှုကြောင့် ငါးထပ်ကြီးရွှေသားကျောက်စီ ရှေးဟောင်းရုပ်ပွားတော်မြတ်ကို ဆက်လက် သာသနာပြုရန် အများပူဇော်ကိုးကွယ်နိုင်ရန်အတွက် လိုက်လံရှာဖွေ အမှုပြုနေပါသည်။

သုံးရက်သုံးကြိမ်မြောက်ခဲ့ပါသော်လည်း မတွေ့ရပါသဖြင့် ရုက္ခစိုး၊ ဘုမ္မစိုးတို့နှင့်တကွ ရုပ်ပွားတော်မြတ်ကို စောင့်ရှောက်ကြကုန်သော မြင်ရ မမြင်ရ ပုဂ္ဂိုလ်ထူးများက ဘုရားဒါယကာမကြီး ဒေါ်ရွှေဂုဏ်ရဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို ပါဝင်ကူညီဖြည့်ဆည်း ကုသိုလ်ယူကြသည့်အနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ရှိရာ နေရာမှန်ကို ထင်ရှားစွာသိရန် လမ်းပြကူညီတော်မူကြပါ။ သာသနာပြုဘက် ပုဂ္ဂိုလ်သူတော်ကောင်း အပေါင်းတို့ခင်ဗျား ...

ဘုန်းတော်ကြီး ဦးရက္ခိတက အရပ်လေးမျက်နှာလှည့်၍ မျက်နှာပြုပြီး မေတ္တာလည်းပို့တယ်။ မေတ္တာသုတ်လည်း ရွတ်တယ်။ အမျှလည်း ပေးဝေတယ်။ သာဓုလည်းခေါ်တယ်။

ပြီး ... သူ့လုပ်ငန်းမှာ ကူညီဖို့လည်း အကူအညီတောင်းလိုက်တယ်။

ဒီအချိန်မှာပဲ အဝေးကနေ နာမည်ခေါ်သံကြားရပါရော။

"ဖိုးသန်းခေါင် ..."

"ဟိုက် ..."

"ချစ်မိုးကြီး ... ရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးသန်းခေါင်ရေ ..."

"ချစ်မိုးကြီးရေ ..."

"ဟော ... ဟော ... ချစ်မိုးကြီး ... ငါတို့နာမည်ကို ခေါ်နေပါကလားဟေ့"

"ဟုတ်တယ် ...။ ကပ္ပိယကြီး ဟိုခပ်လှမ်းလှမ်းကပဲဗျ။ ဘယ်သူများလဲမသိဘူး။ ပြန်နားထောင်ကြည့် အဘ"

"ဖိုးသန်းခေါင် ..."

"ချစ် ... မိုး ... ကြီး ..."

"ဟာ ... အဟုတ်ပဲဟ။ ဟောဟို သစ်ပင်ကြီးနားလောက်က ခေါ်နေတဲ့အသံကွ။ လူလုံးကို မမြင်ရဘူး။ ဘုန်းကြီးကျောင်းသား ရွှေဘတို့၊ တင်ညွန့်တို့များ လိုက်လာရော့သလားကွာ ဟင်"

"အေးဗျ ... ဘာများ အရေးကြီးလို့လဲ မသိဘူး"

"ဟေ့ ... ရွှေဘတို့၊ တင်ညွန့်တို့လားဟေ့"

ကပ္ပိယကြီးက လှမ်းအော်မေးလိုက်ရော ပဲ့တင်သံက ရိုးရိုးရိပ်ရိပ် မြည်ပြီး အသံတိတ်သလို ရှိသွားပြန်ပါရော။ ဒါနဲ့ နှစ်ဦးသား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ...

"ဟေ့ ... ဘယ်သူတုံး။ ရွှေဘတို့၊ တင်ညွန့်တို့လား"

ပြန်မထူးဘူး။ ကြက်သီးဖြန်းခနဲ ထသွားတယ်။

"ဖိုးသန်းခေါင် ..."

"ဟိုက် ..."

"ချစ် မိုး ကြီး ရေ"

"ဟော ... ခေါ်ပြန်ပြီဗျာ"

"ချစ်မိုးကြီး ... ငါတို့ကျောင်းက ကျောင်းသားတစ်ယောက် နှစ်ယောက် အရေးကြီးလို့ တောထဲလိုက်လာပြီး မျက်စိလည်နေပုံပဲကွ"

"ဟုတ်များ ဟုတ်နေရော့လား ... ကပ္ပိယကြီးရာ။ ဘယ်လိုလုပ်ကြမတုံးဗျ"





"လာကွာ ... လိုရမည်ရ အသံလာရာကို လိုက်ရှာကြည့်ရအောင်။ မဟုတ်တော့လည်း မဟုတ်တဲ့ရောက်လျှားပေါ့"

ဒီလိုနဲ့ နှစ်ဦးသား ဆရာတော်ကို ခွင့်မပန် မပြောမကြားဘဲ ခေါ်သံလာရာ ဟိုးခပ်လှမ်းလှမ်းက ထင်းရှူးပင်ကြီးရှိရာကိုတိုးကပ်၊ တရွေ့ရွေ့ မျှော်ကြည့်နားစွင့် တိုးကပ်လာရင်းက ...

"ရွှေဘတို့လားဟေ့"

"တင်ညွန့်ရေ ..."

ဒီလိုပြန်ခေါ်ရော ဟိုကခေါ်သည့်အသံ တိတ်သွားပြန်ရော။ တောက နက်သထက် နက်စပြုလာတယ်။ ဒီလိုနဲ့ ထင်းရှူးပင်ကြီးနားရောက်ရော ဖြောင်းဆို ထင်းရှူးပင်ကိုင်းကြီးတစ်ကိုင်း ကျိုးကျပြီး ဝုန်းခနဲပြုတ်ကျသံမျိုး ကြားလိုက်ရလို့ နှစ်ယောက်သား လန့်ပြီး တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ထားလိုက်ကြတုန်းရှိသေး ...

"ရွှေဘရေ ..."

"မြတ်စွာဘုရား ..."

"တင်ညွန့်ရေ ..."

"ဘုရားရေ ..."

"သန်းခေါင်ရေ ..."

"ချစ်မိုးကြီးရေ ..."

"အဘ ... အ ... ဘ ... ကြည့် ... ကြည့် ... လုပ် ... ပါဦးဗျာ"

"ဟ ... ဟ ... ဘယ်ကနေ ... ခေါ် ... ခေါ် ... နေတာတုံး ... တုံးဟ"

"ဟိုး ... အနောက်ဘက် ... က ... ဖြစ် ... ဖြစ် ... သွားပြန်ပြီဗျ"

"ဟေ ... ထူး ... ထူး ... ဆန်း ... ဆန်း ..."

"ရွှေဘရေ ..."



www.burmeseclassic.com

www.burmeseclassic.com



"တင်ညွန့်ရေ ..."

"ချစ်မိုးကြီးရေ ..."

"သန်းခေါင်ရေ ..."

ဖိုးသန်းခေါင်ရော၊ ချစ်မိုးကြီးရော ဖြစ်စဉ်ကို မသက်သတော့ဘူး။ ကြည့်လေ ... စောစောတုန်းက သူတို့နှစ်ဦးနာမည်ကို ခေါ်နေသည့်အသံ။ သူတို့က ကျောင်းနေဘုန်းကြီးကျောင်းသားများ ကိစ္စရှိလို့ လိုက်လာကြတယ်မှတ်ပြီး ရွှေဘလား၊ တင်ညွန့်လား အော်မေးလိုက်တော့ ...

အခု ရွှေဘနဲ့ တင်ညွန့်နာမည်ကို တောထဲက ခေါ်နေပြီ။

အဲဒါ ဘယ်လိုဖြစ်ကြတာတုံး။

စောစောတုန်းက အရှေ့ကနေခေါ်သံ၊ အခု အနောက်ကနေခေါ်သံ ဖြစ်သွားပြီ။

"ဟေ့ ... ငါတို့နာမည်ခေါ်နေတာ ဘယ်သူတုံး။ ထွက်ခဲ့လေ"

"ဟေ့ ... ဘယ်သူလဲလို့ မေးနေတာ မကြားဘူးလား"

ဒီလိုမေးလိုက်ကာမှ လက်ဝဲဘက်ကရော၊ လက်ယာဘက်ကရော သူတို့လေးဦးအမည်ကို လှည့်ပတ်ခေါ်နေပါရော။

"အ ... အ ... ဘ ..."

"ဘာ ... ဘာ ... တုံး ... ဟုန်း ... ဟုန်း ..."

"မ ... မ ... ရှိုး ... ဘူး ... ဟူး ... ဟူး ..."

"အေး ... အေး ... ပေါး ... ပေါး ... လာ ... ပြေး .. ပြေး ... ကြ ... ကြ ... စို့ ..."

"ဝေါ ... ဝေါ ..."

"ဝေါ ... ဝေါ ..."

"ဟ ... ဟ ... ဘာသံတုံးဟ ... ချစ် ... ချစ်မိုးရ ... ဟင် ... ဟင် ..."

"လေ ... လေတိုက်သံဗျ ... ပြေး ..."

"ဝေါ ... ဝေါ ... ဝုန်း ... ဝုန်း ..."





"ချစ် ... မိုး ... ကြီး ... ရေ ..."

"သန်း ... ခေါင်ရေ ..."

"ရွှေဘရေ ... တင်ညွန့်ရေ ..."

"ပြေး ... ပြေး ... ဒါ ... ဒါ ... တော ... တော ... မှောက်နေတာ၊ တောခြောက်နေတာ ... ပြေး ...။ ဆရာတော်တို့ဆီ ရောက်အောင်ပြေး"

သူတို့နှစ်ဦး လေပြင်းတိုက်သံ၊ သစ်ပင်သစ်ကိုင်းများ အရွက်အခက်ခြင်းရိုက် ဝုန်းဒိုင်းကြဲ ဝရုန်းသုန်းကားဖြစ်နေသံ ...

အမည်မသိသူများရဲ့ အော်သံ၊ ခေါ်သံ၊ ချောက်ချားစရာအသံများကြားကနေ တောတိုးပြီး ပြေးလာလိုက်ရော ...

"ဟာ ..."

"အမလေး ... လေး ..."

"ရှိ ... ရှိ ... ရှိ ..."

"ဟော ... ဟော ... မြွေ ... မြွေသံဟ"

"ရှီး ... ရှီး ... ရှီး ... ဖူး ... ဖူး ..."

"ဆရာတော်ဘုရား ... ဆရာတော်ဘုရား ... မြွေ ... မြွေဆိုးတွန်သံတွေဘုရား"

"အားလုံး သတိထားကြဟေ့"

"ဘုရားဂုဏ်တော်တွေ ရွတ်နေကြ"

"ရှီး ... ရှီး ... ရှီး ... ဖူး ... ဖူး ..."

"ဝေါ ... ဝေါ ... ဝုန်း ... ဝုန်း ..."

"ဖြောင်း ... ဖြောင်း ..."

မြွေဆိုးများရဲ့တွန်သံ၊ နှာမှုတ်သံများကို ဥဒဟိုအနှံ့က ကြားနေရသလို၊ လေပြင်းတိုက်သံများကြောင့် သစ်ရွက်စိမ်း၊ သစ်ရွက်ခြောက်၊ သစ်ရွက်ဝါနဲ့ အမှိုက်သရိုက်မျိုးစုံရဲ့ လွင့်ပျံနေပုံကလည်း တောကြီးလျှောင်လှုပ်နေသလို ...



www.burmeseclassic.com

www.burmeseclassic.com



တောတွင်း မှန်တိုင်းထန်နေသလိုကြီး။

ဒါနှင့်အတူ တောထဲမှာ နေထိုင်ကြသည့် တောသတ္တဝါများ ပြေးလွှားအော်ဟစ်သံ၊ တောတိုးသံများကလည်း ဆူညံနေတယ်။

"ဘုန်းဘုန်း ... ဘုရား ... ဒါ ... ဒါ ... ဘာဖြစ် ... နေတာတုံး ... ဘုရား"

"တောခြောက်တာလား၊ တောမှောက်တာလား မသိဘူး"

"စောစောတုန်းက တပည့်တော်တို့နှစ်ဦးအသံကို ခေါ်နေတာ အကြာ ကြီးဘုရား"

"ပြန်ထူးလိုက်သေးသလား"

"ဘု ... ဘုရား ..."

"ဒကာတို့ အသံပြန်ထူးသလား။ 'ဟုတ်ကဲ့' တို့၊ 'အေး ... အေး' တို့"

"မ ... မ ... ထူး ... ဘူး ဘုရား။ ပြန်တော့မေးမိတယ်"

"ဒုက္ခပဲ"

"ဘာ ... ဘာဖြစ်လို့ပါလဲ ဘုရား"

"ဒါ တောကွယ့် ... တော။ အဓိကရတော။ ငါ အတန်တန်ပြောတယ် နာမည်မခေါ်နဲ့၊ မရယ်နဲ့၊ မငိုနဲ့၊ မဆဲရေးနဲ့၊ မတိုင်းထွာနဲ့၊ တောက်မခတ်နဲ့၊ ခါးတောင်းမကြိုက်နဲ့၊ ဓားတုတ်ကို ဖော်ထမ်းမထမ်းနဲ့၊ လေမချွန်နဲ့လို့ ပြောထားမဟုတ်လား"

"ဟို ... ဟို ... အရှုးထွန်ခြစ် လျှောက်ခေါ်တာဘုရား"

"ကျုပ်မခေါ်ဘူး"

"ကျုပ် ခင်ဗျားတို့ကို ဘီလူးစာကျွေးတာ"

"ရှီ ... ရှီ ... ရှီ ..."

"ဖူး ... ဖူး ... ဖူး ..."

"ဝေါ ... ဝေါ ... ဝေါ ..."

"ဝရုန်း ... ဝရုန်း ... ဝရုန်း ... ဝူး ... ဝူး ..."





"မြွေတွေထွက်လာကုန်ပြီဘုရား၊ ထွက်လာကုန်ပြီဘုရား"

"ဒကာသန်းခေါင်"

"ဘ ... ဘ ... ရား ..."

"တောလယ်ခေါင်မှာ နိမိတ်မရှိ နမာမရှိ မပြောနဲ့"

"ဟုတ် ... ဟုတ် .. အမလေး ... ဟိုမှာဘုရား ... ဟိုမှာဘုရား"

"ဟာ ..."

"ဟယ် ..."

"ဟာ ... အများကြီးပဲဟေ့"

"ဘယ်မှာတုံးဟဲ့ ... သန်းခေါင်ရဲ့"

"ဟို ... ဟိုမှာ ... အမလေး ... ပါးပျဉ်းထောင်ပြီး စိုက်ကြည့်နေတယ် အရှင်ဘုရား။ ပြေး ... ပြေး ..."

ကြည့်လိုက်တော့ ...

နက်ပြောင်လင်းလက်နေသည့် မြွေအုပ်ကြီးတစ်အုပ်ရယ်။ ပါးပျဉ်းကြီးတွေထောင်ပြီး တောင်ပို့ကြီးတစ်ခုရဲ့ ဝန်းကျင်ကနေ ဘုန်းကြီးတို့အုပ်စုကို စူးစူးစိုက်စိုက်ကြည့်နေကြတာ။

"မြွေတွေဟေ့ ... မြွေတွေဟ"

"မိုးရွာရင် မိုးရေချိုးမယ်။ မြွေတွေလာရင် နို့စို့မယ်၊ မြွေတွေပြန်ရင် ဘုရားဖူးရတော့မယ်။ ဟေ့ ... ဟေ့ ..."

"ဟေ့ကောင် ... ထွန်ခြစ်၊ ငြိမ်ငြိမ်နေ။ ပေါက်ကရမပြောနဲ့"

"ဟေ့ကောင် ... ထွန် ... ခြစ် ..."

အရူးထွန်ခြစ်ကို ဘယ်လိုမှပြောမရဘူး။ လေသံမိုးသံကြား အမိုက်သရိုက်လွင့်ပျံသံကြား မြွေတွေအများကြီး ထူးခြားဆန်းကြယ်စွာ ရင်ဘောင်တန်း ပါးပျဉ်းထောင်နေသည်ကို ကြည့်ပြီး အရူးထွန်ခြစ်က အားရဝမ်းသာ ခုန်ပေါက်က,လို့နေရဲ့။

"မိုးရွာရင် ဘုရား 'ရေ' ချိုးမယ်။



www.burmeseclassic.com

www.burmeseclassic.com



မြွေတွေလာရင် အရှုးပျောက်မယ်။

မြွေတွေပြန်ရင် ဘုရားဖူးရတော့မယ်။ ဟော ... ဟော ... ဟော့ အဟတ် ... အဟတ် ... မြွေပွေးမြွေဟောက် ငန်းစောင်းများ၊ ငန်းပုတ် ငန်းဝါ မြွေသူကောင်းအပေါင်းတို့ရဲ့ ရွှေဘုရား၊ မြဘုရား၊ စိန်ဘုရား တို့ များဖူးချင်သတဲ့။

ဒါကြောင့်လေ ... အရင်မိန်းမကို မြွေ၊ နောက်မိန်းမကို မြွေ၊ ငန်းပုတ်၊ ငန်းဝါ၊ လင်းမြွေ ... သင်းကိုက်လို့ မသေနိုင်ဘူးလေ။ အို .. ကံခေလို့လွဲချင်တော့ မြွေ ... မြွေ ... မြွေ ... လာ ဟော ဟော ..."

ကြည့်ဗျာ ...

အရှုးထွန်ခြစ်ရယ် ... ဘယ်လိုမှ ပြောလို့ ထိန်းလို့ ငေါက်လို့ မရဘူး။

အလကာ်ကျော်စွာ ရွှေမန်းဦးတင်မောင်ရဲ့ ရွှေခွက်သီချင်းကိုဖျက် ပြီး မြွေသီချင်းကို ဘယ်လိုအဓိပ္ပာယ် အတိတ်နိမိတ်နဲ့ အော်ဆိုနေမှန်း မသိဘူး။

ရှိုက်သံ၊ ငိုသံနဲ့ဆိုပြီးရော မြွေအကောင်တစ်ရာကျော်ခန့် ရှေ့မှာ ဦးကုန်းချလို့ ကန်တော့နေလေရဲ့။

ဖိုးသန်းခေါင်နဲ့ ရွှေမိုးကြီးတို့က တစ်ခုပြီးတစ်ခုဖြစ်ရပ်များဆန်း ကြယ်နေလို့ ကြောက်ပြီး သေးထွက်မလိုဖြစ်နေပြီ။

ဒီမှာ ဆရာတော်က မြွေအုပ်ရှိရာကို လက်ညှိုးထိုးပြီး မေတ္တာသုတ် ကိုရွတ်နေတယ်။

ခန္ဓသုတ်ကို ရွတ်နေတယ်။ ပုဗ္ဗဏှသုတ်ကို ရွတ်နေတယ်။

အံ့ဩစရာကောင်းလိုက်တာ။

တဝုန်းဝုန်း တဝူးဝူးတိုက်ခတ်နေတဲ့ လေဆိုးငြိမ်စပြုလာတယ်။ ဝေါဝေါဒိုင်းဒိုင်းဖြစ်နေသည့် တောတိုးသံတွေ၊ အသံငြိမ်ရှဲစပြုလာတယ်။

ကောင်းကင်မှာလွင့်ပျံ့ဝဲနေသည့် ရွက်ဝါရွက်အို ရွက်ရင့်ကြွေတွေ မြေပြင်မှာ ဝပ်စင်းခစားသလို ဖြစ်ကုန်တယ်။





ဆူညံနေအောင်တွန်လိုက်၊ နှာမှုတ်သံပေးလိုက်နဲ့ လူလေးယောက် ရဲ့လှုပ်ရှားမှုကို အကဲခတ်၊ ရန်စောင်မလိုလုပ်နေတဲ့ မြွေဆိုးအုပ်လည်း တွန် သံ၊ နှာမှုတ်သံတွေတိုးပြီး ထောင်နေသည့်ပါးပျဉ်းများ ဖြေလျှော့စပြုလာ တယ်။

ပြီး ... လူတွေလိုပဲ တစ်ကောင်နဲ့တစ်ကောင် အပြန်အလှန်ကြည့် ခေါင်းညိတ်သလိုလုပ်ပြီးနောက် ဟိုအနောက်ဘက် ဝါးကောက်တော ဝါးပိုး တောများရှိရာကို အလျှိုလျှို လှည့်ပြန်တိုးဝင်ပျောက်ကွယ်လို့ သွားကြတယ်။

မြွေအုပ်ကြီးမရှိတော့မှ ဖိုးသန်းခေါင်တို့ ဟင်းခနဲ သက်ပြင်းချ ပြီး ဝဲယာတောင်မြောက်ကို ကြည့်ရဲ လှည့်ရဲတော့တယ်။

ပြီး ... ဘုန်းကြီးနဲ့လိုက်ခဲ့တာ မှားပြီ။ ဘုန်းကြီးရဲ့အိပ်မက်ကို ထောက်ခံမိတာ မှားပြီလို့ တွေးလိုက်တယ်။

ဒါနဲ့အတူ သေချင်သည့်ကျား တောပြောင်းခဲ့တာလား၊ ဒါမှမဟုတ် သူကောင်းဖြစ်ချင်လို့များ တစ်ရွာတစ်တောကို သေငယ်ဇောနဲ့ ရောက်လာ လေရော့သလားလို့ တွေးရင်း ...

နောင်လည်း ဘယ်လိုထိတ်လန့်ချောက်ချားစရာ၊ အံ့ဩစရာ၊ ရင် ဖိုသည်းထိတ်စရာနဲ့ ကြုံရဦးမယ်မသိဘူး။

မြွေအုပ်ကြီးလည်းပျောက်၊ တစ်တောလုံးလည်း ငြိမ်သွားရော တော ကြက်အဖိုနဲ့ တောကြက်မနှစ်ကောင်တို့ဟာ တောင်ပံတဖြန်းဖြန်းခပ်ပြီး သူ တို့ရှေ့ဝါးတစ်ပြန်ကျော်ခန့်က ဆူးပုတ်ချုံပေါ်ကို ကတော်ရင်း အော်ရင်း တက်နားတာကို မြင်လိုက်ရတယ်။

ချုံပေါ်လည်းရောက်ရော တောကြက်မလေးက ဘာကိုမြင်လို့လည်း မသိဘူး လန့်ဖျပ်ပြီး ကတော်လို့ ပျံပြေးပါရော။

တောကြက်အဖို့ ကြက်တိန်ညင်လေးက ကြက်မတိန်ညင်နောက် ကို လိုက်ပျံမသွားဘဲ ထူထပ်နေသည့် ကင်ပွန်းချုံပေါ်မှာ ရပ်နားလို့ အသံ သေးသေးလေးနဲ့ အားရပါးရ တွန်နေလေရဲ့။

"အက် ... အီး ... အီး ... အက် ..."



www.burmeseclassic.com

www.burmeseclassic.com



"အက် ... အီး ... အီး ... အက် ..."

အိမ်ကြက်များလို ညောင်ကန်ကြက်များလို အောက်အီးအီးအွတ်လို့ အသံအောင်အောင် မတွန်နိုင်ရှာဘူး။ အကောင်သေးသေး၊ အမောက်ပြားပြား၊ အမြီးကော့ကော့၊ ကိုယ်လုံးက လက်သီးဆုပ်သာသာ အရွယ်လေးမို့ ရင်အုပ်လေးကော့ပြီး တွန်လိုက်သည့်အသံက နားထောင်လို့ သာယာတယ်။

တွန်နေပုံကလည်း ကြက်အရိုင်းနဲ့ မတူဘူး။

အိမ်ကြက်အယဉ်တစ်ကောင် အေးအေးလူလူတွန်သံလေး ဖိုသံပေးနေသည့်အတိုင်းပဲ။

ကြက်တိန်ညင်တောကြက်ကလေးဟာ ဘုန်းကြီးအပါအဝင် လူလေးဦးကို ခပ်လှမ်းလှမ်းကနေ မြင်နေသည့်တိုင် မလန့်ဘူး။

မပျံဘူး။ မပြေးဘူး။ အေးအေးလူလူကို တွန်သံပေးနေတာ။

အကြိမ် (၁၀)ကြိမ်ခန့် တွန်လို့လည်းဝရော ဟိုအဝေးကနေ တိန်ညင်ကြက်မက မသံ၊ ကတော်သံပေးတာလည်း ကြားရော သူတို့အုပ်စုကို ကြည့်ကြည့်တွန်နေရာကနေ ရုတ်ခနဲထပျံပြီး သူ့ချစ်ဇနီးကြက်မလေးရှိရာကို ဦးတည်ပျံသန်းသွားလေရဲ့။

"အရှင် ... ဘု ... ရား"

"ဘာတုံး ... ဒကာသန်းခေါင်"

"ဒီ ... ဒီတောထဲမှာ ထူးခြားဆန်းပြားတဲ့ အန္တရာယ်များ ... ရှိ ... ရှိ ... နေပါတယ်ဘုရား။ ပြန် ... ပြန် ... လှည့်ကြပါစို့ ... ဘုရား"

"တောခြောက်တာပါ။ ဘုန်းကြီးပြောသားပဲ တောထဲရောက်ရင် နာမည်မခေါ်ကြနဲ့ ပြောထားသားပဲ"

"တပည့်တော်တို့နာမည်များကို ခေါ်နေတာပါဘုရား"

"ကျောင်းမှာနေတဲ့ ရွှေဘတို့နာမည်များပါ ခေါ်တာဘုရား"

"ပြန်ထူးလိုက်သေးလား"





"ဟင့်အင်း ... မထူးဘူး"

"ဟို ... ဟို ... လိုက်တော့ ရှာကြည့်သေးတယ် ... ဘု ... ရား"

"တွေ့လား ... ဖိုးသန်းခေါင်"

"အဲ ... အဲ ..."

ကပ္ပိယကြီး ဖိုးသန်းခေါင်က ဘာမှဆက်မပြောဘဲ ချစ်မိုးကြီးကို လှည့်ကြည့်လို့ သေဖော်ညှိနေတယ်။

"ချစ်မိုးကြီး ..."

"ဘုရား ... ဘဘုန်း"

"လိုက်ကြည့်တော့ နင်တို့ ဘယ်သူ့တွေ့သတုံး"

"ဘယ် ... သူ ... သူမှ မတွေ့ရဘူးဘုရား။ ပိုထူးဆန်းတာက ခေါ်သံတွေက အရပ်လေးမျက်နှာကနေ ကြားနေရသလိုဖြစ်လို့ လန့်ပြီးပြေးလာဘုန်း ဘဘုန်းတို့ရဲ့အဖြစ်ဆန်းကို တန်းမြင်ရတာပဲ ဘုရား"

"အိမ်း ... ဟုတ်ပြီ။ မင်းတို့ငါတို့ ဒီနေ့ကစပြီး သတိတော့ထားရမယ်ကွယ့်။ ပထမအချက်က ... ဒီကျိုက်ဒေးဝတောကြီးပဲ။ လျှို့ဝှက်ဆန်းကြယ်မှုတွေ ရှိနေတယ်။ ဒုတိယ ... အိပ်မက်ဘုရားပဲ။ အိပ်မက်ရှင်ကလည်း ဒီလျှို့ဝှက်ဆန်းကြယ်တောထဲမှာကိုပဲ ဘုရားရှာဖွေဖို့ အတန်တန်လမ်းညွှန်ခဲ့တယ်။ သုံးအချက် ... စိတ်မနှံ့သူ မောင်ထွန်ခြစ်နဲ့ ငါတို့အကြောင်းဆိုင်ခဲ့ရတယ်။ အခုလည်း ဘုရားရှာရင်း အံ့သြဆန်းကြယ်စရာတွေကို မြင်ရကြုံနေရတယ်။ မကြောက်ကြပါနဲ့"

"ဗျာ ..."

"ဘယ် ... လို ... ဘုရား"

"မကြောက်ကြနဲ့လို့ ပြောတာ။ ကောင်းသောအလုပ်ကိုလုပ်ရင် အနှောင့်အယှက် အဟန့်အတားကတော့ ကြုံရမှာပဲ။ အချို့က သက်သက်နှောင့်ယှက်ကြတာ။ အချို့က စိတ်ကိုစမ်းနေတာ။ ဒီကိစ္စက သိပ်နက်နဲ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဂမ္ဘီရဆန်တယ်။ နာနာဘာဝတွေ၊ သင်းခွေချပ် လှည့်စားတာလည်း ဖြစ်နိုင်တယ်''

''နှစ်မျိုးတောင်ပေါ့။ ဟုတ်လား ...''

''မင်းသိရင် ပြောပါဦး ... အရှုးရဲ့ ပြောလေ ဟင်''

''အရှင်ဘုရားပဲ ပြောပြလိုက်ပါ။ တပည့်တော် အာညောင်းလို့ပါ''

ကြည့်လေ ...။ အရှုးက လူကောင်းတွေပြောရင် ဝင်ပါတယ်။ လူတတ်ကြီးဝင်လုပ်တယ်။ ကဲ ... ပြောဆိုရော မပြောနိုင်ဘူး။ ဒီမှာ ဘဘုန်းက ...

''ထွန်ခြစ်ပြောတာ မှန်တယ်။ နာနာဘာဝတွေလှည့်စားတာဖြစ်နိုင်တယ်။ သူပြောသလိုပဲ နှစ်မျိုးရှိတယ်။ တစ်မျိုးက တစ္ဆေအုပ်စု၊ ပြိတ္တာအုပ်စုဝင် နာနာဘာဝ ပရဝိညာဉ်သားတစ္ဆေပဲ''

''တစ္ဆေ ...''

''အိမ်း ... ဟုတ်တယ်။ တစ္ဆေကို နာနာဘာဝအုပ်စုဝင်လို့လည်း ခေါ်ကြတယ်။ နာနာဘာဝဆိုတဲ့ အဓိပ္ပာယ်ကအမျိုးမျိုး။ ကိုယ်သဏ္ဌာန်ဖန်တီးနိုင်သူ၊ ဖန်ဆင်းနိုင်သူလို့ခေါ်တယ်။ ဒါပေမင့် ရဟန္တာများလို ဘုန်းတန်ခိုးရှင်မဟုတ်ဘူး။ ဝိဇ္ဇာဇော်ဂျီလို တန်ခိုးရှင်မဟုတ်ဘူး။

ဒါပေမင့် အချို့သော အစွမ်းရှိသည့် ပြိတ္တာတစ္ဆေများဟာ လူယောင်၊ ကျွဲယောင်၊ နွားယောင်၊ ဘုန်းကြီးအယောင်မကဘူး အိမ်၊ ကျောင်း၊ ဇရပ်၊ ရွာတွေပါ ဖန်တီးနိုင်သည့် အဆင့်မြင့်ပြိတ္တာတစ်မျိုးပဲ။

အများအားဖြင့် ပြိတ္တာနာနာဘာဝများဟာ ခြောက်လှန့်တာထက် နောက်ပြောင်တာမျိုး၊ ကရော်ကမယ်လုပ်တာမျိုးတွေလည်း ပြုလုပ်လေ့ရှိတယ်။ ခုပြောပြမှာက မသိရင် ကျုတ်တစ္ဆေများခြောက်လှန့်တယ်လို့ ထင်ရတဲ့ ဇာတ်လမ်းပဲဗျ။ လာ ... ဟိုမှာထိုင်နားကြရင်း ပြောပြမယ်''

✿ ✿ ✿

[ ၁၇ ]

## အဝင်မြင့် အိမ်မည်းကြီး

❑

တောလည်း ငြိမ်သက်အေးချမ်းစပြုနေပြီမို့ အကြောက်လည်းပြေလာတယ်။ သူတို့ ဘုရားပျက်ကုန်းရှာခြင်းကို ခဏရပ်ပြီး သစ်ပင်ရိပ်အောက်မှာ ထိုင်နားလိုက်ကြတယ်။

''ဆက်ပြောပါဦးဘုရား''

''ငတုံးတွေ ... ဘာမှနားမလည်ဘူး ဘုရား''

''တောက် ... အရှုးတော့ကွာ ... ဟင်း။ မင်းဒုက္ခပေးလို့ ဖြစ်ရတာ''

''ကျုပ်က ဘာဒုက္ခပေးလို့တုံး။ ပြော ...''

''မင်းဘာလို့ ငါတို့နာမည်တွေကို လိုက်ခေါ်ရတာလဲ''

''ခင်ဗျားတို့ လူမဟုတ်လားဗျ''



www.burmeseclassic.com

www.burmeseclassic.com



"အေး ... လူပဲ၊ ဘာဖြစ်လဲ"

"လူမို့လို့ လူနာမည်ခေါ်တာဥစ္စာ။ ဘာလဲ တိရစ္ဆာန်တွေလို 'ဟော့' တို့၊ 'ဟဲ့'တို့၊ 'ဟိုကောင်' တို့ ခေါ်ရမှာလား။ ပြော ..."

"ဒါ ... အဓိကရတောကွ အရှုံးရ။ လူနာမည်မခေါ်ရဘူး။ မင်း မသိဘူးလား"

"သိသားပဲ။ သိလို့ ရှုံးတောင်ရှုံးနေဥစ္စာ။ ဟွန်း ..."

"သိရင် မင်းဘာလို့ ငါတို့နာမည်တွေ လျှောက်အော်ခေါ်ရတာ လဲ။ ပြော ..."

"ဒါလား"

"ဟုတ်တယ် ... ပြော"

"အရှုံးဦးရေတိုးပွားအောင် ခေါ်ရတာပါဗျာ။ ဟား ... ဟား .. ဟား ... ဟား ..."

"အဲ ... အဲ ... ကန်တော့ပါဘုရား။ ဘွာ ... ဘွာ ..."

"တော်ကြတော့ ... စကားများမနေကြနဲ့။ မင်းတို့ငါတို့ လေး ယောက်ဟာ ရှေးဘဝရေစက် ပဋ္ဌာန်းဆက်နဲ့ ဒီနေရာ ဒီအလုပ်စခန်းမှာ လာဆုံကြတာ။ ဒါ ထူးတယ်။ စောစောက ဘယ်ရောက် ... အဲ ... အဲ ကျတ်တခွေ ဘယ်လောက်ဆိုးသလဲဆိုရင် တို့အညာမှာ နာမည်ကြီးဆိုင်း ဆရာ၊ စိန်ကျောက်ဆည်ဆိုတာ ရှိတယ်ကွယ့်။ တစ်နေ့ ရွာသားကြီးနှစ် ယောက်က ဆိုင်းလာငှားတယ်"

"ဘယ်ရွာမှာ တီးရမှာတုံးဗျာ"

"ဆယ့်နှစ်ကြိုးကုန်းရွာမှာပါ ရှာစား"

"အလှူပွဲလား၊ ရုပ်သေးပွဲလားဗျ"

"သီးသီးသန့်သန့် ညည့်ခံဖျော်ဖြေပွဲပါ။ ကျုပ်တို့အိမ်ကြီးရှင်က လူ တစ်မျိုးဆရာ။ ပိုက်ဆံအလွန်ချမ်းသာတယ်။ ဒါပေမင့် မာနကြီးတယ်။ သူ ကိုယ်တိုင်ကလည်း သဘင်အနုပညာအကြောင်းကို အောက်ခြေသိမ်းသိ တယ်။ သူ့သမီးကလည်း အဆိုရော၊ အကရော ပိုင်နိုင်ကျွမ်းကျင်တယ်





ခုပွဲက သူ့သမီးအလိုကျ ကချင်တာရော၊ သူ့အိမ်ဝိုင်းက တပည့်သားမြေး ဆွေမျိုးများကို ပျော်ရွှင်စေချင်လို့ရော စီစဉ်ရတဲ့ပွဲပါခင်ဗျား"

ဒါနဲ့ ဈေးစကားပြောလို့ တည့်သွားတယ်။ ဆိုင်းလာငှားသူကလည်း စရံငွေအချို့ကို ပေးချေခဲ့တယ်။

"ကျွန်တော်တို့ လာကြိုရမလားရှာစား"

"ပိုကောင်းတာပေါ့ဗျာ။ ကျုပ်တို့လည်း ဆယ့်နှစ်ကြိုးရွာဆိုတာ မရောက်ဖူးသေးဘူးဗျ။ ဒါနဲ့နေပါဦး ဦးလေးကြီးရဲ့ ..."

(ဆိုင်းလာငှားသည့်လူကြီးအမည်မှာ ဦးခေါင်းတုံးဟုခေါ်၏။ ခေါင်း တုံးကြီးနှင့်ဖြစ်ပြီး ကာယကံရှင်၏ အစ်ကိုတော်သူဟုသိရ၏။)

"ဟုတ်ကဲ့ ... မေးပါ ရှာစား ... မေးပါ"

"ဘာကြောင့် ဆယ့်နှစ်ကြိုးရွာလို့ ခေါ်ရတာတုံးခင်ဗျာ"

"သြော် ... ဟော ... ဒါလား ရှာစားရဲ့။ ဒီလို ... ရှာစားရေ။ မသိရင်တော့ ကဝေစုန်းမျိုး ဆယ့်နှစ်ကြိုးတွေ စုဝေးရှာတည်နေတဲ့ ရွာလို့ ထင်ရသပေါ့ဗျာ။ ဒါပေမင့် အဲဒီလို ကဝေရွာ၊ စုန်းရွာမဟုတ်ဘူး ... ရှာ စားရဲ့။

ဟိုးလွန်ခဲ့သည့် ကာလတုန်းကပေါ့။ သီပေါမင်း ပါတော်မူပြီးစ အချိန်မှာပေါ့ဗျာ။ ကျုပ်တို့ရွာဘက်က ရုပ်သေးရုပ်စုံမင်းသားကြီးကိုင် မင်း သမီးကြီးကိုင် ထွက်တယ်ခင်ဗျ။ အဲဒီတုန်းက ဆယ့်နှစ်ကြိုးရွာမဟုတ်သေး ဘူး။ ရွာဘုကြီးလို့ခေါ်တယ်"

"ဘာလို့ ရွာဘုကြီးလို့ ခေါ်ရသတုံး"

"ရွာလယ်ခေါင်မှာ တောင်ကုန်းခုံးခုံးကြီးရှိတယ်။ ရွာကလည်း ကျောကုန်းကြီးလို ပြန့်ပြီး အဲဒီပြန့်ကြီးပေါ်မှာ တောင်ကုန်းခုံးခုံးကြီးက ဘုကြီးတင်နေသလို အဝေးကကြည့်ရင် သိသာလို့ ရွာဘုကြီးခေါ်တာ။ နောက် ပိုင်း နောင်အခါ ရုပ်သေးမင်းသမီး အမေပုတို့၊ သံချိုကိုင် ဦးကျော်လှတို့ ခေတ်ရောက်တော့ ကျုပ်တို့ရွာက ရုပ်သေးကြိုးဆွဲများ လွှတ်ကိုထွက်သကိုး ရှာစားရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်စုံအတော်များများကို ကျုပ်တို့ရွာက ရုပ်သေးကြိုးဆွဲများက နိုင်နိုင်နင်းနင်းကိုင်နိုင်လို့ ရုပ်ကြိုးစင်၊ ရုပ်သေးစင်များက ဆိုင်းဆရာ၊ သဘင်ဆရာများက ကျုပ်တို့ရွာကို ဆယ့်နှစ်ကြိုးကိုင်ရွာလို့ ခေါ်တာဗျ။ ရုပ်သေးမှာ ဆယ့်နှစ်ကြိုးဆိုတာ ရှားတဲ့ပညာရှင်ပဲဗျ။ ရုပ်မျိုးစုံ ကြိုးကိုင်ခေါ်တာပေါ့ ရွာစားရယ်''

''ဟုတ်ပါပြီဗျာ ...။ ဒါဆို အဖိတ်နေ့မနက် လာကြိုပေါ့ဗျာ''

''လှည်းဘယ်နှစီးဆို ရမလဲရွာလား''

''လှည်းသုံးစီးဆို ရပါတယ်ဗျာ။ ပစ္စည်းနှစ်စီး လူတစ်စီးပေါ့''

''ဆရာကြီးတို့အိမ်ကြီးရှင်ရဲ့မင်းသမီးကရော သီချင်းရရဲ့မဟုတ်လား''

''ရွာစားတို့ရတဲ့သီချင်းပဲ ညဥ့်ဝက် ဆိုကမှာပါ။ ဟိုရောက်မှ မင်းသမီးနဲ့ ညှိနှိုင်းတာပေါ့''

''ဟုတ်တာပေါ့ ... ဟုတ်တာပေါ့''

''ကိုင်း ... ကျွန်တော်တို့ ပြန်မယ်ဗျာ။ စိတ်ချပါရစေနော် ... ရွာစား။ သူတို့ကလည်း စိန်ကျောက်ဆည်ဆိုင်းမှ ဆိုင်းလို့ထင်တာခင်ဗျ။ အဟဲ ... ဟဲ ... ဟဲ ...''

''စိတ်ချပါဗျာ ...။ စရံလည်းယူပြီးဉစ္စာ။ လူရွှင်တော်သုံးယောက်လည်းပါမယ်။ အဆိုတော်ထဲက မန္တလာမြင့်မြင့်ချိန်တို့၊ ရွှေမန်းသူ ညိုညိုစိမ်းတို့လည်း ပါမှာပါ''

''ရွာစား ဖြစ်နိုင်ရင် မိန်းကလေးအဆိုအက မခေါ်ခဲ့ပါနဲ့ဗျာ''

''ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ရပါတယ်ခင်ဗျာ''

''ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ရပါတယ်ခင်ဗျ''

''သွားပြီဗျို့''

အဲဒါ နောက်အဖိတ်နေ့လည်းကျရော လှည်းသုံးစီးရောက်လာပြီး ရွာစားတို့ ဆိုင်းပစ္စည်းများကိုတင်လို့ တစ်နေကုန်ခရီးကို လှည်းနဲ့ထွက်ခဲ့ကြတယ်။ ရွာတွေရွာတွေလည်း ဖြတ်ခဲ့ကြတယ်။





ဒီလိုနဲ့ တောတန်းတစ်ခုကိုဖြတ်၊ သချိုင်းသုံးခုကို ကျော်ပြီး လွင်ပြန့်ကြီးကို ဖြတ်လည်းပြီးရော မြစ်ကမ်းကြီးနံဘေးက ရွာကြီးတစ်ရွာကို ရောက်ပါရော။

ရောက်တယ်ဆို ရွာကလူတွေ မိန်းမယောက်ျား ကလေးလူကြီး လှည်းသုံးစီးနားကို ဝိုင်းလာကြ၊ အထူးအဆန်းလို့ ဝိုင်းကြည့်ကြတယ်။ ရွာကိုကျော်ပြီးရော ရွာဖျားက ရေနံချေးဝနေတဲ့ တိုက်ခံအိမ်ခြံဝင်းကျယ်ကြီးထဲကိုရောက်သွားမှ လှည်းကိုရပ်တယ်။ လူရွယ်လူကြီးပိုင်းက ပစ္စည်းများကို ဝိုင်းကူချပေးကြတယ်။

အားလုံးရဲ့မျက်နှာများပေါ်က ဖော်ရွေတဲ့ အပြုံးများက သီးနေဝေနေတယ်။ ဒီမှာ ထူးခြားချက်တစ်ခုကို ရွာစားကြီးစိန်ကျောက်ဆည် သွားတွေ့လိုက်တယ်။ အဲဒါ အခြားမဟုတ်ဘူး။

အိမ်သူအိမ်သားများအားလုံးနီးပါးဟာ နားရွက်ကြီးတွေကြီးပြီး ထူကားနေတာပဲ။ ကြွက်နားရွက်ကြီးတွေလိုပဲ။

ပြီး ... မိန်းမများရဲ့လက်တွေက ပဲကြီးရေစိမ်တွန့်သလို တွန့်နေတာပဲ။ မျက်နှာမတွန့်ဘူး။ လက်တွေ၊ ခြေတွေ တွန့်ရှုံ့နေတာပဲ။

ပျိုရွယ်သူလည်း တွန့်နေတာပဲ။

အအိုအရွယ်ကောင်းတွေလည်း ခြေရောလက်ရော တွန့်နေတာပဲ။

အမယ်ကြီးအို တွန့်သလို တွန့်နေတာ။ ဒါပေမင့် အားလုံးလိုလို ရုပ်ရည်သန့်တယ်၊ ချောမောလှပတယ်။ ကိုယ်လုံးကိုယ်ပေါက် ဖြူးတယ်။ စိုတယ်။ အိတယ်။ တင်းတယ်။ ဖွံ့တယ်။ မကြိုက်မရှိဘဲ။

အဲဒါ အောက်ထပ်ခန်းကျယ်မှာ နေရာချ။ အငြိမ့်ကမည့်နေရာချပုံက မြေဝိုင်းအငြိမ့်သဘောပဲ။ အခန်းကကျယ်တော့ လူကြည့်မည့်နေရာကို ဖျာတွေခင်းပေးထားတယ်။

ရောက်ပြီး မကြာဘူး။ ဆိုင်းအဖွဲ့သား (၁၀)ယောက်ကို ထမင်းကျွေးတယ်။ ဘူးသီးနဲ့ ကြက်သားကာလသား အရည်သောက်ချက်လေး



www.burmeseclassic.com

www.burmeseclassic.com



စားလို့ကောင်းမှကောင်းဗျာ။ ဆန်ကလည်း ပြောင်းနဲ့ရောချက်ထားတဲ့ ပြောင်းဆန်အိအိစေးစေးလေး။

ငံပြာရည်ချက်နဲ့ မန်ကျည်းရွက်ချဉ်သုတ်နဲ့။ မိုးမျှော်ငရုပ်သီးတို့စရာ၊ ခရမ်းရေလုံ့ပြုတ်တို့စရာ မြိန်မှမြိန်ပဲ။

စားလို့ပြီးရော မင်းသမီးဆိုသူ ရောက်လာလေရဲ့။

အံမယ် ... ညိုညိုချောချောလေးဗျ။ ဆံရစ်ဝိုင်းကြီးနဲ့ ဖွံ့ဖွံ့ကားကား။ ခါးကျဉ်ကျဉ်၊ ရင်မောမောတင်းတင်းကြီး။

ပြုံးလိုက်ရင် သွားတက်ကလေးက ဖွေးခနဲပေါ်ပြီး နဂိုအလှကို ပိုကျက်သရေရှိစေတဲ့ အလှကျက်သရေအိုးလေးပဲ။ မဟာနဖူးကျယ်လေးနဲ့။

"ရှာစား ... ဒါ ဒီအိမ်ကြီးက မြေဝိုင်းမင်းသမီး ခင်ခင်ဒိုးလေးပဲခင်ဗျ။ ဟိုအပေါ်ထပ်ကဆင်းလာတာ သူ့မိဘနှစ်ပါးပါခင်ဗျ"

တောင်ရှည်ပုဆိုးဝတ်ထားတဲ့ နှုတ်ခမ်းမွေးကားကားနဲ့ လူခန့်ခန့်ကြီးနဲ့၊ ပိုးရင်ဖုံးအင်္ကျီ၊ ပိုးထဘီနဲ့ မဟာဆန်ဆန်အမျိုးသမီးစုံတွဲ ဆင်းလာနေတာကို မြင်ရတယ်။ သူတို့နှစ်ဦးက ပန်းကနုတ်ဖောက်ကျောမှီပါ ကုလားထိုင်ပေါ်မှာ စမတ်ကျကျထိုင်ပြီး အကဲခတ်လို့ ...

"မိဒိုး ..."

"ရှင် ... အဘ"

"ဒါ ... ဟိုမြို့ကြီးပေါ်က ဆိုင်းဆရာရှာစား စိန်ကျောက်ဆည်ဆိုတာပဲ။ ဒီည ပွဲမဝင်ခင် ကြိုတင်ကျင်းပတဲ့အနေနဲ့ ညည်းဆိုမည့်သီချင်းတီးလုံးတိုက်ကြတာပေါ့"

"ဟုတ်ကဲ့ ရှင့်"

ဒီမှာ ဆိုင်းဆရာရှာစား စိန်ကျောက်ဆည်က မောင်းကိုတီးရင်း ညိုချောမလေး မင်းသမီးမိဒိုးလေးကို မေးရော ...

"မင်းသမီး"

"ရှင် ... ရှာစားကြီး"





"အရင် ဘယ်ဆိုင်းဝိုင်းများနဲ့ တွဲဖက်ကပြဖူးတုံးခင်ဗျာ"

"မန္တလေးက ရှာစားစိန်ငှက်ကြီး၊ ရှာစားကြီး စိန်ဒုံးပုံ၊ ပြီး .. အမရပူရက ဆိုင်းဆရာ စိန်လက်ျာတို့နဲ့ တွဲကဖူးပါတယ်ရှင့်"

"ဟာ ... နာမည်ကြီးဆိုင်းဆရာများနဲ့ တွဲကဖူးတာပဲကိုး"

"ဟုတ်ကဲ့ရှင်"

"ကျုပ်နာမည်ရော ကြားဖူးရဲ့လားဗျ"

"ဟုတ်ကဲ့ ...။ ကြားဖူးတာ ကြာပါပြီရှင်။ ရှာစားကြီးနဲ့ တွဲဖက်ကပြချင်လို့ တမင်ဖိတ်ခေါ်ရတာပါရှင်။ ရှာစားကြီးက အငြိမ့်ဆိုင်းလောကမှာ နာမည်ကြီးမှန်းသိပေမင့် ခုမှ မြင်ဖူးရပါသရှင့်"

"ဒီည ဘာသီချင်းများ ဆိုမှာတုံးဗျ ..."

"ကျွန်မက အဆိုတော်မင်းသမီး လေဘာတီမမြရင်ရဲ့သီချင်းနဲ့ အကကို စွဲလမ်းပါတယ်ရှင်။ ကျွန်မရဲ့မိခင်ကြီးဒေါ်မြရိုးကလည်း လေဘာတီရဲ့သီချင်းနဲ့ အကများကိုပဲ ငယ်ငယ်ကတည်းက ဦးစားပေးသင်ပေးခဲ့ပါတယ်ရှင့်။

ဒါကြောင့် အမေမြရင်ရဲ့ 'အလှူ့ရှင်' သီချင်း။ 'စစ်ကိုင်းတောင်'၊ 'ခင့်သဘော' ပြီး နန်းတော်ရှေ့ဆရာတင်ရေးလို့ ဒေါ်ကြည်အောင်ဆိုပေးတဲ့ 'သုံးရွှေလည်သီချင်း'၊ 'ဇာတိနွယ်သီချင်း' တို့ကို ဆိုပါမယ်ရှင်"

"ကိုင်း ... ဒါဆို စလိုက်ကြစို့ရဲ့။ ဘယ်သီချင်းနဲ့ စမတုံး"

"အလှူ့ရှင်သီချင်းနဲ့ စတာပေါ့ ဆရာရယ်"

ဒါနဲ့ ရှာစားစိန်ကျောက်ဆည်က မောင်းနဲ့ အလှူ့ရှင်သီချင်းကို စလို့ပျိုးလိုက်တယ်။

"ဇေအာရုံတွင် ××× ရည်းစားသည်က ဂုဏ်ငယ်တယ်ထင် ××
တောင်းပန်တဲ့ရင်ရင် ××× ကပါရစေ ××× ရှင် ×××
မပိုင်ခင်စိတ်စွဲ ××× အငြိမ့်ထဲ မကာစေချင် ××× မဒီခင် ×××
အတည်ပင် ××× အစ်ကိုများ ကာလသား ×××
ကိုင်း ××× ကျွန်မကိုချစ်ရှာ မေတ္တာအစစ်ပင် ×××



www.burmeseclassic.com

www.burmeseclassic.com



အသစ်တင် ××× မောင်တော့ ××× မောင်တော့ ×××
အလှူ့ရှင်မှန်း ××× အားလုံးသိကြပါတယ်ရှင် ×××
အပိုင်နော်ကြဲလိုက်သခင် ××× တိုင်ပေါ်အလံစိုက်ချင် ××× ''

ကြည့်စမ်း ... ကောင်းလိုက်တဲ့အသံနယ်။ ရွာသားစိန်ကျောက်ဆည်သာမကဘူး။ နဲ့ဆရာ မန္တလာမြရော၊ ပတ်မတီးမိုးတိမ်ရော၊ လှူရှင်တော် ပါကြီးနဲ့ပါလေး၊ ပါးပါးတို့ပါ သူမရဲ့ ခြေဆင်းသီချင်းသံနောက်ကို စီးပါသလို ဖြစ်သွား ငေးသွားကြပါရော။

ဒါတောင် အကကို မမြင်ရသေးဘူး။

'' ... အငြိမ့်မင်းသမီးများ ရည်းစားထားတော့ ...
လူဆိုတာမျိုးနော် ... သဘောနည်းနည်းကြီးဦးမှပေါ့ ...
သခင်ရယ် ...''

''အကပါ နည်းနည်းထည့်ပါ မင်းသမီးရေ''

လှူရှင်တော် ကိုပါလေးကပြောတာ။ ဒီမှာ လှူရှင်တော် ကိုပါကြီးနဲ့ ကိုပါးပါးတို့ကပါ ဝင်ထောက်ခံပါရော။

''အသံက ရှယ်ပဲဗျို့။ အကပါလုပ်ပါ ... မင်းသမီးရေ''

ဒါနဲ့ မင်းသမီး မိဒိုးလေးက ရိုးရိုးအိမ်နေ ထဘီအင်္ကျီနဲ့ ထရပ်လိုက်ပြီး အသံနဲ့အတူ အိုက်တင်ကိုပါ ထည့်ပြီးဆိုတော့တာပဲ။

''မီးရောင်အောက်ကိုဝင်ရင် ... လူပြက်တွေနဲ့တွဲတော့ ...
မီးရောင်အောက်ကိုဝင်ရင် လူပြက်တွေနဲ့ပြောတော့ ...
သူ့သဘောက အလွန်တစ်ရာ မကြည်မလင် ...
... အလှူ့ရှင်မှန်း အားလုံးသိကြပါတယ်ရှင် ...
အပိုင်နော်ကြဲလိုက်သခင် ... တိုင်ပေါ်အလံစိုက်ချင် ...''

ရွာစားက အသံနဲ့ဟန်ကို သဘောကျလို့ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး အားလုံးကို ပြုံးပြတယ်။ ကောင်းတယ်။ တွဲလို့ ပြိုင်လို့ရပြီပေါ့။

ဒီမှာပဲ အတီးပိုဒ် တီးလုံးဝင်ရော။ မင်းသမီး မိဒိုးလေးက အလှည့်အပတ်၊ အတွန့်၊ အကွန့်၊ အညွန့်၊ အသွက်၊ အမိအဖော့၊ အကြွ





အလှများနဲ့ ပြုံးပြ၊ နွဲ့ပြ၊ နမူနာကပြလိုက်တာ လက်ခုပ်သံကို ညံသွားတယ်။

တိုတိုပြောကြပါစို့ကွာ။

နေလည်းဝင်ရော ခန့်ခန့်ညားညား၊ ချောချောသန့်သန့် ဝတ်ကောင်းစားလှများဝတ်ဆင်ပြီး လှလှပပပြင်ဆင်ထားသည့် အရွယ်မျိုး ယောကျာ်း၊ မိန်းမ လေးငါးဆယ်ခန့်ဝင်ရောက်လာပြီး ဖျာများပေါ်မှာ နေရာယူကြလေရဲ့။ အချို့က ဆေးလိပ်ကြီးတွေကို အုန်းခွက်ခံပြီးဖွာလို့။ အချင်းချင်းလည်း ပြောဆိုနှုတ်ဆက် ရယ်မောကြလို့ဗျ။

အောက်လင်းမီးအိမ်ကြီးတွေ၊ အိမ်အောက်ထပ်မှာ အစီအရီထွန်း၊ အငြိမ့်ကမည့်နေရာနဲ့ ဆိုင်းဝိုင်းဝန်းကျင်မှာလည်း အဂ်လန်လုပ် အောက်လင်းမီးအိမ်ကြီးများက မီးစာသံတရှဲရှဲနဲ့ လင်းထိန်နေတာပဲ။

အိမ်ထဲမှာ ပရိသတ်ပြည့်လျှံနေလို့ မဆံ့တော့ လှည်းဝိုင်းလေးငါးဝိုင်းက အိမ်အပြင်မှာ ဖျာခင်းကောက်ရိုးခင်း နေရာယူကြ။ ပြီး လှည်းဝိုင်းပေါ်က မိသားစု စောင်ခြုံခေါင်းမြီးခြုံကြည့်ကြ။

ဈေးသည် စားစရာမုန့်သည်များဖြစ်ကြတဲ့ ပြောင်းဖူးသည်၊ ကောက်ညှင်းထုပ်သည်၊ မုန့်ဟင်းခါးသည်၊ မုန့်စလင်းတောင်သည်၊ မုန့်လေပွေသည်၊ အကြော်သည်များတော့ လုံးဝမရှိဘူး။ သြော် ... ရွာအလှူပွဲ၊ ဘုရားပွဲ မဟုတ်တော့ ပွဲဈေးဟန်းမရှိဘူးပေါ့။ ဒီပွဲက ပိုက်ဆံရှိဆွေမျိုးတစ်စု သီဆိုကပြ အာသာဆန္ဒပြတဲ့ပွဲကိုး၊ သီးသန့်ကပွဲကိုး။

ဒီလိုနဲ့ ဧည့်ခံဆိုင်းတီးပြီးရော ဆိုင်းပါ လှူရှင်တော်များရဲ့ လေပြည်ခန်းထွက်တယ်။ သူတို့ပြီးမှ အိမ်ကြီးရှင်းမင်းသမီး ခင်ခင်ဒိုးလေး အငြိမ့်ခန်းထွက်တယ်။

ခင်ခင်ဒိုးလေးက ပဏာမကန်တော့ခန်းအကနဲ့ အဖျတ်အလတ်လေးကပြီး ရိုးရာသဘင်အနုပညာသမ္မဇဉ်ကို လျှပ်စီးလက်သလိုပြပြီး ခဏနားချိန်မှာ လှူရှင်တော်သုံးဦးက ဟာသပြက်လုံးများကို ပြက်ကြတယ်။

''ကိုပါလေးရော ...''



www.burmeseclassic.com

www.burmeseclassic.com



"ရှိပ့် … ကိုပါကြီးရေ"

"ကိုပါးပါး … ခင်ဗျ"

"အနားမှာရှိပ့် … ကိုထူထူရေ"

"ဟာ … ပါးပါးတို့ကတော့ လုပ်ရော့မယ်ဗျာ"

"ကိုပါလေးရော မေးပါရစေဗျာ"

"မေးပါ … ကိုပါးပါး။ ဘာများ မေးချင်လို့တုံးဗျာ"

"ပါလေးတို့၊ ပါကြီးတို့ဆိုတာ ဘာအဓိပ္ပာယ်တုံးဗျာ"

"ပါလေးဆိုတာ မသိဘူးလား"

"မသိလို့ပေါ့ ကိုပါလေးရယ်"

"ပါတယ်ဆိုတဲ့ အဓိပ္ပာယ်တော့ သိမှာပေါ့"

"ဟုက်ကဲ့ … သိပါတယ်။ နေရာတကာပါတယ်၊ လေးစားပါတယ်၊ ရိုသေပါတယ်၊ အသင့်ရှိပါတယ်၊ ဆက်ကပ်လှူဒါန်းပါတယ်၊ အဲဒီမှာ 'ပါ'ဆိုတာ ပါနေတာကိုး … ကိုပါလေးရဲ့"

"လေးရော သိလား"

"အလေး၊ တင်းတောင်း၊ နည်းနည်းလေး။ ဟုတ်တယ် မဟုတ်ရား … ရို … ဟို … ဟို …"

"ပညာရှိသားပဲ"

"ရှိဆို တားတို့အဖေက သုံးဘွဲ့ရကိုးလို့ … အဟင့်"

လူရွှင်တော် ကိုပါးပါးက ကလေးသံနဲ့ပြောတယ်။ ကလေးဟန်လုပ်ပြတယ်။

"အံမယ် … ကိုပါးပါးတို့အဖေက သုံးဘွဲ့ရ …"

"အင်းပေါ့လို့ … အဟင့် …"

"အင်းပေါ့က ဟုတ်ပါပြီ၊ အဟင့်က ဘာရောဂါတုံး"

"ဖွတ်စအိုနာ … အဲလေ … လုပ်ပြီနော် … အဟင့် …"

"လုပ်ပါဦးဗျ။ ကိုပါးပါးတို့အဖေသုံးဘွဲ့က …"

"ဟုတ်ကဲ့ … သူခိုး၊ ခါးပြ၊ လူလိမ်ဘွဲ့ပါ"

စိတ်ကူးသစ်စာပေ



"ဝါး … ဟား … ဟား … ဟား …"

"ဖြောင်း …"

"အဖေရေ့ …"

"အကောင်းမှတ်လို့ နားထောင်နေတာ မျိုးကောင်းမျိုးသန့်ပဲ"

"ဟုတ်ကဲ့"

"သန့်ဆို ရန်ကုန်ဘူတာကြီးမျိုးကိုး"

"ကီလီဘောတံတားမျိုးရိုးနဲ့စပ် … ဟာ … ကိုပါလေးတို့ကတော့ဗျာ … လုပ်ပါဦး … ကိုပါလေးလို့ ဘာကြောင့်ခေါ်သတုံး"

"ကျုပ်က ပညာရှိတာကိုး"

"အလို … ဘယ်လိုမျိုးရိုးနဲ့ရှိတာတုံးခင်ဗျ။ လုပ်ပါဦးဗျ"

"လယ်တီပဏ္ဍိတ ဦးမောင်ကြီး ကြားဖူးလား"

"ဟုတ်ကဲ့ … နာမည်ကြီး၊ ပညာရှိကြီးပဲ ခင်ဗျာ။ ဘာတော်တုံးဟင်"

"အိမ်နီးနားချင်းပါ"

"ဝါး … ဟား … ဟား … ဟား …"

"ဩော် … အရင်းအချာထဲကပဲကိုး။ ဆက်ပြောပါဦး … ကိုပါလေးရယ်"

"ပညာရှိ ပုပ္ပားဦးကျော်ရင် ကြားဖူးမှာပေါ့"

"ဟုတ်ကဲ့ … လယ်တီဦးကျော်ရင်လို့ ခေါ်သမို့လား။ ပညာရှိပဲဗျ …။ ဒါလည်း ဘကြီးလား၊ ဦးလေးလားဟင်"

"ရွာက ကိုသာအေးနဲ့ ညီအစ်ကိုသုံးဝမ်းကွဲလို့ ပြောတာ"

"ဟား … ဟား … ဟား … ဟား … ဟား …"

"ဝါး … ဟား … ဟား … ဟား …"

"ဟုတ်ကဲ့ …။ အဲဒီလောက်ရင်းချာမှန်း မသိလို့ပါနော် … နော် …"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး … မေးလို့ဖြေရတာပါ ကြွားတာမဟုတ်ပါဘူး"

"ဟုတ်ကဲ့ … ကြွားပေးပါဦး ကိုပါလေးရေ …"

"ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကြားဖူးလား … ကိုပါးပါး"

"ကမ္ဘာ့ငြိမ်းချမ်းရေးဖခင်ကြီး၊ မြန်မာ့ငြိမ်းချမ်းရေးဖခင်ကြီး၊ မြန်မာပညာရှိ၊ 'စတာလင်' ငြိမ်းချမ်းရေးဆုရ ပုဂ္ဂိုလ်ကြီးပဲဥစ္စာ ကြားဖူးတာပေါ့။ တကယ့်မျိုးချစ်ပုဂ္ဂိုလ် ပညာရှိကြီးပါခင်ဗျ။ အဲဒါ ကိုပါလေးတို့ အဘိုးလားဟင်"

"မဟုတ်ဘူး။ ရွာက မအေးညွန့်ဘကြီး"

"ဝါး … ဟား … ဟား … ဟား …"

"အဟတ် … အဟတ် … အဟတ် … ဟေး …"

"ရယ်ရတယ်ကွာ"

"ပြောင်လည်းပြောင်တဲ့ လူပြက်ဟေ့"

"ကိုပါလေး …"

"ပြော … ကိုပါးပါး … ကျုပ်အကြောင်း သိပြီလား"

"ဒါကြောင့် သူများတွေပြောတာ ယုံလိုက်ပြီဗျ"

"အံမယ် … သူများတွေက ကျုပ်ကို ဘယ်လိုချီးမွမ်းလို့တုံး"

"ပါလေးဆိုတာ အခြားမဟုတ်ဘူးတဲ့"

"အခြားမဟုတ်ရင် ဘာတဲ့တုံး။ ရင်ခုန်လိုက်ပါဘိဗျာ"

"ပါရင်လေးတာ … သံတုံးတွေ၊ ကျောက်ခဲတွေစားပြီး အီးယိုလို့တဲ့ခင်ဗျာ"

"ဟုတ်တာပေါ့ …။ တစ်ခါစား ငါးပိသသာ … ဟား … ကိုပါးပါးက လုပ်တော့မယ်ဗျာ"

"နောက် အပျိုကြီးတစ်ယောက်က ပြောသေးသဗျ"

"အမ် … အမ် … မယ် … မယ် … အပျိုကြီးတစ်ယောက်က …"

"အင်း …"





"အဟိ … အပျိုကြီးက ချောချောတောင့်တောင့်ပဲလား .. ဟင်ဟင်လို့"

"သွားခေါ်တယ်"

"အမလေး …"

"အသားမည်းတာမှ သပိတ်ရောင်ပေါက်တယ်"

"မ … မပြောပါ … ပါနဲ့တော့ ကိုပါးပါး"

"ဝတာလည်း ရာဝင်အိုးအတိုင်းပဲ"

"တောင်းပန်ပါတယ် ကိုပါးပါးရယ်။ မိတ်ဆက်မပေးပါနဲ့ဗျာ"

"အဲဒီအပျိုကြီးက ပြောတာ"

"ဟို … ဟို … မင်္ဂလာစကားပဲလား ဟင် … ဟင်"

"ပါလေးဆိုတဲ့ အဓိပ္ပာယ်က လျှို့ဝှက်စကားတဲ့"

"အံမယ် … သူက … ဒါ … ဒါ … သိတယ်ပေါ့ … ဟုတ်လား"

"ဟုတ်တယ် …။ ဒါနဲ့ ကျုပ်က ဒါဆို ပါလေးအဓိပ္ပာယ်ကို ပြောပါ အမေရယ်လို့ မေးရော။ ဒီမှာ သူကရှင်းပြကယ်"

"ဘယ်လိုရှင်းပြတုံး ဆရာရယ်။ မင်္ဂလာစကားပဲ ဟုတ်လားဟင်လို့"

"ပါလေးဆိုတာ လူများရင် လူကြားထဲရောက်နေရင် လျှို့ဝှက်သုံးဖို့စကားတဲ့"

"အ … အ … မိပ္ပာယ်က …"

"အပေါ့သွားချင်တာကို ပြောတာတဲ့"

"အမရေး … သားမှားပြီ … အမေရဲ့ … ဟီး …"

"ဝါး … ဟား … ဟား … ဟား …"

"အဟေး … ဟေး … ဟေး … ဟေး …"

"ပါကြီးဆိုတဲ့ အဓိပ္ပာယ်ရော ဖြေပြရဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ လူရွှင်တော် ကိုပါကြီးက ပျာပျာသလဲ အနားကိုရောက်လာပြီး ...

"အမ်မယ် ... အမ်မယ် ... ငါ့ဘာသာ အလှူပွဲမို့ ဘုရားတရား စိတ်လေးနှလုံးသွင်းပြီး ..."

"မင်းသမီး ခင်ခင်ဒိုးလေးအနားမှာ ကပ်ထိုင်ချွဲနေတာမဟုတ်လား"

"ဟို ... အစ်ကိုရှိကလည်း သူများတွေကြားရင် တကယ်အဟုတ်ထင်နေမှဖြင့် ... ဟီး ... ဟီး ... သွပ်ပြား ရှက်ပါဘိ ... အဟီး"

လူရွှင်တော်ကိုပါကြီးက မိန်းမလိုအိုက်တင်လုပ်ပြီး မျက်နှာကို လက်ဝါးနဲ့ကာလို့ ရှက်စနိုးလုပ်ပြနေတယ်။

"အလို ... ဒါ ရှက်တဲ့ရုပ်"

"အဟင့် ... တိုးတိုးပြောပါဆို ... အဟင့်"

"အမ်မယ် ... ရှက်တဲ့ရုပ်ကလည်း ပုဆိုးရေစိုကို မုန့်ကြိုးလိန်ရုပ်ပေါက်အောင် ညှစ်နေတဲ့အတိုင်းပဲ"

"အဲဒါ နည်းနည်းရှက်နေလို့"

"ဟုတ်လား ... များများရှက်ရင် ဘယ်လိုပုံမျိုးတုံး"

"သုံးလွန်းတင်ကြိုး ကျစ်တဲ့အတိုင်းပဲ"

"ဝါး ... ဟား ... ဟား ... ဟား ... ဟား ..."

"အစ်ကိုပါးပါး ..."

"ဘာတုံး ... ဘာတုံး ... ငါ့ကိုလာမကျစ်နဲ့"

"သူများကိုရော ဘယ်လိုအဓိပ္ပာယ်ဖွင့်တုံးလို့ အဟင့်"

"အဟင့်တဲ့ ... နတ်ကတော်ဂန်ဒူးစံဖေ မြွေကိုက်တဲ့ရုပ်မျိုးနဲ့ဟင်း"

"ပြောပါဆို ... သွပ်ပြားကြားချင်လို့ ဟာကို ... ဟာကို ... အဟင့် ..."

"ပါကြီးဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကလည်း လျှို့ဝှက်စကားပဲတဲ့"





"အဲဒီလိုပြောကြတယ်"

"ဟုတ်တယ်"

"တန်ဘိုးကြီးမှာပဲနော် ... အစ်ကို ဟင့်။ ပြောပါဦး ... အစ်ကိုရယ် 'ပါကြီး' ဆိုတဲ့နာမည်ရဲ့ အဓိပ္ပာယ်ကို အကျယ်ဖွင့်ပုံလေး ဂုဏ်ယူစရာလေး"

"ပါကြီးဆိုတဲ့ အဓိပ္ပာယ်က ..."

"ဟုတ်ကဲ့"

"လူတောသူတောထဲမှာ ..."

"ဟုတ်ကဲ့ခင်ဗျ ... သင်းနေမှာပဲ ... အဟိ"

"ဗိုက်နာရင် ..."

"ဗျာ ... ဗျာ ..."

"ဝမ်းသွားချင်ရင် ..."

"ကို ... ကို ... ပါး ... ပါး ..."

"အိမ်သာတက်ချင်ရင် အချင်းချင်း လျှို့ဝှက်ပြောတဲ့စကားတဲ့"

"ကိုပါးပါး ..."

"အမိန့်ရှိပါ ဇာတ်ဆရာ"

"ဒါ ... ဒါဆို ... ကျုပ် ... ကျုပ်နာမည်ကိုပါကြီး ... ဆိုဆို ... တာ ... ချေးယိုချင်တယ်လို့ အဓိပ္ပာယ်ရတဲ့စကား"

"မှန်လိုက်လေ ဆရာရယ်။ ရက်(စ်) အောရိုက်၊ ဘဲရိုးဂွတ်၊ ဘဲမဂွတ်၊ ဘဲမုဆိုးမဂွတ်၊ မန်ဒါလီဂွတ်၊ မန်ဒါလီနဲ့ ဘဲနဲ့စပ်ကျတဲ့ ဘဲမန်ဒါလီဂွတ်ဗျာ"

"ကိုပါးပါး ..."

"ဆိုဗျာ ... ကိုပါကြီး။ အဓိပ္ပာယ် ကောင်းရဲ့လားခင်ဗျ"

"ကျုပ် ဒီနေ့ကစပြီး လူရွှင်တော်နာမည်ပြောင်းမယ်ဗျာ"

"ပြောင်းဖို့ကောင်းတာ ကြာပြီပေါ့ ... ကိုပါကြီးရယ်"

လုပ်ပါဦးဗျာ။ ဘယ်လိုနာမည်ကောင်းများ ပြောင်းမှာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သာလို့"

"ဝါး ... ဟား ... ဟား ... ဟား ... ဟား ..."

"ဟား ... ဟား ... ဟား ... ဟား ... ရှီး ... ရှီး ... ရှီ"

ပရိသတ်က သူတို့သုံးဦးရဲ့ပြက်လုံးများကို သဘောကျပြီး အားရပါးရရယ်ကြတယ်။

"ကိုပါလေးရော ..."

"ရှိပါ့ ... ကိုပါးပါးရေ"

"ကိုပါကြီး"

"အိမ်သာ အသင့်"

"ဟာ ... လုပ်တော့မယ် ... အစ်ကိုတို့ရေ။ ကျုပ်တို့ရွာခံမင်းသမီးလေးနဲ့ ပရိသတ်ကို ထပ်မံပွဲထုတ်မိတ်ဆက်ကြဦးစို့လား ... အစ်ကိုတို့ရေ"

"မင်္ဂလာအချိန်တော် ကျရောက်ပြီကိုး ... ကိုပါးပါးရဲ့"

"ချစ်စရာကောင်းတဲ့ အငြိမ့်မင်းသမီးလေးနာမည်က ဘယ်သူတဲ့တုံး ... ကိုပါကြီးရဲ့"

"ခင်ခင်ဒိုးလေး ... ခေါ် ... မဒိုးလေးပါတဲ့ခင်ဗျာ"

"အရွယ်လည်းကောင်း ..."

"ဟုတ်ကဲ့"

"အဆင်းကလည်းလှ"

"အိမ်ကမိန်းမနဲ့တူပါ့ဗျာ"

"နံ့သာဆီနဲ့ အီးကိုမျှား့ မွှန်းနေတာ"

"အသံကလည်း ကောင်းမှကောင်းဗျာ"

"လေဘာတီမမြရင်အတိုင်းဆို မလွန်ပါဘူးခင်ဗျ"

"ပြောနေစကားကြော ရှည်ပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့ ... ကိုပါးပါးရေ"





"ထုတ်ပြမှ အဟုတ်လှတာကိုမြင်ပြီး ယုံမှာကိုးဗျ ... ကိုပါကြီးရ"

"ကိုပါးပါး ..."

"ဘာတုံး ... ကိုပါကြီး၊ ပြော ..."

"ထုတ်ပြတိုင်း ကောင်းတာမဟုတ်ဘူးဗျ"

"ဟ ... ဘာဖြစ်လို့တုံး ... ကိုပါကြီးရ ... လုပ်စမ်းပါဦး"

"ပါလေးတို့အဖေ ဦးပါကပ် သိတယ်မဟုတ်လား"

"သိတယ်လေ ... လူနံပိန် ကျွဲချိုလိန်ဥစ္စာ"

"ပါလေးတို့အဖေ ဦးပါကပ်ကြီးက သူ့မိန်းမကို ခဏခဏထုတ်ပြလို့ ထ,တုတ်ပြီးပါရောလားဗျ"

"ကိုပါကြီး ... ပါလေးတို့အဖေက ဘာထုတ်ပြလို့ သူ့မိန်းမ ထတုတ်ရတာတုံး"

"ဘဲဥ ..."

"ဝါး ... ဟား ... ဟား ... ဟား ... ဟား ..."

"အဟီး ... ဟီး ... ဟီး ... ဟေး ... ဟေး ... ဟေး .."

"အဟတ် ... အဟတ် ... အဟတ် ..."

တောပရိသတ်က လူရွှင်တော်သုံးယောက်ရဲ့ ပြက်လုံးများကို နားထောင်ပြီး တဝါးဝါးတဟားဟားနဲ့ အူရွှင်ပျော်မြူးနေကြရဲ့။

"ကိုင်း ... ကိုပါးပါးရေ ရွှေမင်းသမီးလေးကို ခေါ်ဗျာ။ ပရိသတ်က မျှော်နေရှာပြီဗျ"

"ဟုတ်ပါ့ဗျာ ...။ ဒါကြောင့် ပန်းသဇင် နန်းအသွင်နဲ့လိုက်ပါသတဲ့ ... အဆန်းမထွင်ပါပါဘူးခင်ဗျာ ... လမ်းမှာမြင်ရင်လည်း မှတ်မိကြပါတဲ့ လေဘာတီမမြရင်ဝင်စားသလို ... အသွင်မခြား ... အယဉ်တစ်ပါးဖြစ်ပေတဲ့အငြိ ... အပျိုး ... မွှေးတဲ့ ... ညီမလေး ... မိဒိုးလေးရေ"



www.burmeseclassic.com

www.burmeseclassic.com



သို့ကလို ကိုပါးပါးရဲ့ အငြိမ့်ခေါ် အချိုးလေးလည်းချိုးရော ဆိုင်းဝိုင်းက ခြေခင်းလေးတီးပေးလိုက်၊ မင်းသမီး ခင်ခင်ဒိုးလေးက အကလှမ်းချက်ကို ဆိုင်းကွက်နဲ့တွဲဖက်ပြီး ပရိသတ်ကို ကန်တော့ဦးညွှတ်လိုက်တယ်။

ပရိသတ်က အုံ့ဩကြရော။

"ဟဲ့ ... အဲဒါ ဘယ်သူတုံးဟဲ့"

"ခင်ခင်ဒိုးလေးလေ ..."

"ဟင် ... ဘဘဦးရွှေနှံ့သာရဲ့သမီး ခင်ခင်ဒိုး"

"ဟုတ်တာပေါ့တော် ...။ မင်းသမီးဝတ်စုံ ဗလာထဘီ ခါးတောင်းနဲ့ဆိုတော့ နတ်သမီးလေးထင်ရတာကိုး။ အော့ ..."

"လှလိုက်တာအေ"

"ချွေးမတော်ချင်လိုက်တာဟယ်"

"အံမယ် ... အဘွားကြီး ရပ်တန်းကရပ်နော်"

"ဘာကိစ္စကြောင့် ရပ်ရမှာတုံးအေ့။ ချွေးမတော်ချင်လို့ ချွေးမတော်ချင်တယ်ပြောတာဥစ္စာ။ ညည်းက ဘာကြောင့် နာရတာတုံး"

"ကျုပ်သားနဲ့က ဖိတ်စာတောင်ရိုက်ပြီးပြီ သိလား"

"အံမယ် ... ညည်းက ကြီးကျယ်လို့။ ညည်းတို့ဘာသာ ဖိတ်စာပဲရိုက်ရိုက်၊ အုန်းနို့ခေါက်ဆွဲပဲ ချက်နေချက်နေ မိဒိုးလေးက ဘာလုပ်လိုက်လဲ ညည်းသိလား"

"ပြောစမ်းပါဦး ... ဘာလုပ်သတဲ့တုံး။ ဘာလုပ်သတဲ့တုံး"

"ဂါတ်တဲကို တိုင်ထားသတဲ့အေ့ ... မှတ်ထား"

"ဝါး ... ဟား ... ဟား ... ဟား ... ဒေါ်မင်းယာ ... ပိုင်တယ်တော့်"

"ကိုင်း ... တော်ကြပါတော့။ စကားနိုင်လုမနေပါနဲ့။ ဟိုမှာ မင်းသမီး စကားပြောနေတယ်"

"တော်မှာပါ ... အေ ... မပြောတော့ပါဘူး။ ချွေးမအသံက အိမ်မှာ နေ့တိုင်းကြားနေရတာပါအေ"





ကိုင်း ... အဲဒါသာ ကြည့်ကြတော့။

မင်းသမီးမဒိုးလေး မီးရောင်အောက်မှာ မိတ်ကပ်နှုတ်ခမ်းနီလေးနဲ့ လှချင်တိုင်းလှနေတာကို ကြည့်ပြီး ပွဲကြည့်ပရိသတ် ချွေတော်မျိုးတော်တွေ၊ ချွေးမတော်ချင်လို့ အဖြစ်သည်းနေပုံတွေရယ်။

"အစ်ကိုတို့ရေ ..."

"ဒိုးရေ ... ညီမရေ ..."

"ကိုပါးပါး ..."

"ရှိပါ့ခင်ဗျ ..."

"ကိုပါလေး ..."

"ချစ်လျက်ပါဗျာ"

"နာတော့မယ် ...။ ငါနဲ့ ဖိတ်စာဝေပြီးပြီနော် ... ဟင်း ... ဟင်း ..."

"ကိုပါကြီး ..."

"ကိုပါကြီး ..."

မင်းသမီးက ကိုပါကြီးလို့ နှုတ်ခွန်းဆက်ခေါ်ရော လူရွှင်တော်ကိုပါကြီးက စိတ်ကောက်သလိုဟန်နဲ့ တစ်ဖက်ကိုလှည့်နေရာ။

"အစ်ကိုပါကြီး ..."

"ဟော့တော့ ... ဒုက္ခပါပဲ။ အစ်ကိုပါလေးတို့၊ အစ်ကိုပါးပါးတို့"

"ဘာတုံး ... ဒိုးလေးရဲ့"

"အစ်ကိုပါကြီးကို ညီမခေါ်တာ၊ နှုတ်ဆက်တာ ခေါ်လို့မရဘူး၊ ပြန်မပြောဘူး။ ဘာဖြစ်နေလဲမသိဘူး။ လုပ်ကြပါဦး ... အစ်ကိုတို့ရဲ့"

"အဲဒါ ဘာဖြစ်တာလဲ သိလား"

"မသိလို့ စိုးရိမ်ပြီး မေးရတာပေါ့ အစ်ကိုရယ်"

"အေး ... မသိရင် မှတ်ထား။ အဲဒါ ခါးအောက်ပိုင်း လေဖြတ်တဲ့ရောဂါ"

"အဲဒါလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ...။ အဲဒါတင်မကဘူး ဟိုရောဂါပါ ဖြစ်နေတာ"

"ဘာရောဂါတုံး ... အစ်ကိုပါလေးရဲ့။ မြန်မြန်ပြောပါရှင်"

"တိုနာ"

"အို ... ဘုရား ... ဘုရား ... ဒါဆို ... သူ ... သူ ... သေတော့မှာပေါ့"

"မြန်မြန်သေလေ ကောင်းလေ"

ပရိသတ်က မင်းသမီးနဲ့ လူရွှင်တော်တို့ အတိုင်အဖောက် ဟာသလုပ်နေတာကိုလည်းကောင်း၊ လူရွှင်တော်ကိုပါကြီး မျက်နှာရှုံ့မဲ့ ခံစားသရုပ်ဆောင်နေသည်ကိုလည်းကောင်း ကြည့်ပြီး တဝါးဝါးဖြစ်နေကြရဲ့။

"အစ်ကိုပါလေး ..."

"ဘာတုံး ... ညီမလေးရဲ့"

"သူ့ခမျာ သနားပါတယ် အစ်ကိုရယ်"

"မသနားနဲ့။ ဒါမျိုးက သနားရင် အိမ်ဦးခန်း ချီးတက်ယိုရော"

"ဝါး ... ဟား ... ဟား ... ဟား ... ဟား ..."

"အစ်ကိုတို့ရယ် ... သူ့ရောဂါသက်သာအောင် ဆေးလေးဘာလေး တိုက်ကြပါဦး အစ်ကိုတို့ရဲ့။ မတော် ဇာတ်ခုံပေါ် ဟိုဒင်းဖြစ်သွားမှ ဖြင့် ..."

"ဒိုးလေး ..."

"ရှင် ... အစ်ကို"

"သူ့ရောဂါကို ပျောက်အောင်တိုက်ရမည့်ဆေးက ရှားတယ်"

"အလို ... ရှားရအောင် ဘယ်လိုဆေးမို့လို့လဲ အစ်ကိုရဲ့"

"သူ့ရောဂါကျအောင် ပျောက်အောင် တိုက်ရမည့်ဆေးက သုံးလင်ကွာ၊ နှစ်လင်သေ မုဆိုးမရဲ့ ဂျိုင်းမွေးပဲ"

"ဘုရားရေ ..."

"အဲဒီ သုံးလင်ကွာ နှစ်လင်သေ မုဆိုးမရဲ့ ဂျိုင်းမွေး (၃၇)ပင်





ကို မီးမြှိုက်ပြီးရှူမှ သူ့အတက်ရောဂါကျပြီး ညည်းကို ပြန်စကားပြောနိုင်မယ်။

"ဘုရား ... ဘုရား ... အံ့သြစရာပဲနော်။ ဒါဆိုလည်း အမြန်ရှာပြီး မီးမြှိုက်မှိုင်းတိုက် ရှူနိုင်းပါလားအစ်ကို"

"သုံးလင်ကွာမိန်းမက ရှာလို့ရတယ်"

"ဟုတ်လား ... ဘယ်သူတုံးဟင်"

"ပါကြီးရဲ့အမေပဲ"

"အို ..."

"နှစ်လင်သေမဟုတ်လို့ ခက်နေတယ်။ ပါကြီးအမေက တစ်လင်သေဖူးပြီးပြီ"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"ကံတော့ကောင်းပါတယ်။ အခုနောက်ဆုံးပေါင်းနေတဲ့ ယောကျ်ားက ပါးပါးရဲ့အဖေ မုဆိုးဖိုကြီး ..."

"အဲဒီတော့ ဘယ်လိုလုပ်မှာတုံး၊ အကြံထုတ်ပါဦး အစ်ကိုရဲ့"

"ပါကြီးရဲ့ပထွေးကို အဆိပ်ကျွေးသတ်ရင် ပါကြီးအမေ နှစ်လင်သေ မုဆိုးမဖြစ်မယ်"

"ဒီတော့ ..."

"အဲဒီကျမှ အဘွားကြီးရဲ့ ချိုင်းမွေး(၃၇)ပင်ကို နှုတ်ပြီး သူ့သားကို ရှူနိုင်းရမယ်"

"ဒါဆိုလည်း မြန်မြန်လုပ်ကြပါရှင်"

"အေး ... ဒါကြောင့် ရွာစားရေ ... လူရွှင်တော်ပါကြီး တိုနာရောဂါအမြန်ပျောက်ဖို့ ဆေးပင်အရှာထွက်မှာမို့ ဟောဒီလက်ထဲက ငှက်ကြီးတောင်ဓား အသွားတလှပ်လှပ်နဲ့ တအားဖြတ်မည့်အရေး ရွာစားစိန်ကျောက်ဆည်ရေ ... ဗိန်းမောင်းနဲ့ပို့ ... အငုံလိမာလတဲ့ဟေ့ ..."

ဒီမှာ ဆိုင်းဝိုင်း ဗိန်းမောင်းအဆူကိုတီး၊ လူရွှင်တော်ကိုပါလေးက ထင်းခွဲတဲ့ဓားမကြီးကိုင်ပြီး ခါးတောင်းကြိုက်လို့ အငုံလိမာလတဲ့ဟေ့



www.burmeseclassic.com

www.burmeseclassic.com



လို့ အော်ပြီးလိုက်ရော မူလကျီအိုက်တင်လုပ်နေတဲ့ လူရွှင်တော်ကိုပါကြီး လည်း လန့်ဖျပ်ပြီး ရှေ့ကပြေး၊ ပါလေးနဲ့ မင်းသမီးလည်း ကြောက်ပြီးရော ပြေး။ နောက်ဆုံး ဇာတ်ခုံပေါ်မှာ အမောဆို့ပြီး လဲကျ။ လဲကျတာတောင် မင်းသမီးအပေါ်ကို ပါကြီးက မှောက်လျက်လဲကျရင်းက ပြောလိုက်သေး တယ် ...

"ပတွေးသေတာ ဝမ်းသာလိုက်တာ" တဲ့။

ဟာသတစ်ခန်းရပ်တော့မှ အားလုံး ထရပ်လိုက်ကြပြီး ...

"အစ်ကိုတို့ရေ ..."

"ဒိုးရေ ... ညီမရေ ..."

"ညီမလေး အစ်ကိုတို့ကို ပြောစရာရှိလို့ အစ်ကိုရဲ့"

"ပြောစရာရှိတာ ပြောလေညီမရဲ့"

"ပြောရမှာ ... ရှက် ... လို့ အစ်ကိုတို့ရဲ့ ... ခစ်"

"အမ်မယ် ... ကောင်မလေးက ငယ်ငယ်လေးနဲ့ ... ရှက် ... လို့ ... ခစ်"

"ကိုင်း ... ပြော ... ဘာတုံး"

"ရှက် ... လို့ ... ခစ်"

"ပြောပါ ... အစ်ကို့ကို တိုးတိုးလေးပြော။ ဘာတုံး"

"ခစ် ..."

"အဟင့် ..."

"ရှက် ..."

"သေဟ ... ဂန်းတာမလေး"

လူရွှင်တော်ကိုပါကြီးက မူလကျီဟန်လုပ်နေတဲ့ မင်းသမီးရဲ့တင်ပါး ကို စက္ကူခေါက်နဲ့ ရိုက်လိုက်တော့ 'အမလေး ... ဌါ့ညီမလေး နာသွားပါ ပြီ' ဆိုပြီး ပါလေးက တင်ပါးကိုပွတ်ပေးမလို့ အလုပ်၊ လူရွှင်တော်ပါးပါး က ပါလေးရဲ့ပုခုံးကို ဆွဲထားတယ်။

"လွှတ်ပါ ... ပါးပါး"

စိတ်ကူးသစ်စာပေ



"မလွှတ်ဘူး။ မင်း အခု ဘာလုပ်မလို့တုံး"

"မိဒိုးလေးတင်ပါးမှာ အရှိုးထင်သွားလို့ ဦးဖွလို့ မန်းပေးမလို့"

"မလုပ်နဲ့"

"မလုပ်လို့ မရဘူး။ ဟိုမှာ ယောင်ကိုင်းနေတယ်"

"ကိစ္စမရှိဘူး။ ငါ ထုံးဆနွင်း (နနွင်း)လူးပေးလိုက်မယ်"

"ဖြောင်း ..."

"အမလေး ... မအေးညွှန့်"

ကိုပါကြီးက ပါးပါးရဲ့တင်ပါးကို စက္ကူခေါက်နဲ့ရိုက်မှ ပရိသတ်က တဝါးဝါးရယ်ကြပါရော။

"အစ်ကိုတို့ရေ ..."

"ဗျာ ... ဗျာ ..."

"ပျော်ကြရဲ့လား ... အစ်ကိုတို့ရဲ့"

"ဖွယ်ဖွယ်ရာရာ အလှကလေးများနဲ့ ရယ်စရာညလေးပါ ညီမ ရေ"

"ပြောစရာရှိတယ်ဆိုတာ ... ဒီလိုအစ်ကိုရဲ့"

"လာပြန်ပြီလား။ ဒီမှာတွေ့လား ထုံးဆနွင်း ... ဟင်း ... ဟင်း"

"ကဲ ... ပြော၊ ဘာတုံး"

"ကျွန်မရည်းစားက ဒီညလာမယ်တဲ့"

"အံမယ် ... ဒိုးလေး။ ညည်းက ရည်းစားနဲ့"

"ဟုတ် ..."

"ညီမရည်းစားက ဘယ်မှာတုံးဗျ"

"ပွဲခင်းထဲမှာ"

"ဝေး ... ဝေး ... ဝေး ..."

"ဟေး ... ဟေး ... ဟေး ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ထဲက ကာလသားများက ပျော်မြူးပြီး ဝေးဟေးနဲ့ အသံပေးလာတယ်။ လက်ခေါက်မှုတ်ကြတယ်။

"ပွဲခင်းထဲမှာ ဒိုးလေးရည်စား ရောက်နေတယ်ဆိုတော့ ဘယ်သူများပါလိမ့်ကွယ်"

"ဒီမှာ ... ဒီမှာဗျို့"

"ကျွန်တော်ခင်ဗျ ... ကျွန်တော် ..."

"မဟုတ်ဘူး။ ငါကွ ... ငါ ... ငါ ..."

"ဟေ့ ... ဟေ့ ... လူမှားမယ်နော်။ အဘမှ အဘအစစ်"

"ဝါး ... ဟား ... ဟား ... ဟား ..."

"ဝေး ... ဟေး ... ဟေး ... ဟေး ..."

"ပါလေးရေ ..."

"ဗျာ ... ကိုပါကြီး"

"မိဒိုးလေးရည်စားက များလှချည်လားကွာ ဟင်"

"ရွာမှာ အိမ်စောင့်ကျန်ခဲ့တဲ့ အသက် (၇၀) ကျော်လူတွေကြားရင် ပြေးလာတန်းစီဦးမှာဗျ"

"ဟိုသွားမရှိတဲ့ ဘကြီးကလည်း လက်ညှိုးထောင်သေးသဗျာ"

"အဲဒါ ညိုမှိုင်းဘကြီးဟဲ့"

"ငါ ဟိုသီချင်း သွားသတိရတယ် ပါကြီးရေ"

"ဘယ်သီချင်းတုံး ... ကိုပါးပါးရေ"

"ဟိုသီချင်းလေ ...။ ဘဲအုပ်က တစ်ရာ နှစ်ရာ၊ မဗေဒါက တစ်ခွက်တည်း"

"ပြောင်း ..."

"အမေ့"

"မဗေဒါက တစ်ပင်တည်းပါ ... သေနာကျရဲ့"

"ဩော် ... အစ်ကိုတို့ရေ ..."

"ညီမလေးရေ"





"ကျွန်မချစ်သူရည်းစားကလေ ကျွန်မအငြိမ့်ကတာကို မကြိုက်ဖူးတဲ့"

ဒီမှာ လှည်းယာဉ်ပေါ်က ကာလသားအချို့ အော်ပြန်ပါရော။

"အစ်ကိုကြီးကတော့ ကြိုက်တယ်ဟေ့"

"မောင်လေးလည်း ကြိုက်တယ် ... အစ်မဒိုးရေ"

"အိမ်မှာပဲနေပါ။ မောင်ကြီး အဝအပြ လုပ်ကျွေးပါ့မယ်"

"ဝါး ... ဟား ... ဟား ... ဟား ... ပိုင်သကွာ"

"သူက ဘာပြောလဲသိလား အစ်ကို"

"အဝအပြ လုပ်ကျွေးပါမယ်တဲ့"

"အို ... စကားကောင်းကောင်းပြောနေရင် ဖောက်ပြီ ... သူကလေ .. သဝန်သိပ်တိုတာ အစ်ကိုရဲ့။ ကျွန်မကို အခြားကာလသားတွေကြည့်တာ မကြိုက်ဖူးကဲ့"

"ချစ်တာကိုး ညီမရဲ့"

"မီးရောင်အောက်မှာ လူရွှင်တော် လူပြက်တွေနဲ့တွဲတာ မကြိုက်ဖူးတဲ့"

"ညီမရယ် ... အစ်ကိုတို့လည်း အလုပ်သဘောအရ ပြောရဆိုရနောက်ရတာပါကွယ်။ သူ့ကို ရှင်းပြပါကွယ်"

"သူက သူ့ကိုယ်သူ အလှူ့ရှင်မှန်း သိပ်သိစေချင်တာ အစ်ကိုရဲ့"

"မြတ်နိုးလို့ပါ ညီမရယ်။ ခွင့်လွှတ်ပေးလိုက်ပါကွယ်"

"ဒါကြောင့် ကျွန်မက အများရှေ့မှာပဲ သူ့ကိုပြောလိုက်ချင်တယ် အစ်ကိုရဲ့"

"ညီမလေးက ဘယ်လိုများ ပြောချင်လို့တုံးဗျာ"

ဒီမှာ ရွာစားစိန်ကျောက်ဆည်က နန်းတော်ရှေ့ဆရာတင်ရေးပြီး လေဘာတီမမြရင်သီဆိုတဲ့ အလှူ့ရှင်သီချင်းကို ခြေဆင်းခင်းပေးလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြေဆင်း ။ ။ ဇောအာရုံတွင် ××× ရည်းစားသည်က
ဂုဏ်ငယ်တယ်ထင် ××× တောင်းပန်တဲ့ရင်ရင် ×××
ကပါရစေရှင် ××× မပိုင်ခင်စိတ်စွဲ ××× အငြိမ့်ထဲမကစေချင်
ကပါရစေရှင် ××× မဒီခင်အတည်ပင် ×××
အစ်ကိုများ ကာလသားတိုင်းက ××× ကျွန်မကချစ်ရှာ ×××
မေတ္တာစစ်စစ်ပင် ××× အသစ်ထင် ××× မောင်တော့ ×××
မောင်တော့ ××× အလှူ့ရှင်မှန်း အားလုံးသိကြပါတယ်ရှင် ×××
အပိုင်နော်ကြဲလိုက်သခင် ××× တိုင်ပေါ်အလံစိုက်ချင် ××× ''

''ဒိုးရေ . . . ဒိုးရေ . . . ညီမလေးရေ . . .''

''မြရင် လူဝင်စားလေးတဲ့လားဟဲ့''

''××× အငြိမ့်မင်းသမီးများ ရည်စားထားတော့ လူဆိုတာမျိုးနော်
သဘောနည်းနည်းကြီးဦးမှပေါ့ ××× သခင်ရယ် ×××
မီးရောင်အောက်ကိုဝင်ရင် လူပြက်တွေနဲ့တွဲတော့ ×××
သူ့သဘောက အလွန်တစ်ရာမကြည်မလင် ×××
(ဩော် ××× မြရင် ××× မြရင် ××× )၂
ချစ်ကြပေသရှင် ××× ပြေတစ်ခွင် သူ့အချစ်မျိုးဟာ ×××
ဘယ်အချိုးအစားလည်း တကယ်အားမရနိုင်ရှာအောင်ပင် ×××
ပေါ်ပေါ်ထင်ထင် ××× ဖြစ်ချင်ကြလျှင် ××× အလှူ့ရှင်မှန်း ××
အားလုံးသိကြပါတယ်ရှင် ××× အပိုင်နော်ကြဲလိုက်သခင် ×××
တိုင်ပေါ်အလံစိုက်ချင် ××× ဟော့ ××× ''

ဒီမှာ အငြိမ့်မင်းသမီး မိဒိုးလေးက ဗလာထဘီအနားကို ခြေဖျားနဲ့ခပ်ရင်း ဆိုင်းဆရာစိန်ကျောက်ဆည်ကို မျက်စလေးပစ် မေးလေးဆတ်ပြလိုက်ရော . . .

မိဒိုးရဲ့အလှနဲ့အသံမှာ နစ်မျောဝင်စားနေတဲ့ ဆိုင်းဆရာ စိန်ကျောက်ဆည် လူမိသလို ခံစားလိုက်ရလို့ ရှက်ပြုံးလေးတစ်ချက်ပြုံးပြီး ဟန်





ပါပါလက်မြှောက်လို့ ပတ်လုံးများကိုမွှေ့လိုက်ရင်း အတီးပိုဒ်ကို တိတ်တခိုး အချစ်ရောစွက်လို့ လက်သံပြောင်ပြောင် တီးပစ်လိုက်တယ်။

ရွာစားဆိုင်းဆရာ စိန်ကျော်ဆည်ကိုယ်တိုင် အားရပါးရပြုံးကာ ရင်ကော့ မော့ကာ ဆက်ကာတီးပြီဆိုတော့ . . .

ဒိုးတီး ပတ်မတီး မောင်ကြီးကလည်း 'ကဆစ်' 'ကွန့်ဆစ်' ဒိုးဆစ်များကိုအားရပါးရတီးလိုက်တာ အကနဲ့အတီး ပြိုင်နေသလိုပဲ။

ပရိသတ်ကလည်း အကကိုတစ်လှည့် အတီးကိုတစ်လှည့် ကြည့်ပြီး ကောင်းလိုက်တာဟု အဖန်ဖန် ချီးကျူးနေကြတယ်။

'' ××× အီကျစ်နဲ့အင်္ဂလန် နိုင်ငံခြားကို မောင်သွားထားပါလား။ သူများမကြည့်စေချင်ရင်''

''ထားရမှာပဲ။ အီကျစ်နဲ့ အင်္ဂလန်မကဘူး နတ်ပြည်ခြောက်ထပ်မှာ သော့ခတ်ထားမှာ''

''အံမယ် . . . ပါလေး . . . မင်းကရော နတ်ပြည်ရောက်မှာမို့လား''

''ငါက နတ်ပြည်မရောက်လို့ ဘယ်ရောက်ရမှာလဲ''

''အဝီစီလေ''

''ဝါး . . . ဟား . . . ဟား . . . ဟား . . .''

''ရှီ . . . ရှီ . . . ရှီ . . .''

''စာရေးတဲ့သရာတောင် ××× အိမ်မလာရပေါင် ×××
မောင်ပြောထားလေသလား ××× ပျိုတစ်ပါးမသိပေါင် ××× ''

''သီချင်းရေးတဲ့ နန်းတော်ရှေ့ဆရာတင်မကဘူး ပါကြီးတို့ ပါးပါးတို့တောင် ခြဲဝမရပ်ရဘူးပြောထားတာ''

''ဟ . . . ငါတို့က ဘာလုပ်မှာမို့တုံး . . . ပါလေးရ ဟင်''

''ကောက်ရိုးပုံမြင်ရင် ဆွဲစားမှာစိုးလို့''

''သေဟ . . .''

''ဝါးဟားဟားဟား ပြောင်တယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ဝါသနာကို မတားနဲ့တော့ရှင် ×××
သည်လိုနေရာ အများကလည်း သနားကြဖွယ် ××× မြမြရင်××
ကျွန်မ ကချင် ××× သည်းခံတော့ဘိုကေလင် ×××"

"နိုင်ငံကျော်ပါသရှင်"

"သိပါတယ် ... သိပါတယ်ခင်ဗျ"

"ပြိုင်စံပေါ်စရာ မမြင် ×××"

"ဟုတ်ပါတယ်၊ မှန်ပါတယ်ခင်ဗျ"

"နိုင်ငံကျော်ကြီးပါရှင် ××× နန်းတော်ရှေ့တင် ×××"

"တတ်ပါတယ် ... တော်ပါတယ်ခင်ဗျ"

"သူကလည်း တစ်ခုထွင်ရင်၊ သူကလည်း တစ်ခုထွင်ရင် ×××
အလှူ့ရှင်မှန်း အားလုံးသိကြပါတယ်ရှင်။ စာစီညွှန်းဖွဲ့လျှင် ×××
နာမည်အလွန်ထည့်ချင် ×××"

ဆိုင်းဗိုင်းအတီးနဲ့ မင်းသမီးအကတို့ဟာ စင်ပေါ်မှာ အပြိုင်ကို ကနေတာ။ အဲဒီသီချင်းပြီးတော့ ဆရာရွှေတိုင်ညွှန့်ရေးပြီး အဆိုတော်မကြည်အောင်သီဆိုတဲ့ အဖော်တွေစုံညီ ဒင်းနားပါတီကို အင်္ဂလန်ခြေထိုးနဲ့ ကသွားတာ လှမှလှ၊ ကြွမှကြွ၊ မွမှမွပါပဲ"

ပြီးတော့ နန်းတော်ရှေ့ဆရာတင်ရဲ့ ပျို့ဇာတိနွယ်သီချင်း၊
မိဒိုးလေးရဲ့ ...

ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင်၊ လက်ရေတစ်ပြင်တည်း ရေးကထက်ပိုမိုချစ်ကြတယ် သီချင်းသံက ပွဲခင်းကို လွှမ်းနေတယ်။

ပရိသတ်ကလည်း ဆိုင်းဆရာစိန်ကျောက်ဆည် မင်းသမီးမိဒိုးလေးကို ပိုးတီးလေးတီးပြီး အကောင်းဆုံးပို့ပေးနေမှန်းကို ရိပ်မိကြတယ်။

မင်းသမီး မိဒိုးလေးနဲ့ လူရွှင်တော်သုံးယောက်ကလည်း ရိပ်စားမိပြီး မြှောက်ပင့်ပေးကြလို့ အတီးနဲ့အဆို ချွေးဒီးဒီးကျ အားပြိုင်နေကြတာ လက်ခုပ်သံမစဲဘူး။





"မိဒိုးလေးဟေ့နော်"

"ကြိတ်ထားဒိုးလေး"

"စိန်ကျောက်ဆည်ကွ ... ရှာစား ဘာတဲ့တုံး"

"ချွေးကျရင် မွေးမြနေရမဟေ့ ... စိန်ကျောက်ဆည်ကွ"

သူ့လူသူအားပေး။ ကိုယ့်လူကိုယ်အားပေး။ ပျော်စရာကောင်းလိုက်တာ။ ညဉ့်သန်းခေါင်ကျော်လာခဲ့ပြီ။ မင်းသမီးကလည်း အဆိုမရပ်ဘူး။ အကမရပ်ဘူး။

သည်မှာ မင်းသမီးမိဒိုးလေးက သီချင်းတိုက်တုန်းကမပါတဲ့ နန်းတော်ရှေ့ဆရာတင်ရေးတဲ့ 'သုံးရွှေ့လည်' သီချင်းကို ကောက်ကာငင်ကာ ဆိုပါရော။ ပညာစပြပြီလေ။

သမ္မာမရင့်တဲ့ဆိုင်းဆရာဆို ပရိသတ်ရှေ့မှာ အရှုက်ကွဲရော။

ရှာစားစိန်ကျောက်ဆည်ကလည်း အငြိမ့်ပွဲ၊ ဇာတ်ပွဲများနဲ့ အပွဲပွဲနွှဲလာသည့် ဆိုင်းဆရာဆိုတော့ သူကောက်ဆိုရင် ကိုယ်ကလည်း အသင့်ကောက်တီးပဲ။ တောပြီး ပျိုးပြီးသားပဲ။

(ဟိုရှေးတုန်းက တီးတဲ့ဗုံရှည် ×××
ဆိုင်းတွေဗိုင်းတွေ မပေါ်ခင်ကကွယ် ××× တီးကြဦးမယ် ×××
မြင်သေးတယ် ××× ရေအိုးကြီးလောက် ရှိပေလိမ့်မယ် ×××
စဉ့်အိုးကြီးလောက် ကြီးပေလိမ့်မယ်)၂
(ဗုံရှည်ကြီးလို့ခေါ်ပါတယ် ××× တီးမှုပြီးရတယ်)၂
(သပြေပန်းပင်ကို ဝိုင်းလို့ကတယ် ×××
ဇာတ်သမားဟန်တွေ ပြချင်သေးတယ်)၂
ထဘီစွန်တောင်ဆွဲလို့ ကရတယ် ×××
(အရောင်တင်မခြယ် ××× နဂိုအလှ အလှပါကွယ်)၂
အဲဒါမှ ဒါမှ ××× အာဂသဘင်သည် ××× ရွှေခေတ်ဟောင်းကို
အောက်မေ့ပါတော့တယ် ×××"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ရွှေတိုင်ညွန့်ရေးတဲ့ **စုံတောမြိုင်** နဲ့ နန်းတော်ရှေ့ဆရာတင်ရေးခဲ့တဲ့ **အောင်နိမိတ်** သီချင်းနှစ်ပုဒ်ကို အသံပညာပြဆိုပြီး အယဉ် အနု အခန့်လေး ပညာပိုင်းပြကပြီးတော့မှ ပွဲကို သိမ်းလိုက်တယ်။

ပွဲသိမ်းချိန်က မိုးသောက် (၁)နာရီအချိန်။

မိုးလင်းရင် ပရိသတ်ကို ကျေးမွေးညှော်ခံရမှာမို့ ပွဲသိမ်းရတာပါလို့ ကြေငြာရင်း တစ်စခန်းရပ်လိုက်တယ်။

ပွဲရပ်ပြီးတော့ မင်းသမီးမိဒိုးလေးက ဆိုင်းဝိုင်းရှေ့ကို လာရပ်တယ်။

"မိဒိုးလေး ..."

"ရှင် ... ဆရာ"

"ကောင်းလှချည့်လား ... မိဒိုးလေးရယ်။ ကျုပ် အောက်ပြည်ရော၊ မြစ်ဝကျွန်းပေါ်ရော အထက်မြန်မာပြည်မှာပါ ဆိုင်းပွဲ၊ ရုပ်သေးပွဲ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ အတော်များများကို လိုက်တီးဖူးတယ်။ ညည်းလို အသံရော အကရော အလှရော စွယ်စုံတော်တဲ့ မင်းသမီး၊ သီချင်းစုံရတဲ့ မင်းသမီးကို မတွေ့ဖူးဘူး"

"ဆရာရွှာစားကြီးက ကျွန်မကို မြှောက်နေပါပြီ ... အဟင့်"

"တကယ်တော်လို့ တော်တယ်ချီးမွမ်းရတာပါ နှမ"

"ဆရာတို့ ဆိုင်းဝိုင်းတော်ကြီးကလည်း လက်ကျလက်န အတီးအသား စည်းဝါးနရိပိုင်လို့ သီချင်းမျိုးစုံကို ကြိုက်ရာရွေးတီးနိုင်လို့ပါဆရာ"

"မိဒိုးလေး ..."

"ရှင် ... ဆရာရွှာစားကြီး"

"နောင်ကို ကျုပ် ပွဲစဉ်များရှိရင် မိဒိုးလေး ပါဝင်ကူညီကပြပေးနိုင်မလား။ ကျုပ် ညကြေး ထိုက်ထိုက်တန်တန်ပေးပါ့မယ်ဗျာ"

"မဖြစ်ပါဘူး ဆရာရွှာစားကြီးရယ် ... ရွှာစားကြီးရှင့်"

"ပြောပါ ... မိဒိုးလေး"





"ဟောဒါ ရွှာစားကြီးဆရာသမားနဲ့ မိဒိုးလေးတို့ ရင်းနှီးမှုအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပါ ရွှာစားကြီး။ ယူပါရှင့်"

မိဒိုးလေးက ရွှာစားစိန်ကျော်ဆည်ကို သူမအငြိမ့်ကတုန်းက ခြုံတဲ့ ကြည်ပြာရောင်ပိုးပန်းပွားပါ ပခုံးလည်တင် ပဝါတစ်ပိုင် လက်ဆောင်ပေးတယ်။

ရွှာစားစိန်ကျော်ဆည် အံ့ဩလွန်း၊ ဝမ်းသာလွန်းလို့ ကြည်ပြာရောင် ပိုးပန်းပွားပဝါလေးကို လှမ်းယူပြီး ရင်ခွင်မှာအပ်ထားလိုက်တယ်။ ရေမွှေးနံ့လေး သင်းလို့ရယ်။

"ကျွန်မ အငြိမ့်သိပ်ကချင်နေတာပါ ရွှာစားကြီးရယ်။ ကျွန်မရဲ့ အဘွားကလည်း ရှေးခေတ်တော်သုံး အငြိမ့်မင်းသမီးကြီးပါ။ အဘိုးက သဘင်ဝန်မျိုးရိုးပါ။ ခုတော့ သူတို့မရှိတော့ပါဘူး။ ခရီးပွဲစဉ်သွားရင်း မော်တော်မှောက်လို့ အားလုံး ကွယ်လွန်သွားကြတယ်။

ကျွန်မ အလွန်ကချင်တဲ့အငြိမ့်ကို အဘတွေ၊ ဦးကြီးတွေမိဘအမျိုးတွေကောင်းမှုကြောင့် ကျွန်မ တစ်ညလုံးနီးပါး အငြိမ့်ကခွင့်ရတာ။ ဆရာရွှာစားကြီးတို့ ဆိုင်းပညာရှင်များရော၊ မိဘလူကြီးများကိုပါ အထူးကျေးဇူးတင်နေပါတယ် ဆရာရွှာစားကြီးတို့ရယ်။

ကျွန်မ ဘယ်ဘဝ၊ ဘယ်အခြေအနေကို ရောက်ရောက်၊ ရွှာစားကြီးတို့ကို မမေ့ပါဘူးရှင်။ ကျွန်မဘက်ကရော ကျွန်မတို့အိမ်ရှင်များဘက်က ရွှာစားကြီးတို့အပေါ် ပြောမှားဆိုမှား၊ အပြုအမူအမှားများ၊ မရိုမသေ မလေးမခန့် ရှိုင်းပျူမှုများရှိနေရင် ကိုယ့်သမီးလေး **ပျော်ချင်လွန်းလို့ပြော**တဲ့ ပြုမူတဲ့အမှားလို့ သဘောထားပြီး ခွင့်လွှတ်ပေးပါလို့ ပြောဆိုတောင်းပန်ရင်း အစ်ကိုဆရာရွှာစားကြီးတို့အားလုံးကို ကျွန်မ ကန်တော့တောင်းပန်ပါတယ် ... အစ်ကိုရွှာစားကြီးရယ်"

မိဒိုးလေးက ထူးဆန်းအံ့ဖွယ်စကားများကို အားရပါးရပြောပြီးနောက် နံနက်မိုးမသောက်ခင် လင်းကြက်မအော်ခင်မှာဘဲ ရွှာစားစိန်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ဆည်တို့ဆိုင်းအဖွဲ့ကို ဆိုင်းဝိုင်းရှေ့မှာ ရွာလူကြီးများနှင့်အတူထိုင်ပြီး ရိုရို သေသေ ကန်တော့ရှာတယ်။

"သာဓု ... သာဓု ... သာဓု ... ငါ့နှမ ... ငါ့နှမလေးရဲ့ မိဘ မိုးရာအနုပညာအမွေအနှစ်ကို ထိန်းသိမ်းတဲ့ စိတ်ဓာတ်ကိုလည်း အစ်ကို တို့က လေးစားပါတယ်။ တန်ဖိုးထားပါတယ်။ ညီမတို့ဘက်က အစ်ကိုတို့ အပေါ်မှာ ညှော်ဝတ်ကျေကြပါတယ်။ အားလုံးကို သတိရနေမှာပါ။ ကျေးဇူး လည်း တင်ပါတယ်ကွယ်"

သည်မှာ အကြီးအကဲလူကြီးတစ်ဦးက ရွာစားကြီးရဲ့လက်ထဲကို ကျန်ဆိုင်းဘိုးငွေပေးချေပြီး ဆိုင်းဆရာများ စားရေးသောက်ရေးကို စီစဉ် ကြတယ်။

အငြိမ့်မင်းသမီး ခင်ခင်ဒိုးလေးကလည်း ဆိုင်းဆရာရွာစားကြီးရဲ့ မျက်နှာကို မျှော်လင့်အားကိုး ရှက်ရွံ့အားနာသော မျက်နှာလေးနှင့် မော့ ကြည့်ပြီး သူ့အဖော်မိန်းမကြီးရဲ့ ဆွဲခေါ်ရာနောက်ကို လိုက်ပါသွားခဲ့ရတယ်။

သည့်နောက် ရွာစားကြီး စိန်ကျောက်ဆည်တို့အဖွဲ့ကို အိမ်တော် ပါ လူကြီးလူရွယ်များက အရက်မျိုးစုံ၊ စားဖွယ်အမြည်းမျိုးစုံနဲ့ ညှော်ခံကြ တယ်။ မောပန်းနေတော့ အားရပါးရစားသောက်ပြီးနောက် အဲဒီဝန်းကျင်မှာ ပဲ မူးယစ်ပြီး အိပ်ပျော်သွားကြပါရော။ တစ်ညလုံး ချွေးဒီးဒီးကျ တီးရမှုတ်ရ လွန်းသမို့ ဆိုင်းအဖွဲ့သားအားလုံး ခေါင်းအုံးပေါ် ခေါင်းချရော တစ်ခါတည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ သွားကြတာပဲ။

ဘယ်ကလောက်အထိ အိပ်ပျော်သွားခဲ့သလဲမသိဘူး။ ကြည်နူး စရာကောင်းလိုက်တဲ့ဘဝရယ်။

ရွာစားစိန်ကျောက်ဆည်နဲ့ မင်းသမီးခင်ခင်ဒိုးလေးရယ်၊ လက်ချင်း ချိတ်ပြီး သဲသောင်ဖွေးဖွေး ပင်လယ်ကမ်းပါးပေါ်မှာ ပြေးလွှားပျော်မြူးကြည် နူးနေတာ ...

ခေါင်းပေါ်မှာ စင်ရော်ငှက်ကြီးတွေ ထဝဲပျံပြီး ကောင်းချီးပေး လိုက်၊ လှိုင်းပိုင်ကြီးတွေက ရေပြင်ကနေ ခေါင်းထောင်ကာခုန်ပြီး သြဘာ ပေးလိုက် ...





ဒီမှာ ခင်ခင်ဒိုးလေးက ထဘီရင်လျားနဲ့ ရေထဲကိုဆင်းသွားတယ်။ စိန်ကျောက်ဆည်ကိုလည်း မျက်ခုံးလေးချီပြီး လက်ယပ်ခေါ်နေတယ်။ သူမ ရေထဲဆင်းသွားတာ ခေါင်းပဲပေါ်တော့တယ်။

စိန်ကျောက်ဆည် ရေထဲကို ဒိုင်ဗင်ထိုးဆင်းပြီး ချစ်သူခင်ခင်ဒိုး လေးရှိရာ ကူးသွားရော ခင်ခင်ဒိုးလေး မရှိတော့ဘူး။

ဘယ်နားကပေါ်လာမှာလဲလို့ လိုက်လှည့်ကြည့်သော်လည်း ခင်ခင် ဒိုးလေးရဲ့အစအနကို လုံးဝမမြင်ရဘူး။

"ဒိုးရေ ... ဒိုးလေး ..."

"မိဒိုးရေ ... မိဒိုး ... မင်းဘယ်မှာလဲ ... ဒိုး ..."

သူ ပင်လယ်ရေနက်ထဲမှာ ချစ်သူခင်ခင်ဒိုးလေးရဲ့အမည်ကို ရင် ကွဲသံနဲ့ တကြော်ကြော်အော်ခေါ်ရင်း လှည့်ပတ်ရှာနေမိတယ်။

လှိုင်းပုတ်သံတဝုန်းဝုန်းက ချောက်ချားစရာကောင်းနေပြီး ပင် လယ်ဒီရေလှိုင်းလုံးများကလည်း သူ့ကို တွန်းယူသွားလိုက်၊ ရေထဲဆွဲချ လိုက်။

"ဒိုးရေ ... ဒိုး ..."

"မိဒိုးလေးရေ ... ဒိုး ... ညီမလေး ..."

ပြန်ထူးသံလည်း မကြားရဘူး။ သူ့ခေါ်သံများကလည်း တဝုန်း ဝုန်း ရိုက်လိုမ့်လူးတက်လာနေတဲ့ လှိုင်းလုံးပုတ်သံကြားမှ ကျိုးကြေပျောက် ကွယ်သွားတယ်။

သူ ချစ်သူအတွက် ရင်ဖိုစိုးရိမ်လာပြီး ...

မဟုတ်မှလွဲရော ချစ်သူခင်ခင်ဒိုးလေး ရေအောက်မှာ တစ်ခုခုဖြစ် နေပြီလား၊

ရေငန်မိကျောင်းများ ဆွဲသွားရော့လား၊

ဒါမှမဟုတ် ပင်လယ်ငမန်းများ ချီသွားရော့သလား၊

သူ ချစ်သူကို ဒီအတိုင်း ပစ်ထားခဲ့ရမှာလား၊

အကျိုးမသိ၊ အကြောင်းမသိ၊ သေပြီလို့ ပြောရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းရာဇဝင်မှာ ချစ်သူရဲ့မျက်ရည်နဲ့ ရှိုက်သံကို ဥပေက္ခာပြုပြီး တစ်ကိုယ်ကောင်းဆန်တဲ့ သရဖူဆောင်းခြင်းမျိုးနဲ့ ဒုတိယမြောက်မိန်းမကို မိဖုရားမြှောက်ပြီး ဝမ်းသာအောင်ပွဲခံနေရမှာလား။

အဲဒါကရော စစ်မှန်တဲ့ချစ်ခြင်းရဲ့ သစ္စာတရားလား၊

ဒါက အချစ်ကို ကိုးကွယ်ယောင်ဆောင်၊ မြတ်နိုးယောင်ဆောင်၊ တန်ဖိုးထားယောင်ဆောင်ပြီး ကာမလောင်တိုက်ကို ပြာကျအောင် မီးမြှိုက်ရယ်မောနေတဲ့ သူယုတ်မာစည်းဝိုင်းထဲကအချစ်ကို အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား လူစားမျိုးရဲ့အလုပ်။

သူက သစ္စာပျက်စာရင်းမှာ အလျင်းမပါ။

စိန်ကျောက်ဆည် လှိုင်းလုံးများစီးချင်းထိုး နပန်းလုံးနေသည့်ကြားမှ ရေအောက်ကို ငုပ်သွားလိုက်တယ်။

ချစ်သူ ဘယ်နားမှာလဲ၊

ခင်ခင်ဒိုးလေး ဘယ်မှာလဲ၊

ကျိန်းစပ်နေတဲ့မျက်လုံးကို အစွမ်းကုန်ဖွင့်ပြီး ရေလွှာအနှံ့မှာ လိုက်ရှာနေချိန် ...

သူ့ခန္ဓာကိုယ်ကို တစ်စုံတစ်ယောက်က နောက်ကနေ အမြန်ကိုင်လှုပ်လိုက်လို့ ဖြုန်းခနဲ လှည့်ကြည့်လိုက်ရော ...

"ဒကာ ... ဒကာတို့ ... ထ ... ထ ..."

"ဒကာလေးတို့ ... ဒကာလေးတို့ ... ထကြလေ။ အို ... ဘယ်လိုဖြစ်နေကြတာတုံး"

လှုပ်ခေါ်နေသည့်အသံကြောင့် လန့်ပြီးထလိုက်ရော ...

"ဟင် ..."

"ဟာ ..."

"ဘုရားရေ ..."

ရွာစားစိန်ကျောက်ဆည် မြင်လိုက်ရတာက ရဟန်းအိုကြီးတစ်ပါး သူတို့ကိုလှုပ်နှိုးနေတာ။ စိန်ကျောက်ဆည်ရော၊ ကြေးတီး၊ မောင်းတီး၊ ပတ်မတီး၊ စည်းကိုင်နဲ့ နဲ့ဆရာ ရွှေနွယ်ရိုးတို့ပါ အတင်းလူးလဲ ကုန်းထကြတယ်။





သူတို့ မိုးသောက်အရုဏ် မင်္ဂလာအေးရေခင်း တီးရမှာလေ။

ကြည့်စမ်း ...

မိုးစင်စင်လင်းရုံမကဘူး၊ နေရောင်က သူတို့အပေါ်မိုးကျ ပူစွတ်နေပြီ။ ဆိုင်းဝိုင်းများကလည်း မြေပြင်မှာ အသင့်။

ဟ ... ဟ ... ညတုန်းကအိမ်ကြီး ဘယ်ရောက်သွားသတုံး။

မင်းသမီး ခင်ခင်ဒိုးလေးရောဟ။

ဟင် ... လူတွေ၊ ညှော်ပရိသတ်တွေ တစ်ယောက်မှမရှိပါလား။

ညတုန်းကလာတဲ့ လှည်းအုပ်၊ နွားအုပ်၊ လူအုပ်တွေရော။

အနီးမှာ ဘာဆိုဘာမှမရှိ။ လွင်တီးခေါင်ကြီး။ ဝါးရုံခြောက်လေးနှစ်ရုံသုံးရုံက လေတိုက်ရင် ယိမ်းနွဲ့လို့။ ခပ်လှမ်းလှမ်းမှာ သချိုင်းကုန်း။

"အရှင်ဘုရား ..."

"ဒကာကြီးတို့ နိုးကြ သတိရကြပြီလား"

"မှန်ပါ။ ဒါနဲ့ကိုယ်တော် ... အိမ်မည်းကြီးရော၊ လူတွေရော ဘယ်ရောက်ကုန်ပလဲ ဘုရား"

"ဒကာတို့ ..."

"မှန်ပါ ... အမိန့်ရှိပါဘုရား"

"ဒကာတို့ကို ဘုန်းကြီး မမြင်ဖူးဘူး။ ဘယ်အရပ်ကတုံး။ ဒီနေရာမှာ ဘာလာလုပ်လို့ ဆိုင်းဝိုင်းပစ္စည်းတွေနဲ့ ရောက်နေသတုံး"

ဒါနဲ့ ရွာစားစိန်ကျောက်ဆည်က သူတို့ကို ကပွဲမှာတီးဖို့ လာငှားပုံ၊ ကြိုပုံကနေ ညတုန်းက အငြိမ့်မင်းသမီး မိဒိုးလေးနဲ့ တစ်ညလုံး အငြိမ့်ကကြ၊ တီးကြ၊ ပရိသတ်များနဲ့ တဝါးဝါး တဟားဟား ပျော်ရပုံကို ပြောပြလိုက်ရော ...

"ဒကာတို့ ..."

"ဘုရား ..."

"အရင်တုန်းကရော ဒီအရပ်ကို ရောက်ဖူးသလား"

"ဒါ ပထမဦးဆုံးအကြိမ် ရောက်ဖူး တီးဖူးခြင်းပါ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... ဒါဆို ဆိုင်းဝိုင်းတွေ ပြန်သယ်၊ ကြိုရာတွေ့ရာလှည်း ငှားပြီး အမြန်ပြန်ကြပေရော့ ..."

"အရှင်ဘုရား ... ဘာ ... ဘာဖြစ်လို့ပါလဲ ဘုရား ... အမိန့်ရှိပါဘုရား"

"ဒါဟာ လူနေကုန်းမဟုတ်ဘူး"

"ဟို ... ဟို ... လူနေကုန်းမဟုတ်ရင် ဘာကုန်းလဲဘုရား"

"ဟိုမှာတွေ့လား ... သင်္ချိုင်းကုန်း"

"ဗျာ ..."

"ဟင် ..."

"အမယ်လေးဗျ ... ဘုရား ... ဘုရား ..."

ဒီမှာ ဘုန်းကြီးအိုကြီးက တစ်နေရာကို လက်ညှိုးထိုးပြတယ်။

"တွေ့လား ...။ မြေပုံဟောင်းတွေ၊ ကျင်းတွေ၊ သစ်သားငုတ်မှတ်တိုင်အကျိုး ငုံးတိုးငုတ်တုတ်တွေ။ အဲဒါ ဂျပန်ခေတ်တုန်းက လူသေကောင်စွန့်တဲ့ မြှုပ်တဲ့၊ သင်္ချိုင်းတစပြင်ပဲ။ ဂျပန်ခေတ်မှာ ကာလဝမ်းရောဂါကြီးဖြစ်လို့ ဒီဝန်းကျင်ရွာတွေ ရွာလုံးကျွတ်သေတယ်။

တစ်ခါ လွတ်လပ်ရေးရကာစမှာ ပလိပ်ရောဂါဆိုးကြီးဝင်လို့ ရွာလုံးကျွတ် ထပ်သေကြတယ်။ ဒီသင်္ချိုင်းမှာပဲ စွန့်ပစ်ကြ မြှုပ်ကြရတယ်။ နောက်ဆုံး မြေမမြှုပ်နိုင်ဘဲ အိမ်ထဲ တဲထဲမှာပဲ သေကြလို့ အဆုံးမှာ ရွာကို မီးတိုက်သင်္ဂြိုဟ်ခဲ့ရတဲ့ တစပြင်ပဲ။

ခုတော့ မကျွတ်မလွတ်သူ လူ့အလွှာမျိုးစုံဟာ သူတို့ရှင်စဉ်က ဘဝလေးကို ပြန်လိုချင်ကြလို့ အမျိုးမျိုးသောအဆင်းသဏ္ဌာန် များဖန်ဆင်းလို့ လူတွေကို လှည့်စားကြတယ်။ အပျင်းဖြေကြတယ်။

အချို့ဆိုရင် ခြောက်လှန့်ကျီစားကြမ်းတာ ရှိတယ်။ အချို့ ရူးသွပ်သွားတယ်။ ဒါကြောင့် ဒီနေရာဝန်းကျင်ကို လူအများ၊ ရွာနီးချုပ်စပ်များက ရှောင်ကြတယ်။ ညနေဝင်ရင် လုံးဝ ဖြတ်သွားဖြတ်လာ မလုပ်ဘူး။ ကိုင်း ... ဟိုမှာ လှည်းငါးစီးလာနေတယ်။ သွားတားကြစမ်း"





"အရှင်ဘုရား ..."

"ဘာတုံး"

"တပည့်တော်တို့ကို နာနာဘာဝတွေများ လှည့်စားခံရတာလားဘုရား"

"မဟုတ်ဘူး"

"ဒါဆို ဘယ်လိုဖြစ်ပြီး ဒီသင်္ချိုင်းကုန်းဝန်းကျင် ရောက်နေရတာလဲဘုရား"

"အိမ်ရှင်က ဦးရွှေနံ့သာတဲ့ ... ဟုတ်လား"

"မှန်ပါဘုရား ...။ သူ့သမီး မခင်ခင်ဒိုးဆိုသူက က,ပါတယ်ဘုရား"

"သီးသီးသန့်သန့် ကဖို့လာငှားတာ ... ဟုတ်လား"

"မှန်ပါဘုရား ...။ အိမ်ခြံကျယ်ကြီးထဲမှာ လူကုံထံရှေးရိုးလူကြီးမိန်းမအသွင်သဏ္ဌာန်နဲ့ ပွဲကြည့်ပရိသတ် လေးငါးဆယ်ခန့်ရှိပါတယ်ဘုရား။ အငြိမ့်ကတော့ အပြင်သူစိမ်းဝင်ကြည့်လို့မရအောင် ခြံစည်းရိုးတံခါးကို ပိတ်ထားပါတယ်ဘုရား"

"အင်း ... အင်း ... ဟုတ်ပေပေါ့ ... ဟုတ်ပေပေါ့။ ဒါ သူတို့ကိုယ်သူတို့ မဟာမျိုး၊ မဟာနွယ်၊ မင်းမျိုးမင်းနွယ်၊ တော်ဝင်မျိုး၊ တော်ဝင်နွယ်ဆိုပြီး အသားလွတ်ဘဝင်မြင့်နေတဲ့ မန္တလေးကပြောင်းလာတဲ့ ရွှေနံ့သာတို့လက်ချက်ပဲ"

"တပည့်တော်တို့ နားမရှင်းလို့ အသေးစိတ်ရှင်းပြပါလားဘုရား"

"ဒီလို ဆိုင်းဆရာရေ့ ... အဲဒီရွှေနံ့သာတို့အုပ်စု တစ်မျိုးလုံးက သူတို့ကိုယ်သူတို့ ရှေးမင်းမျိုးအနွယ်လိုလို၊ သဘင်ဝန်မျိုးရိုးလိုလို၊ ရွာစားမျိုးလိုလိုနဲ့ ပြောပြီး ဒီအရပ်မှာ လာနေကြတာ"

"မြို့ပေါ်မှာ ဘာလို့မနေတာလဲဘုရား"

"သူတို့လျှို့ဝှက်ချက်နဲ့သူတို့ ရှိမှာပေါ့ကွယ်။ ခက်တာက သူတို့က ချမ်းလည်းချမ်းသာတယ်။ သူတို့ဆွေမျိုးကျေးကျွန်များနဲ့ သီးခြားအိမ်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ပြီး ရွာလူထုနဲ့ ခပ်ကင်းကင်းနေကြပေမင့် အဆိုအက ဝါသနာပြင်းပြတယ်ကွယ်။ မဆိုမက,ရရင် မနေနိုင်ဘူး။ သူ့သမီးလေးက အကအဆိုကောင်းလို့ ကြားရဖူးတယ်။ အဲဒီလိုမှ တစ်နှစ်တစ်ခါ မဆိုမကရရင် လပြည့်နေ့လိုညမျိုးမှာ ရူးသလိုဖြစ်တယ်လို့ အတွင်းလူအချို့ပြောတာ ကြားဖူးတယ်။

ဒါကြောင့် မင်းတို့ကို တကူးတကန့် ကြိုက်ကြေးပေးခေါ်သုံးတာပေါ့။ သို့သော် သူတို့ရဲ့သဘာဝက သူတို့အတွင်းရေးလျှို့ဝှက်ချက်ကို အများသိမှာ၊ သူစိမ်းများသိမှာ စိုးရိမ်ကြတယ်။ ဒါကြောင့် ဆိုပွဲများပြီးရင် အရက်သေစာအမူးတိုက်ပြီး မေ့မျောသတိလက်လွတ်ဖြစ်ချိန် လူအုပ်နဲ့မ,ရွှေ့ပြီး သူတို့အိမ်အရပ်နဲ့ အလှမ်းဝေးရာကို စွန့်ထားလေ့ရှိတယ်။

သို့သော် ငွေကြေးကိုတော့ ထိုက်ထိုက်တန်တန် ပိုပိုသာသာ ချထားလေ့ရှိတော့ ဟိုးအရင်အရင် ဆိုင်းဆရာများလည်း မင်းတို့လိုကြုံဖူးပေမင့် ငွေအများကြီးပေးခဲ့လေ့၊ ထားခဲ့လေ့ရှိလို့ သူတို့မိသားစုကို ပြဿနာလုပ်လေ့မရှိဘူး။

ပြောရရင် သူတို့လည်း သူတို့ရောဂါ၊ သူတို့ဝေဒနာနဲ့ သူတို့ပဲကွယ့်။ ဘဝင်မြင့်ရောဂါလို့ ခေါ်ရမလား၊ စိတ္တဇရောဂါလို့ ခေါ်ရမလားမသိဘူး။ ခွင့်သာလွှတ်လိုက်ကြပါ ... ဒကာတို့ရယ်။ ကိုင်း ... ကိုင်း ... ဟိုမှာလည်း လှည်းတွေလာနေတယ်။ ရပ်ခိုင်းကြစမ်း''

အဝေးကနေ လှည်းငါးစီးလာနေတာကို မြင်လို့ ဘုန်းကြီးကပြောတော့ ပတ်မတီးက အမြန် လှည်းလမ်းကြောင်းကနေ ရပ်လို့ တားတယ်။

လှည်းသမားတွေက မရပ်ဘူး။

ဟဲ့ ... ဟဲ့ ... နဲ့ နွားများကို ကြိမ်တို့ပြီး မောင်းပါရော။

ဒါနဲ့ ဘုန်းကြီးက ရှေ့ကနေ လူလုံးဝင်ပြတော့မှ ဆရာတော်ကို မှတ်မိသွားကြတယ်။ ဆရာတော်ဘုန်းကြီးက အကျိုးအကြောင်း နည်းနည်းရှင်းပြတော့မှ အားလုံး သဘောပေါက်ပြီး ...





ဆိုင်းပစ္စည်းများ လှည်းပေါ်ဝိုင်းတင်လို့ ဟိုးမြို့ရှိရာအရပ်ကို လှည်းနဲ့ထွက်ခဲ့ကြတယ်။

လှည်းထွက်ကာနီးမှာ ဆရာတော်ကို ဦးအကြိမ်ကြိမ်ချခဲ့ကြတယ်။ ဆရာတော်ဘွဲ့အမည်က ဘုန်းကြီးဦးသီလတဲ့။

နာမည်ကြီး၊ တန်ခိုးကြီးဆရာတော်လို့ လှည်းဆရာများက ပြောကြတယ်။ သူတို့ ဆရာတော့်အပါးကနေ ထွက်ခဲ့ကြတော့ ဆရာတော်က အဝေးကနေ ရပ်ကြည့်နေတယ်။ ဒါတောင် သူတို့နားထဲမှာ သူတို့နာမည်ခေါ်သံများ ကြားနေရ၍ တောင်မြောက်ဝဲယာ လိုက်ရှာကြည့်ရင်း 'ဖွ ဖွ' ဟု လုပ်ခဲ့ရတယ်။

မှန်တာပြောရရင် သူတို့ ဒီလိုဖြစ်ရပ်ဆန်းကြယ်မျိုး သူများပြောတာကြားဖူးတယ်။ ကိုယ်တွေ့မကြုံဖူးဘူး။ ခုတော့ သည်းထိတ်ရင်ဖို ဖြစ်ရပ်ဆန်းကြယ်ကို ကိုယ်တိုင်ကြုံရပြီး အံ့သြလည်း အံ့သြ၊ ရှက်လည်းရှက်ဖြစ်ခဲ့ရတယ်။

ဟုတ်ရဲ့လားလို့လည်း ပြန်ဝေဖန်သုံးသပ်ကြတယ်။

အားလုံး ငြင်းလို့မရဘူး။

ဆိုင်းဆရာ စိန်ကျောက်ဆည်ရဲ့ လည်ပင်းပေါ်မှာ ပိုးပဝါလေး တစ်ထည်ရောက်နေတယ်။

ပြီး ငွေဒင်္ဂါးက (၂၅) ပြား။

ဒါ အိမ်ရှင်လူကြီးများပေးလိုက်တဲ့ ဆိုင်းခငွေဒင်္ဂါး (၂၅) ပြား။ ဖွေးဖွေးဝင်းလက်လို့။

ကိုင်း ... မယုံလို့ ရရောလား။

ဒီမှာ လှည်းသမားများပြောကြသည့် ဤသချိုင်းကုန်းရဲ့ ထူးဆန်းအံ့ဖွယ်ဖြစ်ရပ်များကား ရေးလို့မကုန်၊ ပြောလို့မကုန်။

''ဆိုင်းဆရာ ...''

''ဟုတ်ကဲ့အဘ''

''နောင်ကို ဒီရွာဝန်းကျင်က ဆိုင်းလာငှားရင် လုံးဝမလိုက်နဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ခင်ဗျားတို့လို ဆိုင်းဆရာလူရိုးရိုးကိုမပြောနဲ့ ကျုပ်ရွာကျောင်းက ကျောင်းထိုင်ဘုန်းကြီးတောင် အသုဘသရဏဂုံတင်ဖို့လာပင့်တာ ဒီကုန်းပဲ။ မျက်စိမှိတ်ပြီး တရားဟောဆုံးလို့ မျက်စိဖွင့်ကြည့်ရော မသာလည်းမရှိဘူး၊ အိမ်ရှင်လည်းမရှိဘူး။ ရှေ့မှာ ကင်းလိပ်ရှောအသေကောင် ကျောက်တုံးပေါ် ပုပ်သေနေတာပဲမြင်ရတယ်။ မှတ်ထား ...။ အဲဒီလိုကုန်း"

ဒီမှာ နောက်ထပ် လှည်းသမားတစ်ဦးက ပြောလိုက်သေးတယ်။

"ကျုပ်တို့ တစ်ခါတုန်းက ဒီရှေ့ကနေ လှည်းသုံးလေးစီး ဖြတ်မောင်းသွားကြတာ နွားတွေက ဒီသချိုင်းကုန်းကိုဖြတ်ရရင် လန့်ကြတာများတယ်။ ဒီတော့ လန့်တဲ့နွားလှည်းက ရှေ့ကနေဒုန်းစိုင်းပြေးတော့ နောက်ကလှည်းကလည်း 'သာအေးရေ ... ငါတို့ကို စောင့်ပါဦး၊ ဘရွှေရေ ... လှည်းဖြည်းဖြည်းမောင်းပါဟ'နဲ့ ကြောက်ကြောက်လန့်လန့် အော်ပြောကြရော။

ဖုန်လုံးတွေကလည်း လှည်းလမ်းကြောင်းမှာ လုံးထ ပိတ်မှောင်နေတယ်။ ဒီမှာပဲ ဟိုသချိုင်းကုန်းတစပြင်သချိုင်းကနေ 'သာအေးရေ .. ငါတို့ကို စောင့်ပါဦးဟ၊ ဘရွှေရေ ... နင့်လှည်း ဖြည်းဖြည်းမောင်းပါဟ' နဲ့ ခေါ်သံအော်သံတွေ ကြားလို့ လှမ်းကြည့်ရော ... ဘုရား ... ဘုရား ဆိုင်းဆရာရေ ... ဆံပင်ဖားလျားနဲ့ မိန်းမတွေရော၊ ထဘီရင်လျားနဲ့ မိန်းမတွေရော၊ အသားဝါဝါထိန်ထိန်နဲ့ မိန်းမကြီးတွေနဲ့ အင်္ကျီပုဆိုးမပါတဲ့ ကလေးအုပ်က အော်ခေါ်နေတာဗျ။

ကလေးအုပ်ကလည်း 'မောင်း ... မောင်း'၊ 'ဟဲ့နွား ... ဟဲ့နွား'၊ 'ပြေးလဟ ... ရှန်းလဟ'၊ 'ပြေး ... ပြေး'နဲ့ ညာသံပေး ...

ဆံပင်ဖားလျားနဲ့ မိန်းမအုပ်ကလည်း လက်ခုပ်လက်ဝါးတီးပြီး..

"သာအေးရေ'၊ 'ဘရွှေရေ'၊ 'အောင်ဘု' ရေ ခေါ်ပါရော။

"အဲဒါ လူလား။ နာနာဘာဝတွေလား"

စိတ်ကူးသစ်စာပေ



"မသိဘူး။ ဘာလို့လဲဆိုတော့ ဒီသချိုင်းကုန်းတစပြင်သချိုင်းမှာ ဘယ်တုန်းက လူယောက်ျား၊ လူမိန်းမ၊ လူကလေး မြင်ရဖူးလို့တုံး။ နောက်ဆုံး လှည်းကို တရကြမ်းဒုန်းစိုင်းပြီး မောင်းလာလိုက်ကြတာ ကျုပ်တို့ရွာလည်းဝင်ရော နွား (၆)ကောင်လည်း လျှာထွက်ပြီး ဒူးတုတ်လက်တုတ်လဲကျ ပြန်မထနိုင်ဖြစ်ခဲ့ရတယ်။

"ဦးလေးတို့ရွာကအသိတွေ ခေါ်တာမဟုတ်ဘူးပေါ့"

"မဟုတ်ဘူး။ ကျုပ်တို့ရွာမျိုးရွာဆွေတွေ ဒီသချိုင်းကို ဘာကိစ္စလာရမှာလဲ။ လူစိမ်းမျက်နှာတွေ။ မျက်နှာတောင် ဝါဖန့်ဖန့်ကြီးတွေ။ ဘယ်အရပ်သူ အရပ်သားများလည်းမသိဘူး"

"သူတို့ခေါ်နေတုန်း လှည်းရပ်ရင် ဘာလုပ်မလဲမသိဘူး"


"အမယ်လေး ... မရပ်ရဲဘူးဆရာ။ လှည်းများရပ်လိုက်ရင် အကုနလုံး လှည်းပေါ်တက်လာပြီး ဝုန်းဒိုင်းကြဲကြရင် သေကုန်မှာဗျ"

မောင်ညိုမှိုင်း(သန်လျင်)


အဝိစိဗိုးမျှော်ဒုတိယပိုင်းအား ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com




စာမူခွင့်ပြုချက်အမှတ် – ၅၀၀၄၈၂၀၅၁၂




စာမူခွင့်ပြုချက်အမှတ် – ၅၀၀၂၇၃၀၄၁၂


www.burmeseclassic.com

www.burmeseclassic.com

# မောင်သိုမြိုင်း(သန်လျင်)

# အဝိဝိပွိုးမြှောက်

ပထမပိုင်း




Ks 2,500

699042801

www.burmeseclassic.com